www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# နန်းတစ်လီမ်တော် နှင့် ကြောင်ဆရာပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

မင်းစစ္ဆ- နန်းတာလိမ်တောနှင့် ကြောင်ဆရာပေါ်လာ

ဇူလိုင်လ ၂၀၁၅ ခုနှစ်၊ ပထမအကြိမ်

---

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်)

အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊

၁၃-ရပ်ကွက်၊ ရန်ကင်း။

---

အုပ်ရေ - ၅၀၀

စီစဉ်သူ - ကိုလှနိုင်(မြိတ်)၊ ၁၉-၅၀၃၁၀၃၄

---

ထုတ်ဝေသူ

ဦးလှနိုင်(မြိတ်စာပေ)

အမှတ်(၆၆)၊ ဗိုလ်ဥတ္တမလမ်း၊

ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

---

ဖြန့်ချိရေး

နဂါးစာပေ (မန္တလေး)

ထွန်းဦးစာပေ(မန္တလေး)

## အခန်းစဉ်

၁ ထူးတဲ့လူတစ်ယောက်

၂ ဘဝအစွဲကြောင့်

၃ မိတ်ဖွဲ့လိုသူ

၄ အမှောင်မျက်လုံးများ

၅ ကိုယ်ပျောက်ကြောင်

၆ မကျေပွဲနွဲကြခြင်း

၇ ယုန်ထောင်ကြောင်မိ

၈ ထူးတဲ့ဝါးတောဆီသို့

၉ တောထဲက စေတီတစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com

၁၀ ဖျောက်ကွယ်သွားသော မြင်ကွင်းများ
၁၁ နှုတ်ဆက်ည
၁၂ နောက်တစ်ခေါက်
၁၃ ကံကောင်းလို့မသေ
၁၄ ကြောင်ကို ကြောင်လိုခေါ်သူ
၁၅ ရှေးဟောင်းယာဇ်ဘုရားကျောင်းပျက်ကြီး
၁၆ ကျောက်သွေးရည်
၁၇ တကောက်ကောက်ရန်ငြိုး
၁၈ တောကြောင်ရိုင်းကြီးကို အသံပေး၍ခေါ်ခြင်း
၁၉ ကြောင်မြူရိုင်းကြီး၏နိဂုံး
၂၀ လရောင်အောက်ကခေါ်သံလား

## ( ၁ )

## ထူးတဲ့လူတစ်ယောက်

လူနှစ်ယောက်သည် တောလမ်းလေးအတိုင်း ခြေလှမ်း ခပ်သွက်သွက်ဖြင့် လျှောက်နေကြသည်။ တစ်ယောက်မှာ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီကို ဝတ်ဆင်ထားသည်။ အမဲလိုက်သူများ ဆောင်းသည့် ဦးထုပ်ကို ဆောင်းထားသည်။ သို့သော် သူသည် အမဲလိုက်သမား မဟုတ်။ မုဆိုးမဟုတ်ပါ။ တစ်ယောက်ကတော့ ခွတ်ကျယ်လက်ဖကနှင့် လုံချည်တို့ကို ဝတ်ဆင်ထားသည်။ ဦးထုပ်ဆောင်းမထား၊ ကျောထက်မှာ မြားစူးများတစ်ဝက်နီးပါးထည့်ထားသော ကျည်တောက်တစ်ခုကိုစလွယ်

www.burmeseclassic.com



ပိုးထားသည်။ လက်ထဲမှာတော့ ဒူးလေးတစ်လက်ကို ကိုင်ထားသည်။

ဘယ်ဘက်ပခုံးမှာ အထုပ်တစ်ထုပ်ကို လွယ်ထားသည်။ ထမင်းထုပ်ဖြစ်သည်။ သူတို့သည် ပိုးတိုင်ရွာမှ ဝေလီဝေလင်းလောက် ကပင် စပြီးတော့ ထွက်လာခဲ့ကြသည်။ ရိုးမတောထဲကိုရောက်တော့ မိုးစင်စင်လင်းလျက်ရှိနေလေပြီ။

"မင်း . . . မောနေပြီလား . . . မင်းဆွေ။ နည်းနည်းတော့ လျှောက်ရဦးမယ်ကွ"

"ငါ . . . မမောပါဘူးကွ။ ကောင်းကောင်းလျှောက်နိုင်ပါတယ်။ မင်းက ငါ့ကို အထင်သေးလို့ပြောတာလား စောအယ်လူး"

"ဟာကွာ . . . မဟုတ်ပါဘူး။ မေးကြည့်တာပါ။ မင်း သက်လုံကောင်းမှန်း သိသိပါတယ်။ မင်းတို့မြို့မှာတော့ ဘယ်သွားသွား ဘယ်လာလာ အနေးယာဉ်၊ အမြန်ယာဉ်တွေက ရှိပြီးသား။ သည်မှာတော့ နွားလှည်းတောင် အနိုင်နိုင်။ အိမ်တိုင်းရှိတာ မဟုတ်ဘူးကွ"

"ငါကတော့ မြို့မှာ ကားအမြဲစီးတဲ့ကောင်မို့လား။ မင်းကတော့ ကွာ ငါ့ကို အထင်ကြီးနေပြန်ပါပြီ"

"ဟဲ . . . ဟဲ . . . ဟဲ . . . မြို့သားဆိုတော့ တောကလူတွေ က အထင်ကြီးကြတယ် မောင်ရေ့။ ဒါကတော့ သဘောပေါက်"

"အေးပေါ့ကွာ။ ဒါကလည်း မင်းတို့ရဲ့စေတနာကိုး"

စောအယ်လူးက မင်းဆွေကို ညှာပြီးတော့ လျှောက်သည်။ မင်းဆွေက ကိုယ့်ကိုယ်ကိုယ် မညှာ။ ခပ်သွက်သွက်လျှောက်သည်။



သို့သော် စောအယ်လူးထင်သလို မင်းဆွေမှာ မောဟန်ခြင်းမရှိပါ။ သူသည် အားကစားလိုက်စားသူဖြစ်ခြင်းကြောင့် သက်လုံကောင်းသူ ဖြစ်သည်။ ထို့ကြောင့် စောအယ်လူးသည် မင်းဆွေကို စိတ်ချလက်ချ ရှိသွားခဲ့ရလေသည်။ မကြာမီ တောအုပ်ကြီးတစ်ခု၏အတွင်းသို့ ဝင်လာခဲ့ကြသည်။ မင်းဆွေသည် အနည်းငယ်တော့ သိမ်ငယ်သလိုလို၊ ကျော မလုံသလိုလို ဖြစ်သွားခဲ့ရသည်။ သူမှာ လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မပါ။ တောကောင်ရိုင်းကြီးများနှင့် မတော်တဆတွေ့ခဲ့လျှင် ဟူသောအတွေးက ဝင်လာခဲ့သည်။

"ခုနေများ ကျားတစ်ကောင်နဲ့တွေ့ရင် ငါ ဘာတတ်နိုင်မှာလဲ"

စောအယ်လူးသည် မုဆိုးစစ်စစ်မဟုတ်ပေ။ အပျော်တမ်းမုဆိုး တစ်ဦးသာဖြစ်သည်။ သားကောင်ကြီးများကို ဖမ်းဆီးဖူးသည့် အတွေ့အကြုံက မရှိ။ သားကောင်ငယ်များကိုသာ ဖမ်းဆီးတတ်သူဖြစ်သည်။ သူကော တောကောင်ကျားရိုင်းလိုကောင်မျိုးနှင့် တွေ့ရင် ဘာမှတတ်နိုင် မှာမဟုတ်ဟူသော စိုးရိမ်စိတ်က တဖွားဖွားနှင့်ပေါ်လာခဲ့ပြန်လေသည်။

တောကလည်း မှောင်နေ၍ သတ္တဝါတစ်ကောင်ကောင်က ချောင်းမြောင်းနေလျှင် မခက်ပါလား။ ရန်မူတိုက်ခိုက်လာခဲ့လျှင် . . .

"မင်းဆွေ"

"ဟင် . . . ဘာ . . . ဘာလဲ . . . စောအယ်လူး"

အမှတ်တမဲ့ခေါ်လိုက်သော စောအယ်လူး၏အသံကြောင့် မင်းဆွေတစ်ယောက် ဆတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။ လန့်ဖျပ်သလို ဖြန်

www.burmeseclassic.com



ပြီးတော့ မေးမိလိုက်သည်။

"မင်းဆွေ . . . မင်းက ဘယ်လိုဖြစ်သွားတာလဲကွ။ အသံကြီးက"

"ဘာ . . . ဘာမှမဟုတ်ပါဘူးကွာ။ မင်းက ငါ့ကို ခေါ်မယ်ဆိုတာတောင် အသိမပေးဘူး"

"ဟာကောင်ရ . . . မင်းနာမည်ကိုခေါ်တာပဲ ငါက ကြိုပြီးတော့ အသိပေးနေရဦးမှာလားကွ။ ကေန္တ မင်းကတော့ တစ်နေရာကို စိတ်လွင့်သွားတယ်မှတ်တယ် . . . ဟား . . . ဟား . . . ဟား . . . ဟား"

စောအယ်လူးက ရယ်လိုက်သည်။ မင်းဆွေကလည်း ရောယောင်ပြီးတော့ ရယ်မိလိုက်သည်။

လွန်စွာမှ ကြီးမားလှသော ကညင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာခဲ့ကြသည်။ ပင်ခြေမှာ ရွက်ခြောက်များက ဖြန့်ကြဲလျက်ရှိနေကြသည်။ စောအယ်လူးက အမြင့်ဆီကို လက်ညှိုးထိုးပြလိုက်သည်။ မော့ကြည့်လိုက်ရာ လင်းဆွဲကြီးများကို တွေ့လိုက်ကြရသည်။ အကိုင်းများတွင် ခြေထောက်များကို ဖောက်ထိုးချိတ်ကာ ငြိမ်သက်နေကြသည်။ နေ့ဘက်တွင် လင်းနို့များက အနားယူအိပ်စက်ကြသည်။ ညဘက်တွင် အစာရှာကြသည်။ ညဥ့်ဘက်တွင် ကျက်စားကြမည့်သတ္တဝါများ။

"ဒေါင်"

ဒူးလေးသံက ထွက်ပေါ်လာခဲ့သည်။ ချက်ချင်းပင်လျှင် လင်းနို့တစ်ကောင်က အောက်ကို ပြုတ်ကျလာခဲ့လေသည်။

"ဘုတ်"



မြေပြင်ပေါ်ကို ကျလာခဲ့သော လင်းနို့သည် မြားတန်းလန်းနှင့်ဖြစ်၏။ လင်းနို့၏ခေါင်းသည် ခွေးခေါင်းနှင့်တူသည်။ ပစ်ချခံလိုက်ရသောအကောင်က ကြီးသည်။ စောအယ်လူးက နောက်ထပ် သုံးကောင် ထပ်ပြီး ပစ်ချလိုက်သည်။ အချက်တိုင်း ပစ်မလွဲ။ မြားတံများကို နုတ်ပြီး လင်းနို့အသေကောင်များကို လျှော်ပင်မှ အခေါက်ကိုခွာပြီး လျှော်ကြိုးနှင့် ဖောက်ကာသီလိုက်သည်။ စောအယ်လူးလုပ်နေသည်ကို မင်းဆွေက စိတ်ဝင်စားစွာနှင့် ကြည့်နေသည်။

"သည်သတ္တဝါတွေက သစ်သီးတွေပဲ စားကြတာကွ။ ချက်စားရင် အရသာရှိတယ်။ အမဲသားစားရသလိုပဲကွ"

"မင်းက လင်းနို့မှဆိုးပဲ"

"အံမာ . . . ငါက အလွယ်ဆုံးအကောင်ကို ရွေးပြီးပစ်လို့ အထင်သေးစကားပြောတာလား။ မင်း ငါ့နောက်ကိုလိုက်ရရင် ပင်ပန်းမှာ စိုးလို့ တွေ့တဲ့အကောင်လောက်နဲ့ပဲ ကျေနပ်လိုက်ရတာပါကွာ။ ကဲ . . . လာ"

စောအယ်လူးသည် လင်းနို့တွဲကြီးကို ပခုံးမှာ လွယ်လိုက်ပြီး ရှေ့ကိုဆက်လျှောက်သွားရသည်။ ထမင်းထုပ်အိတ်ကို မင်းဆွေက လက်ပြောင်းလက်လွှဲယူလိုက်ရသည်။

"ကဲပါကွာ . . . မထူးပါဘူး။ သည်အကောင်တွေကို ညည်မှာပဲ ဖျက်ပြီး စာရင်းရှင်းလိုက်ကြမယ်"

စောအယ်လူးက လက်တွေ့သမား။ မလှမ်းမကမ်းရှိ သစ်ပင်

www.burmeseclassic.com



ကြီးတစ်ပင်အောက်မှာ လင်းနို့အစေသကောင်များကို ဖျက်ကာ တံစို့ထိုးပြီး မီးကင်သည်။ မီးအားကောင်း၍ မကြာမီမှာပင် ကျက်သွားခဲ့သည်။ ထမင်းထုပ်ကို ဖြေကြသည်။ မလှမ်းမကမ်းမှာ စမ်းချောင်းငယ်လေးတစ်ခုရှိသည်။ ဝါးတစ်ပင်ကို ခုတ်ပြီး ဝါးဆစ်ပိုင်းများလုပ်ကာ ရေနွေးတစ်အိုးကြိုလိုက်သေးသည်။ လက်ဖက်ခြောက်ကတော့ မရှိ။ ထမင်းထုပ်ထဲမှာလည်း ဆတ်သားခြောက် မီးကင်ကို မွမွလေးဖြစ်အောင် ထုထားပြီး ပဲဆီဆမ်းထားတာလည်း ပါသေး၏။ လင်းနို့သားမီးကင်ကိုချက်ချင်းတော့ မစားရဲ။ စောအယ်လူး စိတ်မကောင်းဖြစ်မည်စိုး၍ မရဲ့တရဲနှင့် စမ်းပြီးစားကြည့်သည်။ နောက်တော့ အရသာတွေ့သွားကာစားဖြစ်သွားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် တောထဲတောင်ထဲမှာ ဖြစ်သလို စားရသည့်တိုင် မြိန်၏။ လက်ဖက်ခြောက်မပါသော ရေနွေးကြမ်းကလည်း ထမင်းကို ပိုပြီးတော့ မြိန်စေ၏။ ဝမ်းပြည့်သွားပြီဖြစ်၍ တစ်ခဏနားကာ စောအယ်လူးက မြို့မှ မင်းဆွေ ဝယ်လာသော ဆေးပြင်းလိပ်ကို ခဲ၍ ဖိမ်ယူနေလိုက်သေးသည်။ တော်တော်လေးကြာမှ ထိုနေရာကနေ ထွက်ခဲ့ကြလေ၏။

× × ×

"ဝု . . . အိ .,. . အိ . . . အိ"

မျောက်အော်သံက သစ်ပင်ကြီးထက်ဆီမှ ထွက်လာခဲ့ကြလေသည်။ သို့သော် အကောင်များကိုတော့ မမြင်ရ။ ပင်ယံထက်သစ်ရွက်သစ်ကိုင်းတွေ၏ နောက်ကွယ်မှာ ပုန်းအောင်းနေကြသည်။ သူတို့သည် လူသံကြား၍ လူမြင်မခံကြဘဲ ရှောင်ပုန်းနေကြခြင်းပင်။ သို့သော် စောအယ်လူးက မျောက်များ၏သဘာဝကို သိပြီးသား။ ထို့ကြောင့် ပင်ယံ

www.burmeseclassic.com

www.burmeseclassic.com



ထက်ဆီကို မော့ကာကြည့်လိုက်သည်။ မင်းဆွေကလည်း အလိုက်သိစွာဖြင့် ငြိမ်နေမိသည်။

အတော်မြင့်မြင့်ရှိ အကိုင်းတုတ်တုတ်ကြီးပေါ်မှာ ထူထဲသော အကိုင်းအခက်၊ ပင်ရွက်များ၏နောက်ကွယ်၌ လှုပ်ရှားမှုကို တွေ့လိုက်ရသည်။ မည်မျှပင် လုံခြုံအောင် ပုန်းအောင်းနေပါစေ ပင်ရွက်တွေကြားမှ မျက်လုံးနှစ်လုံးကို စောအယ်လူး တွေ့လိုက်ရသည်။ လှုပ်ရှားနေကြသော မျက်လုံးများ၊ ထို့ကြောင့် ကျည်တောက်ထဲမှ မြားစူးတစ်ချောင်းကို ယူလိုက်ကာ ဒူးလေးညို့မှာ တင်လိုက်သည်။ ထို့နောက် ဒူးလေးကို ပခုံးမှာထောက်ကာ သစ်ပင်ထက်ဆီကို လှမ်းချိန်လိုက်၏။ လက်ညှိုးက မောင်း(ခလုတ်) ဆီကို ရောက်သွားသည်။ မှိတ်ထားသော မျက်လုံးတစ်လုံးက ဖွင့်ထားသောမျက်လုံးတစ်လုံးအတွက် ချိန်သားကိုက်သွားစေသည်။ မောင်းကို ဖြုတ်ချတော့မည်အပြုတွင် . . .

"ထောင်း"

ညို့မှ အားကောင်းစွာထွက်သွားသောအသံ ကြားလိုက်ရသည်။

"ဖရဲ . . . ရှဲ . . . ရှဲ"

အကိုင်း၊ အရွက်များကို ပွတ်တိုက် ဖြတ်သန်းကာ အောက်သို့ ပြုတ်ကျလာသော မျောက်ထီးကြီးတစ်ကောင်။

"ဘုတ်"

မြေပြင်ပေါ်ကို အရှိန်ဖြင့်ပစ်ကျသွားသည်။ သူတို့နှင့် ဆယ်ပေ



အကွာလောက်မှာ ရင်ဝမြားတန်းလန်းနှင့်သတ္တဝါ။ စောအယ်လူး၏ အံ့အားသင့်မှုမျက်နှာ မင်းဆွေက တအံ့တသြ။ သူ့ဒူးလေး၏ခလုတ်ကို ဖြုတ်ချလုဆဲဆဲမှာ မည်သူက ပစ်ချလိုက်သလဲ မသိ။

"ငါ့ထက်ဦးသွားတဲ့သူရှိတယ်"

စောအယ်လူးက လေသံနှင့်ပြောလိုက်သည်။ ပတ်ဝန်းကျင်ကိုလည်း စောင်းငဲ့ပြီးတော့ကြည့်လိုက်သည်။ မည်သူ့ကိုမှ မတွေ့။ မျောက်ကြီးကို စောအယ်လူးနှင့် တစ်ပြိုင်နက်လောက်ဦးခင်စွာပစ်ခတ်လိုက်သောသူမှာ မည်သူနည်း။ လက်သည်ကို မျှော်လင့်နေဆဲမှာပင် . . .

"အယ်လူး . . . ငါ ပစ်လိုက်တာကွ"

အသံတစ်သံက ထွက်ပေါ်လာခဲ့သည်။ နှစ်ယောက်စလုံး အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်မိလိုက်ကြသည်။ မတွေ့ရပါ။ မင်းဆွေသည် ထူးခြားမှုရှိသောအသံကြောင့် စိတ်ဝင်စားသွားမိသည်။ ထိုအသံမျိုးကို သူ တစ်ခါမှ မကြားဖူးပါ။ လူတစ်ယောက်က ပြောလိုက်သောအသံသည် ကြောင်တစ်ကောင်၏ ရင်ခေါင်းထဲမှ တွန်းထိုးပြီးတော့ ထွက်လာသံနှင့် ဆင်ဆင်တူနေသောကြောင့်ပင်တည်း။

"ပေါ်လာ . . . မင်းမဟုတ်လား။ ဘယ်မှာလဲ ထွက်လာခဲ့လေကွာ"

စောအယ်လူးက လှမ်းပြောလိုက်သည်။ ပြန်ဖြေသံထွက်ပေါ်လာ။

www.burmeseclassic.com

www.burmeseclassic.com



"ပေါလာ . . . ထွက်လာခဲ့ပါကွာ။ မင်းကလည်း"

တစ်ခဏ တိတ်ဆိတ်သွားပြီးမှ . . .

"မင်း . . . မင်းဆွေ့သည် . . ."

"ကိစ္စမရှိဘူး။ ဘာမှမဖြစ်ဘူး။ ရတယ်"

စောအယ်လူးက ဖျောင်းဖျသလိုလို စကားဆိုလိုက်သည်။ မင်းဆွေကတော့ ဘာမှနားမလည်။ ထိုသူသည် မိမိမသိသော လူတစ်ယောက်နှင့် ဆုံဆည်းရမည်ကို ရှက်ရွံ့နေသူလား၊ လူကြောင်တစ်ဦးလား။ တွေးၡမှမဆုံးမီ သစ်ပင်ကြီးတစ်ပင်၏အကွယ်မှ သဏ္ဍာန်တစ်ခုက ထွက်လာသည်။ ထိုနေရာသည် အမှောင်ရိပ်အနည်းငယ်ကျနေ၍ မျက်နှာကို သဲကွဲစွာ မမြင်ရ။

"လာလေကွာ . . . သည်ကို"

စောအယ်လူးက တုံ့ဆိုင်းဆိုင်းဖြစ်နေဟန်တူသော ထိုသူကို ထပ်ပြီးတော့ ခေါ်လိုက်သည်။ မင်းဆွေပင်လျှင် ထိုသူကို အလိုမကျ ဖြစ်သွားခဲ့ရလေသည်။ ဒါလောက်တောင်ပင် လူတောထဲမတိုးချင်သူ ဖြစ်ရပါ့မလားဟူ၍ ကြောင်လှချည်လားဟုပင်။

ထိုသူသည် စောအယ်လူးက ထပ်မံပြီးတော့ ခေါ်လိုက်မှပင် နေရာမှ ,တစ်လှမ်းချင်းပင် လျှောက်လာနေသည်။ သစ်ပင်ကြီး၏ အမှောင်ရိပ်မှ လွတ်မြောက်ကာ သူ့ကို တဖြည်းဖြည်းနှင့် ထင်ရှားစွာပင် မြင်လာခဲ့ရသည်။ နီးသက်နီးလာသောအခါ မင်းဆွေ၏မျက်လုံးများ



သည် ဝိုင်းစက်သွားခဲ့ရသည်။ မျက်ခုံးနှစ်ဖက်လည်း မြင့်တက်သွားခဲ့ရလေသည်။

ပေါလာဆိုသူ၏မျက်နှာကို ထင်ရှားစွာမြင်လိုက်ရသောအခါ တအံ့တသြဖြစ်သွားခဲ့ရသည်။ သူ၏မျက်နှာသည် ကြောင်တစ်ကောင်၏ မျက်နှာနှင့် အနည်းငယ်တူနေသောကြောင့်ပင်။ လူသားတစ်ဝက် ကြောင်တစ်ဝက် ဖက်စပ်ကျနေသည့်အသွင်မျိုးပင်။ မျက်နှာပေါ်မှ ပါးမြိုင်းမွေးများသည် လူသာမန်တို့တွင် ရှိလေ့ရှိထဖြစ်သော်လည်း ကြောင်မျက်နှာကို မြင်လိုက်ရသကဲ့သို့ ခံစားရသည်။ နှုတ်ခမ်းမွေး သုံးလေးပင်စီက နှုတ်ခမ်းအထက်တစ်ဖက်တစ်ချက်စီမှာ ကြောင်ကြောင်ကြားကြားနှင့်ရှိပုံ၊ မေးစေ့မှာ အနည်းငယ်ပေါက်နေသည့် နှုတ်ခမ်းမွေး တိုနံနံအနည်းငယ်ကအစ။ သို့သော် သူသည် မျက်နှာက ထူးခြားသည်ဟု ဆိုရမည်ဖြစ်သော်လည်း လူသားဆန်နေပါသည်။ မျက်သားလွှာ အလယ်တည့်တည့်မှာရှိသော မျက်ဆံအနက်ပေါ်တွင် ထင်ဟပ်လျက်ရှိသည့် အစက်အပြောက်ကလေးသည် မီးခိုးရောင်သန်းနေသည်။ ခန္ဓာကိုယ်က မြင့်မားသောအရပ်ရှိသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာသည်။ ထွားကျိုင်းသူ။ သူသည် မီးခိုးရောင်ရှပ်အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားသော်လည်း လက်ခုံနှစ်ဖက်ပေါ်မှာ ပေါက်နေကြသော အမွေးအမှင်များကို မဖုံးကွယ်နိုင်။ အောက်ပိုင်းကတော့ ဂျင်းဘောင်းဘီနှင့် ညစ်ထေးထေး ကင်းဘတ်ဖိနပ်ကို ဝတ်ဆင်ထားသည်။ ခါဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစား၊ ဖိနပ်ကအစ ညစ်ထပ်ထပ်နှင့်ပင်။

ပေါလာသည် မင်းဆွေက သူ့ကို အကဲခတ်နေသယောင်ရှိနေသည့်အတွက် အနေရခက်သွားဟန်တူသည်။ မျက်နှာကို မသိအသာ လွှဲထားလေသည်။

"ပေါလာ . . . ဒါ . . . ငါ့သူငယ်ချင်းပဲ။ မြို့ကလာလည်တာ။ မင်းဆွေတဲ့။ မှတ်ထား။ မင်းဆွေ သူက ပေါလာတဲ့။ မင်းလိုပဲ ခင်နေရတဲ့ သူငယ်ချင်းတစ်ယောက်ပဲပေါ့ကွာ"

စောအယ်လူးက မိတ်ဆက်ပေးသည်။

"ဩော် . . . ဟုတ်ကဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ် ကိုပေါလာ။ ကျွန်တော့်ကို စောအယ်လူးလိုပဲ ခင်နိုင်ပါတယ်"

မင်းဆွေက ပေါလာ့ကို လက်ကမ်းပေးသည်။ ပေါလာသည် မင်းဆွေ၏အပြုအမူကြောင့် အံ့အားသင့်သွားမိသည်။ သူ့ကို ခုလို ဖော်ရွေစွာဆက်ဆံလာလိမ့်မည်ဟု မထင်မိ။ ကြောင်အမ်းအမ်းလည်း ဖြစ်နေမိသည်။ ပြီးတော့မှ သတိရသွားသလိုဖြစ်သွားပြီး လက်ကမ်းကာ နှုတ်ဆက်မိလိုက်သည်။ လက်ဖဝါးချင်းဆုပ်ကိုင်မိသောအခါ ပေါလာ့လက်ဝါးပြင်သည် ထူထဲစွာ နူးညံ့နေသည်ကို ခံစားလိုက်ရသည်။ မင်းဆွေက လိုလိုလားလားနှင့် မိမိကို လက်ခံလိုက်သည့်အတွက် ပေါလာ ခံစားသွားခဲ့ရလေသည်။

"စောအယ်လူးရဲ့မိတ်ဆွေဆိုရင် ကျွန်တော့်မိတ်ဆွေပဲပေါ့ဗျာ။



လိုအပ်တာရှိရင်လည်း ပြောပါ။ ကျွန်တော် အစ အဆုံး အကူအညီပေးပါ့မယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ကိုပေါလာ"

ပေါလာ၏မျက်နှာသည် နှစ်သိမ့်ကြည်နူးလျက်ရှိသည်။ အသံကလည်း တုန်ယင်လျက်ရှိနေလေသည်။ ထို့နောက် မျောက်သေကြီးကို လက်ညှိုးထိုးပြလိုက်ပြီး . . .

"စောအယ်လူး . . . သည်ဟာကို ငါ ယူသွားမယ်။ ညီ့သည်အတွက် ငါ စီစဉ်ပြီးတော့ ပြန်ယူလာခဲ့မယ်။ ကဲ . . . ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ"

ပေါလာသည် နှုတ်ဆက်ကာ မျောက်သေကြီးကို ပခုံးထက်မှာ ထမ်း၍ နေရာမှ ထွက်သွားသည်။ မင်းဆွေနှင့် စောအယ်လူးတို့သည်လည်း နောက်ထပ် တောကြက်ဖတစ်ကောင်၊ ဖွတ်တစ်ကောင်တို့ကို မမျှော်လင့်ဘဲ ရလိုက်ပြီးနောက် ရွာကို ပြန်လာခဲ့ကြလေသည်။

× × ×

၆

ရိုးမ၏ညသည် ချမ်းစီးလှသည်။ အိမ်ရှေ့တွင် မီးပုံကြီးတစ်ပုံကို ဖိုထားသည်။ ကွပ်ပျစ်ပေါ်မှာ မင်းဆွေနှင့် စောအယ်လူးတို့က ထိုင်နေကြသည်။ အိမ်ပေါ်မှ ဆင်းလာသော မိန်းကလေးတစ်ယောက်၊ ရေနွေးကြမ်းဗန်းနှင့် ကြက်သားကြော်ပန်းကန်ကို လက်တစ်ဖက်စီ ကိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စောအယ်လူးက နော်ဖူးငုံဆီကို ပြေးသွားသည်။

"အစ်ကို . . . အိမ်ထဲမှာ ကျန်သေးတယ်။ သွားယူလိုက်ဦး"

"အေး . . . အေး"

စောအယ်လူး အိမ်ပေါ်ကို ပြေးတက်သွားသည်။ နော်ဖူးငုံ၏ လက်ထဲမှ ပစ္စည်းများကို မင်းဆွေက လှမ်းယူလိုက်သည်။

"ရတယ် . . . အစ်ကို"

နော်ဖူးငုံက ပင်ကိုပြုံးလေးနှင့် ပြန်ပြီးတော့ ပြောလိုက်သည်။ လှမ်းယူစဉ် လက်ချင်းမတော်တဆ ထိမိသွားသည်။ ထိုအခါ မျက်လုံးတွေကလည်း အလိုလိုပင် ဆုံမိကြသည်။ မျက်နှာချင်းကလည်း နီးကပ်စွာ။ ရင်ထဲမှာ နွေးခနဲဆိုဖြစ်သွားခဲ့ကြရသည်။

"ညီမတို့လည်း ကျွန်တော့်ကြောင့် အလုပ်ပိုနေကြရပြီ"

"သြော် . . . သည်လိုမပြောပါနဲ့ အစ်ကိုရယ်။ ဧည့်သည်ကို ပြုစုရမှာက ဖူးငုံတို့ရဲ့ စေတနာပါ။ ပြီးတော့ အစ်ကိုက သည်အထိ ရောက်လာတာ အစ်ကိုစောအယ်လူးကို ခင်လို့ပဲလေ"

နော်ဖူးငုံသည် လေသံဝဲဝဲလေးနှင့် ပြန်ပြီးတော့ ပြောလိုက်သည်။ သူကလေး၏မျက်နှာသည် မီးရောင်အောက်မှာပင်လျှင် ဝိုပြီးတော့ လှနေသည်။ အလှသွေးစုန်းတက်ကာ လန်းဆန်းနေသည်။ စောအယ်လူးက ထမင်းကြော်ပန်းကန်များကို ယူလာသည်။ စကားပြောပြတ်သွားခဲ့ကြသည်။



"စားနော် အစ်ကို။ ညဘက်ကြီးပေမယ့် ဆာမယ်ထင်လို့"

သူမက လောကဝတ်ပြုလိုက်ပြီး ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

"ငါကတော့ ယမကာမှီဝဲလိုက်ဦးမယ်ကွာ"

ဟုဆိုကာ စောအယ်လူးသည် ဖန်ခွက်ထဲကို အရက် အနည်းငယ် ထည့်လိုက်သည်။

"အစ်ကိုလည်း လုပ်တတ်ရင်လုပ်လေ။ ဖူးငုံကို အားမနာနဲ့နော်"

"ညီမ . . . သည်ကောင်ကြီးက ဒါမျိုးမလုပ်တတ်ဘူးဟဲ့။ နင်သူ့ကိုသွားပြီး မတိုက်တွန်းနဲ့"

မင်းဆွေကတော့ ပြုံးနေသည်။ နော်ဖူးငုံသည် မပို့တပီအလင်းရောင်အောက်မှာ မင်းဆွေ၏မျက်နှာကိုသာ မကြာခဏ ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်လျက်ရှိနေသည်။ တောထဲမှာတွေ့ခဲ့ရသည့် ပေါ်လာဆိုသည့်လူအကြောင်းကို သိချင်နေသည်။ မေးရမှာ အားနာနေ၍သာ။

"မင်း ပေါ်လာ့အကြောင်း သိချင်နေတယ် မဟုတ်လားမင်းဆွေ"

စောအယ်လူးက ကောက်ကာငင်ကာ မေးလိုက်သည်။ သူ့အတွေးကို သိနေသလား မသိပေ။ အံ့အားသင့်သွားခဲ့ရလေ၏။

× × ×

www.burmeseclassic.com



## ( ၂ )

## ဘဝအစွဲကြောင့်

တောတစ်ခွင်လုံးသည် မြူတို့ကြောင့် မှိုင်းရီဝေလျက်ရှိသည်။ မုဆိုးကြီးကျောက်ထီးသည် လေးမြားအစုံအလင်နှင့် တောထဲတွင် လမ်းသလားလျက်ရှိသည်။ သည်ကနေ့မှာမှ သူလိုချင်သော သားကောင်ကို ရှာမတွေ့ဘဲရှိနေရသည်။ ထိုသားကောင်သည်ကား ကြောင်ရိုင်းတစ်ကောင်ပင်တည်း။ တစ်နာရီခန့်အကြာတွင် သစ်ပင်ကြီးတစ်ပင်နှင့် လှမ်းမကမ်းဆီအနောက်မှာ သားကောင်အနံ့ကို သူ ရလိုက်သည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



မသိသာ ပြုံးမိလိုက်သည်။ မျက်နှာသည် ဝင်းလက်သွား၏။ မျက်လုံးအစုံက ထိုအပင်ကြီးဆီကို ရောက်သွားခဲ့သည်။

သူလိုချင်သောသတ္တဝါကောင်ကို တွေ့လိုက်ရလေပြီ။ ပင်ယံအမြင့်က တုတ်ခိုင်သောပင်ကိုင်းကြီးတစ်ခုပေါ်မှာ ပမာမခန့် အမူအရာနှင့် သွားနေသော ကြောင်ရိုင်းတစ်ကောင်။ ချက်ချင်းမှာပင် လေးညှို့မှာမြားကို တင်လိုက်သည်။ ကြောင်ရိုင်းကြီးကို ချိန်ကာ မြားစူးကို လွှတ်လိုက်လေ၏။

"ဂွစ်"

ကျောက်ထီးသည် သူ့လက်ကို ယုံကြည်စိတ်ချသည်။ ကြောင်ရိုင်းကြီးသည် လက်ပြင်နောက်မှာ မြားတန်းလန်းနှင့် အောက်ကို ပြုတ်ကျလာခဲ့လေသည်။

"ဖရဲ . . . ရှဲ . . . ရှဲ . . . ဘုတ်"

ကြောင်ရိုင်းကြီးသည် ဆန့်ငင် ဆန့်ငင်ဖြင့် အကြောဆွဲနေသေးသည်။ ကျောက်ထီးသည် ယင်းအခြေအနေကို မျက်စိအရသာခံကာ ကြည့်နေသေးသည်။ အသက်ထွက်သွားသောအခါကျမှ ခြေထောက်နှစ်ချောင်းမှ ဆွဲကိုင်ကာ ပခုံးထက် ပစ်တင်လိုက်သည်။ ကနေ့တော့နေနည်းနေပြီ။ နောက်ထပ်တစ်ကောင်လောက်တော့ ရှာချင်သေးပေမယ့်အချိန်မရတော့။ ထို့ကြောင့် မချင့်မရဲနှင့် အိမ်ကိုပြန်လာခဲ့လေသည်။

× × ×

ကျောက်ထီးသည် အိမ်ရှေ့ကပြင်တွင် ကြောင်သေကြီးကို ပစ်ချလိုက်ပြီး . . .

"မှူလေးရေ သည်မှာဟေ့"

ဟု လှမ်းအော်လိုက်သည်။ အိမ်အနောက်ဘက်မီးဖိုထဲတွင် ရောက်နေသော မှူလေးကလည်း ကျောက်ထီး၏အသံကို ကြားလိုက်ကတည်းက သိလိုက်လေပြီ။ သားကောင်ရလာပြီဟု။

"လာပြီ . . . အစ်ကို"

မှူလေး အိမ်ရှေ့ကိုရောက်သော် ကြောင်သေကြီးကို မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားပါးပါး တော်တော်ကြီးတဲ့ အကောင်ကြီးပါလား အစ်ကို"

"တစ်မနက်လုံး ကံမကောင်းဘူး။ ညနေစောင်းခါနီးမှရတယ်။ ငါ ဖျက်ပေးမယ်။ ရွာထဲရောင်းဖို့ မီပါ့မလား"

"မီပါတယ် အစ်ကိုရဲ့။ လိုက်လည်ရောင်းစရာတောင် မလိုဘူး။ မှာထားတဲ့အိမ်တချို့ရှိတယ်"

သားကောင် ဖျက်ပြီးသောအခါ ဇနီးဖြစ်သူ မှုလေးက မှာထားသော အိမ်သုံးလေးအိမ်ကို သွား၍ပို့သည်။ အိမ်အတွက် တစ်တွဲထားသည်။ ဝမ်းတွင်းကလီစာက ကျောက်ထီး အရက်နှင့်မြည်းဖို့ဖြစ်သည်။ ကြောင်ခေါင်းကို ဖြတ်ပြီး ဟင်းချိုဟင်းလုပ်သောက်သည်။

မှုလေးသည် ခါတိုင်း ကျောက်ထီးပစ်ခတ်၍ရလာသော ကြောင်သားကို ရွာထဲ၌သာ လည်ပြီးတော့ ရောင်းသည်။ ကျောက်ထီး အတွက် အရက်နှင့်မြည်းရန် ကလီစာဟင်းကို ချက်ကျွေးသည်။ သူက တော့ မစား။ သို့သော် ယခု ကိုယ်ဝန်ရကာမှ ကြောင်သားဟင်းကို ချဉ် ခြင်းတပ်လာသည်။ မက်မက်စက်စက်စားချင်လာသည်။ အထူးသဖြင့် ကြောင်ခေါင်းကို စွပ်ပြုတ်၊ ဟင်းချိုသဘောမျိုး လုပ်ကာ သောက်ချင် စိတ်က ပြင်းပျလာခဲ့သည်။

ထို့ကြောင့် ကျောက်ထီး တောသို့ဝင်တိုင်း ကြောင်ရပါစေဟု အမြဲတမ်းပင် မျှော်လင့်ထားသည်။ ဆုတောင်းသည်။ သားကောင်ရ လာသောအခါ ရောင်းသင့်တာရောင်းပြီး သူမသည်လည်း တဝကြီးစား လေသည်။ ကျောက်ထီးကတော့ ဇနီးဖြစ်သူချဉ်ခြင်းတပ်သည့်ကိစ္စကို



သိသာယမဖြစ်မိ။ ဘာသာရေးနှင့်ပတ်သက်ပြီး ဆင်ခြင်နိုင်စွမ်းမရှိ။ ဇနီး ဖြစ်သူ စားကောင်း သောက်ကောင်းရှိနေသည်ကိုသာ ကျေနပ်အားရ နေမိသည်။

"စား . . . စား . . . စားနိုင်မှ အားဖြစ်မှာ။ ဝမ်းထဲက ကလေး လည်း အားရှိမယ်"

ဟုသာ အားပေးသည်။ သူသည် ကြောင်ရိုင်းကို နေ့စဉ်မရ ရအောင် ရှာသည်။ တစ်ခါတစ်ရံမှာ တစ်နေ့တည်း လေးငါးကောင်အထိ ရတတ်သည်။ ထိုအခါ မဲပေါ်ပြီး ရောင်းတန်ရောင်း စားတန်စားဖြင့် အဆင်ပြေနေကြလေသည်။ မှုလေး၏ ကိုယ်ဝန်မှာ ရင့်သထက်ရင့်လာ ခဲ့သည်။ ငါးပူတင်းဗိုက်ကြီးပမာဖြစ်လာခဲ့လေပြီ။ မကြာမီ ပေါက်တော့ မည်ကို သိသည်။ တစ်ရက်တွင် ကျောက်ထီးသည် ထုံးစံအတိုင်း တော ထဲကို ဝင်လာခဲ့သည်။ သူသည် တောကြောင်ရိုင်းမှလွဲ၍ အခြားသား ကောင်များကို ပစ်ရန် စိတ်ကူးမရှိသူ။ ကံတရားကလည်း သူ့ဘက်က ဖေးမသည်။

ကြောင်ရိုင်းသတ္တဝါများသည် ရှေးယခင့်ယခင်ဘဝများက သူ နှင့် ဘယ်လိုများ ကံကြမ္မာအတုံ့အလှည့်ရှိခဲ့လေသလဲ မသိ။ ကျောက် ထီးကို ရှောင်၍ မလွတ်။ နေ့စဉ်ပင် သူ့ရှေ့မှောက်မှာ လည်စင်းခံ၍ရ သည်က များသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ကျောက်ထီးသည် သူပစ်ခတ်ရရှိသော ကြောင်ရိုင်းသုံးကောင်ကို တံပိုးတွင် ဦးပုံချည်နှောင်ကာ ထမ်းပြီးတော့ ပြန်လာခဲ့သည်။ တောမှ အလွန် ကွင်းထဲသို့ အဖြတ်တွင် ရဟန်းတစ်ပါးနှင့် ဆုံမိသည်။ ကျောက်ထီးသည် ရဟန်းကို မြင်သော် မတ်တတ်ကပင် လက်အုပ်ချီပြီးတော့ အရိုအသေပေးသည်။

"ဟဲ့ . . . ငကျောက် နင် ခုထက်ထိ အကုသိုလ်အလုပ်တွေ မဖွန့်လွှတ်သေးဘူးလား။ သံသရာမှာ မကောင်းတဲ့အကျိုးဆက်တွေ ပါကုန်တော့မှာပဲ"

"တ . . . တပည့်တော် သည်အလုပ်ကို စွန့်လွှန်ဖို့ ကြိုးစားနေပါတယ် ဘုရား။ ဦးတင်ပါတယ်"

ဟုဆိုကာ အထစ်ထစ် အငေါ့ငေါ့နှင့်ပြောပြီး ရဟန်း၏ရှေ့မှောက်မှ အလျင်စလို ခြေလှမ်းများနှင့် ထွက်လာခဲ့လေသည်။ သို့သော် ကျောက်ထီးကား မိမိ၏အလုပ်ကို လုပ်မြဲပင်။

× × ×



တောထဲသို့ ရောက်လာသော ကျောက်ထီးသည် ယနေ့တော့ နေရာပြောင်းပြီးတော့ သားကောင်ရှာဖွေမည်ဟု စိတ်ကူးလိုက်သည်။ ထို့ကြောင့် လမ်းကြောင်းပြောင်းလိုက်လေသည်။ သူ ရောက်လာခဲ့သည့် နေရာသည် မြိုင်ဆန်သည်။ စမ်းများပေါများသည်၊ လှိုဏ်ကြီးတွေ၊ မြောင်ကြီးတွေကလည်း လက်ညှိုးထိုးမလွဲ။ ဤမျှနက်ရှိုင်းသော တောထဲကို ယခင်က တစ်ကြိမ် နှစ်ကြိမ်လောက်သာ ဝင်ဖူးခဲ့သည်။ ယခုတော့ ဘာရယ်မဟုတ်ဘဲ စိတ်ကူးရ၍ နေရာပြောင်းပြီး ထွက်လာခဲ့ခြင်းပင်။ မျောက်များသည် လူလာနေသည်ကို မြင်လိုက်ကြ၍ ပင်ယံထက်မှာ ဟိုသည် ပြေးလွှားနေကြသည်။ ပစ်ချလိုက်ရင်တော့ တစ်ကောင် နှစ်ကောင် ရနိုင်သည်။ ကျောက်ထီးက သူ့လက်ကို သိသည်။ သို့သော် မျောက်လိုကောင်မျိုးကို ဘယ်သောအခါမှ စိတ်မဝင်စား။ သူ ရှာဖွေနေသည်က တောကြောင်၊ ကြောင်ရိုင်း။

ကျောက်ထီး၏မျက်လုံးတွေကလည်း အလစ်မပေး။ ဤဘက်တောသည် တောကြောင်ရိုင်းကြီးများ၊ ရွာမှ တောထွက်သွားကြသော အိမ်ကြောင်ကြီးများ (ကြာလာတော့ အိမ်ကြောင်ကြီးများသည် ရိုင်းသွားကြကာ တောကြောင်ကြီးများ ဖြစ်သွားခဲ့ကြလေသည်။) တစ်နေရာကို အရောက်တွင် လျှောက်နေသော ခြေအစုံကို ရပ်တန့်လိုက်သည်။ အနံ့အသက်တစ်မျိုးကို ရှူရှိုက်မိသည်၊ နားထဲမှာလည်း တိုးသဲ့သဲ့အသံတစ်မျိုးကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်ပေါ်လာရာဆီသို့ နားစွင့်လိုက်သည်။ နေရာကို မှန်းဆမိသွားခဲ့သည်နှင့် ခြေလှမ်းတွေကို ချိန်ဆကာ နင်းပြီးတော့ လျှောက်သွားခဲ့လေသည်။ တစ်နေရာကိုအရောက်တွင် သစ်ပင်ကြီးတစ်ပင်မှာ ချက်ချင်းပင် ကွယ်ပစ်လိုက်သည်။ ထို့နောက် ခေါင်းတစ်ခြမ်း၊ မျက်လုံးတစ်ခြမ်း ပြူထွက်လာကာ ရှေ့ကို လှမ်းပြီးတော့ကြည့်လိုက်သည်။

ကြောင်ကတိုးကြီးတစ်ကောင်သည် စမ်းချောင်းငယ်လေး၏ အစပ်မှာ ရပ်ကာ ရေသောက်လျက်ရှိနေသည်။ ကြောင်ကတိုးက အမည်နှင့်လိုက်အောင်ပင် အနံ့က မွှေးသည်။ ဆေးဖက်ဝင်သည်။ မပစ်ရက်စရာပင်။ ကျောက်ထီးက ထိုကြောင်ကြီး၏အနံ့ကို ခံမိလိုက်ခြင်းပင်။ ထူးခြားသည်မှာ ကြောင်ကတိုးကြီးသည် သာမန်ထက် နှစ်ဆခန့် ပိုပြီးတော့ကြီးထွားနေခြင်းပင်။ ကျောက်ထီး၏ရင်ထဲမှာ ထိတ်ခနဲဆို ဖြစ်သွားသည်။

ရှေးဦးပေါက်ရမည့်အကောင်ကြီးက အားရစရာကောင်းလှသောကြောင့်ပင်။ ချက်ချင်းပင် လေးညို့မှ မြားကိုတင်ပြီးသားဖြစ်သွားသည်။ ကြောင်ရိုင်းကြီးသည် ရေသောက်ရာ က အန္တရာယ်ကို ချက်ချင်း သတိပြုမိသွားသည်။ ဆတ်ခနဲဆို နေရာမှ ထအပြေး . . .

"ဝှစ်"

"ဒုတ်"

အပြေးနှောင်းသွားခဲ့သည်။ မြားစူးက ကိုယ်မှာ ဒုတ်ခနဲဆို စိုက်ဝင်သွားခဲ့သည်။ ကြောင်ရိုင်းကြီးသည် သွေးရှူးသွေးတန်းနှင့် ဆက်



ပြီးတော့ ပြေးနေသေးသည်။ ကျောက်ထီးက အပင်အကွယ်မှ ထွက်ကာ အေးဆေးစွာပင် ကြည့်နေသည်။ ကြောင်ရိုင်းကြီးသည် ပြေးနေရာက ဆတ်ခနဲဆို ဘေးကို တစောင်းပစ်လဲကျသွားသည်။ ထို့နောက် အကြောတစ်ချက်ဆွဲပြီး ငြိမ်ကျသွားခဲ့လေ၏။

ကျောက်ထီးသည် ကြောင်ကတိုးကြီး၏အနားကို ရောက်လာပြီး အခြေအနေကို ကြည့်သည်။ ထို့နောက် ကိုယ်မှ မြားစူးကို နုတ်ယူလိုက်ရာ . . .

"ခွိုး"

ကြောင်ကတိုးကြီးထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် အသံ။ အစွယ်ဖွေးဖွေးထအောင် ပါးစပ်ကြီးကို ဖြဲကာ ကျောက်ထီး၏ လက်ကို လှမ်းပြီးတော့ကိုက်သည်။ လက်သည်းရှည်ကြီးများဖြင့် ကုတ်ရန်ကြံသည်။ လက်ကို အရှုပ်မြန်၍သာ၊ ကျောက်ထီးသည် သူ့ကို ရန်မူရပါမည်လားဟု ဒေါသထွက်သွားခဲ့ရသည်။ မြားစူးဖြင့် လည်ပင်းကို သုံးလေးချက် ဆင့်ပြီးတော့ ထိုးလိုက်လေသည်။ ထိုအခါကျမှ ကြောင်ရိုင်းကြီးသည် ငြိမ်သက်သွားခဲ့လေ၏။ သို့သော် မျက်လုံးအစုံက ပြူးထွက်နေကာ ကျောက်ထီးကို စိုက်ကြည့်နေသလိုပင်။ ကျောက်ထီးသည် ကြောင်ရိုင်းကြီး၏မျက်လုံးများကို အမှတ်မထင် ပြန်ပြီးတော့ ကြည့်လိုက်မိသည်။ ဘာကြောင့်ရယ် မသိ ကျောထဲမှာ စိမ့်ခနဲဆို ဖြစ်သွားမိသည်။

(နှောင် . . . ရက်ပေါင်းများစွာပင် မိမိကို စိုက်ပြီးတော့ ကြည့်

www.burmeseclassic.com



နေသည်ဟုထင်ရသော မျက်လုံးများက အစဉ်အမြဲခြောက်လှန့်နေဆဲပင်)

× × ×



နောက်ရက်များတွင်လည်း ဝတ္ထုရေး အရ တောလည်မှုဆိုး လုပ်နေဆဲပင်။ ထိုအခါ မိမိ၏နောက်မှ ကြောင်ရိုင်းတစ်ကောင်က တကောက်ကောက်နှင့် လိုက်နေသည်ဟု ထင်နေမိသည်။ လှည့်ကြည့်မိလိုက်သော် ဘာကောင်မှ မတွေ့ရ၊ မဟုတ်ပေ။ ဤသို့ဖြင့် နေ့စဉ် ရက်ဆက် ကြောင်ရိုင်းကြီးတစ်ကောင် နောက်မှနေ၍ တကောက်ကောက်နှင့် လိုက်နေသည်ဟူသော စိတ်ထဲမှာ စွဲထင်နေမိသည်။ ထိုအစွဲကြောင့်လားမသိ အိပ်မက်ထဲမှာလည်း ကြောင်ကတိုးကောင်ကြီးက မိမိကို အမွေးအမှင်များထောင်ပြီး ထလာခဲ့သည်အထိ ဒေါသကြီးနှင့် ရှိန်မှုကာ တိုက်ခိုက်သည်။ ပါးစပ်ကြီးကို အစွယ်ဖွေးဖွေးဟသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဖြဲ့ဟကာ အတင်းဝင်လုံးပြီး တိုက်ခိုက်သည်။

"ဟင်"

ယင်းအိပ်မက်ကြောင့် အိပ်ရာမှ လန့်ပြီးတော့ နိုးရသည်မှာလည်း အကြိမ်ကြိမ်ပင်။ သူ ကြောင်မှဆိုးလုပ်လာခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့။ ယခုတစ်ခါကျမှ မည်သို့ဖြစ်ရသလဲ မပြောတတ်။ စိတ်ထဲမှာလည်း အလိုလိုနေရင်း ထင့်နေမိလေသည်။ ဘာကိုစိုးရိမ်နေမိမှန်းလဲ မသိပေ။

× × ×

ကျောက်ထီး၏ဇနီး မှုလေးသည် နေ့စေ့ လစေ့ ကိုယ်ဝန်ကြီးကို လွယ်ထားရလေသည်။ မကြာမီ မွေးဖွားတော့မည်။ မဒန်းပိုက်ဖြစ်သော်လည်း ကိုယ်ဝန်က သိသာလှ၏။ သက်သောင့်သက်သာမနေဘဲ အမြဲတစေ လှုပ်လှုပ်ရှားရှားနေသူဖြစ်၍ ကျန်းမာရေးနှင့် ပြည့်စုံနေသည်။ သက်သောင့်သက်သာ မွေးဖွားလာလိမ့်မည်ဟု ထင်၏။

"ဟဲ့ ကျောက်ထီး . . . နင့်မိန်းမဟာ ခုတစ်ရက် နှစ်ရက်အတွင်းမှာ မွေးတော့မှာ။ နင် တောထဲချည်း သိပ်သွားမနေနဲ့"

လက်သည်မိန်းမကြီးက ပြောသည်။ သတိပေးသည်။ ထို့ကြောင့် ကျောက်ထီးသည် တောထဲမဝင်တော့ဘဲ လုပ်ငန်းကို ခဏ ရပ်ထားလိုက်သည်။ တစ်ရက်တွင် မှုလေးသည် နံနက်စောစောပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းက နာလာ၏။ သူမသည် သတ္တိကောင်းသည်။ အသံထွက်အောင် ညည်းညူမနေဘဲ ကျိတ်၍သာ ညည်းညူသည်။ ကျောက်ထီးက လက်သည်မိန်းမကြီးကို ပြေးခေါ်သည်။

"သမီး ဘာမှမပူနဲ့။ ရှောရှောရှူရှူပဲ မွေးမှာပါ။ ခဏတော့ သည်းခံလိုက်ပါကွယ်"

လက်သည်မိန်းမကြီးက စကားဖြင့် နှစ်သိမ့်သည်။ ချော့ကာ ပြောသည်။ သူမသည် ကလေးမြောက်မြားစွာကို မွေးပေးခဲ့ရာတွင် အဖိတ်အစင် မရှိခဲ့ပေ။ နာမည်ရ ဝမ်းဆွဲမကြီးတစ်ဦးပင်ဖြစ်သည်။ သူ ခန့်မှန်းသည့်အတိုင်းပင် မကြာမီမှာပင် မူလေးသည် သားဦးရတနာလေး ကို အခက်အခဲမရှိ မွေးဖွားခဲ့လေ၏။

"မွေးပြီဟေ့ မွေးပြီ။ သားလေးဟေ့ . . .သားလေး . . . ဟင်

မွေးခန်းထဲမှနေ၍ အားရစွာပြောလိုက်သော ဝမ်းဆွဲကြီး၏ အသံ။ သို့သော် "ဟင်" ဆိုသော နောက်ထပ်တွဲသည်ကား . . .။

× × ×

ကလေးသည် အင်္ဂါအစုံအလင်နှင့်မွေးဖွားလာသော ယောကျ်ား လေးဖြစ်သော်လည်း မျက်နှာပေါက်က ထူးခြားသည်။ ထို့ကြောင့် အံ့ အားတသင့်ဖြစ်မိကြရသည်။

"ငါတို့ကလေးရဲ့မျက်နှာပေါက်က ထူးခြားတယ်။ ဘယ်လိုဖြစ် တာလဲ မသိဘူး"

"အင်း . . . သားလေးရဲ့မျက်နှာကို မြင်လိုက်ရတော့ ကျွန်မရဲ့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်။ အင်းလေ . . . ဘာတတ်နိုင်မှာ လဲ။ ဘုရားပေးတဲ့သားပဲ။ ဝမ်းမြောက်ဝမ်းသာ လက်ခံရမှာပဲပေါ့"

မူလေးကတော့ **မိခင်အသစ်စက်စက်ဖြစ်လာပြီ**။ မွေးလာ

www.burmeseclassic.com

www.burmeseclassic.com



သော သားဦးလေးက ဘယ်လိုပဲထူးခြားနေပါစေ ချစ်ရပါမည်။ မိခင်မေတ္တာအပြည့်နှင့် ခံစားချက်က ရှိနေသည်။ ကျောက်ထီးကသာ ပြီးပြီးစေ သဘောမထားနိုင်ဘဲ စဉ်းစားရလေပြီ။

"ငါ တစ်သက်လုံး မှဆိုးလုပ်လာခဲ့တာ။ သည်ကြောင်တွေကိုပဲ ငါ ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။ ခုတော့ သည်အကျိုးဆက်က ဖြစ်လာပြီ"

"ဟဲ့ . . . ငကျောက် နှင် ခုထက်ထိ အကုသိုလ်အလုပ်တွေ မစွန့်လွှတ်သေးဘူးလား။ သံသရာမှာ မကောင်းတဲ့အကျိုးဆက်တွေ ပါကုန်တော့မှာပဲ"

ရဟန်းတစ်ပါးက သတိပေးစကားပြောကြားခဲ့သည်ကို ပြန်ပြီးတော့ အမှတ်ရလာခဲ့သည်။ ထိုစဉ်ကတော့ အလေးမထားမိခဲ့။ ခုတော့ လွန်ခဲ့လေပြီ။ မှုလေးကလည်း တောကြောင်ရိုင်းသားကိုမှ ချဉ်ခြင်းတပ်ခဲ့သည်။ မိမိအပြစ်က ကနဦးအစ၊ သွေးခေတင်းခဲ့သော မှုလေးကိုလည်း အပြစ်မဆိုသာ။

"ကျောက်ထီးရာ ကလေးက ဒါလောက်ကြီးလည်း ထင်းထင်းကြီးမဟုတ်ပါဘူး။ ဆင်ဆင်ကလေးပဲ တူတာပါ။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ မင်းက အခုလို စိတ်ပျက်လက်ပျက်လုပ်ပြနေရင် မင်းမိန်းမကပိုပြီးတော့ တွေးတောတော့မှာပေါ့"

ကျောက်ထီးကို သတိပေးသူက ပေးသည်။ ဘဝဆက်ပြသနာများရှိသည်။ ရှေ့ဘဝက မိမိ ဘာဖြစ်ခဲ့သနည်း။ လူဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် တိရစ္ဆာန်ဘဝနှင့်နေခဲ့သူတွေလည်း ရှိချင်ရှိခဲ့မည်။ ရှိလည်း



ရှိခဲ့ကြသည်။ ယခင်ဘဝက တိရစ္ဆာန်ဖြစ်ခဲ့ပြီး ကွယ်လွန်ခဲ့သူတစ်ဦးသည် ကံအကျိုးဆက်အရ ဤဘဝမှာ လူလာဖြစ်သည်။ ထိုအခါ ယခင်ဘဝက အပြုအမူအနေအထိုင်များ ပါချင်ပါလာတတ်သည်။

၃၁ ဘုံတွင် ကျင်လည်ခဲ့ကြရသူမှန်သမျှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံသားများ ဖြစ်ကြသည်။ မည်သူမျှ မလွတ်ကင်းကြပေ။ နွားဘဝ၊ မြင်းဘဝကို ရောက်ဖူးခဲ့ကြသူများသည် မိမိ၏အတိတ်ဘဝကို ပြန်မြင်၊ ပြန်၍သိသော ဇာတိဿရဉာဏ်ကို ရသူဖြစ်ခဲ့ပါက ပြန်၍ပြောပြကြသည်။ သခင်က မိမိကို ရက်စက်စွာ မည်သို့ ရိုက်နှက်ခဲ့ကြောင်း၊ အစာမကျွေးဘဲထားကြောင်း၊ မိမိအပေါ် ကြင်နာစွာ ဆက်ဆံခဲ့သော သခင်မျိုးနှင့်လည်း ကြုံဖူးခဲ့သည့်အကြောင်းများကိုလည်း ပြန်ပြောပြခြင်းဖြင့် သိစေကြသည်။

မျောက်ဘဝကို ရောက်ဖူးခဲ့ကြသူများသည် ယခု လူ့ဘဝတွင် တိရစ္ဆာန်ဘဝက အပြုအမူများပါလာတတ်ကြသည်။ မြွေဆိုး၊ မြွေဟောက်ဘဝမှ ခန္ဓာပျက်ပြီး လူ့ဘဝကို ကံအားလျော်စွာ ရောက်လာကြသူများကိုလည်း မြင်ဖူးသည်။ ထိုသူ၏ ပြန်လည်ပြီး ပြောပြချက်အရ လူ့ဘဝမှာလည်း ဒေါသကြီးကာ တရှူးရှူးတရှဲရှဲနှင့် ရန်လိုတတ်သည်။ နားလည်သူက တရားကြောင်းနှင့် ဖျောင်းဖျပြမှ မိမိလာခဲ့သော တိရစ္ဆာန် ဘဝကို ပြန်ရောက်မည်စိုး၍ တရားဘာဝနာပွားများအားထုတ်စားကာ ဒေါသကို ဖြေဖျောက်ရသည်ဟူ၏။

မြင်းဘဝ၊ နွားဘဝမှလာကြသူများသည် တိရစ္ဆာန်ဘဝက မိမိ

www.burmeseclassic.com



တို့၏ ခံစားချက်များကို သခင်ဖြစ်သူအား ပြန်၍ပြောပြနိုင်စွမ်းမရှိသဖြင့် ဝမ်းနည်းကြရသည်ဟု ဆို၏။ အချို့ကား မိမိတို့၏ဘဝကို စွဲပြီးသေခဲ့ကြရသူများ ဖြစ်ကြ၍ လူ့ဘဝတွင်လည်း ယခင်ဘဝက ရုပ်ရည်များနှင့် ဆင်ဆင်တူခဲ့ကြသည်များလည်း ရှိကြသည်။ ဘဝအစွဲကြောင့် ဤသို့ဖြစ်ကြရသည်ကို အံ့သြစရာမဟုတ်သော်လည်း အများအမြင်မှာတော့ ထူးခြားနေကြလေသည်။

ကျောက်ထီးသည် မိမိ၏သားဦးရတနာလေးကို ကြည့်ကာ သင်ခန်းစာရလာခဲ့သည်ဖြစ်၍ ကြောင်မုဆိုးအလုပ်ကို ရှုံ့ရှာမုန်းတီးသွားကာ ဘဝတွင် အပြီးအပိုင်ပင် စွန့်လွှတ်လိုက်လေသည်။

× × ×

အခန်း ( ၃ )

မိတ်ဖွဲ့လိုသူ

"ပေါ်လာနဲ့ပတ်သက်တဲ့ဘဝတစ်စိတ်တစ်ပိုင်းကတော့ အဲဒါပါပဲကွာ။ မင်း သူနဲ့တွေ့ရင် သူ့အကြောင်းကို ပိုပြီးတော့ သိလာမှာပါ မင်းဆွေ။ ပေါ်လာက မင်းကို ခင်ချင်ပုံရပါတယ်"

"ဒါပေမဲ့ ပေါ်လာက လူ့တောထဲတိုးချင်တာ မဟုတ်ဘူး။ အပေါင်းအသင်းအသစ်လည်း ရှာတာ မဟုတ်ဘူး။ သည်က အစ်ကိုကို သူ ဘယ်လိုကြောင့် လာဆုံတွေ့နိုင်မှာလဲ"

"အဲသည်အတွက်တော့ ပေါ်လာကို သံသယရှိဖို့မလိုပါဘူး ညီမရယ်။ မင်းဆွေကလည်း ပေါ်လာကို တကယ်စိတ်ရင်းနဲ့ လိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လျောလျော ဆက်ဆံခဲ့တာ။ ဒါကို ပေါလာလည်း သိသွားတယ်လေ။ သူ လာကိုလာမှာပါ"

စောအယ်လူးက နိုင်မာစွာပင်ပြောလိုက်လေသည်။ ညဥ့်လည်းနက်လာပြီ။ မိုးစွယ်ကျိုးခဲ့ပြီဖြစ်၍ အအေးဓာတ်က သိသာလာသည်။ ထို့ကြောင့် အိပ်ရာဝင်ခဲ့ကြသည်။

နောက်တစ်နေ့မှာတော့တောလည်မထွက်ကြတော့။ မင်းဆွေခရီးပန်းမည်စိုး၍ နားလိုက်ကြသည်။ ရွာထဲမှာမနေဘဲ ယာခင်းထဲမှာသာ အချိန်ကုန်နေကြသည်။ နော်ဖူးငုံက အချက်အပြုတ်ကောင်းသည်။ ဖွတ်သားဟင်းဆီပြန်နှင့် ငါးဟင်း၊ သီးစုံဟင်းတို့ဖြင့် တတ်နိုင်သလောက် ချက်ပြုတ်ကျွေးမွေးသည်။

"ဖူးငုံလည်း ကျွန်တော် ရောက်လာလို့ အလုပ်များနေပြီ။ အားနာတယ်ဗျာ"

"ဟာ . . . မဟုတ်တာ။ အစ်ကိုကလည်း ဧည့်သည်တစ်ယောက်လာတာ ဖူးငုံအတွက် ဘာမှအပန်းမကြီးပါဘူး။ ပြီးတော့ အစ်ကိုက အစ်ကို့ရဲ့သူငယ်ချင်းပဲလေ။ သည်ကို တစ်ခါမှမရောက်ဖူးပဲ အဝေးကနေပြီးလာခဲ့ရတာ။ သူငယ်ချင်းအပေါ်မှာ သံယောဇဉ်ကြီးလို့ မဟုတ်လား။ အစ်ကိုက သူ့သူငယ်ချင်းတစ်ယောက် ရန်ကုန်မှာရှိတဲ့ အကြောင်း ခဏ ခဏ ပြောတာ။ ဖူးငုံကလည်း နာမည်သာသိပြီး လူကို ခုမှပဲ မြင်ဖူးတာ။ အမှန်ပြောရရင် အစ်ကိုလာလည်တဲ့အတွက် ဖူးငုံလည်း ဝမ်းသာတာပဲ"



နော်ဖူးငုံက ရိုးသားပွင့်လင်းစွာပင် ပြောရှာသည်။ တကယ်တော့ စကျွရှုပေနသံဝါသ ဆိုသည့်အတိုင်း ချစ်ခြင်းအစ မျက်စိကဟု ဆိုသည့်အတိုင်း သူတို့နှစ်ဦးသည် နှလုံးသားချင်းက စကားပြောခဲ့ကြပြီး ဖြစ်သည်။

"စောအယ်လူးက ကျောင်းအတူတူတက်နေရင်းက စာမေးပွဲကျတာကို စိတ်ဓာတ်လည်းကျသွားခဲ့ပြီး နေရပ်ကို ပြန်သွားခဲ့တာ။ လူချင်း အဆက်အသွယ်မရှိပေမယ့် တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ကတော့ မပြတ်ပါဘူး။ သူ့ကို ကျောင်းဆက်နေဖို့ ဘယ်လိုပဲ အားပေးပေမယ့်လည်း မရပါဘူး။ တစ်ခါတလေ လူကြုံလေးဘာလေးရှိရင် စာချင်းအဆက်အသွယ်ရှိခဲ့ကြပါတယ်"

"သည်အကြောင်းတွေကိုလည်း အစ်ကိုက ပြောပြခဲ့ဖူးပါတယ်။ မိဘတွေကလည်း ရှေ့နောက်ဆင့်ပြီးတော့ ကွယ်လွန်သွားခဲ့ကြပြန်တော့ အစ်ကိုက ပညာရေးကို ပိုပြီးတော့ စိတ်မဝင်စားနိုင်တော့ဘူးလေ။ တောင်ယာအလုပ်နဲ့ပဲ အဆုံးသတ်ရတော့တယ်။ ဖူးငုံလည်း ရှစ်တန်းလောက်အထိ ကျောင်းနေခဲ့ရတယ် အစ်ကို"

မောင်နှမနှစ်ယောက်တည်း ဘဝဝမ်းကျောင်းခဲ့ရသည့် အခြေအနေများကို သိလိုက်ရ၍ ကရုဏာသက်မိရလေသည်။

"ကဲပါလေ . . . ကျွန်တော်လည်း ဖူးငုံကို ကိုယ့်နှမအရင်းလို

www.burmeseclassic.com

www.burmeseclassic.com



သဘောထားမိပါတယ်။ စောင့်ရှောက်ပါ့မယ်"

"အေးကွာ . . . ခုလို သည်စကားမျိုးကြားရတာ ငါ ဝမ်းသာပါတယ်ကွာ။ မင်း ငါ့နှမကို တစ်သက်လုံးစောင့်ရှောက်သွားပါ မင်းဆွေရာ"

စောအယ်လူးသည် မည်သည့်အချိန်က သူတို့အနားကို ရောက်လာခဲ့သည်လည်း မသိ။ နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ရလေသည်။

"ဟာကွာ . . . မင်းကလည်း အသံမပေး ဘာမပေးနဲ့"

"အစ်ကိုကလည်း"

"ဟာ . . . ငါ ရောက်လာတာ မင်းတို့ဘာသာ မသိကြတာ။ ဘယ်လိုဖြစ်လို့ အနေရအထိုင်ရ ခက်နေကြတာလဲ"

"အစ်ကိုကလည်း ဘယ်မှာအနေရအထိုင်ရခက်နေလို့လဲ"

နော်ဖူးငုံသည် မျက်နှာလေး နီမြန်းမြန်းနှင့် အနားမှ ထွက်သွားခဲ့လေတော့သည်။

"ဟော့ကောင် . . . စော်အယ်လူး ဟိုမှာ ဖူးငုံ ရှက်သွားပြီ။ ငါတို့က ရိုးရိုးသားသားပြောနေကြတာ။ မင်းက ဘယ်လိုထင်"

"အပိုတွေပြောမနေပါနဲ့ ရွှေယောက်ဖရာ။ မင်းတို့နှစ်ယောက်ကို ငါ အကဲခတ်ပြီးသားပါ။ ငါ မကန့်ကွက်ဘူးကွာ။ နားလည်ပြီလား"

"ဟာကွာ . . . မင်းက ပြောလေဆိုးလေပါလား"

မင်းဆွေလည်း ပိုပြီးတော့ အနေရအထိုင်ရခက်သွားခဲ့လေတော့သည်။

မင်းဆွေသည် ယာတောထဲတွင် နေရသည်မှာ ပိုပြီးတော့ လွတ်လပ်သည်။ သက်သောင့်သက်သာရှိသည်ဆို၍ ထိုညတွင် ယာတောတွင် အိပ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ အနီးအနားမှာ စိမ့်စမ်းများရှိ၍ ပိုပြီးတော့ အေးသည်။ ထို့ကြောင့် တဲကြီးထဲမှာသာ နေနေကြသည်။ အပြင်ဘက်မှာတော့ မီးပုံကြီးတစ်ပုံကို ဖိုထားလေသည်။ အတော်ခပ်လှမ်းလှမ်းမှာလည်း ယာတဲများရှိကြသည်။ တစ်တဲနှင့်တစ်တဲ ဝေးကွာကြသည်။ မီးရောင်လက်လက်လေးများကိုတော့ မြင်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တောဝက်များသည် တစ်ခါတစ်ရံမှာ ယာခင်းထဲသို့ ဝင်ပြီး တူးဆွစားသောက်တတ်ကြသည်။ ထိုမျှမက ဖျက်ဆီးသမျှကိုလည်း ပြုလုပ်တတ်ကြသေးသည်။ ထို့ကြောင့် စောအယ်လူးသည် ဒူးလေးနှင့်အတူ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ထွက်သွားသည်။

"အစ်ကို . . . တောဝက်တွေရောက်နေရင် လူကို အန္တရာယ်ပြုမှာ သတိထားနော်"

"စောအယ်လူး ငါလည်း လိုက်မယ်"

"ငါ အခြေအနေသွားကြည့်မှာပါကွာ။ သည်သတ္တဝါတွေ ဟိုဘက်အခင်းတွေကို ညက ဝင်မွှေသွားလို့။ ငါတို့ဘက်ကို လာချင်မှ လာမှာ။ ငါ မကြာဘူး။ ပြန်လာခဲ့မယ်"

စောအယ်လူးက မင်းဆွေကို မခေါ်ဘဲ ထွက်သွားသည်။

"အစ်ကိုက သည်လိုပဲ သိပ်ပြီးတော့ အရဲကိုးလွန်းတယ်"

နော်ဖူးငုံက စောအယ်လူးကို စိတ်မချ။

"အင်းလေ . . . စိတ်ပူမယ်ဆိုလည်း ပူစရာပဲ။ ကျွန်တော် လိုက်သွားရင် ကောင်းမယ်"

မင်းဆွေ ချက်ချင်းပင် လိုက်သွားရန် ဟန်ပြင်ရာ . . .

"အို . . . လိုက်မသွားပါနဲ့"

နော်ဖူးငုံက အလျင်စလိုပင် ဟန့်တားလိုက်သည်။

"ဪ . . . ဟုတ်သားပဲ။ သည်မှာ ဖူးငုံတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ"



"ဖူးငုံတစ်ယောက်တည်း ကျန်ခဲ့မှာကိုကြောက်လို့မဟုတ်ဘူး။ တကယ်လို့များ တောဝက်တွေနဲ့တွေ့ရင် အစ်ကို ဘယ်လိုရှောင် . . ."

နော်ဖူးငုံသည် စကားတန့်သွားမိသည်။ မင်းဆွေကို အစ်ကိုဟု၍ သုံးနှုန်းမိလိုက်သောကြောင့်။ ထို့နောက် မင်းဆွေကို မရဲတရဲနှင့် မျက်လွှာလေးပင့်ကာ ကြည့်မိလိုက်သည်။

"ဖူးငုံက ကျွန်တော့်ထက် ငယ်တာပဲ အစ်ကိုလို့ခေါ်နိုင်ပါတယ်"

"အဟင်းဟင်း . . . ဒါဆိုရင် အစ်ကိုကလည်း ကျွန်တော် ကျွန်တော်လို့ မပြောနဲ့လေ"

"ကောင်းပါပြီ ညီမရယ်"

ပြောရဲဆိုရဲရှိလာခဲ့ကြသည်။ အကြည့်ရဲလာခဲ့ကြသည်။ ရယ်သွမ်းသွေးမိကြသည်။

"အစ်ကို့မှာ ရည်းစားရှိသလား ဟင်"

နော်ဖူးငုံက လေသံတမျှ တိုးညင်သောအသံဝဲဝဲလေးနှင့် သွေးတိုးစမ်းကာ မေးလိုက်သည်။

"ဟင့်အင်း . . . မရှိပါဘူး။ ဘာဖြစ်လို့မေးတာလဲ ညီမ"

"သိ . . . သိချင်လို့ပါ"

"ဒါနဲ့ ညီမမှာကော ချစ်သူထားထားသလား"

"အို . . . အစ်ကိုကလည်း စိတ်တောင်မကူးသေးပါဘူး"

"ဒါဖြင့် အခုကော"

"အို . . . ဘာတွေလျှောက်မေးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နော်ဖူးငုံက ရှက်စနိုးဖြင့် မျက်လွှာလေးချသွားရှာသည်။ လက တဖြည်းဖြည်းနှင့် မြင့်တက်လာခဲ့လေပြီ။ လရောင်သည် သူတို့ရှိနေကြသည့် တဲကြီးပေါ်ကို ပက်ဖြန်းထား၏။ လရောင်ဟပ်သောကြောင့် ဖူးငုံ၏ မျက်နှာလေးမှာ ဆင်စွယ်ကို ပွတ်ခံထားသည့်ပမာ ဝင်းမွတ်နေ၏။

"စောအယ်လူးလည်း ပြန်မလာသေးဘူး"

"ဩော် . . . ခုလေးတင်ထွက်သွားတာ။ ချက်ချင်း ဘယ်ပြန်လာဦးမှာလဲ။ ညီမတို့ရဲ့ယာခင်းက ဟိုးဘက်မှာလည်း ရှိသေးတယ်လေ"

စောအယ်လူးကို စောင့်ရင်း စကားကောင်းနေကြသည်။ ညဦးပိုင်းကာလကို မကျော်နိုင်သေး။ စကားကောင်းနေကြ၍ အိပ်ချင်စိတ်ကလည်း မရှိကြသေး။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ရင်းနှီးမှုတွေက ပိုလာခဲ့ကြရသည်။ ထိုစဉ် . . .

"ဖလပ် . . . ဖလပ် . . . ဖလပ်"

တဲကြီးနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်မှ အိပ်တန်းတက်နေကြသော ငှက်များက လန့်ပြီးတော့ ထပျံသွားခဲ့ကြလေသည်။ ဝီးခနဲဆို လေအေးတစ်ချက်က တဲကြီးအတွင်းကို ဝင်ဆောင့်တိုးလာခဲ့သည်။ တဲရှေ့မှာဖိုထားသော မီးပုံက အားနည်းသွားပြီဖြစ်၍ နော်ဖူးငုံက ထင်းထပ်ဖြည့်ရန် နေရာမှ ထလိုက်လေသည်။

"နေ . . . နေ . . . ညီမ ကိုယ် လုပ်လိုက်မယ်"

"အို . . . နေပါ။ အစ်ကိုကလည်း ညီမလုပ်လိုက်ပါ့မယ်"

တစ်ယောက်နှင့် တစ်ယောက် သူ ငါ ဖြစ်နေကြစဉ်မှာ . . .



"နေကြပါ။ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်"

တစ်နေရာမှ အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့လေသည်။ ထူးခြားသောအသံပင်ဖြစ်သည်။ ထိုအသံမျိုးကို မင်းဆွေ ကြားဖူးခဲ့ပြီးဖြစ်သည်။

"ဟင်"

အံ့အားသင့်နေကြဆဲမှာပင် လူတစ်ယောက်သည် မှောင်ရိပ်ထဲမှ ထွက်လာခဲ့လေသည်။ ထိုသူသည် လက်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲကိုင်လာသည်။ ငှက်ပျောဖက်နှင့် ထုပ်ထားသော အထုပ်ကို တဲရှေ့ကပြင်ပေါ်မှာ တင်လိုက်သည်။ ထို့နောက် မီးပုံရှိရာကို လျှောက်သွားသည်။ ထင်းချောင်းများကို ထိုးထည့်နေလေသည်။ ချက်ချင်းမှာပင် မီးတောက်များက တက်လာခဲ့ကြသည်။ ထိုသူသည် နေရာမှာထိုင်နေဆဲ။

"ပေါ်လာ . . . လာခဲ့လေ"

နော်ဖူးငုံက လှမ်းခေါ်လိုက်သည်။ ထိုအခါ ပေါ်လာသည် နေရာမှ တဖြည်းဖြည်းချင်းထရပ်လိုက်ပြီး တဲဆီကို လျှောက်လာခဲ့လေ၏။ လရောင်၊ မီးရောင်က ဟပ်နေသော်လည်း မျက်နှာကို ခပ်လွှဲလွှဲထား၍ ပေါ်လာ့မျက်နှာကို တစ်ခြမ်းလောက်ပဲမြင်နေရလေသည်။ မင်းဆွေသည် ပေါ်လာက သူ့ကို ရှိန်နေမှန်းသိသွားခဲ့လေရာ . . .

"ကိုပေါ်လာ ကျွန်တော်က ခင်ဗျားကို မနေ့ညက ကတည်းက မျှော်နေတာ"

ပေါ်လာသည် မင်းဆွေ၏ တရင်းတနှီးဆန်သော လေသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အားတက်သွားဟန်တူသည်။ တဲဆီကို ခြေလှမ်းခပ်သွက်သွက်နှင့် လျှောက်လာပြီး တင်းပါလွဲထိုင်လိုက်၏။

"ဟုတ်တယ် . . . လာချင်တာပေါ့ဗျာ။ ကျွန်တော် မနေ့က ပစ်ခဲ့တဲ့အကောင်ကို ကျပ်တင်မီးတိုက်နေရလို့ဗျ။ တချို့ကိုလည်း ထောင်းထုပြီး ဖွဖွမျှင်မျှင်လေးဖြစ်အောင် လုပ်လာခဲ့ရသေးတယ်ဗျ။ ကိုမင်းဆွေ စားဖို့ပါဗျာ"

ပေါလာက အထုပ်ကို ယူပြီး လှမ်းပေးလိုက်သည်။ မင်းဆွေ၊ နော်ဖူးငုံတို့သည်လည်း ပေါလာနှင့် မလှမ်းမကမ်းမှာ နေရာရွှေ့ကာ ထိုင်လိုက်ကြသည်။

"ပေါလာ . . . နင်က ကိုမင်းဆွေစားဖို့ဆိုတော့ ငါတို့ဖို့တော့ မပါဘူးလားဟင်"

"အတူတူပေါ့ဟာ နင်ကလည်း"

ပေါလာနှင့် နော်ဖူးငုံသည် သက်တူရွယ်တူဖြစ်ကြသည်။ ပေါလာသည် မင်းဆွေ၏ရှေ့မှာ အနေရှန့်နေဆဲပင်။

"ဒါနဲ့ . . . အယ်လူး တစ်ယောက်ကော"

"အခင်းထဲသွားတယ် ပေါလာ။ တောဝက်တွေ သောင်းကျန်းနေတယ်ဆိုတော့ စိတ်မချလို့ သွားကြည့်တာ။ ခုနကလေးတင်မှ ထွက်သွားတာ"

ပေါလာသည် သူတို့ဘက်ကို မျက်နှာခပ်စောင်းစောင်းပဲ ထားကာ ကြည့်သည်။



"အင်း . . . ခုတလောမှာ တောဝက်တွေကလည်း သောင်းကျန်းပါ့။ ငါတောင် ဟိုတလောက ကိုမျက်ပြူးတို့ရဲ့အခင်းထဲ ဝင်မွှေကြတဲ့ ဝက်တွေကို ဝင်ပစ်ပေးခဲ့ရသေးတယ်။ သုံးကောင်လောက် ရလိုက်တယ်။ ဖူးငုံ ငါ လိုက်သွားမယ်"

"ပေါလာ . . . မင်း လိုက်ဖို့မလိုတော့ပါဘူး"

စော်အယ်လူးပြန်ရောက်လာသည်။ ပေါလာ၏ပခုံးကို ပုတ်ကာ ပြောလိုက်သည်။

"မင်း အကောင်တွေနဲ့ တွေ့ခဲ့ရဲ့လား"

"မတွေ့ခဲ့ပါဘူးကွာ။ ဝင်ချင်ရင်လည်း ညဥ့်နက်ပိုင်းလောက်မှ ဝင်တတ်ကြတာ။ မဝင်ချင်လည်း မဝင်ဘူးပေါ့ကွာ။ ဟိုတလောက ထောင်ချောက်မိကြတာနဲ့ ဒူးလေး၊ နှစ်လုံးပြူးစာမိကြတာနဲ့ ကြောက်သွားပြီး သိပ်မလာကြတော့ဘူး။ ငါကသာ စိတ်ချရလို့ သွားကြည့်တာ"

စောအယ်လူးက ရှင်းပြလိုက်သည်။ ပေါလာသည် ရွာထဲကို ဆိုသည့်အခါမှ မဝင်ပေ။ သူတစ်ဦးတည်း ရွာပြင်တစ်နေရာမှာ သီးခြားနေသည်။ စောအယ်လူးလိုပင် ပေါလာ့ကို ခင်မင်ကြသူများ ရှိကြသည်။ ငယ်ချင်းအချို့နှင့် ဆွေမျိုးများထဲက တစ်ယောက်နှစ်ယောက်ပင် သူတို့တား ပေါလာအတွက် အိမ်တစ်လုံး ဝိုင်းပြီး ဆောက်ပေးကြသည်။ ပေါလာ့ကို ရွာက မပစ်ပယ်ကြသော်လည်း သူကသာ မိမိ၏ရုပ်ရည်ကို တွေ့မနုပ်ဖြစ်ကာ ရွာပြင်ထွက်ပြီးတော့နေခြင်းပင်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မင်းဆွေက ပကတိရိုးစင်းသောစိတ်ဖြင့် ပေါ်လာ့အပေါ်မှာ ဆက်ဆံသဖြင့် ပေါ်လာသည် ဆက်ဆံရဲ၊ ပြောရဲ ဆိုရဲနှင့် ရှိလာခဲ့ရသည်။ စောအယ်လ္လူးနှင့် ပေါ်လာက ယမကာဝိုင်းဖွဲ့သည်။ ပေါ်လာသည် ဤကိုရောက်လာကတည်းက ယမကာအနည်းငယ် မှီဝဲလာသည်။

"ရှင်းရှင်းပြောရရင် ကျွန်တော် ကိုမင်းဆွေနဲ့ ခုလိုစကားအဆုတ္တ ပြောနိုင်ဖို့အတွက် အတော့်ကို အားတင်းခဲ့ရတာပါ။ ကျွန်တော့်လိုလူတစ်ယောက်ကို အဖက်လုပ်ပြီး စကားပြောတယ့်လူဟာ တော်ရုံမေတ္တာနဲ့ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် ရဲဆေးတင်တဲ့အနေနဲ့ ယမကာနည်းနည်းမှီဝဲခဲ့ရပါတယ် ခင်ဗျာ"

ပေါ်လာက အရိုးခံအတိုင်းပင် ဝန်ခံသည်။ တကယ်လည်း သူ့မျက်နှာကြီးသည် ဖောအက်နေသလို နီမြန်းနေသလိုပင်။ မင်းဆွေက တစ်မှုထူးခြားနေသော သူ့မျက်နှာကို စေ့စေ့မကြည့်ဘဲ စကားပြောသည်။

"မင်းစကားက မဟုတ်သေးပါဘူး ပေါ်လာရာ။ မင်းရွေ့အကြောင်းကို ငါ အသိဆုံးဖြစ်သလို မင်းအကြောင်းကိုလည်း ငါ အသိဆုံးပါ။ မင်းဆေါ်ဟာ မင်းကို ဘယ်လိုအမြင်မျိုးနဲ့မှ မဆက်ဆံဘူး။ ရအချိန်ကစပြီး မင်း သည်လိုအတွေးမျိုးတွေ မဝင်ပါနဲ့တော့။ ဟုတ်ပြီလား ပေါ်လာ"

"ဟုတ်ပါတယ် ကိုပေါ်လာရာ။ ကျွန်တော်တို့ဟာ မိတ်ဆွေအရင်းအချာတွေလို သူငယ်ချင်းတွေလို ဖြစ်သွားခဲ့ကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့နှစ်ဦးကြားမှာ ခြားနားမှုတွေ မရှိကြတော့ပါဘူး"



"ပေါ်လာ . . . နင် သည်လိုစကားမျိုးပြောပြောနေရင် အစ်ကိုမင်းဆွေက စိတ်ကောင်းမှာ မဟုတ်ဘူးနော်"

နော်ဖူးငုံကလည်း သတိပေးသည်။ ပေါ်လာက လက်ကာပြလိုက်ပြီး . . .

"အင်းပါ . . . ငါ ကိုမင်းဆွေကို သဘောပေါက်ပါတယ်။ ဒါပေမဲ့ ငါ့ရင်ထဲက ခံစားချက်အခံရှိနေလို့ပြောမိတာပါ။ ကိုမင်းဆွေက ငါ့အပေါ်မှာ ဘယ်လိုဆက်ဆံမလဲဆိုတဲ့ သံသယစကားမျိုး ထပ်မပြောတော့ပါဘူး"

ပေါ်လာသည် သူ့ကို အမြင်တစ်မျိုးဖြင့်ကြည့်ကြမှာကို အကြောက်ဆုံးပင်။ ထို့နောက် ကတိအတိုင်း စကားကို ပြောင်းပြီးပြောသည်။

"ကဲပါ . . . ကိုမင်းဆွေ ကျွန်တော်ယူလာခဲ့တဲ့ အစားအစာတွေကို စားပါဦး။ ဒါမျိုး စားတယ်မဟုတ်လား"

"စားပါတယ်ဗျာ။ နဂိုက မစားဖူးဆိုတာတောင် ကိုပေါ်လာကျွေးတာဆိုရင် ကျွန်တော်က စားပြီးသားပါ"

တကယ်တော့ မင်းဆွေသည် ကြက်၊ ဝက်၊ ငါးလိုမျိုးများမှလွဲ၍ တောကောင်အသားများကို တစ်ခါမှ မစားဖူးပေ။ ရှီးမဘက်ကို ရောက်တာမှ သူ စားဖူးခြင်းပင်။ ထို့ကြောင့် ထုတောင်းထားသော မျောက်သားကျပ်တင်တစ်ဖက်ကို ကောက်ကာ ဝါးလိုက်သည်။ လင်းနို့သားစားစဉ်ကလိုပင် မရဲတရဲ။ မျောက်သားသည် စားရသည်မှာ မှုန်းတွဲတွဲနိုင်လှ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ကြားဖူးထားသည်။ ယခုတော့ ထင်သလောက် မဆိုးပေ။ နော်ဖူးငုံက လက်သုတ်ပဝါပေးသည်။ ပဝါကို ယူရင်း သူမ၏လက်ချောင်းသွယ်သွယ်လေးများကို အမှတ်မထင် ဖျစ်ညှစ်ထားလိုက်မိသည်။ သူမက မရုန်း။

"အစ်ကို သောက်တတ်ရင် သောက်လေ။ ဖူးငုံကို အားမနာပါနဲ့နော်"

"ဟင့်အင်း . . . မသောက်ပါဘူး"

သောက်တတ်သည်တော့မဟုတ်။ အလုပ်တွင် လူကြီးများနှင့်အတူ စားပွဲ၊ မိတ်ဆုံပွဲများရှိလျှင် အထိုက်အလျောက်တော့ ဝင်နွှဲတတ်ပါသည်။ ယခုလို မိန်းကလေးတစ်ဦး၏ရှေ့မှာတော့ သူ မသောက်ချင်ပါ။ အထူးသဖြင့် နော်ဖူးငုံသည် မိမိမြင်မြင်ချင်း ချက်ချင်းပင် စွဲလမ်းမိသွားခဲ့ရသောသူ ဖြစ်နေသည်မို့ပင်။ သို့သော် နော်ဖူးငုံကား ပွင့်လင်းရိုးသားသော သူတစ်ဦးမို့ အလိုက်သိစွာ တိုက်တွန်းနေမိခြင်းပါ။

စော်အယ်လူးကတော့ သူတို့နှစ်ယောက်ကို နောက်ပြောင်ခြင်း မပြု။ နှုတ်ဆိတ်နေသည်။ ပေါ်လာရှိနေသောကြောင့်လား မသိ။ ပေါ်လာကလည်း ယမကာကို မှီဝဲလိုက်၊ အသားဖတ်ကို ကောက်ဝါးလိုက်နှင့် အလုပ်ရှုပ်နေသည်။ တစ်ခဏတော့ ငြိမ်သက်သွားသည်။ နောက်ထပ် စကားပြောရန် အားယူနေခြင်းပဲလားမသိ။

"ညီမလေး နှင့် အိပ်တော့လေ။ မနက်ကျလည်း အစောကြီး



ထရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့"

နော်ဖူးငုံသည် မင်းဆွေ၏ မျက်နှာကို တစ်ချက်ကြည့်ပြီးနေရာမှ ထလိုက်သည်။ သူမသည် မင်းဆွေ၏အနားမှာ နေချင်သေးသည်။ မင်းဆွေကလည်း မသွားစေချင်သေး။ သို့သော် ယမကာဝိုင်းတွင် မိန်းကလေးတစ်ယောက်ရှိမနေသင့်သည်ကိုလည်း နားလည်မိသည်။

"ကိုမင်းဆွေ မသောက်ချင်တာကို သောက်ပါလို့ အတင်းမတိုက်တွန်းပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်တို့က သောက်ပြီး ကိုမင်းဆွေက မသောက်တော့ အားနာတယ်"

"အားမနာပါနဲ့ ကိုပေါ်လာ။ ကျွန်တော်က လုံးဝမသောက်တာတော့ မဟုတ်ပါဘူး။ တစ်ခါတလေတော့ တိုက်ဆိုင်မှုရှိလာရင် လုပ်တတ်ပါတယ်။ ကဲ . . . အခုလည်း တိုက်ဆိုင်မှုရှိလာပြီဆိုတော့ ထည့်ဗျာ . . . ကိုပေါ်လာ"

ပေါ်လာသည် မင်းဆွေ၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

"ကျွန်တော့်ကို အားနာပြီးတော့ လိုက်လျောတာမျိုးတော့ မဖြစ်ပါစေနဲ့ဗျာ"

"တကယ့်ဆန္ဒနဲ့ပါ ကိုပေါ်လာ"

"ကဲ . . . မင်းဆွေက မင်းနဲ့တွေ့ဆုံခြင်းအထိမ်းအမှတ်အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတူတူသောက်ဖို့ လက်ခံလိုက်တာပဲ။ သူ့ရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့"

"ငါ . . . သဘောပေါက်ပြီ။ နားလည်ပြီ။ ကဲ . . . ကျွန်တော်နဲ့ ကိုမင်းဆွေ ခင်မင်ရင်းနှီးစွာ တွေ့ဆုံခြင်းပွဲတစ်ခုအနေနဲ့"

ပေါ်လာသည် ဖန်ခွက်ထဲသို့ သင့်တော်ရုံ ထည့်ပေးလိုက်လေသည်။ မင်းဆွေနှင့် စောအယ်လူးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြလေ၏။

× × ×

## အခန်း ( ၄ )

## အမှောင်မျက်လုံးများ

ညဥ့်နက်ပိုင်းသို့ တဖြည်းဖြည်းနှင့် ရောက်လာခဲ့လေသည်။ နှိုးမ၏အအေးဓာတ်က ပိုပြီးတော့ သိပ်သည်းလာသည်။ မီးပုံတွင် အဆက်မပြတ်ထိုးထားသော ထင်းချောင်းများကြောင့် မီးတောက်မီးလျှံများက ပိုမို၍ အားကောင်းလျက်ရှိသည်။ ထို့ကြောင့် အပူဓာတ်ကို လုံလောက်စွာပင် ရရှိနေလေသည်။

"ဝူး . . . အူး . . . ဝူး . . . အူး"

အဝေးဆီက တောခွေးများ၏ အူသံများကို တစ်ချက် တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မှာ ကြားလာခဲ့ရသည်။ သည့်အချိန်တွင် အုပ်စုဖွဲ့ကာ သားကောင်များကို လိုက်နေကြသော မုဆိုးအုပ်စု၊ ကောက်ကျစ်သော ညဉ့်မိစ္ဆာကောင်များ ပေါ်လာသည်။ ဟိုအကြောင်း၊ သည်အကြောင်း၊ လူတွေ တိရစ္ဆာန်တွေ၏အကြောင်း၊ တောဝက်များ၊ မျောက်များ၊ ခွေးအများ၏ အကြောင်း၊ ထွေရာလေးပါးပြောနေကြရင်းက ယမကာအရှိန်ကြောင့် ပိုပြီးတော့ အာသွက်လျှာသွက်ရှိလာခဲ့သည်။

"ကိုမင်းဆွေ ကျွန်တော့်ကို ဘယ်လိုမြင်သလဲဗျာ"

"ဗျာ"

ရုတ်တရက် ကောက်ကာ ငင်ကာမေးလိုက်သော ပေါ်လာ့ စကားကြောင့် မင်းဆွေက "ဗျာ" ခနဲ ဖြစ်သွားခဲ့ရသည်။

"ကျွန်တော်က ခင်ဗျားကို ဘယ်လိုထင်ရမလဲဗျာ။ မိတ်ဆွေလို့ လက်ခံထားတာပဲ။ မိတ်ဆွေပဲပေါ့"

"မဟုတ်သေးပါဘူး။ ခင်ဗျား ကျွန်တော့်ကို မေးစရာအကြောင်း တစ်ခုခုရှိနေလိမ့်မယ်။ ဥပမာ ကျွန်တော့်ဘဝဇာတ်ကြောင်းပေါ့။ အားနာပြီး မေးရခက်နေတယ်မို့လား"

"ကျွန်တော် ခင်ဗျားဆီက ဘာမှမသိချင်ပါဘူး ကိုပေါ်လာ"

ပေါ်လာက ခေါင်းကို ခါရမ်းလိုက်သည်။

"ကျွန်တော် မယုံဘူး။ ခင်ဗျား ကျွန်တော့်ကို နားလည်ပေးတာ အကြောင်းတစ်ခုခုကြောင့်။ အဲသည်အကြောင်းတစ်ခုခုဟာ . . ."



"ပေါ်လာရာ . . . မင်းကလည်းကွာ မင်းဆွေက မင်းကို ဘာအကြောင်း ညာအကြောင်းမှ မစဉ်းစားဘဲ သာမန်ခင်မင်မှုမျိုးပဲရှိတာ။ ဒါကို မင်းက အတွေးခေါင်ပြီး မရမကလိုက်မေးနေတယ်။ သူ့ရဲ့ရိုးသားဖြူစင်မှုကို တလွဲထင်နေတာလား"

စောအယ်လူးက ပေါ်လာကို သတိပေးလိုက်သည်။ တကယ်တော့ မင်းဆွေသည် ပေါ်လာနှင့် ပတ်သက်ပြီး စောအယ်လူးတို့၏ မောင်နှမထံမှ သိပြီးဖြစ်လေသည်။ ပေါ်လာသည် စောအယ်လူး၏စကားကြောင့် တစ်ချက်တော့ ငြိမ်သွား၏။ ထို့နောက် ခေါင်းတညိတ်ညိတ်နှင့် ရှိနေခဲ့သည်။

"အေးဗျာ . . . ကျွန်တော့်ရင်ထဲမှာရှိနေတာကို မရမက သွန်ထုတ်ပြီးတော့ မေးနေတယ်။ ခင်ဗျားရဲ့သိမ်မွေ့မှုကို မတည်ငြိမ်အောင် လုပ်ပစ်လိုက်သလို ဖြစ်သွားပြီ။ ဆောရီးဗျာ။ ကျွန်တော်ပြောခဲ့တဲ့စကားတွေအားလုံးကို ပြန်ပြီးတော့ ရုပ်သိမ်းပါတယ်"

ပေါ်လာက မင်းဆွေကို တောင်းပန်သလိုလိုစကားပြောသည်။ သို့သော် ပေါ်လာသည် ဤစကား ဝဲဩဃထဲကပင် မလွတ်နိုင်။ သူ၏ ခံစားချက်ကို ရိုးစင်းစွာပင် ဖွင့်ဟခဲ့လေသည်။ စိတ်နှင့်နှုတ်ကို ထိန်း၍ မရနိုင်အောင်ပင် တရစပ် ပြောမိလေတော့သည်။

"ကျွန်တော့်အဖေဟာ ကြောင်မုဆိုးဗျ။ သူက တောကြောင်တွေကိုမှ ရွေးပြီးပစ်တာ။ တစ်သက်လုံး တောကြောင်မုဆိုးအလုပ်ကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်လာခဲ့တာ။ အမေက အဖေပစ်လာခဲ့တဲ့ကြောင်းသားကို ရွာထဲ လည်ရောင်းတယ်လေ။ အမေက သည်ကြောင်တွေကိုပဲ နေ့တိုင်း မြင်တွေ့နေရတာပေါ့ဗျာ။

အဲ . . . ကျွန်တော့်ကို ကိုယ်ဝန်ရတော့လည်း ကြောင်သားကိုပဲ ချဉ်ခြင်းတပ်သတဲ့။ မွေးလာတော့ရော ကျွန်တော်ဟာ လူသာမန်တွေထက် ပိုပြီးတော့ ထူးခြားလာတယ်ပေါ့ဗျာ။ လူတွေက ကျွန်တော့်ကို ကြည့်ချင်စရာကြီးဖြစ်လာခဲ့ကြတယ်။ ကိုမင်းဆွေ ကျွန်တော်ဟာ သိပ်ပြီးတော့ သတိထားရလောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်မနေပါဘူးနော်"

မင်းဆွေ ဘာပြန်ပြောရမှန်း မသိ။ သည့်နောက်မှ ပျာပျာသလဲပင်။

"ကိုပေါ်လာ . . . ခင်ဗျားဟာ သာမန်လူသားတစ်ဦးနဲ့ ဘာမှ မခြားပါဘူးဗျာ။ ဘာဖြစ်လို့ ကိုယ့်စိတ်ကို ဒါလောက်တောင် ညှဉ်းဆဲနေရတာလဲ။ ကျွန်တော့်အမြင်ကတော့ ခင်ဗျားဟာ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ပါပဲ"

"ဝမ်းသာပါတယ်ဗျာ။ သည်လို နှစ်သိမ့်စကားမျိုးကြားရတာ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်တယ် ကိုမင်းဆွေ"

ပေါ်လာက မင်းဆွေ၏လက်ကိုကိုင်ကာ နှုတ်ဆက်သလို ပြုသည်။ နူးညံ့သော လက်ဖဝါး၏အတွေ့အထိကို ခံစားလိုက်ရသည်။



စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားခဲ့ရလေသည်။ ပေါ်လာသည် အရှိန်တက်နေပြီဖြစ်သည်။ သူ့ကို မည်သူကမှ တားဆီး၍ရမှာ မဟုတ်တော့။ စောအယ်လူးက မင်းဆွေကို အားနာသလိုကြည့်လိုက်သည်။ မင်းဆွေက နားလည်မှုဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

"အဖေ့ကိုလည်း အပြစ်မတင်ပါဘူး။ အမေ့ကိုလည်း အမြင်မစောင်းပါဘူး။ မိဘဆိုတာ သားသမီးအပေါ်မှာ ဘယ်တော့မှ အမြင်မစောင်းဘူးလေ။ သူတို့ရဲ့ ရင်ထဲမှာ မေတ္တာစိတ်တစ်ခုတည်း အမြစ်တွယ်နေတာကိုး။ အဲသည်အတွက် ကျွန်တော် နားလည်ပေးခဲ့ပါတယ်။ ကျွန်တော့်ဘဝကံကိုက အထုံပါလာခဲ့တာကိုး။ ဘာတတ်နိုင်မှာလဲဗျာ။ သည်လိုပဲ ဖြေရတာပေါ့"

ပေါ်လာသည် အသားဖတ်တစ်ဖတ်ကို ကောက်ဝါးလိုက်သည်။ ထို့နောက် အဝေးရှိ မမြင်နိုင်သည့် ရိုးမတောင်တန်းကြီးကို အကြောင်းမဲ့ ငေးရီပြီးတော့ ကြည့်နေသည်။ မီးရောင်ဟပ်သဖြင့် အဆီပြန်နေသောမျက်နှာကြီးကို မြင်တွေ့နေရသည်။ မျက်နှာကို သူတို့ဘက်သို့ လှည့်မလာဘဲ . . .

"ကျွန်တော်က စာတတ်ချင်တယ်။ ဒါပေမဲ့ ကျောင်းနေရခက်တယ်။ နေကြည့်တယ်။ ကျွန်တော့်ကို လူပတ်ဝန်းကျင်အသိုင်းအဝိုင်းက သိပ်ပြီး လက်ခံလိုပုံ မရဘူးဗျ။ မသိမသာ ဖယ်ထုတ်ဖို့ ကြိုးစားကြတယ်။ အဲဒါနဲ့ပဲ ကျောင်းမနေဖြစ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်မောင်နှမနှစ်ယောက်က ကျွန်တော့်ကို စာသင်ပေးကြတယ်။ ကျွန်တော် ရေးတတ်၊ ဖတ်တတ်လာခဲ့တယ်။ စာအုပ်တွေ ပေးဖတ်တယ်။ ကျွန်တော် အမြင်ကျယ်လာခဲ့တယ်။ သူတို့ကျေးဇူးကြီးလှပါတယ်။ ပြီးတော့ သူတို့က ကျွန်တော့်ကို မောင်နှမသားချင်းတွေလိုပဲ ဆက်ဆံကြတယ်။ ရွာမှာ အမျိုးတွေရှိပေမယ့် သည်မောင်နှမလောက်တော့ မရင်းနှီးဘူးဗျ"

"ခုလည်း မင်း ငါတို့ကို ခင်သလို သူငယ်ချင်းတစ်ယောက် ထပ်ပြီးတိုးလာပြီပဲကွာ။ မင်းဆွေကလည်း မင်းက သူ့ကို ခင်တဲ့အတိုင်း အတာထက်ပိုပြီးတော့ ပေးနိုင်ပါလိမ့်မယ် ပေါ်လာ"

"သတောင်းပါတယ်ဗျာ။ သည်အတိုင်းပဲဖြစ်ပါစေလို့"

ပေါ်လာ၏လေသံက တက်ကြွမှုမရှိဘဲ အားနည်းသွားသလိုပင်။ မင်းဆွေကို သူ ယုံသေးပုံမပေါ်။ မင်းဆွေကလည်း ဝေဖန်ချက် မပေးတော့ပါ။

× × ×

"ကြောင်တွေဟာ ရေကို ကြောက်ကြတယ်။ ရေမချိုးကြဘူးလို့ ကြားဖူးတယ်။ အဲ . . . ဘာကြောင့်လဲမသိဘူးဗျာ။ ကျွန်တော်လည်း ငယ်ငယ်က ရေဆိုရင် သိပ်ပြီးတော့ ကြောက်တာပဲ။ ခုလည်း ရေချိုးရမှာ ကြောက်နေတုန်းပဲ။ ဒါပေမဲ့ ကြောက်ကြောက်နဲ့ချိုးရတာပဲဗျ။ ရေကိုတော့ ခုထက်ထိ မနှစ်သက်သေးဘူး။ ကြောင်အမျိုး ရေမချိုးဘူးဆိုတာ ကျွန်တော်နဲ့ဆိုင်နေလို့လားဗျာ . . . ဟား . . . ဟား . . . ဟား . . . ဟား"

ပေါ်လာသည် သူ့စကားကို သဘောကျသွားသလို ဟက်ပက်ကွဲအောင် ရယ်လိုက်သည်။ သို့သော် နာကျည်းမှုစွက်ဖက်နေသော ရယ်သံ။

"သည်ည ကျွန်တော်ပြောတယ်ဗျာ။ ကိုမင်းဆွေနဲ့ စကားသတ်ဆုံကျရလို့။ ကျွန်တော်ပြောတဲ့အထဲမှာ သဘောမကျစရာတွေပါခဲ့လို့ ရှိရင်လည်း နားလည်ပေးပါဗျာ။ ခွင့်လွှတ် . . . ခွင့်လွှတ်"

www.burmeseclassic.com



"နားလည်ပေးပါတယ်ဗျာ။ သဘောမကျတဲ့စကားမျိုး မပါပါဘူး ကိုပေါလ"

"ကိုမင်းဆွေ အိပ်ချင်နေပြီလား"

"မအိပ်ချင်သေးပါဘူး။ စကားဝိုင်းက စိတ်ဂင်စားဖို့ ကောင်းပါတယ်"

တကယ်လည်း မအိပ်ချင်သေးပါ။ မင်းဆွေသည် ပေါလနှင့် ပတ်သက်ပြီး စိတ်ဝင်စားနေသောကြောင့် ဖြစ်သည်။

"ကျွန်တော့်ကို နှစ်သိမ့်မှုပေးတဲ့အတွက် ဝမ်းသာပါတယ်။ ခင်ဗျားနဲ့စိတ်ရင်းထဲမှာ ဟန်ဆောင်မှုမရှိဘူး။ ဒါပေမဲ့ အေးဆေးတယ်။ ကျွန်တော် ပေါင်းသင့်ပေါင်းထိုက်တဲ့သူပဲ"

"ဒါပေါ့ကွ မင်းဆွေက မင်းကို ဟန်ဆောင်ပေါင်းနေတာ မဟုတ်ဘူး။ သူကလည်း ဟန်ဆောင်တဲ့သူနဲ့ လက်ပွန်းတတီး မနေတတ်ဘူး။ ကျောင်းတုန်းကတည်းက သူ့အကြောင်းကို ငါ သိတာကွ"

"ဟုတ်ပါတယ်။ ငါလည်း ခုညမှာ မိတ်ဆွေသစ်တစ်ယောက်နဲ့ စကားတွေအကြာကြီးပြောခွင့်ရတဲ့အတွက် အတော်ပျော်နေမိတယ်ကွာ။ ကိုမင်းဆွေ သည်တစ်ညပဲ ကျွန်တော်နဲ့ ပတ်သက်ပြီး ပြောချင်တာလေးတွေ ပြောပါရစေ။ နောက်နေ့တွေဆိုရင် မပြောတော့ပါဘူး။ ခင်ဗျားကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူးဗျာ"

"သည်လိုလဲမဟုတ်ပါဘူးဗျာ။ ခင်ဗျား ဆန္ဒရှိသလောက် ရင်ဖွင့်လို့ရပါတယ်။ ပြောချင်သလောက်ပြော အကန့်အသတ်မထားဘူး"



မင်းဆွေသည်ပင် အနည်းငယ် အာသွက်လာခဲ့သည်။ ယမကာက ဝမ်းထဲကို ရောက်သွားခဲ့သည်နှင့် နှုတ်ရဲ လျှာရဲဖြစ်လာခဲ့လေသည်။ ထိုအချိန်တွင် နော်ဖူးငုံမှာ မအိပ်သေးပေ။ အိပ်၍လည်းမပျော်။ သူတို့စကားဝိုင်းကို ထရံကာထားသော အခန်းထဲမှနေ၍ ကြားနေရသည်။

"ဟွန်း . . . အစ်ကိုလည်း အံများနဲ့ကျတော့ ဝိုင်းထဲမှာ သောက်ရတော့တာပဲ။ ခုမှပဲ နှုတ်ကရှင်လာတော့တယ် . . . ဟင်း . . . ဟင်း . . . ဟင်း"

နော်ဖူးငုံသည် အိပ်ရာထဲမှနေ၍ သဘောကျနေသည်။ ထိုအချိန်တွင် ပေါလ၏ အသံက ထွက်လာခဲ့ပြန်သည်။

"ကျွန်တော်က အမှောင်ကို ပိုပြီးတော့ကြိုက်တယ်။ မျက်လုံးတလည်း အမှောင်ထဲမှာ ပိုပြီးတော့ မြင်ရတယ်။ အမှောင်ထဲမှာသွားလာနေတဲ့ သားကောင်တွေကို သူများထက်ပိုမြင်နိုင်တယ်။ သဘာဝက ကျွန်တော့်ကို အခွင့်အရေးတော့ ပေးထားတယ်ဗျ။ ဟော . . ."

ပေါလသည် ရုတ်တရက် စကားပြော ရပ်တန့်သွားသည်။ သူသည် သစ်ပင်ကြီးတစ်ပင်ပေါ်ကို အမှတ်တမဲ့ လှမ်းပြီးတော့ကြည့်လိုက်သည်။ ထို့နောက် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ ထို့နောက် မည်သူမှ မထင်မှတ်သော အပြုအမူတစ်ခုကို ပြုလုပ်လိုက်လေသည်။ တဲပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက်သည်။ သစ်ပင်ကြီးဆီသို့ ပြေးသွားသည်။ ပင်စည်ကို ဖက်ကာ တက်သွားခဲ့သည်မှာ မြန်လိုက်သည့်ဖြစ်ခြင်း။

သစ်ကိုင်းများ၊ ပင်ရွက်တွေကြားမှာ ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ပါ ချက်ချင်းလိုလိုပင် ပြန်ဆင်းလာခဲ့သည်။ ဖုတ်စနဲဆို မြေပြင်ပေါ်ကို ခုန်ချလိုက်သည်။ တဲဆီကို ပြန်ပြေးလာသည်။ အားလုံး တွေ့လိုက်ကြရသည်က ပါးစပ်ထဲတွင်ကိုက်ထားသော ဖျိုင်းတစ်ကောင်ပင်တည်း။

× × ×

## အခန်း ( ၅ )
## ကိုယ်ပျောက်ကြောင်

ပေါလာ၊ မင်းဆွေနှင့် စောအယ်လူးတို့သည် ကွင်းပြင်ကြီးတစ်ခုကို ဖြတ်သန်းနေကြသည်။ သူတို့ ဦးတည်ပြီးသွားနေသောနေရာက နန်းတစ်လိမ်တောကြီးဆီသို့ပင်။ အပြည့်အစုံကတော့ နန်းတစ်လိမ် ပန်းတစ်လိမ်တောကြီးပင်ဖြစ်သည်။ အဖျားဆွတ်ပြီးတော့ ခေါ်ကြသည်က နန်းတစ်လိမ်တော။ အချို့ကတော့ ကြောင်ရိုင်းတောကြီးဟု ခေါ်ကြသည်။

"ဟိုးရှေ့ကမြင်နေရတဲ့ တောကြီးဟာ နန်းတစ်လိမ်တော။ ဒါပေမဲ့ ကြောင်ရိုင်းတောကြီးလို့လည်း ခေါ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သည်တောက ကြောင်ရိုင်းတွေ အများကြီးပေါက်ပွားနေကြလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com

စာအယ်လူးက ပြောပြလိုက်သည်။ ပေါ်လာက ဖြည့်စွက်၍

"ကျွန်တော့်အဖေ ကျက်စားခဲ့တဲ့ တောကြီးပေါ့ဗျာ။ ကြာတော့ ကြောင်တွေက အဖေ တောထဲကိုရောက်လာရင် ကြောက်ပြီးတော့ ပုန်းနေကြရတဲ့အထိပဲတဲ့။ ဘယ်လောက်အပုန်းကောင်းတဲ့ ကြောင် ဖြစ်ဖြစ်ပါစေ အဖေက မတွေ့တွေ့အောင် ရှာနိုင်တဲ့ သတ္တိရှိတယ်"

ကြောင်ရိုင်းများ ပေါများသည်ဆိုသော တောကြီးထဲကို မည်သည့်အကြောင်းကြောင့် ခေါ်သွားမှန်းမသိ။ ကိုယ်ပေါ်မှာ ဒူးလေးကိုယ်စီပါလာခဲ့ကြသည်။ မည်သည့်သားကောင်ကို ပစ်ခတ်ဖမ်းဆီးကြမှာလဲ။ သူတို့ဆီမှာ လည်ပတ်စရာက တောတောင်များသာရှိကြသည်။ မကြာမီ နန်းတစ်လိမ်တောင်ကြီးနှင့် နီးကပ်လာခဲ့ကြပေသည်။ တောထဲကို ဝင်လိုက်ကြသည်နှင့် ကိုယ်ပေါ်မှာ စို့နေသော ချွေးများကို အအေးဓာတ်က သိပ်ပြီးသားဖြစ်သွားခဲ့ရလေသည်။

ပေါ်လာသည် သွားနေရင်းက ရပ်လိုက်သည်။ နာခေါင်းကို မသိမသာရှုံ့မိလိုက်သည်။ အနံ့တစ်ခုခုကို ခံမိသလိုပင်။ ထို့နောက် ဆက်လျှောက်သွားသည်။ မင်းဆွေသည် သူတို့ ဘာကောင်ကို ပစ်ကြမှာလဲ။ ကျားလား၊ ဝံလားဆိုသည်ကို သိချင်နေသေးဆဲ။ မေးကောင်းသေလား မမေးကောင်းဘူးလား မသိ၍ မမေးရဲ၊ တောတောင်စည်းကမ်းဆိုတာကလည်း ရှိသေးသည်။ သွားနေရာ၊ သွားအရပ်၊ လေ့လာထုံးစံက တစ်မျိုးစီ။ သို့သော် ကျားလို၊ ဝံလို ကျက်စားတတ်သော တောဆိုလျှင်



…ခိုမိသည်။ ဤသားရိုင်းတောင်ကြီးများနှင့် တွေ့လျှင် သူတို့လို မုဆိုး…ပါတ်စနစ်ယောက်က ကာကွယ်နိုင်ကြပါ့မလား။ စာအယ်လူးကတော့ …အဆွေ စိုးတထိတ်ထိတ်နှင့် ဖြစ်နေလိမ့်မည်ကို သိသည်။ ပထမ တစ်… လင်းနို့ပစ်ကတည်းကပင် သိသည်။ တကယ်တော့ ဤတောသည် …အားမရှိတတ်သော်လည်း ဝံလိုအကောင်မျိုးကတော့ ရှိတတ်သည်။ …ပေမယ့် ကြုံကြိုက်ခဲလှပါသည်။ အကယ်၍ ရင်ဆိုင်လာခဲ့ရသည့်တိုင် …အဆွေကို မထိခိုက်စေရ။ အတတ်နိုင်ဆုံး အကာအကွယ်ပေးမည်ဟု …ဖြတ်ထားသည်။

ထိုစဉ် ပေါ်လာသည် သူတို့ကို ရှေ့မှနေ၍ လက်ထောင်ပြ…တ်သည်။ အကြောင်းတစ်ခုခုကြောင့် လှုပ်ရှားမှုမပြုရန် အချက်ပေး…တ်ခြင်းပင်။ လျှောက်နေကြရင်းက သတိထားမိလာကြသည်မှာ …လင်းရောင်က နည်းသထက် နည်းလာခဲ့ခြင်းပင်။ ပေါ်လာသည်ပင် …အားသင့်သွားသလို။

သို့ရှိခိုက် . . .

"ဖျောက် . . . ဖျောက် . . . ဖျောက် . . . ဖရော . . . ဖရော …ရော"

သစ်ကိုင်းများ လိမ်ရိုးခံရသလိုလို ပင်ယံထက်မှ သစ်ရွက်များ … သတ္တဝါတစ်ကောင်ကောင်က တိုးဝှေ့ပြီးတော့ သွားနေသလိုလို …ပ်များက ထွက်ပေါ်လာခဲ့ကြသည်။ မည်သည့်အပင်က ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိ။ ပေါ်လာသည်ပင် မခန့်မှန်းနိုင်။ ဟိုသည်လိုက်ကြည့်နေမိကြ သည်။ ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးများသည် လေမတိုက်ဘဲ လှုပ်ရှား သွားခဲ့ကြသည်ကို တွေ့လိုက်ကြရသည်။ သားကောင်တစ်ကောင် ကြောင်က ပင်ကိုင်းများထက်ဆီက ဖြတ်သန်းသွားခဲ့ခြင်းဖြစ်တန်ရာသည်

ပေါ်လာသည် နေရာမှာရပ်နေရာက ရှေ့ကို ပြေးထွက်သွား လေသည်။ မင်းဆွေနှင့် စောအယ်လူးတို့သည်လည်း နောက်မှနေ ပြေးလိုက်သွားခဲ့ကြသည်။ အဲလင်းအားနည်း၍ စိတ်ထဲမှာ တစ်မျိုး ခံစားနေမိကြရသည်။ တောနက်ပိုင်းထဲကို မရောက်သေး။ အလ ရောင်က မည်သည့်အကြောင်းကြောင့် ပါးလျားသွားခဲ့ရသည် စဉ်းစား၍မရနိုင်။ မင်းဆွေကတော့ သဘာဝမကျသော ပြောင်းလဲမှု မသိ၍ သူတို့နှစ်ယောက် တွေးသလို မတွေးမိ။ သို့သော် မိမိကို မ ရာသော အရာတစ်ခုက အဟန့်အတားပြုထားသလိုလို၊ အာရုံငါးပါး ထိန်းချုပ်ခံထားရသလိုလို အနေရခက်သလိုမျိုးတော့ ခံစားနေရသည်

"ဖျောက် . . . ဖျောက် . . . ဖျောက်"

သစ်ကိုင်းခြောက် ကျိုးကျတော့မည့်အသံမျိုးကို ကြားလာ ကြရပြန်သည်။ ဆတ်ခနဲဆို ခေါင်းပေါ်ကို တစ်ပြိုင်တည်းပင် မော့ကြည့် လိုက်ကြသည်။

"ဇရဲ . . . ရှဲ . . . ရှဲ"

အပင်ကြီးထက်ရှိ ပင်ကိုင်းရွက်များသည် သွက်သွက်ခါအောင်



င် လှုပ်ရှားသွားခဲ့ကြသည်။ ပေါ်လာသည် ကျည်တောက်ထဲမှ မြားစူး ကိုယူကာ ဒူးလေးမြားစူးလမ်းကြောင်းမှာ ကျင်လည်စွာပင် တပ်ဆင် လိုက်သည်။ ထို့နောက် လှုပ်ခတ်နေသော ပင်ကိုင်းခက်များဆီ ထိုးချိန် လိုက်လေ၏။

"ထောင်း"

ညှို့မှုကန်အားပြင်းစွာဖြင့် ထွက်သွားသော မြားစူး။

"ဖျောက် . . . ဖျောက်"

လှုပ်ခတ်နေသော ပင်ကိုင်းရွက်များကို တဖျောက်ဖျောက်နှင့် ဖောက်ထွက်သွားခဲ့လေ၏။ မြားကသာ တစ်ဖက်ကို ဖောက်ထွက်သွား သည်။ သားကောင်ကို မထိပါ။ မည်သည့်သားကောင်မှုလည်း မရှိပါ။ သို့သော် . . .

"ဖျတ် . . . ဖျတ် . . . ဖျတ် . . . ဖျောက် . . . ဖျောက် . . . ဖျောက်"

ပင်ကိုင်းရွက်များကတော့ လှုပ်ခတ်နေဆဲပင်။ အရွက်များ၏ နောက်ကွယ်မှာ သားကောင်တစ်ကောင်ကောင်က မုချရှိလိမ့်မည်။ မြားကလွဲချော်သွားခြင်းပင်လား။ ပေါ်လာသည် စောအယ်လူးကို ကြည့်လိုက်သည်။ သဘောပေါက်သွားသည်။ သူသည် ဒူးလေးမှာ မြားတစ်ချောင်းတပ်ပြီး ပစ်လွှတ်လိုက်လေ၏။

"ထောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဖျောက် . . . ဖျောက်"

မြားစူးသည် သစ်ရွက်များကို ဖောက်ထွက်သွားသည်။ အဝေ
ကို ရောက်သွားသည်။ သားကောင်ကို မထိ။ သို့တစေ . . .

"ဖျတ် . . . ဖျတ်ဖျတ် . . . ဖျောက် . . . ဖျောက် . . .ဖျောက်

ထိုနေရာမှ ပင်ကိုင်းရွက်များကတော့ လှုပ်ခတ်နေဆဲပင်
အားလုံးအံ့အားသင့်သွားခဲ့ကြသည်။ တစ်မျိုးစဉ်းစားကြရပြန်သည်
လွန်စွာမှ သေးငယ်သော ဖျောက်ပင့်ကူလိုအကောင်မျိုးကြောင့် မြား
က မထိဘဲ လွဲချော်သွားခဲ့ခြင်းပဲလားဟု . . .

ထိုစဉ်မှာပင် . . .

ထူးခြားချက်များက ဖြစ်ပေါ်လာခဲ့ကြပြန်သည်။

"ဖရဲ . . . ရှဲ . . . ရှဲ . . . ဖျတ် . . . ဖျတ် . . . ဖျတ်"

"ဖတ် . . . ဖတ် . . . ဖတ် . . . ဖရဲ . . . ဖရဲ"

နေရာအနှံ့ထွက်ပေါ်လာခဲ့ကြသော အသံများပင်။ ယင်းအ
များက ပတ်ပတ်လည်လှုပ်ခတ်သွားခဲ့ကြသည်။ အပင်ကြီးများသ
အကိုင်းအခက်များသည်လည်း လှုပ်ခါသွားခဲ့ကြသည်။ သုံးယော
စလုံး၏ မျက်စိရှေ့မှာ တစ်ပြိုင်တည်းလိုလို တွေ့လိုက်ကြရသည်ကား

"ဟင်"

"ဟင်"

များပြားလှသော ကြောင်ရိုင်းများပင်တည်း။ သို့သော် ကြော



ရိုင်းများသည် တစ်မျိုးတစ်စားတည်း မဟုတ်ကြပေ။ အရောင်အသွေး
များကလည်း မတူကြပေ။ သူတို့ကို သွားကြီးတွေဖြီးကာ ခြိမ်းခြောက်
သလိုပြုနေကြသော အကောင်တွေက ရှိကြသလို၊ ခြေသည်းတွေကို
သစ်ကိုင်းတွေပေါ်မှာ ကုတ်ခြစ်ပြီး ရန်လိုနေကြသော ကြောင်ရိုင်းများ၊
သစ်ကိုင်းပေါ်မှာ ဟိုသည်လျှောက်နေကြပြီး ဂနာမငြိမ်သလိုရှိနေကြ
သော အကောင်များ၊ အချို့ကလည်း သမ်းဝေနေကြပြီး ဂရုမစိုက်သလို
ထီမဲ့မြင်ပြုနေကြသော အကောင်မျိုးကလည်း ရှိနေကြသည်။

ဤသို့ တစ်နေရာတည်းတွင် များပြားလှသောကြောင်ရိုင်းများ
ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် အံ့အားသင့်မဆုံးနိုင်
အောင် ရှိနေကြရလေသည်။

"ဟ . . . ပေါ်လာ ကြောင်တွေက များလှချည်လား"

"အေးကွ။ သည်လိုမျိုး တစ်ခါမှ မကြုံဖူးဘူး။ တစ်နေရာတည်း
မှာ စုပြုံပြီးတော့ရောက်နေကြတာ။ ဘယ်လိုသဘောလဲတော့ မသိဘူး"

ပေါ်လာသည်ပင် စဉ်းစား၍မရနိုင်အောင် ဖြစ်သွားခဲ့ရလေသည်။

"စောစောကဟာ သီးခြားကြောင်တစ်ကောင် ဖြစ်ရမယ်။
သည်အုပ်စုထဲမှာ အဲသည်ကြောင် ပါမပါမသိဘူး။ ပါပုံတော့ မပေါ်ဘူး။
ခု သည်ကောင် ပျောက်နေတယ်"

မင်းဆွေသည်လည်း မကြုံဖူးသောအဖြစ်အပျက်ကြောင့် အံ့
အားသင့်နေပါသည်။ တိုက်ဆိုင်မှုသက်သက်တော့ မဖြစ်နိုင်ဟု ထင်နေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မိမိတို့ကို သစ်ပင်ပေါ်မှနေ၍ အမျိုးမျိုး အဖုံဖုံခြောက်လှန့်နေကြသော ကြောင်ရိုင်းများကို ရင်တဖိုဖိုနှင့် ကြည့်နေရသည်။ အားလုံးစုပြုံပြီး ခုန်ဆင်းလာကြကာ တိုက်ခိုက်ခဲ့ကြလျှင် မလွယ်။ မင်းဆွေ၏ မျက်လုံးအစုံသည် ခြေထောက်နားရှိ သစ်ကိုင်းခြောက်တုတ်တုတ်ကြီးဆီကို ရောက်သွားသည်။ မသိမသာ ခြေဖမိုးနှင့် လှမ်းကော်ကာ ယူလိုက်လေ၏။

"ကဲ ... ပေါ်လာ သည်ကောင်တွေက ငါတို့ကို မထီလေးစားနဲ့ လုပ်နေကြတယ်ကွ။ သင်ခန်းစာပေးလိုက်ကြရင် ကောင်းမယ်ထင်တယ်"

"အေးကွာ ... ကြည့်စမ်း တော်တော်အသည်းယားစရာ ကောင်းလှတဲ့ ကောင်တွေ"

နှစ်ယောက်သား တိုင်ပင်ထားကြသလို မြားစူးကို ဒူးလေးညို့မှာ တင်ကာ မထီလေးစားအလုပ်ဆုံး ကြောင်တစ်ကောင်စီကို ထိုးချိန်လိုက်ကြသည်။

"ထောင်း"

"ထောင်း"

မြားစူးနှစ်စင်းက ညို့မှ ကန်အားပြင်းစွာဖြင့် ထွက်သွားခဲ့ကြသည်။ ချိန်သားကိုက်ကြသည်။ ကြောင်ရိုင်းတစ်ကောင်စီကို ဒုတ်ဒုတ် ထိမှန်သွားခဲ့ကြသည်။

"ညောင်း ... ဝေါင်း ... ဝေါင်း"



နာကျင်စွာနှင့် အော်လိုက်သံများက တစ်ပြိုင်တည်းလိုလိုပင် ထွက်ပေါ်လာခဲ့ကြသည်။ ကြောင်ရိုင်းနှစ်ကောင်သည် မြားတန်းလန်းနှင့် အောက်ကို ပြုတ်ကျလာခဲ့ကြလေသည်။

"ဖရဲ ... ရှဲ ... ရှဲ"

သစ်ကိုင်းသစ်ရွက်များကို ပွတ်တိုက်ပြီးတော့ ကျလာခဲ့ခြင်းပင် ဖြစ်သည်။

"ဘုတ် ... ဘုတ်"

ကြောင်ရိုင်းကြီးနှစ်ကောင်သည် မြေပြင်ထက်မှာ ဆန့်ငင်ဆန့်ငင်နှင့်ရှိနေကြရာက ခြေလေးချောင်း မိုးပေါ်ထောင်သွားသည်။ အဖြည်းဖြည်း ငြိမ်ကျသွားတော့မလိုနှင့် ဆတ်ခနဲဆိုထကာ သူတို့ဆီကို ပြေးလာခဲ့ကြသည်။

"ဟာ ... သည်ကောင်တွေ"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ ကြောင်ရိုင်းကြီးနှစ်ကောင်သည် မင်းဆွေနှင့် အနီးဆုံး အနေအထားမှာ ဖြစ်နေသည်။

"မင်းဆွေ ... မင်းဆွေ ... သတိထား"

စောအယ်လှူးက စိုးရိမ်တကြီးဖြင့် သတိပေးလိုက်သည်။ မင်းဆွေသည်လည်း သတိကြီးစွာထားနေသူမို့ မိမိဆီ ပြေးဝင်လာကြသော ကြောင်ရိုင်းကြီးနှစ်ကောင်ကို သစ်ကိုင်းခြောက်ကြီးဖြင့် အားကုန်လွှဲကာ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချလိုက်သည်။

"ဖုန်း . . . ဖုန်း"

"ခွီး . . . ခွီး"

ကြောင်ရိုင်းနှစ်ကောင်မှာ တခွီးခွီးနှင့် ဒေါသတကြီး အော်ထွက်သွားခဲ့ကြသည်။ တစ်ကောင်ကို သုံးလေးချက်လောက် ဆင့်ပြီး ရိုက်ထည့်လိုက်သောအခါ ငြိမ်သက်သွားခဲ့ကြလေသည်။

"တော်တော့်ကို အသက်ပြင်းတဲ့ကောင်ကြီးတွေပဲကွာ။ မြားတစ်ချက်လောက်နဲ့ ပြီးမယ့်ကိစ္စဟာ ခုတော့ . . ."

ပေါ်လာသည် သေဆုံးသွားသောကြောင်နှစ်ကောင်ကို ကြည့်ပြီး မကျေမချမ်းဖြစ်နေမိသည်။ ထို့နောက် မင်းဆွေကို အားတောင့်အနားစွာဖြင့် . . .

"တော်ပါသေးရဲ့။ ကိုမင်းဆွေ ဘာမှမဖြစ်လို့။ နောက်ဆုံးတော့ ခင်များရဲ့ရိုက်ချက်နဲ့ ပွဲသိမ်းသွားရတော့တယ်"

"မင်းဆွေက သည်လိုဆိုတော့လည်း သတိကြီးကြီးရှိသားကွ။ မင်းလည်း နည်းနည်းတော့ ပျာသွားမှာပဲ"

မင်းဆွေက ပြန်မပြောနိုင်။ နဖူးထက်မှ ချွေးများကို ပါးခြင်းသုတ်နေလေသည်။ တခဏကြာမှ . . .

"အေးကွာ . . . ငါ သည်လိုမျိုး တစ်ခါမှ မကြုံဖူးဘူး။ အခုမှ အကြုံရတာပဲ။ ကိုပေါ်လာလည်း ကျွန်တော့်ကို အားနာမနေပါနဲ့။ ဘာ



ဘာသာသူဖြစ်လာတာကတော့ ဘာတတ်နိုင်မှာလဲ"

"ကျွန်တော်က ခင်ဗျား အနာတရဖြစ်သွားမှာကို စိုးရိမ်နေမိတာဗျ"

ဟု စိတ်မသက်မသာသောအသံဖြင့် ပြန်ပြောလိုက်လေသည်။ ကြောင်ရိုင်းနှစ်ကောင်လောက်နှင့် လုံလောက်ပြီမို့ ဝါးလုံးတစ်လုံးကို ခုတ်ကာ တစ်ကောင်စီ ဦးပွဲ့ထမ်းပြီးတော့ လာရာလမ်းအတိုင်း ပြန်လာခဲ့ကြသည်။ တစ်နေရာကိုအရောက်တွင် . . .

"ဖရဲ . . . ရှဲ . . . ရှဲ"

"ဖျောက် . . . ဖျောက် . . . ဖျောက်"

တိတ်ဆိတ်နေသောတောထဲတွင် အသံဗလံများက ထွက်လာခဲ့ကြပြန်သည်။ စောစောက ကြားလိုက်ရသည့်အသံမျိုးပင်။ ပေါ်လာက ချက်ချင်းပင် မြားစူးကို ဒူးလေးမှာ တင်လိုက်သည်။ စောအယ်လူးလည်း ထို့အတူပင်။ အသံက သူတို့ဘက်ဆီကို တဖြည်းဖြည်းနှင့် နီးကပ်လာသည်။ မျက်နှာမူရာတည့်တည့်ဆီမှ လာနေခြင်းပင်ဖြစ်သည်။

"ဖရဲ . . . ဖရဲ . . . ဖရဲ"

ခပ်လှမ်းလှမ်းရှိ သစ်ပင်အမြင့်ဆီက အကိုင်းအခက်များ လှုပ်ရှားသွားခဲ့ကြသည်။ လှမ်းပြီးမြင်နေရသည်။ ချက်ချင်းလိုလိုပင် သူတို့ခေါင်းပေါ်ရှိ သစ်ရွက်သစ်ကိုင်းများက လှုပ်ရှားသွားခဲ့ကြသည်။

"ဖျောက် . . . ဖျောက် . . . ဖရဲ . . . ရှဲ . . . ရှဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖ်ထောင်း"

"ဖထောင်း"

ဒူးလေးမှ ပြင်းထန်စွာထွက်ပေါ်လာသောအသံများ၊ မြားစူး နှစ်ချောင်းသည် ညှို့များမှ ကန်အားပြင်းစွာဖြင့် ထွက်သွားခဲ့ကြသည်။

"ဖောက် . . . ဖောက်"

မြားသည် အဝေးကို ထွက်မသွား။ သတ္တဝါတစ်ကောင်ကောင်ပဲကို ထိမှန်သွားဟန်တူသည်။ သို့သော် အောက်ကို ပြုတ်ကျမလာ။ သစ်ပင်များတစ်ပင်ပြီးတစ်ပင် ခုန်ကျော်ကာထွက်ပြေးသွားသည်။

"ဖရဲ . . . ရှဲ . . . ရှဲ"

သူတို့ ရိပ်ခနဲဆိုမြင်လိုက်ကြရသည်က ကြောင်ဖြူကြီးတစ်ကောင်။ သို့သော် ရိပ်ခနဲပင် ဖြတ်ပြီးတော့ ပြေးသွားသည်။ သေချာစွာ မမြင်လိုက်ကြရ။ ဝါဂွမ်းဆိုင်ကဲ့သို့ ဖွတ်ဖွတ်ဖြူသော ကြောင်ဖြူကြီးတစ်ကောင်ဆိုသည်ကိုတော့ သိလိုက်ကြရသည်။ ပြေးထွက်သွားလိုက်သည်မှာ လျင်မြန်လိုက်သည့်ဖြစ်ခြင်း။ ကြောင်တစ်ကောင်လုံးကိုပင် ကောင်းကောင်းမမြင်လိုက်ကြရပါပေ။

"ဘယ်လိုကြောင်ကြီးလဲ မသိဘူး။ ငါတို့ကို မျက်လှည့်ပြနေသလား မပြောတတ်ဘူး။ ချက်ချင်း ပျောက်ပျောက်သွားတယ် အယ်လူး"

"ငါတို့ပစ်လိုက်တာကတော့ ထိသွားပုံရတယ်ကွ။ လာကွာ



လိုက်ကြည့်ကြရအောင်"

အောက်ကိုပစ်ချထားသော ထမ်းပိုးနှင့် ကြောင်သေနှစ်ကောင်ကို ပေါ်လာက ကြည့်ပြီး . . .

"သစ်ပင်ကိုင်းမှာ ချိတ်ထားခဲ့မယ်"

ကြောင်သေနှစ်ကောင်ကို ပင်ကိုင်းထက်မှာ ချိတ်ထားလိုက်ကြသည်။ ထို့နောက် ကြောင်ဖြူကြီးထွက်သွားရာဆီသို့ သစ်ပင်အောက်မှ လိုက်သွားခဲ့ကြသည်။ သွေးစက်အချို့ကို သစ်ရွက်များပေါ်မှာ တွေ့လိုက်ကြရ၏။ သေချာကြည့်လိုက်ကြရာ လောလောလတ်လတ် ထွက်ကျခဲ့သော သွေးများဖြစ်ကြသည်။

"သည်ကောင့်ဆီက ထွက်ကျလာခဲ့တဲ့ သွေးတွေပဲကွ။ မိမိရရ ထိမသွားဘူးထင်တယ်။ ချက်ကောင်းမမိဘဲ ပွတ်ထိသွားသလားမှ မသိတာ အယ်လူး"

"ဘယ်လိုပဲဖြစ်ဖြစ် သည်အဆိပ်က တုံးခနဲလဲပြီးတော့ သေနိုင်တာပဲကွ။ ခုလို ရှပ်ပြီးတော့ ထိသွားရင်လည်း တဖြည်းဖြည်းနဲ့ ကိစ္စချောသွားလိမ့်မယ်။ တစ်နေရာရာမှာ သေနေမှာ ကျိန်းသေတယ်"

သို့သော် မသေချာ၍ ဆက်မလိုက်ကြတော့ဘဲ နောက်ကြောင်းကို ပြန်လှည့်ခဲ့ကြလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

## မကျေပွဲနွဲကြခြင်း

ပေါ်လာသည် နန်းတစ်လိမ်တောကြီးထဲတွင် ကြောင်ရိုင်းများ နှင့် ပတ်သက်ခဲ့သော အတွေ့အကြုံကြောင့် စိတ်ထဲမှာ ဘဝင်မကျနိုင် အောင် ရှိနေခဲ့ရသည်။ အထူးသဖြင့် အပြေးမြန်သော၊ ကိုယ်ယောင် ဖျောက်မြန်သော ကြောင်ဖြူကြီးကြောင့် ပိုပြီးတော့ အခဲမကျေနိုင် အောင်ပင်ရှိနေခဲ့ရသည်။ သူနှင့် စောအယ်လူးတို့ ဒူးလေးနှင့် သေချာစွာ ချိန်လိုက်ကြ၍ မြားစူးတစ်စင်းစင်း သို့မဟုတ် နှစ်စင်းစလုံး သေချာစွာ စူးသွားနိုင်သည်။ သွေးစက်များကိုလည်း မြေပြင်ပေါ်မှာ အသေအချာ တွေ့ခဲ့ကြရသည်။

ယင်းကြောင်ကြီးသည် အဆိပ်ကို မမှုဘဲ အကာယ်ပင် လွတ် မြောက်အောင် ထွက်ပြေးသွားနိုင်ခဲ့သည်လား သို့မဟုတ် သွေးမျှသွေး

www.burmeseclassic.com

www.burmeseclassic.com



တန်းနှင့် ထွက်ပြေးသွားပြီး တစ်နေရာရာတွင် သေဆုံးနေခဲ့ပြီလော မပြောတတ်နိုင်။ ထိုကြောင်ရိုင်းဖြူကြီးသည် ဘယ်ကရောက်လာခဲ့ လဲ။ နန်းတစ်လိမ်တောကြီးထဲမှာ နဂိုကတည်းက ရှိနေခဲ့သည်လော ယင်းကြောင်ရိုင်းဖြူကြီး ရောက်လာသည်နှင့် အခြားသော ကြောင်ရိုင်း မျိုးစုံက ရောက်လာခဲ့ကြသည်မှာ တိုက်ဆိုင်မှုလား။

"ငါ အဲသည်ကြောင်ရိုင်းဖြူကြီးကို သွားရှာမယ်"

"ဘာ . . . မင်းက အဲသည်ကြောင်ရိုင်းဖြူကြီးကို သွားရှာမ ဟုတ်လား ပေါ်လာ"

စောအယ်လူးက အံ့အားတသင့်ဖြင့် မေးလိုက်သည်။ ပေါ်လာ က ခေါင်းညိတ်ပြလိုက်လေသည်။

"မင်းက ဘယ်လိုအကြောင်းနဲ့ အဲသည်ကြောင်ကြီးကို လိုက် ရှာမှာလဲကွ။ သည်ကောင်ကြီးက ဒါလောက်အပြေးမြန်တာ။ ငါတို့ အားလုံး မြင်လိုက်ကြရတာပဲ။ တောကြီးက အကျယ်ကြီး။ ခုနေ ဘယ် ရောက်နေမှန်းတောင် မသိတော့ဘူး။ တစ်နေရာရာမှာ သေချင်လည်း သေနေမှာ။ ဘယ်လိုရှာတွေ့နိုင်မှာလဲ"

စောအယ်လူးက ပေါ်လာကို တအံ့တသြဖြင့် ကြည့်နေသည်။ ပေါ်လာသည် နန်းတစ်လိမ်တောနက်ကြီးထဲမှာ သူ့ကို လှည့်စားသွား သည့် ကြောင်ရိုင်းဖြူကြီးကို ယခုထက်ထိ အခဲကြေသေးဟန်မတူ။ အဆုံး မြေအဆုံး လိုက်ရှာချင်နေဟန်တူသည်။ ပေါ်လာသာမဟုတ်။



အယ်လူးကိုယ်တိုင်လည်း ကြောင်ရိုင်းဖြူကြီး၏ အပြုအမူကို နားမလည် နိုင်၊ ဆန်းကြယ်နေသည်ဟု ခံစားနေမိသည်။

"မင်းသွားရင်သွားလေ ငါပါလိုက်မယ်"

"ဟာ . . . မလိုက်ပါနဲ့ အယ်လူးရာ။ မင်းမှာဧည့်သည်နဲ့"

"ခင်ဗျားတို့နှစ်ယောက်သွားမှတော့ ကျွန်တော်လည်း လိုက် ခဲ့မယ်ဗျာ"

မင်းဆွေကလည်း သူပါလိုက်မည်ဟု ပြောလိုက်သည်။

"ခရီးပန်းလိမ့်မယ်ကွ။ ရက်ဆက်ကြီးဆိုတော့ မကောင်းဘူး။ နားလိုက်ပါဦးဗျာ။ ကျွန်တော်နဲ့ အယ်လူးပဲ သွားလိုက်ပါ့မယ်"

ပေါ်လာက မင်းဆွေ ခရီးပန်းမည်စိုး၍ ခေါ်မသွားချင်။

"ဟုတ်သားပဲ အစ်ကိုကလည်း တောထဲကို ရက်ဆက်ကြီး သွားရင် ပင်ပန်းပြီး ဖျားလိမ့်မယ်။ သူတို့က တောထဲတောင်ထဲမှာ ည အိပ်ပြီးတောင် နေကြတာ။ နေခဲ့ပါ။ နားလိုက်ပါဦး"

နော်ဖူးငုံကလည်း တားသည်။ တကယ်တော့ နော်ဖူးငုံသည် မင်းဆွေကို သူမနှင့်အတူနေခဲ့စေချင်သည့်သဘောလည်း ပါသည်။ ထိုအခါ မင်းဆွေမှာ ခေါင်းညိတ်လိုက်ရလေသည်။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်မှာပင် စောအယ် လူးနှင့် ပေါ်လာတို့သည် နန်းတစ်လိမ်တောကြီးထဲသို့ ထွက်သွားခဲ့ကြ သည်။ စိုက်ခင်းထဲရှိ တဲကြီးထဲမှာ မင်းဆွေနှင့်နော်ဖူးငုံတို့ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း ကျန်ရစ်ခဲ့ကြလေသည်။

"အစ်ကို သူတို့နဲ့ လိုက်မသွားရလို့ စိတ်မကောင်းဖြစ်နေသလား ဟင်"

"မဖြစ်ပါဘူး ညီမ၊ ကျွန်တော် ပင်ပန်းမှာစိုးလို့ စေတနာနဲ့ ထားကြတာပဲ။ လက်ခံရမှာပေါ့"

"အစ်ကိုကလည်း ကျွန်တော် . . . ကျွန်တော်နဲ့ မပြောပါနဲ့ လို့ ဘယ်နခါပြောရမလဲ။ အဲလိုပြောတာ သိပ်ပြီးတော့ သူစိမ်းဆန်တာပဲ"

နော်ဖူးငုံက နှုတ်ခမ်းလေး စူပြီးတော့ ပြောလိုက်သည်။

"အင်းပါ . . . မေ့လို့ မေ့လို့ နောက်ကို သည်လိုမပြောတော့ဘူးနော်"

"နောက်ကို သတိလက်လွှတ်နဲ့ ပြောမိရင်လည်း ညီမက နေမှာ မဟုတ်ဘူး။ ဗိုက်ခေါက်အပြတ်ပဲ သိလား"

"မပြောတော့ပါဘူးဆို။ ကျွန်တော့်ကို မယုံဘူးလား။ အားလားလား"

နော်ဖူးငုံက ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်သောကြောင့်ပင် ဖြစ်သည်။

"မှတ်ထား။ အဲဒါ ချက်ချင်းမေ့တတ်ဦး"

နော်ဖူးငုံကလည်း လက်ကို မလွှတ်။ မင်းဆွေသည် သူမ၏ လက်ကို ဆုပ်ကိုင်ထားသည်။ နှစ်ဦးစလုံးကတော့ ရင်းနှီးမှုတွေ ပိုလာ



သလို အသည်းချင်းကလည်း သိနေကြပြီဖြစ်သည်။ နော်ဖူးငုံသည် နောက်တော့မှ သတိရလာကာ လက်ကို ရုန်းဖယ်သည်။ မင်းဆွေက မလွှတ်။

"ညီမရယ် အစ်ကိုလည်း ဟန်မဆောင်ချင်တော့ပါဘူး။ ညီမကို မြင်မြင်ချင်းပဲချစ်နေမိတယ်။ ခုပဲ တွေ့ ခုပဲ ကြိုက် သဘောမျိုး မဟုတ်ပါဘူး။ အလေးအနက်ထားပြီးတော့ ချစ်နေမိတာပါ"

မျှော်လင့်ထားသော စကားဖြစ်သော်လည်း ခုလို မင်းဆွေက ဖွင့်ပြောလိုက်သောအခါ နော်ဖူးငုံမှာ ခေါင်းလေးငုံ့သွားရှာသည်။

"ပြောပါ . . . ကိုယ့်ကို ပြန်ချစ်နိုင်မလား။ တကယ်လို့ ကိုယ်ပြောတဲ့စကားကို မကြိုက်ဘူး၊ လက်မခံနိုင်ဘူးဆိုရင် မနက်ဖြန်ပဲ ပြန်ပါ့မယ်"

"အို . . . သည်လိုလည်း မဟုတ်ပါဘူး။ ညီ . . . ညီမက . . . အစ်ကို့ကို ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ပါဘူးရှင်။ ပြီး . . . ပြီးတော့ ညီမတို့အချင်းချင်း ခုလိုတွေ့ကြတာ ဘာမှမကြာသေးဘူးလေ"

"ကြာတာတွေ၊ မြန်တာတွေက အဓိကမဟုတ်ဘူး။ မြဲမြံတဲ့ အချစ်ဖြစ်ဖို့သာ အဓိကပါ။ ညီမလည်း ကိုယ့်ကို ချစ်နေတာပဲ မဟုတ်လား"

"အို . . . အစ်ကိုကလည်း"

နော်ဖူးငုံသည် ခေါင်းလေးငုံ့သွားရှာသည်။ မင်းဆွေသည်

www.burmeseclassic.com

www.burmeseclassic.com



သူမ၏လုံးဝန်းသော ပခုံးလေးကို ဆုပ်ကိုင်ကာ ရင်ခွင်ထဲသို့ ဆွဲသွင်းမိလိုက်လေသည်။

"အို . . . အစ်ကို"

နော်ဖူးငုံ၏အသံလေးက တဖြည်းဖြည်းနှင့် တိမ်ဝင်သွားခဲ့လေသည်။

× × ×

ပေါလာနှင့် စောအယ်လူးတို့သည် နန်းတစ်လိမ်တောကြီးထဲကို ရောက်ရှိနေကြသည်။ သူတို့ ကြောင်ရိုင်းဖြူကြီးနှင့် တွေ့ဆုံခဲ့သောနေရာကို ပြန်ပြီးတော့ ရောက်လာခဲ့ကြသည်။ ခုတစ်ကြိမ်မှာတော့ မည်းသည့်ကြောင်ရိုင်းများမှ ရောက်မလာခဲ့ကြတော့။ ထို့ကြောင့် ထူးခြားမှုတစ်ခုလိုဖြစ်နေသည်။ မနေ့ကတော့ စုပြုံပြီးတော့ ရောက်လာခဲ့ကြသော ကြောင်ရိုင်းပေါင်းစုံနှင့် ခြောင်းဆန်နေကြသည်။ အားလုံးက ရန်မူကြတော့မလိုပင် ရှိနေကြသည်။

"အယ်လူး . . . ကြောင်ဖြူကြီး ထွက်ပြေးသွားတဲ့လမ်းကြောင်းအတိုင်း လိုက်ကြမယ်"

"အေး . . . ဟိုဘက်ကို ထွက်သွားတာကွ"

အယ်လူးက လက်ညှိုးထိုးပြသည်။ တောလမ်းတစ်လျှောက်သူ၏ သွက်လက်သောခြေလှမ်းများဖြင့် လိုက်သွားခဲ့ကြလေသည်။



သူတို့သည် ဤတောကြီးကို ခုတစ်ကြိမ်သာ ရောက်ဖူးကြသေးသည်။ နဂိုကတည်းက စိတ်ကူးမရှိခဲ့။ မည်သည့်အကြောင်းကြောင့် ဥပေက္ခာပြုထားမိမှန်းမသိကြပေ။

(သို့သော် ပေါလာသည် ဖခင်ဖြစ်သူ ကျောက်ထီးကျက်စားခဲ့သော တောဖြစ်နေ၍ မသိစိတ်ထဲမှာ နန်းတစ်လိမ်တောကို အလိုလိုလက်မခံခဲ့ခြင်းပင်လား မသိ။)

စောအယ်လူးသည် အပြန် လမ်းမှားမည်စိုး၍ သစ်ပင်ကြီးများကို ဓါးနှင့် ထစ်ကာ အမှတ်အသားများ ပြုလုပ်ခဲ့သည်။

"အယ်လူး . . . အမှတ်အသားလုပ်ဖို့ မလိုပါဘူးကွာ။ ငါ လမ်းကို မှတ်မိပါတယ်ကွ"

"မင်းက လမ်းမမှားတတ်ပေမယ့် မင်းနဲ့ငါ အဖော်ကွဲသွားရင် ငါ တစ်ယောက်တည်း ပြန်ရမှာကွ"

တစ်နေရာကို အရောက်တွင် မြေပြင်ရှိ ချုံတစ်ခုထက်၌ သွေးများကို တွေ့ရသည်။ ခြောက်သွေ့နေလေပြီ။

"သားကောင်တစ်ကောင်ကောင်ရဲ့ သွေးစများလား"

ပေါလာက နမ်းကြည့်သည်။

"မဟုတ်ဘူး။ ကြောင့်သွေးပဲ။ ဟိုကောင်ကြီးပဲဖြစ်မှာပဲ"

"ဒဏ်ရာရထားပြီး မသေနိုင်သေးဘဲ သည်အထိအောင် ပြေးလာနိုင်သေးတယ်။ ဘယ်လောက်အထိ ပြေးနေနိုင်မလဲ မသိဘူး။

www.burmeseclassic.com



—

ဆက်လိုက်ကွာ"

သွေးစက်များက ကြောင်ဖြူရှိုင်းကြီးသွားရာလမ်းတစ်လျှောက်ကို ဖော်ပြပေးနေသည်။ ဆက်ပြီးလိုက်လာခဲ့ကြသည်။ သို့သော် နောက်ထပ် သွေးစက်များကို ထပ်ပြီး မတွေ့ရတော့ပေ။ ထိုအခါ ကြောင်ဖြူရှိုင်းကြီးသည် မနီးမဝေးလောက်မှာပင် သေဆုံးနေလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားလိုက်ကြလေသည်။ ပေါ်လာသည် သူ့အဆိုဝ်ကို ယုံကြည်ထားသည်။ အနည်းငယ်ခြစ်မိရုံလောက်နှင့်ပင် ခြေလှမ်း သုံးဆယ်လောက်သာ ပြေးနိုင်လိမ့်မည်။ သည့်ထက်ပိုပြီးတော့ မပြေးနိုင်။ သေဆုံးသွားနိုင်သည်ဟု လောင်းကြေးစားကြေးပင် ထပ်နိုင်သည်။

သို့တစေ သူတို့နှစ်ယောက် တောထဲမှာ လှည့်ပတ်ပြီးတော့ ရှာနေချိန် ကြာမြင့်ခဲ့သည်။ ကြောင်သေကို မတွေ့ရ။ မျက်စိများ မှားသလားဟု တစ်နေရာတည်းမှာပင် အထပ်ထပ်ရှာနေမိသည်။

"ငါတော့ မတွေးတတ်အောင်ပဲကွာ။ သည်ကောင်ကြီး အဆိပ်များ ပြီးနေရှေ့သလား . . . အယ်လူး"

"အေး . . . သည်လိုပဲထင်ရတော့မှာပဲ။ ငါ့မြားရှူးက အဆိပ်ကလည်း မင်းရဲ့မြားစူးက အဆိပ်လောက်နီးနီးကောင်းတာပါပဲ။ မြားချက်နှစ်ခုစလုံး ထိထိမိမိ ဖြစ်သွားတာကတော့ အမှန်ပဲ။ ဒါနဲ့တောင် သည်ကောင် မသေ့ဘူးဆိုတော့"

စောအယ်လူး၏မျက်လုံးအစုံသည် မြေပြင်တစ်နေရာဆီကို



ရောက်သွားခဲ့သည်။ သူ တွေ့လိုက်ရသည်က မြားတံနှစ်ချောင်းပင်။ ထိုနေရာကို ခလျှာက်သွားပြီး ကောက်ယူကာ ကြည့်လိုက်သည်။ ပေါ်လာလည်း လိုက်လာသည်။

"ပေါ်လာ . . . သည်မြားစူးတွေဟာ ငါတို့ရဲ့ မြားရှူးတွေပဲ မဟုတ်လား"

"ဟာ . . . ဟုတ်တယ်ကွ။ ငှက်တောင်အောက်မှာ အနက်စက်ကလေးတစ်စက်။ ငါ့အမှတ်အသားပဲ။ တစ်ချောင်းက မင်းအမှတ်အသားနဲ့ မင်းပဲ"

"မြားစူးတွေဟာ ဘယ်လိုကြောင့် သည်နေရာကို ရောက်နေကြပါလိမ့်။ ဟိုကောင်ကြီးရဲ့ကိုယ်ထဲက ကျွတ်ထွက်ပြီး ကျကျန်ခဲ့တာပဲ။ သည်နေရာကို ရောက်မှ ကျွတ်ထွက်သွားခဲ့ကြတာ"

"အယ်လူး . . . ဒါဆိုရင် မြားစူးနှစ်ချောင်းစလုံးက သည်ကြောင်ဖြူရှိုင်းကြီးရဲ့ ကိုယ်ပေါ်မှာ စိုက်ပြီးပါသွားခဲ့တာပေါ့။ ရုပ်ထိသွားတာ မဟုတ်ဘဲ သေသေချာချာကို ကိုယ်ပေါ်မှာ စိုက်ပြီးတော့ ပါသွားခဲ့တာ။ ဒါနဲ့များတောင် သည်ကောင်ကြီး မသေဘဲ သည်အထိ ရောက်လာခဲ့သေးတယ်"

"သင်း အသေဘူးလို့ ပြောနိုင်လား ပေါ်လာ"

ထိုစဉ် . . .

"ဖြောင်း . . . ဝုန်း . . . ဖရော . . . ဖရော"

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားအသံများကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ မည်သည့်နေရာက ထွက်ပေါ်လာမှန်း မသိပေ။

"ဖရော . . . ဖရော . . . ဖရော . . . ဖြောင်း"

တစ်ဆက်တည်းမှာပင် ဆက်တိုက်ဆိုသလို ထွက်ပေါ်လာသည့် အသံများ။

"ဟိုဘက်ကလာတဲ့ အသံတွေပဲကွ"

ပေါ်လာသည် သစ်ပင်ကြီးတွေ ပိုပြီးတော့ ထူထပ်သောနေရာဆီကို လက်ညှိုးထိုးပြလိုက်သည်။ ထို့ကြောင့် နှစ်ယောက်အတူ ထွက်လာခဲ့ကြလေသည်။ ထိုနေရာကို ရောက်သွားကြသောအခါ တောအရိပ်သည် ပိုပြီးတော့ ကျနေသည်။ အလင်းအားနည်း၍ မှောင်နေသလိုပင်။ ကျောထဲမှာလည်း စိမ့်ခနဲဆို ဖြစ်သွားခဲ့ကြသည်။

"ဖရော . . . ဖရော . . . ဖရော"

အသံက အနီးကပ်ပြီးတော့ ထွက်ပေါ်လာသည်။ အသံထွက်ပေါ်လာရာဆီကို ချက်ချင်းပင် လှည့်ကြည့်မိလိုက်ကြသည်။ အတော်ခပ်လှမ်းလှမ်းဆီတွင် အတော်အတန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည်။ အကိုင်းအခက်အရွက်တွေကလည်း ရှုပ်ယှက်ခတ်နေကြသည်။ သစ်ပင်က မြင့်မားသည်။ ပင်စည်ကလည်း ကြီးမားတုတ်ခိုင်လျက်ရှိသည်။ ဝါးတစ်ပြန်လောက်အမြင့်တွင် ကြီးမားသော သစ်ခေါင်းပေါက်ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။



"ဖရော . . . ရော . . . ရော . . . ဖျတ် . . . ဖျတ်"

အသံများက သစ်ပင်ကြီး၏အမြင့်ပိုင်းဆီက ထွက်ပေါ်လာခဲ့ကြသည်။ ပင်ကိုင်းတွေ၊ အရွက်တွေလည်း အသံမြည်ပြီးတော့ လှုပ်ရှားသွားခဲ့ကြသည်၊ နှစ်ယောက်စလုံး မြားစူးအသီးသီးထုတ်ကာ ဒူးလေး၏မြားလမ်းကြောင်းမှာ တင်ထားလိုက်ကြသည်။ သစ်ခက်၊ သစ်ရွက်များလှုပ်ရှားသွားသောနေရာကို ထိုးပြီးချိန်ထားလိုက်ကြလေ၏။

သို့ရှိခိုက်မှာပင် မမျှော်လင့်သော အခြေအနေတစ်ရပ်ကို တွေ့လိုက်ကြရလေသည်။ ယင်းကား သတ္တဝါန်တစ်ခုသည် သစ်ရွက်များကို ထိုးဖောက်ကာ ဖျတ်ခနဲဆိုခုန်ဆင်းလာသောကြောင့်ပင်။ ယင်းသတ္တဝါန်သည်ကား ကြောင်ဖြူရိုင်းကြီးပင်တည်း။ နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ကြသည်။ ခါးလျားရှည်ပြီး ကြီးမားတုတ်ခိုင်လှသည်။ ခေါင်းကြီးကသည်း ဝိုင်းစက်နေကာ၊ ပါးစပ်ကြီးကလည်း ကျယ်သည်။ မျက်လုံး တစ်စုံတိက ဝိတ်နေသည်။ ခြောက်သွေ့နေသော သွေးစများက မျက်ခွံနှင့်နှုတ်ခမ်းစပ်တစ်ဝိုက်မှာ ကပ်နေကြသည်။ ဒဏ်ရာရထားဟန်တူသည်။ ဘယ်ဘက်လက်ပြင်နောက်မှာလည်း ဒဏ်ရာတစ်ခုကို တွေ့လိုက်ရသည်။ သွေးစေးများဖြင့် ခြောက်သွေ့လျက်ရှိသည်။

ဆွတ်ဆွတ်ဖြူနေသော အမွေးများကြောင့် သွေးကွက်များကိုထောင်းစွာ မြင်နိုင်ကြခြင်းပင်ဖြစ်သည်။ မြားဒဏ်ရာများပင် မြင်နိုင်သည်။ သူတို့ပစ်လွှတ်လိုက်သော ဒူးလေးမှ မြားစူးများသည် ကြောင်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရှိင်းကြီးကို မလွဲမသွေ ထိသွားခဲ့သည်မှာ သေချာသည်။

ကြောင်ဖြူရှိင်းကြီးသည် တစ်လုံးတည်းသော မျက်လုံးဖြင့် သူတို့ကို စိုက်ပြီးတော့ ကြည့်နေသည်။ အကြည့်သည် စူးရှသည်။ အ ကြီးသော မျက်လုံးက ပိုပြီးတော့ပင် စူးလက်ပြီးတောက်ပနေသည်။ သူ့ကို ဒဏ်ရာရစေသော လက်သည်တရားခံများကို မကျေမချမ်းဖြစ်နေ ပုံ ရသည်။

"ခွီး"

ကြောင်ဖြူရှိင်းကြီးသည် ရုတ်တရက် ခွီးခနဲဆို ပါးစပ်ကြီး ဖြဲ လိုက်သည်။ ရှည်လျားသော အစွယ်လေးချောင်းစလုံးပေါ်လာကြသည်။ အထိပင် အမွေးများကလည်း ထောင်ထသွားခဲ့ကြသည်။ ထို့ကြောင့် မိမိတို့ကို ရန်မူကာ တိုက်ခိုက်ကြတော့မည်လားဟု ထင်မှတ်သွားခဲ့ကြ သည်။ ဒူးလေးများကိုပင် ပြင်လိုက်ကြလေသည်။ သို့သော် ကြောင်ရှိင်း ကြီးသည် သစ်ခေါင်းကြီးထဲကို ဝင်သွားခဲ့လေ၏။

"အယ်လူး . . . တွေ့မယ့်တွေ့တော့လည်း ဆိုက်ဆိုက်မြိုက် မြိုက်ပါပဲလားကွ။ လက်စသတ်တော့ သည်ကောင်ကြီးက သည်မှာ နေတာကိုး"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ ပေါ်လာ"

"သစ်ခေါင်းထဲဝင်သွားခဲ့တာပဲကွ။ ခဏစောင့်ကြည့်ကြမယ် ကွာ။ ထွက်မလာတော့လည်း တစ်မျိုးတစ်ဖုံ ကြံစည်ရတာပေါ့။ ငါတို့



ထိုက်တဲ့မြားစူးတွေက သင်းကို ကောင်းကောင်းထိသွားခဲ့တာပဲ။ ဒါနဲ့ များတောင် ဘာဖြစ်လို့ မသေတာပါလိမ့်"

"မြားဆိပ်က ရိုးယွင်းချက်မရှိဘူး ပေါ်လာ။ အကြောင်းတစ်ခု ခုတော့ ရှိရမယ်။ သည်ကောင်ကြီး မြားများပြီးနေသလားပဲ"

"ဘာပဲဖြစ်ဖြစ် မျက်လုံးကန်းပြီး အင်္ဂါချို့ယွင်းသွားတဲ့သတ္တဝါ ကို သည်အတိုင်းထားလို့ မဖြစ်ဘူး။ အပြတ်ရှင်းပစ်ရမယ်"

"ဟုတ်တယ်ကွ။ ဒါပေမဲ့ သစ်ခေါင်းကြီးထဲကို ဝင်သွားတာ ဆောက်တော်နဲ့ ပြန်ထွက်လာမှာ မဟုတ်ဘူးလို့ ထင်တယ် ပေါ်လာ"

"စောင့်ကြည့်ပါဦးကွာ။ သည်ကောင်ကြီး ငါတို့ကို မြင်ပြီးသွား ပြီ၊ ဂနာမငြိမ်ဖြစ်ပြီး ပြန်ထွက်ချင်ထွက်လာမှာ"

လေသံဖြင့် ပြောနေကြသည်။ သစ်ပင်က မြင့်သည်။ အပင် ပေါ်ကို တက်ပြီး ပါလာသောဓားနှင့် တိုက်ခိုက်ရင်တော့ ဖြစ်သည်။ သို့သော် ကိုယ်က လက်မဦးနိုင်လျှင် ကြောင်ဖြူကြီးက အသေအလဲ ခုခံပြီးတော့ တိုက်ခိုက်နိုင်သည်။ ထိုအခါ ခြေကုတ်မမြဲဘဲ သစ်ပင်ထက် မှ ပြုတ်ကျသွားနိုင်သည်။ ထိုအကြံအစည်ကို လက်လျှော့လိုက်ကြရ သည်။

ကြောင်ဖြူကြီးသည် သစ်ခေါင်းကြီးထဲမှ အပြင်ကို အချိန် မရွေး ထွက်လာနိုင်သည်။ ထို့ကြောင့် အပင်ကြီးနှင့် အနီးဆုံးနေရာကို တဖြည်းဖြည်းနှင့် ရွေ့ကြရသည်။ ချုံအကွယ်တစ်ခုမှ စောင့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နာရီဝက်မကကြာလာခဲ့လေပြီ။ ကြောင်ရိုင်းဖြူကြီးကာ ထွ

မလာသေး။ ကြာလာတော့ စိတ်မရှည်နိုင်ကြတော့။ ကြောင်ကြီး ထွ

မလာသေးသမျှ သည်းနေရာက မခွာနိုင်ကြ။ ပွဲက မြန်မြန်ပြီးချင်သည်

မှက်၊ ခြင်၊ ယင်များကလည်း အနှောင့်အယှက်ပေးကြသည်။ ယ

ကောင်တွေက အဆိုးဆုံးပင်။ နားနားမှာ၊ မျက်နှာရှေ့မှာ၊ တဝီဝီနှင့် ပျ

ချာလှည့်နေကြသည်။ ထိုစဉ် . . .

သစ်ခေါင်းပေါက်ဝမှာ လှုပ်ရှားမှုတစ်ခုကို ဖျတ်ခနဲဆို ေ

လိုက်ရလေသည်။ ကြောင်ဖြူရိုင်းကြီး၏ ခေါင်းကြီးပင်။ စောအယ်လူ

ပေါ်လာကို လက်ကုတ်လိုက်သည်။ ပေါ်လာက ခေါင်းညိတ်သည်။

သိပါတယ်ဟူသည့်သဘော။ နှစ်ယောက်စလုံး မြားစူးများကို အသ

ထုတ်ကာ ဒူးလေးမှာ တင်လိုက်သည်။

သစ်ခေါင်ကြီးဆီကို ဒူးလေးနှစ်လက်က ထိုးပြီးတော့ ချိန်ထာ

လိုက်ကြသည်။ ဘာမဟုတ်သည့် ကြောင်တစ်ကောင်ကြောင့် ရင်ထဲမှာ

လှုပ်ရှားနေကြရသည်။ လှည့်စားမှုမြန်ဆန်လွန်းလှသော ကြောင်ဖြူရိုင်း

ကြီးကို မခံချင်စိတ်ဖြင့် လိုက်နေကြခြင်းပင်ဖြစ်သည်။ အခြားကြောင်ရိုင်း

များကို ပစ်မည်ဆိုလျှင် ယခုလောက်ဆို သုံးလေးကောင်လောက်ပင်

ရနေလောက်ပေပြီ။

ယခု သူတို့ ဤနန်းတစ်လိမ်တောကြီးထဲကို ရောက်ကာမှ

ယခုအချိန်အထိ ကြောင်ရိုင်းတစ်ကောင်မှ မတွေ့ကြ။ ယခုမှပင် စဉ်းစား



ာခဲ့ကြသည်။ ထူးခြားနေမိသည်။ ဤကြောင်ဖြူရိုင်းကြီးကိုသာ

ထားပြီး လိုက်နေရသောကြောင့် အခြားကြောင်ရိုင်းများကို ဂရု

ားမိလိုက်လေသလား မသိ။

ထိုစဉ် . . .

ကြောင်ဖြူရိုင်းကြီးသည် သစ်ခေါင်းကြီးထဲမှ ခေါင်းပြူပြီးတော့

ွတ်လာသည်။ ခေါင်း၊ လည်ပင်း၊ ရှေ့ခြေထောက်နှစ်ချောင်းနှင့် ပခုံး

က်တို့ကို ထင်ရှားစွာပင် မြင်လိုက်ကြရသည်။ ပမာမခန့် အမူအရာ

း အပေါက်ဝမှာရပ်နေသည့် ကြောင်ဖြူရိုင်းကြီးကို မြင်ပြင်းကပ်သွား

ကြသည်။

"ကိုင်း"

"ထောင်း"

"ထောင်း"

အချက်ပေးလိုက်သည်နှင့် မြားစူးများသည် လေကိုခွင်းကာ

ခေါ်ပြီးတော့ ထွက်သွားခဲ့ကြသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ယုန်တောင်ကြောင်မိ

မြားစူးနစ်ချောင်းသည် ဒူးလေးမှ ညို့ကန်အားဖြင့် သစ်ခေါင်းကြီးဆီကို ပြေးသွားကြစဉ်မှာ . . .

"အစ် . . . ညော်င်း"

ကြောင်ဖြူရိုင်းကြီးသည် ဒေါသတကြီးဖြင့် အော်ကာ ခုန်ထွက်လာခဲ့သည်။ လျင်မြန်လိုက်သည့်ဖြစ်ခြင်း။ ရိပ်ခနဲနင့်သာ မြင်လိုက်ရသည်၊ လျှပ်ပြက်လိုက်သလိုပင်။ အကောင်ကို သေချာစွာမမြင်လိုက်ရ၊ တအယ်လူး၏ မြားစူးက ကြောင်ဖြူရိုင်းကြီး၏ ဗိုက်အောက်က ဝင်သွားသည်။ ပေါ်လာ မြားစူးက လက်ခုံကို သွားစိုက်သည်။

"ညော်င်း"

ညာသံပေးပြီး ခုန်ထွက်လာသော ကြောင်ကြီး၏နှာချင်စွာ

www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်သံ။ ကြောင်ဖြူရိုင်းကြီးသည် လေထဲမှာပင်လျှင် လက်တို့ခြ
ယမ်းလိုက်သည်။ မြားတံက တစ်နေရာကို လွင့်ထွက်သွားသည်။

"ဖျတ် . . . ဖျတ် . . . ဖျတ်"

ကြောင်ဖြူရိုင်းကြီးသည် သစ်ပင်အနိမ့်ဆီကို ခုန်ချလာသည်။
သူတို့မျက်စိရှေ့မှာပင် ပျောက်သွားသည်။

"ဖျော . . . ဖျော . . . ဖျော . . . ဖျော"

သစ်ရွက်များကို တိုးဝှေ့ပြီး ထွက်ပေါ်လာသံ။ နောက်ထပ်မြား
စူးနှစ်ချောင်းကို ထပ်ပြီးတော့ တင်လိုက်ကြစဉ်မှာပင် . . .

"အစ် . . . အစ် . . . ညောင်း"

သဏ္ဍာန်တစ်ခုက သူတို့ဆီကို တစ်ရှိန်ထိုးပင် ခုန်ဆင်းလာ
ခဲ့သည်။

"ဟာ"

"ထောင်း . . . ထောင်း"

ဒူးလေးခလုတ်ဖြုတ်ချလိုက်သံများက ပြိုင်တူ။ မြားစူး နှစ်
ချောင်းစလုံး ပစ်မှတ်ကို မထိ။ ချော်ထွက်သွားခဲ့ကြသည်။ ကြောင်ဖြူ
ရိုင်းကြီးသည် သူတို့နှစ်ယောက်ဆီကို ထိုးပြီးတော့ ကျလာခဲ့သည်။

"ဟာ"

"ဖြောင်း . . . ဖြောင်း"

ရုတ်တရက် လန့်ဖျပ်သွားခဲ့ကြသည်။ ဒူးလေးနှင့်ပစ်ရိုက်ထည့်



ကြသည်။ ကိုယ်ထည်ကို ထိသွားခဲ့ကြသည်။ ကြောင်ဖြူကြီးက
ထက်သော လက်သည်းရှည်ကြီးများဖြင့် ကုတ်ထည့်လိုက်သည်။
သော် နှစ်ဦးစလုံး အလျင်စလိုနှင့် ရှောင်တိမ်းနိုင်လိုက်ပြီးသား။
ရှောင်ကျောင်း၍ ကိုယ်ကို မထိနိုက်မိကြ။ သို့သော် အရှိန်ဖြင့် လဲကျ
သွားခဲ့ကြသည်။

သတိကြီးစွာထားသော စောအယ်လူးသည် ကျောက်ခဲဝ
ကို လက်ဖြင့် အုပ်ကိုင်မိလျက်သား။ လှစ်ခနဲဆို ခုန်ထွက်သွားသော
ကြောင်ဖြူရိုင်းကြီးကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် ခဲဖြင့် ပစ်ပေါက်ထည့်
တ်သည်။

"ဒေါင်"

"ညောင်း"

ကြောင်ရိုင်းကြီးက နာကျင်စွာ အော်ထွက်သွားခဲ့သည်။
အောက်ကို ပစ်ကျသွားသည်။ မြေပြင်မှာ ရှာရှာလည်နေသည်။ ခေါင်း
ကို မိမိရရ ထိသွား၍ မူးဝေသွားဟန်တူသည်။ ပေါ်လာသည့်သစ်ကိုင်း
ခြောက်ကြီးတစ်ချောင်းကို ပြေးကောက်လိုက်ပြီး ရိုက်ထည့်လိုက်သည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ညောင်း . . . ညောင်း . . . ညောင်း"

ကြောင်ဖြူရိုင်းကြီး အထိနာသွားသည်။ ကျောက်စရာသံ
ကြီးဖြင့် အော်ထွက်သွားသည်။ မြေပြင်ပေါ် ပစ်လဲပြီး ကျသွားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



အထိပင်။ ပေါ်လာက နောက်တစ်ချက် ရိုက်ထည့်လိုက်သည်။ လည်ပင်းကို မိမိရရ ထိသွားသည်။

"ဒြောင်း"

ကြောင်ဖြူရိုင်းကြီးက အော်ထွက်သွားပြီး ချက်ချင်းပင် ကျ ထလာသည်။

"ခွီး . . . ခွီး"

ဒေါသထွက်လွန်း၍ အမွေးအမှင်များက ထောင်ထသွားခဲ့ကြသည်။ ပါးစပ်ကြီးကိုလည်း အစွယ်ဖွေးဖွေးထသည်အထိ ဖြဲကာ ခြောက်လိုက်သည်။ ထို့နောက် . . .

"ဒြောင်း"

နောက်ကျွမ်းတစ်ချက်ပစ်ထွက်သွားကာ မြေပြင်ပေါ်ကို သွားခဲ့သည်နှင့် ထွက်ပြေးသွားခဲ့လေတော့သည်။ မြားတန်းလန်းနှင့် ထွက်ပြေးသွားသော ကြောင်ဖြူရိုင်းကြီး။

"ဟ . . . ပြေးပြီ . . . လာ . . . လာ . . . လိုက်ကြမယ်"

ချက်ချင်းပင် နောက်မှ ပြေးလိုက်သွားခဲ့ကြသည်။ ကြောင်ဖြူကြီးပြေးပုံက သွက်လက်မြန်ဆန်လွန်းလှသည်။ လှစ်ခနဲ လှစ်ခနဲ မျက်ခြည်ပြတ်မသွားစေရန် မနည်းပင် သတိထားနေကြရလေသည်။ အသက်ပြင်းလှသည့်ကောင်ကြီး။ ဒါလောက်ရိုက်နက်ခံလိုက်ရသည်တိုင်ပင် ဘာမှမဖြစ်ဘဲ ထပြီးတော့ ပြေးနိုင်သေးသည်။ တောက်လျှောက်

ပြေးလိုက်လာခဲ့ကြလေရာ ဖျတ်ခနဲဆို သစ်ပင်ကြီးတစ်ပင်ပေါ်ကို ခုန်တက်သွားသည်။

"ဖျော . . . ဖျော . . . ဖျော . . . ဖျော"

အကိုင်းအခက်အရွက်များကို တိုးဝှေ့ကာ ထွက်ပြေးသွားသံတို့ ကြားလိုက်ကြရသည်။

"ဟိုအပင်ပေါ်ကို တက်သွားပြီ"

အပင်ကြီးအောက်ကို ရောက်သွားခဲ့ကြသည်။ သို့သော် ကြောင်ဖြူရိုင်းကြီးသည် ဆယ်ပေလောက်ကွာဝေးသည့် အပင်ကြီး တစ်ပင်ဆီကို လွှားခနဲဆို ခုန်ကူးသွားခဲ့လေသည်။

"ထောင်း"

ပေါ်လာ့ထံမှ ဒူးလေးသံက ကျယ်လောင်စွာပင် ထွက်သွားခဲ့သည်။ ထိုးချိန်ပြီး ပစ်လိုက်ရသောကြောင့် မထိလိုက်။ လွဲချော်သွားသည်။ နောက်မှနေ၍ မမောတမ်းပင် ပြေးလိုက်သွားခဲ့ကြသည်။

"ဖျော . . . ဖျော . . . ဖျော . . . ဖျော"

သစ်ရွက်များ၏အသံများကိုသာ ကြားနေကြရသည်။ အကောင်ကို မမြင်ကြရတော့။ သစ်ရွက်တွေက လွှပ်ခါသွားကြသည်။ တစ်နေရာပြီးတစ်နေရာ ကြောင်ဖြူရိုင်းကြီးကိုတော့ မမြင်ရတော့။ မည်သို့ ပျောက်ကွယ်သွားမှန်းကိုပင် မသိနိုင်တော့။ အသံများသည်လည်း တိတ်ဆိတ်သွားခဲ့ကြလေသည်။

www.burmeseclassic.com



"တောက် . . . လွတ်သွားပြန်ပြီကွာ။ ဒါလောက်ဖေယ်တေ သလို ဖေတနေတာတောင် ဘာမှမဖြစ်ဘူးကွာ။ တော်တော် အသက်ပြင်း တဲ့ကောင်ပဲ။ သည်လိုကြောင်မျိုး တစ်ခါမှ မတွေ့ဖူးဘူးကွာ"

ပေါ်လာသည် မကျေမချမ်းနှင့် ပြောလိုက်လေ၏။ အစပျောက် သွားသော ကြောင်ရိုင်းဖြူကြီး၏နောက်ကို လိုက်ဖို့ရန်မလွယ်။ ထို့ကြောင့် နောက်ကြောင်းလှည့်ပြန်ရန်သာရှိတော့သည်။

"ပြန်ကြမယ်ကွာ။ ခုမမိလည်း တစ်ကွေ့ကွေ့တော့ ကြုံဦးမှာ ပေါ့ကွာ"

ပေါ်လာက မကျေမချမ်းနှင့်ပြောလိုက်လေသည်။ ထိုနေရာမှ လှည့်ပြန်ခဲ့ကြသည်။ သို့သော် လမ်းမှားခဲ့ကြလေပြီ။ မိမိတို့လာရာလမ်း ကို ရှာမတွေ့ကြတော့။

"ဟေ့ . . . ငါတို့မျက်စိလည်နေကြပြီ။ ငါ ဘယ်တောကိုပဲ ဝင်ဝင် လမ်းမှားတယ်ဆိုတာ မရှိဘူးကွ။ ခုတော့ ဘယ်လိုဖြစ်နေပါလိမ့်။ မှားစရာအကြောင်းကို မရှိဘူး"

"ကိစ္စမရှိဘူး။ ငါ လမ်းမှာ အမှတ်အသားတွေလုပ်ခဲ့ပါတယ် ကွ။ လာ . . . သည်ဘက်ကို"

စောအယ်လူးက ပေါ်လာကို နှစ်သိမ့်လိုက်ပြီး ခေါ်သွားသည်။ သို့သော် သူသစ်ပင် ပင်စည်များကို ဓားနှင့်ထစ်ကာ မှတ်သားခဲ့သည် များကို မတွေ့တော့။



"ဟင် . . . သစ်ပင်တွေမှာ ငါ့အမှတ်အသားတွေ မတွေ့တော့ ပါလား"

"တခြားသစ်ပင်တွေများဖြစ်နေမလားကွာ။ အပင်ချင်း မှား သလား။ သည်နေရာကော ဟုတ်ရဲ့လား အယ်လူး"

စောအယ်လူး ဇဝေဇဝါဖြစ်သွားသည်။ သူလည်း ကောင်းစွာ မမှတ်မိတော့။

"လာကွာ . . . ငါတို့နေရာမှားနေတာပဲဖြစ်ရမယ်။ ဟိုဘက်ကို သွားမယ်"

ပေါ်လာက ခေါ်သွားပြန်သည်။ အချိန်က ဘာမှရှိမှာမဟုတ် သေး။ အမှောင်က ရုတ်တရက်ကျလာသလိုပင်။ နေကို တိမ်ကွယ်ခဲ့ သည်ပဲလား။ ဒါလည်း မဖြစ်နိုင်။ မိုးချုပ်လာသလိုဖြစ်သည်။ ဘယ်လို အခြေအနေမျိုးမှန်းမသိပေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ လိုက်ကြသည်။ ဘယ်လိုလဲဟူသည့်သဘော။ စကားမပြောကြတော့။ အပြန်လမ်းကိုသာ ဆက်ပြီး ရှာနေကြသည်။

ပေါ်လာ နောက်ကိုလှည့်ကြည့်မိလိုက်သည်။ အယ်လူးကို မတွေ့ရတော့။

"ဟင် . . . သည်ကောင် ဘယ်မှာကျန်ခဲ့ပါလိမ့်"

နောက်ကြောင်းကို လှည့်ပြီးလိုက်ရှာသည်။ ခပ်ဝေးဝေးအထိ လိုက်ရှာဖို့ မလို။ သည်နားတစ်ဝိုက်မှာပင် ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှူး . . . ရှူး"

အချက်ပေးကာ ခေါ်ကြည့်သည်။ တစ်ဖက်မှ တုံ့ပြန်သံက ထွက်ပေါ်မလာ။

"ရှူး . . . ရှူး . . . ရှူး"

ထပ်ပြီးတော့ ခေါ်ကြည့်သည်။ မထူးခြား။ သည်လိုနှင့် ရှေ့ဆက်မသွားဘဲ ရပ်နေမိသည်။ စဉ်းစားနေမိသည်။ အမှတ်မထင် အောက်ကို ငုံ့ကြည့်လိုက်သည်။ ခြေရာအချို့ကို တွေ့လိုက်ရသည်။ ထပ်နေရာတည်းကို ဦးတည်ပြီးတော့ သွားနေသည်။ ဖိနပ်မပါ။ ဖဝါးချည်းသက်သက်။ အုံ့အားသင့်သွားသည်။

"ဒါ . . . အယ်လူးခြေရာပဲ"

ခြေရာနောက်မှ လိုက်သွားခဲ့သည်။ ပြေးလွှားသွားခြင်းမဟုတ် ဘဲ ပုံမှန်ခြေလှမ်းများနှင့် သွားနေခြင်းပင်။ ပေါ်လာ စဉ်းစား၍ မရဖြစ်နေမိသည်။ သည်လိုနှင့် တစ်နေရာကိုရောက်သွားသည်။ ဝါးနက်ဝါးရုံပင်ကြီး၏ရှေ့တွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခြေအနေတစ်ခုကြောင့် အထိတ်တလန့် ဖြစ်သွားမိသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။

ပေါ်လာ တွေ့လိုက်ရသည်ကား စောအယ်လူးကိုပင်။ သို့သော် သူ တစ်ဦးတည်းမဟုတ်။ သူနှင့် ဆယ်ပေလောက်ပင် မကွာဝေးသော နေရာမှာ ကြီးမားသော သတ္တဝါကြီးတစ်ကောင်က ရှိနေသည်။ စပါးကြီး



မြွေကြီးတစ်ကောင်ပင်တည်း။ ကိုယ်တစ်ပိုင်းက ဝါးပင်သုံးလေးပင်ကို ချည်းကာ ရစ်ပတ်ထားသည်။ ကိုယ် ရှေ့ပိုင်းကတော့ ငြိမ်သက်နေသည်။ စောအယ်လူးကလည်း အိပ်မက်ထဲ လမ်းထလျှောက်နေသူပမာ။ စပါးကြီးမြွေကြီးဆီကို တရွေ့ရွေ့နှင့် သွားနေသည်။

ခြေလှမ်းတွေက ရွေ့ရှုံ့သာ။ သူ့မျက်လုံးအစုံသည် ကြောင်စီစီနှင့် ဖြစ်နေသည်။ စပါးကြီးမြွေကြီး၏ မျက်လုံးတွေကလည်း အစိမ်းရောင် သန်းလာလိုက်၊ အနီရောင်သန်းလာလိုက်၊ ပြာလာလိုက်၊ ဝါလာလိုက်နှင့် အမျိုးမျိုးဖြစ်ပေါ်နေသည်။

"ဟိုက် . . . သည်ကောင် မြွေအညှို့ခံနေရတာပဲ"

ပေါ်လာသည် ရုတ်တရက်တော့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့ရလေသည်။ ကြည့်နေရင်းမှာပင် စပါးကြီးမြွေကြီးသည် သူ့ဆီကို တဖြည်းဖြည်းနှင့် ရွေ့လျားလာခဲ့လေပြီ။ ဝါးပင်မှာ ရစ်ပတ်ထားသော ကိုယ်ထည်နောက်ပိုင်းက ပြေလျော့စပြုလာသည်။ မကြာမီမှာပင်လျှင် စောအယ်လူးကို ရစ်ပတ်စပြုပေတော့မည်။ တစ်ကိုယ်လုံး စိစိညက်ညက် ကြေအောင် ဖျစ်ညှစ်ကာ ပါးစပ်ထဲသို့ ရောက်အောင်ထည့်ပေတော့မည်။

ပေါ်လာသည် ရုတ်တရက် သတိပြန်ပြီးတော့ ဝင်လာခဲ့သည်။ ဒူးလေးမှာ မြားစူးကို တင်လိုက်သည်။ စိတ်ကိုတည်ငြိမ်စွာထားပြီး မြွေကြီး၏ ခေါင်းပိုင်းဆီကို သေချာစွာပင် ချိန်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထောင်း"

မြားစူးက အရှိန်အဟုန်ပြင်းစွာဖြင့် ညို့ကိုကန်ကာထွက်သွား

"ဒုတ်"

လက်က ဖြောင့်သည်။ ပစ်မလွဲ။ မြွေကြီး၏ဦးခေါင်းကို တည့်မတ်စွာပင် သွားမှန်သည်။

"စီ . . . စီ . . . စီ"

စပါးကြီးမြွေကြီးဆီက ထူးဆန်းသောအသံတစ်မျိုးက ထွက်ပေါ်လာသည်။ ခေါင်းသည် လည်ထွက်သွားသည်။ ကိုယ်ထည်ရှည်လျားလျားကြီးက ဖျတ်ဖျတ်ခါအောင်ပင် လှုပ်ရှားသွားခဲ့သည်။ ဝါးပင်များကို တဝုန်းဝုန်းနှင့် ရိုက်ခတ်သွားသည်။ ဝါးပင်အချို့ ရစ်ပတ်ခြင်းခံကြရ ဆွဲယူမွှေ့ယမ်းခြင်းခံလိုက်ရသည်။ ဖြောင်းဆန်သွားသောအသံများကြောင့် တိတ်ဆိတ်နေသောဝန်းကျင်သည် အသက်ဝင်သွားခဲ့ရသည်။

စောအယ်လူးသည်လည်း ညို့ကွင်းမှလွတ်သွားသည်။ ချက်ချင်းပင် သတိရသွားခဲ့သည်။

"ဟင် . . . ငါ . . . ငါ . . . ဘာဖြစ်သွားတာပါလိမ့်"

သူ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် မသိလိုက်ပေ။ ခေါင်းထဲမှာလည်း ရီဝေဝေနှင့်။ ခန္ဓာကိုယ်က အားမရှိသလို ယိမ်းထိုးနေသည်။ စောအယ်လူးဆီကို ပေါ်လာ ပြေးဝင်လာခဲ့သည်။ လက်မောင်းကို ဆုပ်ကိုင် လှုပ်ယမ်းလိုက်သည်။



"ပေါ့ကောင် . . . စောအယ်လူး"

ထိုအခါကျမှ စောအယ်လူးသည် သေသေချာချာ သတိရလာခဲ့သည်။ စကားကတော့ မပြောနိုင်သေး။ ပေါ်လာ ဆွဲခေါ်ရာဆီကိုသာ ယိုင်တိယိုင်တိုင်ဖြင့် ပါသွားခဲ့သည်။ သူ တွေ့လိုက်ရသည်က သူ့ရှေ့မှာ လူးလွန့်လှုပ်ရှားလျက်ရှိသော မြွေကြီးပင်။ ဤစပါးကြီးမြွေကြီးကား အကောင်ကြီးမားလှသည်။ နွားမဒါန်းတစ်ကောင်ကိုပင် ကောင်းကောင်း မျိုနိုင်သည်။

"ပေါ့ကောင် အယ်လူး-မင်း သတိရပြီလား" 23

"ရ . . . ရပြီကွ။ သည် . . . သည်မြွေကြီးက ငါ့ကို"

"ဟုတ်တယ် . . . မင်းကို ညို့ထားတာ။ ငါက မင်း ပျောက်သွားလို့ နောက်ကြောင်းပြန်လှည့်ပြီးလာရှာတာ။ ကံကောင်းလို့ပေါ့ကွာ။ မြားဆိပ်က ဦးနှောက်ထဲကို ရောက်သွားပြီ။ သည်ကောင်ကြီး သေတော့မှာ"

စပါးကြီးမြွေကြီးက လွန့်လူးလျက်ရှိသော်လည်း အားမပါတော့ပေ။ လှုပ်ရှားမှုများက နှေးကွေးလာခဲ့ပြီဖြစ်သည်။

"နေပါဦး။ မင်းက ဘယ်လိုဖြစ်ပြီးတော့ နောက်မှာကျန်ခဲ့တာလဲ"

"ငါလည်း မင်းနောက်က အတူတူလိုက်လာခဲ့တာပဲကွ။ နောက်တော့ ဘယ်လိုဖြစ်သလဲမသိဘူး။ စိတ်ထဲမှာ အလိုလိုဝေးလံလာတယ်။ ခြေလက်တွေ မသယ်ချင်အောင် ဖြစ်လာခဲ့တယ်။ အိပ်ချင်သလိုလိုလည်း ခံစားလာခဲ့ရတယ်။ ငါ ဘာကိုမှမသိတော့ဘူး။ သတိ

www.burmeseclassic.com

www.burmeseclassic.com



လစ်သွားသလိုပဲ"

"အဲဒါ သည်ကောင်ကြီးက မင်းကို ညှို့လိုက်တာ။ မင်းက ဖိနပ်စီးမထားတော့ ပိုပြီးတော့ ညှို့လို့ကောင်းတာပေါ့ကွာ။ ညှို့ချောင်းက မင်းရဲ့ဖဝါးရာကို ကုပ်ထားလိုက်တာနဲ့ မင်းညှို့ချက်မိပြီး ဘာမှမတတ်နိုင်တော့ဘူး"

"ငါကလည်း တောထဲ တောင်ထဲသွားရင် ဖိနပ်စီးရမှာကို ဝါသနာမပါဘူးကွ။ တော်သေးတာပေါ့ကွာ။ မင်းရောက်လာပေလို့။ မဟုတ်ရင် ငါ့အရိုးတွေ ကြေမွပြီး သင်းရဲ့ဗိုက်ထဲကို ရောက်နေလောက်ပြီ ပေါ့လာ"

"ဒါမျိုးဆိုတာ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ဖြစ်ခဲတယ်ကွ"

စပါးကြီးမြွေကြီးကား တဖြည်းဖြည်းနှင့် ငြိမ်သက်သွားခဲ့လေသည်။ အဆိပ်ပြင်းအဏ်ကို မခံနိုင်။ သို့သော် ကြောင်ဖြူရိုင်းကြီးကမူ ဤအဆိပ်ဒဏ်ကို မည်သည့်အကြောင်းကြောင့် ခံနိုင်ရည်ရှိခဲ့ပါသလဲ။ စဉ်းစား၍မိရနိုင်အောင်ပင်ရှိခဲ့ရသည်။ စောအယ်လူးကို မြွေကြီးက ညှို့ထားစဉ်မှာ ဓားနှင့် ပြေးပြီး ပိုင်းလှျင်ရသော်လည်း မြားစူးမှ အဆိပ်ကို ထပ်မံပြီးတော့ စမ်းကြည့်ချင်သေး၍ ဒူးလေးနှင့်ပစ်ခတ်လိုက်ခြင်းပင်။ စပါးကြီးမြွေလိုအကောင်ကြီးကပင် အဆိပ်ဒဏ်ကို ခံနိုင်ရည်မရှိ။ သူ့ထက်သေးငယ်သော ကြောင်ရိုင်းလိုအကောင်က ဤအဆိပ်းဏ်ကို ခံနိုင်ရည်ရှိခဲ့ပါသည်။ စဉ်းစားမိရင်း ထပ်စဉ်းစားရင်း မကျေမနပ်ဖြစ်မိ



သည်။ စောအယ်လူးသည် အဆိပ် သည့်ထက်ပိုပြီးတော့ ပြန့်မသွားစေ မြွေကြီး၏ ခေါင်းကို ဖြတ်ရလိုက်လေ၏။ ထိုစဉ်မှာပင် စောအယ်လူး အသံကို ကြားလိုက်ရသည်။

"လမ်းတွေ့ပြီဟေ့။ ဟောသည်မှာ ငါ မှတ်ထားတဲ့ အမှတ်သား။ သည်အပင်ကြီးကို စောစောကတည်းက ငါ ဘာဖြစ်လို့ မမြင်မိပါလိမ့်"

* * *

နန်းတစ်လိမ်တောကြီးထဲမှာ ကြောင်ဖြူရိုင်း၏နောက်ကို လိုက်ရသည့်အတွက် အချိန်က ကြာသွားခဲ့သည်။ အပြန်လမ်းကို တွေ့ပြီဆိုသော်လည်း အိမ်ကို ပြန်ရောက်သောအခါ မိုးက စုံးစုံးချုပ်သွားခဲ့လေပြီ။

"ညီမလေးရေ . . . ညီမလေး"

စောအယ်လူး၏ခေါ်သံကြောင့် နော်ဖူးငုံနှင့် မင်းခေွတို့သည် အထဲမှ ပြေးထွက်လာခဲ့ကြသည်။ စပါးကြီးမြွေအခွေကြီးကို ဝါးလုံးမှာ ချိတ်ကာ နှစ်ယောက်အတူ ထမ်းလာခဲ့ကြသော သူတို့ကို မြင်တွေ့လိုက်ကြရသည်နှင့် အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဟင်"

"အစ်ကို မိုးချုပ်လိုက်တာ"

"အေးကွာ . . . ကြောင်နောက်ကို လိုက်တော့ သည်အကောင်ကြီးကို မမျှော်လင့်ဘဲ ရလာတယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အထမ်းကို အောက်သို့ပစ်ချလိုက်ရင်း စောအယ်လူးက ပြော
လိုက်လေသည်။

× × ×



အခန်း ( ၈ )

ထူးတဲ့ဝါးတောဆီသို့

စပါးကြီးမြွေကြီးကို အနီးပတ်ဝန်းကျင်ရှိ ရွာသားအချို့က ဝိုင်းပြီး ဖျက်ပေးကြသည်။ ကိုယ်ကိုခွဲရာတွင် တစ်ဖက်တစ်ချက် ဒေါက်များထောက်ထားရသည်။ သို့မဟုတ်ပါက ခွဲချထားသောနေရာက ပြန်ပြီးတော့ ပိတ်သွားတတ်သည်။ ကိုယ်ထဲကို လက်က ရောက်နေရင် လက်ကို ညှပ်မိသွားနိုင်သည်။ အရိုးများပင် ကျိုးသွားနိုင်သည်။ စပါးကြီးမြွေ၏ အကြော၊ ကြွက်သားများက လွန်စွာမှ သန်စွမ်းကြသည်။ လူ သို့မဟုတ် သတ္တဝါတစ်ကောင်ကောင်၏ ကိုယ်ကို ရစ်ပတ်ပြီး ဆွဲညှစ်ပစ်နိုင်သည်။ အရိုးများ ဖြောင်းခနဲ ဖြောင်းခနဲဖြင့် ကျိုးထွက်သွားကာ အညှစ်ခံရသူ၏ မွှေ့ကိုယ်လည်း ကျုံ့သွားခဲ့လေသည်။ သို့မှသာ သူ ကောင်းစွာပင် မျိုနိုင်မှာ မဟုတ်ပါလား။

မြွေကြီးကို ဖျက်နေကြသောအချိန်တွင် ပေါ်လာမရှိတော့။ သူသည် ရွာသားများ၏အမြင်ကို မခံပေ။ ထို့ကြောင့် အားလုံးကို နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးတော့ ထွက်သွားခဲ့သည်။ အယ်လူးနှင့်မင်းဆွေတို့သည် သူတို့အတွက် အသားအနည်းငယ်ကိုသာ ယူထားလိုက်သည်။ ဆေးဖက်ဝင်သော သည်းခြေကိုတော့ မင်းဆွေကို လက်ဆောင်အဖြစ် ပေးလိုက်သည်။ ရွာသားအချို့ကလည်း အသားပြတ်လတ်နေကြသည်ဖြစ်၍ ယခုလို ဟင်းစားရလိုက်ကြသောအခါ ဝမ်းသာသွားခဲ့ကြလေသည်။

"မင်းတို့က သည်ကြောင်ကြီးရဲ့နောက်ကို သဲကြီးမဲကြီးလိုက်ကြပြီးမှ မရလိုက်တာ တော်တော်ထူးတာပဲကွ"

"အေးကွာ . . . သေသေချာချာမြင်လိုက်ရလျက်နဲ့ကို အလုပ်က မဖြစ်ခဲ့တာ။ မြားဆိပ်ကို ခံနိုင်ရည်ရှိလွန်းတာ အံ့အားသင့်စရာပဲ။ ဒါတင်မကသေးဘူး ငါတို့ကို ရန်မူမယ်ကြံလို့ ထင်းခြောက်နဲ့ တဘုန်းဘုန်းရိုက်တာတောင် မသေဘူးကွာ။ ငါတော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး"

"ဒါနဲ့ အစ်ကိုကို မြွေကြီးက ညှို့ထားတဲ့အကြောင်းပြောပြပါဦး"

"သည်လို ညီမလေးရဲ့ . . ."

စောအယ်လူးသည် စပါးကြီးမြွေကြီးနှင့် ရင်ဆိုင်တိုးခဲ့ရသည့် အကြောင်းကို ကုန်စင်အောင် ပြောပြလိုက်သည်။

"ဟင် . . . ဒါလောက်ထိအောင် အခြေအနေကဆိုးခဲ့သလား။ ပေါ်လာသာ မတွေ့ရင် အစ်ကို ဒုက္ခရောက်ပြီပေါ့"

နော်ဖူးငုံသည် မျက်ဝန်းလေးတွေ အဝိုင်းသားနှင့် စိုးရိမ်တကြီး



ပြောလိုက်မိသည်။ မင်းဆွေလည်း စောအယ်လူးအတွက် ပိုပြီး အစိုးရိမ်ကြီးသွားခဲ့ရသည်။

"ခုမှပဲ သေသေချာချာသိရတော့တယ်ကွာ။ အခုလို သိရတာ မထိတ်သာ မလန့်သာ ရှိလိုက်တာ အယ်လူးရာ"

"တောထဲ တောင်ထဲမှာ သည်လိုကိစ္စမျိုးဆိုတာ ရိုးနေပါပြီကွာ။ လူတိုင်းကြုံတတ်ကြရတဲ့ကိစ္စမျိုးပါ။ ခု ငါ ဘာဖြစ်လို့လဲ။ ဘာမှ မဖြစ်ဘူး မဟုတ်လား။ မင်းတို့နှစ်ယောက်စလုံးကလေ ငါ သေသွားမှာ ကျနေတာပဲ။ တော်တော့်ကို အစိုးရိမ်ကြီးနေကြတယ်"

စောအယ်လူး၏မျက်လုံးတွေက သူတို့နှစ်ယောက်ကို သိုင်းခြုံပြီး ကြည့်ကာ ဟက်ခနဲဆို ရယ်လိုက်လေသည်။ အဓိပ္ပာယ်ပါသော အကြည့်ကြောင့် နော်ဖူးငုံမှာ မျက်နှာလေး ရဲသွားသည်။ မင်းဆွေလည်း မနေတတ် မထိုင်တတ်ဖြစ်သွားခဲ့ရလေသည်။

တောထဲမှာ ပင်ပန်းလာသည်ဖြစ်၍ ညဦးပိုင်းကတည်းက ယမကာကို မှီဝဲနေရင်းက မဟန်နိုင်တော့ဘဲ အိမ်ရှေ့ကပြင်တွင် အိပ်ပျော်သွားခဲ့လေသည်။ မကြာမီ စောအယ်လူး၏ ဟောက်သံက တရှူးရှူးနှင့် ထွက်ပေါ်လာခဲ့လေသည်။

ညဥ့်နက်ပိုင်းကို ရောက်လာခဲ့ပြီဖြစ်သည်။ အအေးဓာတ်က ပိုပြီးတော့ စိမ့်လာခဲ့သည်။ တဲအောက်မှာ ဖိုထားသည့် မီးပုံကြီးက တဖြည်းဖြည်းနှင့် အရှိန်သေလာခဲ့သည်။ မင်းဆွေသည် တဲနောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်းကာ ထင်းခြောက်များ ထိုးထည့်လိုက်သည်။ မီးတောက်က ဟုတ်ခနဲဆို တက်လာခဲ့သည်။ ပတ်ဝန်းကျင်တွင် ပိုပြီးတော့ မြင်မြင်ထင်ထင် ရှိသွားခဲ့သည်။

နော်ဖူးငုံက မင်းဆွေ၏အနားကို ရောက်လာသည်။

"အစ်ကို မအိပ်သေးဘူးလား . . . ဟင်"

"မအိပ်သေးဘူး။ အိပ်လည်း မအိပ်ချင်သေးဘူး"

မင်းဆွေနေရာမှ ထလိုက်သည်။ စည်းရိုးကာထားသည့်ဘက်ကို လျှောက်သွားသည်။ နော်ဖူးငုံလည်း အတူယှဉ်ပြီးတော့ လိုက်သွားသည်။ စည်းရိုးက ခြောက်ပေလောက်မြင့်သည်။ ဟိုးအဝေးက ရိုးမတောင်တန်းကြီးသည် နက်မှောင်မှိုင်းညို့နေ၏။

"သည်လိုနေရာမျိုးကို ခုမှရောက်ဖူးတာ။ သည့်လိုမြင်ကွင်းမျိုးကိုလည်း ခုမှ မြင်ဖူးတာ။ ဒါကြောင့်မို့ ညရှုခင်းကို ဝအောင်ကြည့်ချင်တယ်။ ညီမ အိပ်ချင်ရင် သွားအိပ်တော့လေ"

"ဟင့်အင်း . . . ညီမလည်း မအိပ်ချင်သေးပါဘူး"

ခြံထဲမှာ ငါးပေခန့်ကျယ်ဝန်းသော ကုန်းမို့မို့လေးတစ်ခုက ရှိသည်။ မြေပြင်ထက် နှစ်တောင်လောက်မြင့်သည်။

"လာ . . . အစ်ကို သည်အပေါ်ကနေ ကြည့်"

နှစ်ဦးအတူ ကုန်းမြင့်လေးပေါ်တက်လိုက်ကြသည်။ ထိုအခါ အပြင်ဘက်သို့ ကောင်းစွာပင် မြင်လိုက်ရလေသည်။ သို့သော် အဝေးမှ



တောင်စဉ်တောင်တန်းကြီးများသည် ထင်ထင်ရှားရှားကြီး မဟုတ်။ မပီရေးရေး မင်နက်ခြယ်ထားသကဲ့သို့ မှုန်ဝါးဝါးအသွင်ရှိနေကြသည်။ တောင်ခြေမှ တောအုပ်သည်လည်း မည်းမည်းတုတ်တုတ်သဏ္ဌာန်။ ညပန်းချီသည့် မင်းဆွေအဖို့ရာမှာတော့ တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာကောင်းနေပါ၏။

"ညအလှက တော်တော်စိတ်ဝင်စားစရာကောင်းတယ်နော် ညီမ"

"အင်း . . . ညီမတို့ကတော့ သည်လိုရှုခင်းမျိုးကို မြင်ရဖန်များနေပြီမို့လား မသိဘူး။ ခံစားရမှန်းတောင် မသိတော့ဘူး။ ရိုးအီနေပြီ"

"ဟုတ်မှာပေါ့။ ကိုယ်တို့ကတော့ ခုမှမြင်ဖူးလို့ အသစ်အဆန်းလို ဖြစ်နေတာ"

ကိုယ်ချင်းက ထိကပ်လုနီးပါးရှိနေကြသည်။ သူမ၏လက်ဖဝါးလေးကို ဆုပ်ကိုင်ထားမိလိုက်သည်။ ရက်တိုတိုအတွင်းမှာ မမျှော်လင့်ဆဲ ချစ်သူဘဝကို ရောက်ခဲ့ကြရသည်။ နဖူးစာရွာလည်သည်ဟုပဲဆိုရလေလား။ လေအေးတစ်ချက်က သုတ်ခနဲဆို တိုက်ဝင်လာသည်။ နှစ်ယောက်စလုံး အေးစိမ့်စိမ့်အရသာကို ခံစားလိုက်ကြရသည်။

သူမ၏လက်မောင်းသားလေးများမှာ အေးစက်စက် ရှိနေကြသည်။

"ဟင် . . . ညီမ အအေးပတ်လိမ့်မယ်။ လာ . . . ပြန်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်ကိုရဲ့ သည်လိုအအေးဒဏ်မျိုးလောက်တ တော့ ခံနိုင်ရည်ရှိပြီးသားပါ။ အစ်ကိုပဲ ညရှုခင်းတွေကို သဘောကျ တယ်ဆို ဝအောင်ကြည့်လေ"

"မကြည့်ချင်တော့ပါဘူး။ လာပါ။ ပြန်ကြမယ်"

လက်ဖဝါးချင်း ဆုပ်ကိုင်ကာ ကုန်းထက်မှ ဆင်းသည်။ ထိုစဉ်

"ဝိုး . . . ဖလပ် . . . ဖတ်"

"အို . . . အမေ့"

လင်းနို့ကြီးတစ်ကောင်က သူတို့ဆီကို တစ်ရှိန်ထိုးဝင်လာ အနားကိုရောက်ကာမှ ဝင်တိုက်မိတော့မလိုလိုနှင့် ပွတ်ကာ ပျံသန်းသွား သည်။ နော်ဖူးငုံသည် အမှတ်တမဲ့မို့ လန့်သွားသည်။ ကုန်းထက်မှ ချော် ချော်ပြီးကျသွားသည်။ မင်းဆွေကလည်း လှမ်းဆွဲလိုက်ရာ သူပါ ချော် ပြီးတော့ ကျသွားသည်။

နှစ်ယောက်စလုံး မြေပြင်ထက်မှာ လိမ့်သွားခဲ့ကြသည်။ မင်း ဆွေသည် နော်ဖူးငုံကို ထိုင်လျက်ကပင် ထူလိုက်သည်။

"နော် . . . အဲ . . . ညီမ ဘာဖြစ်သွားသလဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး အစ်ကို။ အစ်ကိုကော"

"ဟင့်အင်း"

သူမသည် မင်းဆွေ၏ ရင်ခွင်ထဲကို တစ်ဝက်တစ်ပြက်ရောက် နေသည်။ ထို့နောက် နှစ်ယောက်စလုံး ရယ်မိလိုက်ကြသည်။ သူမသည်



ရင်ခွင်ထဲသို့ တိုးဝင်လာခဲ့သည်။ ညဥ့်သည် အခုမှ ပိုပြီးတော့ အသက် ဝင်လှုပ်ရှားလာခဲ့လေသည်။ မီးဗိုမှ မီးတောက်ကြီးသည်လည်း အရှိန် ကောင်းစွာ တက်လာခဲ့သည်။ ညဥ့်ပိုးကောင်လေးများ၏ အော်မြည်သံ များက တစ်ချက် တစ်ချက်မှာ ထွက်ပေါ်လာခဲ့လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည် စောအယ်လူးတို့ဆီကို ရောက်မလာဘဲ သုံး
လောက်ပျောက်နေသည်။ စပါးကြီးမြွေကြီးကို ရပြီးကတည်းကဖြစ်သ

"အယ်လူး . . . ကိုပေါ်လာ မလာပါလားကွ"

"သည်ကောင်က သည်လိုပဲကွ။ တစ်ခါ တစ်ခါ ပျော
ပျောက်နေတတ်တယ်။ ငါ့ဆီကိုလည်း လာခဲပါတယ်ကွာ။ အခု မ
ရောက်လာလို့သာ။ သူ အလာစိမ်းနေတာ။ သူက တောပျော်ကွ။ တေ
ထဲမှာပဲ ပျော်နေတတ်တာ။ ခုလည်း တောထဲလျှောက်သွားနေသလား
မသိဘူး"

"ငါတို့ သူ့ဆီကို လိုက်သွားကြည့်ရင် ကောင်းမလား မသိဘူ

"မသွားပါနဲ့ကွာ။ သူ့ရှိချင်မှရှိမှာ။ သည်ကောင် မနေနိုင်ပါ
ရောက်လာမှာပါ"

"ဟုတ်တယ် အစ်ကိုရဲ့။ ပေါ်လာက အိမ်ကပ်တာမဟုတ်ဘူ
သွားလည်း သူ့ကို တွေ့ချင်မှ တွေ့မှာ။ သူက အစ်ကို့ကို ခင်နေပြ
လာမှာပါ"

နော်ဖူးငုံက ဟင်းရွက်ခြွေနေရင်းက ပြောသည်။ ပေါ်လာသည်
စ်လိမ်တောကြီးထဲက ကြောင်မြွေရှိုင်းကြီး၏နောက်ကို လိုက်သွား
ဟု စောအယ်လူး ထင်မိသည်။ သူသည် စိတ်ကြီးသည်။ မည်
၏အလုပ်ကိုမဆို ရေဆုံး ရေဖျားအထိ လိုက်တတ်သည်။

စောအယ်လူးတို့သည် ရွာထဲရှိ အိမ်သို့မပြန်ကြသေးဘဲ ယာ
တဲဆီမှာသာ နေကြလေသည်။ မင်းဆွေကလည်း ယာခင်းတဲမှာနေ
ည်ကို သဘောတွေ့နေသည်။ လေကောင်းလေသန့်ရှူရသည်။
ချမ်းမှုရှိသည်။ ရက်အနည်းငယ်အတွင်းမှာပင် ကိုယ်အလေးချိန်
လာခဲ့လေသည်။

"မင်းက ရောက်စကနဲ့မတူဘူး။ အသားအရည်ပိုပြီးတော့
ည်လာတယ်။ အသိသာကြီး စိတ်ချမ်းသာနေတယ် မဟုတ်လား"

စောအယ်လူး၏စကားက နှစ်ဖက်ခွ။ နဂိုကတည်းက စိတ်
မလဲဖြစ်နေသော မင်းဆွေက ဘာပြန်ပြောရမှန်းမသိ။ နော်ဖူးငုံက
မကြားချင်ယောင် ဆောင်နေသည်။

"အေးကွာ . . . ငါတို့ဆီမှာက အစားအသောက်က မကောင်း
တော့ မင်းကို ဧည့်ခံရတာ အားနာတယ်ကွာ"

"ငါက အစားအသောက်ကို မမက်ပါဘူးကွာ။ ဘာနဲ့စားစား
ပါတယ်"

"အစားအသောက်ကို မမက်ဘူးဆိုရင် မင်းက ဘာကိုမက်

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ဟာ . . . ဟို . . . ဟိုကွာ . . . အဲ . . . မင်းတို့မောင်နှမ
လည်း ငါ့ကို တတ်နိုင်သလောက် ရှာဖွေကျွေးမွေးတာပဲ မဟုတ်လား။ ငါ
အားနာလှပြီ။ ပြန်ရင် ကောင်းမလားလို့"

"ဟင် . . . အစ်ကိုက ပြန်ချင်နေပြီ ဟုတ်လား။ မဟုတ်တာ
အစ်ကိုရယ်။ ညီမတို့ကို ဘာအားနာစရာလိုလို့လဲ၊ စုလိုမပြည့်စုံတဲ့အ
အနေမျိုးနဲ့ ကျွေးမွေးရတာကိုပဲ ညီမတို့က ပြန်ပြီးအားနာနေရတာပါ"

မင်းဆွေ ပြန်တော့မည်ဆို၍ နော်ဖူးငုံက ဟန်မဆောင်နိုင်
တော့ဘဲ ပျာပျာသလဲနှင့် ပြောမိလိုက်လေသည်။

"မင်းဆွေရာ သည်လူနဲ့သည်လူတွေ အားနာစရာလားကွ
ဘယ်လိုပဲနေရနေရ မင်း ပျော်တယ်ဆိုရင် ပြီးတာပဲ။ မင်းမှာ ခွင့်ရ
ကျန်တွေ အများကြီးရှိနေသေးတာပဲ။ သည်မှာပဲ အချိန်ဖြုန်းချင်တ
ဆိုရင် ငါတို့က ဘာပြောမှာမို့လို့လဲ၊ ပျော်သလောက်သာ နေစမ်းပါ"

"ကျေးဇူးတင်ပါတယ်ကွာ မင်းတို့ မောင်နှမရဲ့စေတနာ
သိရတာ။ အမှန်အတိုင်းပြောရရင် ငါ မပြန်ချင်သေးဘူး"

"အေးပါ . . . မင်း မပြန်ချင်သေးဘူးဆိုတာ ငါ သိပါတယ်"

မင်းဆွေက လွှတ်ခနဲထွက်သွားသောစကားအတွက် ပြန်
၍မရဘဲ ဖြစ်သွားခဲ့ရလေသည်။ သို့သော် စောအယ်လူး ပြန်ပြောလို
သောစကားကလည်း အနှောင့်အသွား မလွှတ်။ နော်ဖူးငုံသည် မင်း



ကို မျက်စောင်းလေးတစ်ချက် ထိုးလိုက်သည်။ ရယ်ချင်ပက်ကိုဖြစ်သွား
မိသော စိတ်ကို မနည်းထိန်းလိုက်ရလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာ၏ဖခင် ကျော်ထီးသည် နန်းတစ်လိမ်တောကြီးထဲတွင် ကြောင်ရိုင်းများကိုပစ်ခတ်ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ သားဖြစ်သူ ပေါ်လာသည်လည်း သားကောင်ငယ်များကို ပစ်ခတ်ခြင်းကို ဝါသနာအထုံပါလာခဲ့သည်။ ဖခင်ခြေရာကို တစ်ထပ်တည်းပင် နင်းလာခဲ့လေသည်။ ဖခင် ကျော်ထီး၏ သွေးပါလာခဲ့သည်ဖြစ်၍ ဝါသနာသည်လည်း ထပ်တူကူးစပ်ခဲ့သည်ပဲလား။ သို့သော် ပေါ်လာသည် ညဘက်တွင် သွားလာကျက်စားရသည်ကို ပိုပြီးတော့ သန်သည်။ ညတွင် သွားလာရခြင်းက ပိုပြီးတော့ အဆင်ပြေသည်ဟု သူက ဆိုသည်။ ပေါ်လာနှင့်ပတ်သက်ပြီး စောအယ်လူးတို့မောင်နှမဆီက သိသင့်သိထိုက်သမျှကို သိခဲ့သော်လည်း မင်းဆွေကိုယ်တိုင် လေ့လာခဲ့သည်။ တကယ်တော့ ပေါ်လာသည် သဘောကောင်းသူတစ်ဦးဖြစ်သည်။

ဆက်ဆံရေးပြေပြစ်သော်လည်း ကိုယ့်ဘဝကို ကျိတ်ပြီးတော့ နာကျည်းနေသူတစ်ဦးဖြစ်လေသည်။ သူနှင့်ပတ်သက်လာသော သူမှန်လျှင် လူသူနှင့် မနီးသော တောတောင်ထဲတွင်သာ တွေ့ဆုံလိုသော



သူရှိသူတစ်ဦး။ သို့သော် ပေါ်လာနှင့် ပတ်သက်ကြသောသူများက မရှိလောက်ပင်။

တစ်ရက်တွင် . . .

ရွာထဲတွင် စုပေါင်းအလှူတစ်ခုရှိသဖြင့် မနက်ကတည်းက နော်ဖူးငုံ သွားရသည်။ လယ်တဲမှာ မင်းဆွေနှင့် စောအယ်လူးသာ ကျန်ခဲ့ကြလေသည်။ နော်ဖူးငုံမရှိသောအခါ မင်းဆွေမှာ မနေတတ်သလိုဖြစ်သွားခဲ့ရသည်။

"ညီမကို ညနေ မိုးစုံးစုံးချုပ်မှ ပြန်လွှတ်ကြမှာကွ။ တခြားရွာက အမျိုးတွေကလည်း ရောက်နေကြတော့ နေဦးမှာပေါ့ကွာ။ ငါက ခေါ်မှ ပြန်လာမှာ။ ငါတို့ချည်းပဲ တဲမှာ ပျင်းစရာကြီး။ ပေါ်လာ့ဆီကို ပြီး တောထဲကို သွားကြရင် ကောင်းမယ်။ မင်း မရောက်ဘူးသေးတဲ့နေရာတွေ ရှိသေးတယ်"

စောအယ်လူးသည် မင်းဆွေ၏မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်မိပြီးတော့ ပြောလိုက်သလား မသိပေ။ ထို့ကြောင့် မင်းဆွေမှာ မနေတတ်သလိုဖြစ်သွားခဲ့ရလေသည်။ နံနက်စာ အဆာပြေစားသောက်ပြီးစီး ပိုသော ထမင်း၊ဟင်းများကို ငှက်ပျောဖက်နှင့်ထုပ်ကာ ရေဘူးထဲ ရေထည့်၍ တဲမှ ထွက်လာခဲ့ကြလေသည်။

"ပေါ်လာကို ဝင်ခေါ်မယ်။ အိမ်မှာမှ ရှိပါ့မလားမသိဘူး"

သို့သော် . . .

www.burmeseclassic.com

www.burmeseclassic.com



တောစပ်သို့ မရောက်မီမှာပင် . . .

"ဟော့ . . . အယ်လူး"

ခေါ်သံကို ကြားလိုက်ကြရလေသည်။ အသံညှက်ညှက်နှင့်မို့ ပေါ်လာဟု ချက်ချင်းသိသွားခဲ့ကြလေသည်။ ခြေလှမ်းတွေက တန့်သွားခဲ့ကြသည်။ ပေါ်လာသည် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အကွယ်မှ ထွက်လာခဲ့သည်။ လက်ထဲမှာလည်း ဒူးလေးကို ကိုင်ထားသည်။ ကျည်တောက်ထဲမှာတော့ မြားရှူးတွေက အပြည့်။

"မင်းဆီကို လာတာကွ ပေါ်လာ"

"အေး . . . ငါလည်း တောထဲဝင်ဖို့ထွက်လာတာကွ"

ပေါ်လာသည် သစ်ပင်ရိပ်ကျသောနေရာ အမှောင်ရိပ်သန်းသောနေရာမျိုးကို ရွေးပြီးတော့ နေတတ်သည်။ စကားပြောလျှင်လည်း မျက်နှာကို ကွယ်ကွယ်ထားပြီး ပြောတတ်သည်။

"မင်းက တစ်ယောက်တည်းသွားမလို့လား"

"မဟုတ်ပါဘူး။ မင်းတို့ကို ဝင်ခေါ်မလို့ပါကွ"

"အေး . . . ဒါဆို သွားကြမယ်"

"ကိုမင်းဆွေ ပင်ပန်းလိမ့်မယ်။ သာမန်လူတစ်ယောက်အနေနဲ့ တောတိုးရတာ လွယ်မှာမဟုတ်ဘူးဗျ"

"ဖြစ်ပါတယ်ဗျာ။ တစ်ခေါက် နှစ်ခေါက်လောက်နဲ့ ကျွန်တော်လည်း ကျင့်သားရနေပါပြီဗျာ။ ယောက်ျားပဲ ဒါလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့"



"ကြိုက်တယ်။ သည်လိုစိတ်ဓာတ်မျိုး"

မင်းဆွေက ပေါ်လာ၏ပခုံးကို ဖက်ကာ အတူယှဉ်ပြီးတော့ လျှောက်သွားသည်။ အရင်တစ်ခေါက်က သွားဖူးသော တောမဟုတ်။ နန်းတစ်လိမ်တောမဟုတ်။ တခြားတောတစ်တောဖြစ်သည်။ တင်းဝါး၊ ကြခတ်ဝါး၊ ကြသောင်းဝါး၊ ဝါးယား၊ ဝါးနက်ပင်များသည့်တော။ ကြလို့ ဝါးများကိုလည်း တွေ့ရသည်။ တောတစ်တောဆီက ထူးခြားချက်များ ရှိကြသည်။ အပင်တွေ ဘယ်လောက်ပေါပေါ အရမ်းကာရော မခုတ်ကြပေ။ စည်းကမ်းထားကြသည်။ တောအပြုန်းမခံကြ။ လိုအပ်[illegible]သာ ခုတ်ကြသည်။ ကိုယ့်အသိနှင့်ကိုယ် နားလည်မှုရှိကြသည်။

"သည်တောက ဝါးပေါတော့ ဝါးတောကြီးလို့ပဲ လွယ်လွယ်ကူကူ ခေါ်ကြတယ်၊ တောင်ကုန်း ဂမူဂထစ်တွေ သိပ်မရှိလှဘူး။ မင်း သက်သောင့်သက်သာ သွားရမှာပါ"

စောအယ်လူးက မင်းဆွေ စိတ်ပင်ပန်းနေမည်စိုး၍ သက်သာရာရစေရန် ပြောသည်။

"ငါ အတွေ့အကြုံနှစ်ခေါက်လောက် ရှိထားလို့ ခံနိုင်ရည်ရှိနေပါပြီကွာ။ ငါ့အတွက် မပူပါနဲ့"

မင်းဆွေက ပြန်ပြီးတော့ နှစ်သိမ့်လိုက်လေသည်။ [illegible]သည် တကယ်လည်း သက်လုံကောင်းလာခဲ့လေသည်။ သွားရ[illegible]ာပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



နော်ဖူးငုံကို သတိရနေမိသည်။ တစ်နေရာတည်းမှာ ဝေးကွာနေကြ၍ ဤမျှလောက် ခံစားနေရလျှင် သူ ရန်ကုန်ကို ပြန်သွားသောအခါမှာ မည်သို့ရှိနေလိမ့်မည်လဲ။ သူသည် နော်ဖူးငုံကို အချစ်ကြီးချစ်နေမိလေပြီ။

တောက အောက်ဘက်ကို မသိမသာလေး နိမ့်ဆင်းသွားသည်။ ဒူးလေးကိုယ်စီတော့ ယူလာခဲ့ကြသည်။ ဘာကောင်တွ ပစ်ကြမလဲ မသိ။ စောအယ်လူးနှင့် ပေါ်လာတို့သည် မင်းဆွေကို ညာပြီးတော့ လျှောက်နေကြသည်။ သူတို့နှင့်အတူ ယှဉ်ပြီးတော့ လျှောက်မည်ဟု အားတင်းထားသော်လည်း ဘယ်လိုမှ မဖြစ်နိုင်။ တောတောင်ထဲသွားလာနေကြဖြစ်သော သူတို့၏ခြေလှမ်းများကို ယှဉ်ပြီးတော့ လျှောက်ရန် ဘယ်လိုမှ မမီနိုင်။

"မောသလား ကိုမင်းဆွေ"

"မမောပါဘူး။ ပုံမှန်ပါပဲ ကိုပေါ်လာ"

ထိုစဉ် . . .

"ဝေါ . . . ဖရော . . . ဖရော"

အပင်ကြီးတစ်ပင်၏ထက်မှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသော အသံ။ အားလုံးတစ်ပြိုင်တည်း မော့ကြည့်လိုက်ကြသည်။ ပင်ကိုင်းတွေ၊ အရွက်တွေ လှုပ်ခါသွားကြသည်။

"ဖရော . . . ဖရော . . . ဖရော"

အသံက တစ်ဖက်သစ်ပင်ကြီးဆီကို ရောက်သွားခဲ့သည်။ မြန်ဆန်လိုက်သည့် ဖြစ်ခြင်း။

## အခန်း (၉)
## တောထဲကစေတီတစ်ဆူ

စောအယ်လူးနှင့် ပေါ်လာတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြသည်။ ယင်းအသံကို သံသယဝင်သွားခဲ့ကြသည်။ ကြောင်ဖြူရှိုင်းကြီးများလားဟု။

"မဖြစ်နိုင်ပါဘူးကွာ။ သည်ကောင်ကြီး ဝါးတောကြီးထဲအထိ လိုက်ပြီးတော့ နှောင့်ယှက်မှာ မဟုတ်ပါဘူး။ မျောက်သင်းကွဲ တစ်ကောင်ကောင်ပဲ ဖြစ်မှာပါ။ ငါတို့ကို မြင်လို့ လန့်ပြီးပြေးတာ"

စောအယ်လူးက ပေါ်လာ စိတ်သက်သာရာရစေရန် ပြောလိုက်သည်။ ကြောင်ဖြူရှိုင်းကြီးသာ အမှန်ဖြစ်ခဲ့လျှင် သူ တောက် လျှောက်လိုက်ပေတော့မည်။ သည်ကြောင်တစ်ကောင်နှင့်ပင် အချိန်တုန်သွားနိုင်သည်။

"အေး . . . ခုလောက်ဆို သည်ကောင်ကြီး တစ်နေရာရာမှာ သေပြီး ပုပ်ကောင်းတုန်းရှိရော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာကလည်း ကြောင်ပြုရှိန်းကြီးဟု မထင်လိုက်၍ တော် ပေသေးသည်။ မကြာမီ ရေထွက်ပေါက်တစ်ခုဆီကို ရောက်လာခဲ့ကြ သည်။ ကျောက်တုံးကြီးတစ်ခုသည် မြေထဲမှာ သုံးပုံတစ်ပုံခန့် နစ်မြုပ် နေသည်။ အထက်သုံးဗေလောက်အမြင့်ဆီမှ ရေများက တဖေါဖေါနှင့် စီးကျနေကြသည်။ အောက်မှာ စမ်းချောင်းလေးတစ်ခုအဖြစ် စီးဆင်းနေ လျက်ရှိသည်။ စမ်းချောင်းသည် အောက်ကို အတော်ကလေး ကျယ်ဝန်း သည်။ အမြင့်မှကျလာသော ရေအရှိန်ကြောင့် အောက်မှာ အတော် ကလေးကို လှိုက်စားလျက်ရှိသည်။

"ကျောက်တုံးက ရေထွက်တာမဟုတ်ဘူး။ စမ်းပေါက်နဲ့ ကျောက်တုံးက အက်ကြောင်းနဲ့ တစ်ဆက်တည်းဖြစ်နေတာ။ အရင်က သည်လိုမဟုတ်ဘူး။ ကျောက်တုံးက သူ့အလိုလို အက်ကွဲပြီး ရေသွား လမ်းကြောင်းဖြစ်သွားတာ။ ရေကျပါများတော့ အပေါက်ကြီးကလည်း ကျယ်လာတာပေါ့ကွာ"

စောအယ်လ္ဘးက ရှင်းပြသည်။ မြေအောက်စမ်းပေါက်ဝနှင့် ထိ ကပ်နေသော ကျောက်တုံးကြီး အက်ကွဲသွားနိုက်မှာ စမ်းရေများထ ထွက်ကျလာခဲ့ခြင်းပင်။ တိုက်ဆိုင်မှုတစ်ခုသာ ဖြစ်သည်။ စမ်းချောင်း အသွင်ဖြစ်ပေါ်လာသောကြောင့် ဤနားတစ်ဝိုက်သည် သစ်ပင်ကြီးများ အပင်ငယ်များ ပိုပြီးတော့ စိမ်းစိုလျက်ရှိနေကြသည်။ အအေးဓာတ်က ထုံကဲထားသဖြင့် လမ်းလျှောက်လာရသောကြောင့် မောပန်းမှုကို မဖြစ်



စေခဲ့။ ချွေးသိပ်ခံရကာ အေးချမ်းမှုကို ဖြစ်စေသည်။ မင်းဆွေကို ညှာပြီး ဘစ်ခဏနားကြသည်။

"သည်နေရာက တောကောင်ကြီးတွေ သိပ်မရှိတတ်ဘူးကွ။ တွေ့တဲ့အကောင်ငယ်လေးတွေကိုလည်း ပစ်လို့မရဘူး။ တွေ့လိုက်တာနဲ့ ရှစ်ခနဲဆို ပျောက်သွားခဲ့ကြတာပဲ။ သည်အနီးအနားတစ်ဝိုက်မှာ ပျောက်သွားပေမယ့် လိုက်ရှာကြည့် ဘယ်မှာမှ မတွေ့နိုင်တော့ဘူး"

တစ်ခါတလေများကွာ ဘာသားကောင်မှကို မတွေ့ရဘူး။ အဲ သည်နေရာကနေ ကွမ်းတစ်ယာညက်လောက် ထွက်သွားကြည့် အဲသည်ဘက်မှာတော့ သားကောင်တွေ့ရတတ်တယ်။ မဆန်းလားကွာ"

"အေးကွာ . . . သည်ဘက်မှာလည်း အစာရေစာပေါများပုံ ရပါတယ်။ အစာရှားလို့ တောပြောင်းပြီးနေကြတယ်ဆိုရင်လည်း ဟုတ်ဘူးတော့"

မင်းဆွေကပါ စိတ်ဝင်စားလာပြီး အံ့အားတသင့်ဖြစ်နေမိသည်။

"မဟုတ်ဘူး ကိုမင်းဆွေ။ သားကောင်က သည်နေရာမှာ ရှိ တယ်။ မရှိဘူး မဟုတ်ဘူး။ ခုလည်း ရှိနေကြတာပဲ။ အပုန်းကောင်းလို့ ရှာမတွေ့တာဖြစ်မှာပါဗျာ"

"အပုန်းကောင်းလို့ ဟုတ်လား"

ထိုစကားကို မင်းဆွေ နားမလည်။ သားကောင်တွေက ဘာ ကြောင့် ပုန်းတတ်ကြရတာလဲ။ မုဆိုးတွေက ဤတောထဲကို မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး ပစ်ခတ်တတ်ကြလို့လား။ ရှောင်ရတိမ်းရဖန်များ၍ ပုန်းတတ်
ကြပြီလား။ စမ်းချောင်း၏ တစ်ဖက်များလည်း ဝါးရုံပင်ကြီးသုံးလေး
ညို့ဆိုင်းနေကြသည်။

"သည်လိုဝါးရုံပင်ကြီးတွေ ရှိနေကြတယ်ဆိုရင် တောဝက်
က ရောက်လာတတ်ပြီး မျှစ်တွေကို ဖော်စားတတ်ကြတယ်ကွ။ ဒါ
ဝက်တွေက သည်နေရာကို ဘယ်တော့မှ မလာတတ်တော့။ မျှစ်တွေ
ပေါချင်တိုင်းပေါနေကြတာပေါ့ကွာ"

"သည်တောမှာ တောဝက်တွေများ မရှိလို့လားကွာ"

"ဟာ . . . ရှိတာပေါ့ မင်းဆွေရာ။ သည်ဘက်မှာတော့
ကြဘူး။ ဟိုဘက်မှာတော့ ရှိကြတယ်ကွ။ သည်ဘက်ကို မလာကြ

ဆန်းတော့ ဆန်းသည်။ ဤနေရာ ကွက်ကွက်ကလေး
သားကောင်များ ရှောင်ကွင်းနေကြခြင်းပင်ဖြစ်သည်။

ထိုစဉ် . . .

သူတို့ရှေ့မျက်နှာချင်းဆိုင်တည့်တည့် အနည်းငယ်လှမ်း
နေရာတွင် ချုံကွယ်တစ်ခုမှ ထွက်လာသော သဏ္ဌာန်တစ်ခုကို မ
လင့်ပဲ တွေ့လိုက်ရလေသည်။

"ဟော . . . ဟိုမှာ ဘာလဲမသိဘူး"

ပေါ်လာက လက်ညှိုးထိုးပြီးတော့ ပြောလိုက်လေသည်
သားကောင်တော့ မဟုတ်။ လူတစ်ယောက်ဟု ထင်မိကြသည်။



နေလျက်က မတ်တတ်ရပ်ပြီးတော့ ကြည့်လိုက်ကြသောအခါ လူတစ်ယောက်သည် ခမောက်ကြီးတစ်ခုကို ဆောင်းထားသည်။ ညစ်ထေးသော ခွစ်ကျယ်အကျီအဖြူနှင့် အဖြူရောင်လုံချည်ကို ဝတ်ဆင်ထားသည်။ လက်ထဲမှာတော့ ဝါးတောင်ဝှေးတစ်ချောင်း။ သူတို့ကို ကျောပေးကာ လျှောက်သွားနေသည်။

"လူကြီးတစ်ယောက်ပဲကွ။ အဘိုးကြီးဖြစ်မယ်။ ဘယ်ကိုသွားလို့လဲ မသိဘူး။ သနားပါတယ်ကွာ။ ငါတို့မှာပါလာတဲ့ အစားအစာတွေကို ကျွေးမွေးလိုက်ကြရအောင်"

"ပေါ်လာ . . . လူကြီးသူမကို ကျွေးမွေးတာ ကုသိုလ်ရတယ်ကွ။ ကောင်းတယ် . . . ကောင်းတယ်။ ငါတို့ သွားခေါ်လိုက်ကြရအောင်"

"ကိုမင်းဆွေ ခဏကလေးနော်။ ကျွန်တော်တို့ သွားခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

စောအယ်လူးနှင့် ပေါ်လာတို့သည် နေရာမှ ပြေးထွက်သွားခဲ့ကြသည်။ ထိုနေရာကို ရောက်သွားသောအခါ ထိုလူကြီးကို မတွေ့ရတော့ပေ။

"ဟင် . . . မရှိတော့ပါလား။ ဘယ်ရောက်သွားပါလိမ့်"

"စောစောကပဲ သည်နေရာမှာ ရှိနေသေးတယ်။ မျက်စိအောက်တင်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက တန်းကန်းတောင်းမှောက် ဟိုကြည့် သည်ကြည့်နှင့် လိုက်ပြီးတော့ ကြည့်နေကြသည်။ အဝေးတော်ခပ်လှမ်းလှမ်းတွင် ထိုလူကြီးကို တွေ့လိုက်ကြရပြန်သည်။ သစ်ပင်ကြို သစ်ပင်ကြားမှ တောင်ဝှေးကို တဒေါက်ဒေါက်နှင့် ထောက်ကာ လျှောက်သွားနေသည်။

"ဗျို့ . . . အဘ . . . အဘ"

စောအယ်လူးက လှမ်းပြီးတော့အော်ခေါ်လိုက်သည်။ သို့သော် မကြား၍လားမသိ။ နောက်ကို လှည့်မကြည့်။ ရှေ့ကိုသာ လျှောက်လျှက် နေသည်။

"မကြားဘူးကွ။ နားလေးနေသလား မသိဘူး။ သွားနေတာကတော့ မြန်တယ်ကွာ။ အရှယ်နဲ့မလိုက်ဘူး"

"တစ်နေ့ရာကို အာရုံကရောက်နေလို့ မကြားတာဖြစ်မှာကွာ။ ထပ်ပြီးခေါ်ကြည့်ပါဦး အယ်လူး"

"ဗျို့ . . . အဘ . . . အဘရေ ခဏရပ်ပါဦး"

နောက်မှနေ၍ အပြေးတစ်ပိုင်းနှင့်လိုက်ရင်း အော်ခေါ်သည်။ သို့သော် လူကြီးမှာ နောက်လို့လုံးဝလှည့်မကြည့်ပါ။

"နားလေးနေတာ အမှန်ပဲကွ။ လာကွာ . . . သူ့ဆီကို ရောက်အောင် ကပြေးသွားကြမယ်"

အပြေးတစ်ပိုင်းနှင့် လိုက်သွားခဲ့ကြသည်။ သို့သော် ရှေ့မှ နေသော လူကြီးသည် ချုံကွယ်တစ်ခုဆီကို ရောက်သွားခဲ့ပြန်သည်။



စောအယ်လူးသည် ပေါ်လာထက် ဦးကာ ရှေ့မှ အပြေးတစ်ပိုင်းနှင့် လိုက်သွားသည်။ ဦးခင်စွာမီလိုမီပြား။ ပေါ်လာလည်း နောက်မှနေ၍ ဆပ်ချပ်မကွာပင် လိုက်သွားသည်။ နှစ်ယောက်အတူ ချုံနားဆီကို တစ်ပြိုင်တည်းလိုလိုပင် ရောက်သွားခဲ့ကြသည်။ နှစ်ယောက်စလုံး စိတ်စောနေကြခြင်းပင်ဖြစ်သည်။

သို့သော် . . .

ရှေ့မှ လူကြီးသည် ချုံကြီး၏အနားမှာမရှိတော့။ ခပ်လှမ်းလှမ်းကို ရောက်သွားခဲ့လေပြီ။

"ဟာ . . . အသက်ကြီးသလောက် ဘယ်လိုခြေလှမ်းမျိုးနဲ့ လျှောက်နေပါလိမ့်"

နှစ်ယောက်စလုံး စိတ်မောလူမောဖြစ်သွားခဲ့ကြရပြန်သည်။

"ဗျို့ . . . အဘ . . . အဘ . . . ခဏ . . . ခဏကလေး စောင့်ပါဦး"

တိုင်ပင်ထားကြသလို နောက်မှနေ၍ အော်ဟစ်လိုက်ကြပြီး ပြေးလိုက်သွားခဲ့ကြပြန်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက် ထွက်သွားခဲ့ကြသည့်နောက်ပိုင်း မင်းေ
တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ အတန်ကြာသည်အထိ ေ
တော်နှင့် ပြန်ရောက်မလာကြပါ။ ဤနားတစ်ဝိုက်သည် အန္တရာယ်မ
စိတ်ထဲမှာ အလိုလိုပင် နားလည်နေမိသည်။ ထို့ကြောင့် သစ်ပင်
တစ်ပင်ကို မှီကာ သက်သောင့်သက်သာပင် စောင့်နေမိလေသည်။

ထိုစဉ် နားထဲတွင် ဆည်းလည်းသံများကို ကြားလာခဲ့ရသည်

"ချလွင် . . . ချလွင် . . . ချလွင်"

ထို့ကြောင့် ဆတ်ခနဲဆိုဖြစ်သွားခဲ့ရလေသည်။ ထင်ယော



ထင်မှားဖြစ်ကာ နားကြားလွဲသလားဟု။

"ချလွင် . . . ချလွင် . . . ချလွင်"

ထပ်ပြီးတော့ ကြားလိုက်ရပြန်လေသည်။ နောက်ထပ် နားစွင့်
ကြည့်လိုက်သောအခါ . . .

"ချလွင် . . . ချလွင် . . . ချလွင်"

မမှားနိုင်တော့ပါ။ စေတီတော်တစ်ဆူမှ ထွက်ပေါ်လာသော
ဆည်းလည်းသံများပင်တည်း။ ထို့ကြောင့် ကိုယ်ကို မတ်ကာ သေချာစွာ
ထင် နားစွင့်မိလိုက်သည်။ အသံသည် သူ၏ ဘယ်ဘက်အောက်ချိုင့်ထဲ
ဘ ထွက်လာသည်ဟု ထင်မိသည်။ သူ၏ဘယ်ဘက်နားစည်မြေးကို
တာပြီးတော့ ရိုက်ခတ်လေသည်။ ပိုပြီးတော့ ပီသစွာကြားလိုက်ရလေ
သည်။ စိတ်ထဲမှာ ချက်ချင်းပင်ဖြစ်ပေါ်လာသော ခံစားချက်မှာ ထိုနေရာ
ကို သွားရောက်လိုခြင်းပင်။

ပထမသော် စောအယ်လူးနှင့် ပေါ်လာတို့ ရောက်အလာကို
စောင့်ရန်ပင်။ သို့သော် မိမိစိတ်ကို ထိန်းမရဖြစ်လာခဲ့သည်။ အခုပင်
သွားချင်လာမိသည်။ ထို့ကြောင့် ဘာကိုမှ စဉ်းစားမနေတော့ဘဲ နေရာ
မှ ထရပ်လိုက်လေသည်။ အနိမ့်ပိုင်းဆီကို ဆင်းလာခဲ့လေ၏။ လမ်း
ဆစ်လျှောက်မှာ စိမ်းစိုသော မြက်များသာပေါက်နေကြသည်။ သစ်ပင်
တွေကတော့ ကြိုးတိုးကြဲတဲ။ ဆည်းလည်းသံထွက်ပေါ်လာရာဆီသို့
ချိန်းဆပြီးတော့ တရွေ့ရွေ့နှင့် လှမ်းလာခဲ့သည်။ ညာဘက်တွင် ကမ်းပါး

www.burmeseclassic.com

www.burmeseclassic.com



ယံအပြတ်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ အနိမ့်ပိုင်းအောက်ဆုံးဆီကို ရောက်သွားပြီးမှ ယင်းကမ်းပါးယံကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းပင်။

စိတ်ထဲမှာလည်း ယင်းနေရာကို ထင်နေမိသည်။ ထို့ကြောင့် ကမ်းပါးယံပြတ်ကြီးဆီကို ဦးတည်ပြီးတော့ လျှောက်သွားသည်။ ကမ်းပါးယံပြတ်ကြီးသည် ပေနှစ်ဆယ်ခန့်မြင့်မည်ဖြစ်ပြီး မြေသားကနီစွေးစွေး။ နံရံသည် အဖု၊ အထစ်၊ ချိုင့်ခွက်များမရှိဘဲ ပကတိချောမွတ်နေလေသည်။ အနားကိုရောက်သော် ပြေပြစ်သောနိမ့်လျှောလမ်းကလေးတစ်ခုကို တွေ့လိုက်ရသည်။ သက်သောင့်သက်သာပင် တက်သွားခဲ့သည်။

အပေါ်ကိုရောက်သော် ပေါက်နေကြသော သစ်ပင်ကြီးများသည် တစ်ပင်နှင့်တစ်ပင် ပင်ကိုင်းများ၊ အရွက်များ ထိစပ်နေကြသည်။

တစ်ပင်နှင့်တစ်ပင် တူညီသော အကွာအဝေးဖြင့် ပေါက်နေကြသည်ကို တွေ့လိုက်ရလေသည်။ အပေါ်မှ ထီးများဆက်ပြီးတော့ မိုးထားသလိုပင်။ တောရိုင်းကြီးတစ်ခု၏အနေအထားမှ ခွဲထွက်သွားသော ဥယျာဉ်ကြီးတစ်ခုနှင့် တူနေသည်။ ထူးခြားသည်မှာ ပင်ခြေအောက်ပေါင်းများကလည်း ရှင်းလျက်ရှိသောကြောင့်ပင်။

"ချလွင် . . . လွင် . . . လွင် . . . လွင်"

ဆည်းလည်းသံများသည် ပိုပြီးတော့ နီးကပ်လာသည်။ မြေ



မ်းတွေကလည်း ပိုပြီးတော့ သွက်လာသည်။ သစ်ပင်ကြီးများပေါ်မှ စိမ်းစိမ်းစိုစိုနွယ်များက တွဲလောင်းကျနေကြသည်။ နွယ်လုံးကြီးများသည် တုတ်ခိုင်ပြီး ရှည်လျားကြသည်။ နွယ်ပင်များအနီးမှ ဖြတ်သွားသည်။ မျက်စိအောက်မှာ ဘွားခနဲဆို ပေါ်လာသော စေတီတော်တစ်ဆူဖွေးဖွေးနှင့်။ လွန်စွာမှ သပ္ပာယ်စရာကောင်းလှသည်။ စေတီတော်အထက်ထီးတော်ငှက်မြတ်နားဆီက ထွက်ပေါ်လာခဲ့သော ဆည်းလည်းသံများပင်တည်း။

မင်းဆွေသည် စေတီတော်ရှေ့တွင် ပျပ်ဝပ်စွာ ထိုင်လိုက်ကာ ခြင်းငါးပါးဖြင့် ရိုသေစွာပင် ကန်တော့လိုက်လေသည်။

ထိုစဉ် . . .

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင်"

ခေါင်းလောင်းထိုးသံက တစ်နေရာမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့လေသည်။ မင်းဆွေသည် ချက်ချင်းပင် အသံထွက်ပေါ်လာရာဆီသို့ လျှောက်သွားခဲ့လေသည်။ ရင်ပြင်ထောင့်တစ်နေရာတွင် သူ့ကို ကျောပေးနေသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ကျယ်လက်တိုအဖြူနှင့် ဝိတ်ဖြူပုဆိုးကို ဝတ်ထားသည်။ လက်ထဲမှာလည်း သစ်သားတုတ်ကြီးတစ်ခုကို ကိုင်၍ တစ်ချက်ချင်းပင် ခေါင်းလောင်းထိုးလျက် ရှိသည်။

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင်"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် ခေါင်းပေါ်မှာလည်း ခမောက်တစ်ခုကိုဆောင်းထားလေသည်။

"ဟင် . . . သည် . . . သည်လူကြီးဟာ စောစောက ငါတို့ရှေ့မှ ဖြတ်သွားတဲ့လူကြီးပဲ။ သူ့နောက်ကို အယ်လူးတို့ လိုက်သွားခဲ့ကြတာ။ သူက ဘယ်လိုကြောင့် သည်ကို ရောက်နေတာလဲ"

မင်းဆွေ အံ့အားသင့်သွားခဲ့ရလေသည်။ ထိုလူကြီး၏အနားကို တဖြည်းဖြည်းနှင့် တိုးကပ်သွားခဲ့သည်။ သူရောက်သွားသောအခါ လူကြီးက ခေါင်းလောင်းထိုးသည်ကို ရပ်လိုက်သည်။ ထို့နောက် နောက်ကို လှည့်ကာ ခေါင်းလောင်းထိုးတံကို ပေးသည်။ နှုတ်ကတော့ ဘာမှ မပြော။ ခမောက်ကို နဖူးအုပ်အောင်ဆောင်းထားသည့်အတွက် မျက်နှာကို အားလုံးမမြင်နိုင်ပေ။ နဖူးအောက်တစ်ဝက်သာ မြင်လိုက်ရသည်။

အသားက ဖြူသည်။ တောက်ပကြည်လင်သော မျက်လုံးများကို ပိုင်ဆိုင်သည်။ ပါးမြိုင်းမွေးပါးပါးဖြူဖြူနှင့် တစ်ထွာခန့်ရှည်သော မုတ်ဆိတ်မွေးဖြူဖြူတို့ကိုသာ တွေ့လိုက်ရသည်။ မင်းဆွေက သစ်သားတံကြီးကို လှမ်းယူလိုက်သောအခါ ထိုလူကြီးလည်း နှုတ်ပင်မဆက်ဘဲ ရင်ပြင်တော်ပေါ်မှ အောက်ကို ဆင်းသွားခဲ့လေသည်။

မင်းဆွေလည်း ခေါင်းလောင်းကြီးကို စိတ်ပါလက်ပါပင် ဆော်ကာ ဆင့်ကာပင် ထိုးလိုက်လေသည်။

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင်"



ခေါင်းလောင်းထိုးသံသည် ရင်ပြင်တော်ပေါ်၌ တစ်ခဲနက်ပျံ့နှံ့သွားခဲ့လေသည်။ စိတ်ထဲမှာလည်း တော်တော်လေးကို ကြည်နူးသွားမိသည်။ ထို့နောက် ရင်ပြင်တော်ပေါ်က ပြန်ပြီးတော့ ဆင်းလာခဲ့သည်။ စောစောက လူကြီးကို ရှာကြည့်မိလိုက်သေးသည်။ မည်သည့်နေရာမှာမှ မတွေ့ရတော့ပါ။ ထို့ကြောင့် စိတ်ထဲမှာ ထူးဆန်းနေမိသည်။ သို့နှင့် သာရာလမ်းအတိုင်း ပြန်ခဲ့လေသည်။

လမ်းမှာလည်း စေတီတော်ဆီသို့ သွားလမ်းကို သေချာစွာ မှတ်သားလာခဲ့သည်။ မှားနိုင်စရာတော့ မရှိပါ။ လမ်းက ပြေပြစ်ရှင်းလင်းသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

## ပျောက်ကွယ်သွားသော မြင်ကွင်းများ

မင်းဆွေသည် မူလနေရာကို ပြန်ရောက်လာခဲ့လေသည်။

"ဟင် . . . အယ်လူးနဲ့ကိုပေါ်လာတို့လည်း ပြန်ရောက်မလာကြသေးပါလား"

အံ့အားသင့်သွားမိသည်။ သူတို့နှစ်ယောက်စလုံး ပြန်ရောက်လာသေးသောကြောင့်ပင်။

"စေတီတော်မှာ ခေါင်းလောင်းထိုးနေတဲ့ လူကြီးဟာ ငါတို့ည်မှာတွေ့လိုက်ရတဲ့လူကြီးပဲ။ သူတို့လည်း အဲသည်လူကြီးကို တွေ့း စကားပြောဖြစ်ကြသလား မသိဘူး"

ထိုသို့တွေးတောနေဆဲမှာပင် စောအယ်လူးနှင့် ပေါ်လာတို့လည်း ရောက်လာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်း ကြာလိုက်တာကွာ။ သည်လူကြီးရဲ့နောက်ကို ဘယ်အထိအောင် လျှောက်ပြီးတော့လိုက်နေရတာလဲ"

"မပြောပါနဲ့တော့ကွာ။ နောက်က တကြော်ကြော်နဲ့အော်ပြီး ခေါ်တော့လည်း မကြား။ တောက်လျှောက်လိုက်နေတော့လည်း သူ့ခြေလှမ်းကို မမီ။ သူကတော့ ပုံမှန်သွားနေတာပဲ။ အပြေးတစ်ပိုင်းနဲ့ လိုက်နေတာတောင် ဘယ်လိုကြောင့် မမီသလဲမသိဘူး။ ဒါနဲ့ မျက်စိအောက်မှာတင် ပျောက်သွားတယ်ကွာ။ ဘယ်ဘက်ကို ထွက်သွားသလဲ မသိဘူး"

စောအယ်လူးက အမောတကောနှင့်ပြောသည်။ ကျေနပ်ပုံမရချေ။

"ကျွန်တော်က ကိုမင်းဆွေကို အားနာလို့ လှည့်ပြန်ခဲ့တာ။ ဘယ့်နယ်ဗျာ ဒါလောက်အားစိုက်ပြီးတော့ လိုက်တာတောင် ဘယ်လိုကြောင့် မမီသလဲမသိဘူး။ စဉ်းစားလို့ကို မရဘူးဗျာ"

**"ခင်ဗျားတို့ကသာ အဲသည်လူကြီးကို မမီတာ။ ကျွန်တော်ကတော့** သူ့ကို ဟိုနားက စေတီ**တော်**မှာ တွေ့ခဲ့တယ်ဗျ"

"ဟင် . . . ဘာ . . . ဘယ်လို သည်လူကြီးကို စေတီတော်ပေါ်မှာ တွေ့ခဲ့တယ် ဟုတ်လား"

"မင်းဆွေ သည်နားမှာ ဘယ်ကစေတီရှိရမှာလဲ။ မင်း ဘာတွေလျှောက်ပြောနေတာလဲ"



"ငါ တကယ်ပြောတာပါ အယ်လူး။ ငါ့နားထဲမှာ ဆည်းလည်းသံ ကြားနေရတယ်။ သေချာရဲ့လားလို့ ထင်ပြီး နားစွင့်ကြည့်တော့ ဆည်းလည်းသံ အမှန်ပဲကွ။ ဒါနဲ့ ငါလည်း အသံကို မှန်းပြီးတော့ လိုက်သွားကြည့်တာ ကမ်းပါးယံပြတ်ကြီးတစ်ခုပေါ်ကို ရောက်သွားတယ်။ လမ်းမှာလည်း နွယ်ပင်တွေ အများကြီးပဲ တွေ့ခဲ့ရတယ်"

မင်းဆွေ ပြောပြနေသည်ကို တအံ့တသြနှင့် ရှိနေကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်လည်း ကြည့်နေမိကြလေသည်။

"ငါ စေတီတော်ဆီကို ရောက်သွားတယ်ကွ။ အဲသည်မှာ လူကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲသည်လူကြီးဟာ တခြားဟုတ်ရိုးလား။ ငါတို့ရှေ့ကနေ ဖြတ်သွားတဲ့ ပိတ်ဖြူဝတ်ထားတဲ့လူကြီးပဲ။ ခမောက်ကြီးဆောင်းလို့လေ။ သူက ငါ့ကို ကျောပေးပြီး ခေါင်းလောင်းထိုးနေတာကွ။ ငါလည်း ဘုရားရှိခိုးပြီးလို့ သူ့အနားကိုရောက်သွားရော သူက ငါ့ကို ခေါင်းလောင်းထိုးတံ လှမ်းပြီးတော့ ပေးတယ်။ ငါလည်း ခေါင်းလောင်းထိုးနေတုန်းမှာ သူလည်း ရင်ပြင်တော်ပေါ်က ဆင်းသွားခဲ့တယ်ကွ။ နောက်တော့ ဘယ်ပျောက်သွားသလဲ မသိဘူး။ ရှာတာလည်း မတွေ့တော့ဘူး"

မင်းဆွေ ပြောပြသည်ကို စိတ်ရှည်စွာပင် နားထောင်နေကြသည်။ နားထောင်နေစဉ်အတွင်းမှာ အံ့အားသင့်ခြင်းများစွာဖြင့် မျက်တောင်**ခတ်ဖို့ပင် မေ့နေကြသလိုပင်။**

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘာဖြစ်နေကြတာလဲကွ၊ ဘယ်လိုအကြည့်မျိုးနဲ့
ကို ကြည့်နေကြတာလဲ၊ ငါ ပြောတာကို မယုံကြတာလား"

သူ့ကို ကြောင်ပြီးတော့ ကြည့်နေကြသော နှစ်ယောက်
မင်းဆွေက တအံ့တဩနှင့် ပြန်ပြီးတော့ မေးလိုက်သည်၊ အတန်ကြာ
ငြိမ်သက်နေကြပြီးမှ . . .

"သည်လိုကွ မင်းပြောတာတွေကို ငါတို့ ကြားနေကြရ
တော်တော်ထူးဆန်းနေတာမို့လို့ကွာ။ မင်းကို မယုံလို့တော့ မဟုတ်ပါ

"မယုံဘူး ယုံတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးထွက်နိုင်တဲ့ အ
အနေမျိုးရှိလို့လား။ ငါ့ကို ရှင်းအောင်ပြောပြဖို့ အချိန်တန်ပြီထင်တယ်"

"သည်လိုကွာ မင်း ပြောသလိုဆိုရင် ဟောသည်အနား
ဝိုက်မှာ စေတီတစ်ဆူရှိတယ်ဆိုတာကို ငါတို့က သံသယဖြစ်နေမိ
ကွ။ အဲ . . . ပြီးတော့ မင်းပြောတဲ့ နွယ်ပင်တွေဆိုတာ ငါတို့သွားလာ
ကြတာ တစ်ခါမှကို မတွေ့ဖူးကြဘူး"

"ဟာ . . . အယ်လူးရော မင်းတို့ ဟောသည်အနားတစ်ဝိုက်
တော့ ခြေရာချင်းထပ်နေကြမှာပါကွာ။ စေတီတစ်ဆူရှိနေတာကိုတော့
မသိဘူးဆိုတော့ မဟုတ်သေးပါဘူး။ ငါတောင် ဖူးလာခဲ့ပြီးပြီပဲ။
ဆီကို မရောက်ခင် အပင်ကြီး နှစ်ပင်သုံးပင်ဆီက နွယ်ပင်တွေ အ
ကြီး တန်းလန်းကြီးကျနေတာ။ အားလုံး အစိမ်းရောင်နုနုလေးတွေ
ပဲကွ"



"အေးဗျာ . . . ခင်ဗျားကလည်း အသေအချာပြောနေတာပဲ
ဘိ။ ကျွန်တော်တို့ကတော့ ဘယ်လိုလက်ခံရမှန်းတောင် မသိတော့ဘူး"

"သည်လိုလုပ်ကွာ မင်းပြောတဲ့နေရာကို ငါတို့ အခုသွားကြည့်
ကြမယ်။ ဘယ့်နှယ်လဲ၊ မင်း ထပ်ပြီးလိုက်နိုင်ပါ့မလား"

"ဘာဖြစ်လို့ မလိုက်နိုင်ရမှာလဲ။ ဘာဝေးတာမှတ်လို့ကွာ"

"ကဲ . . . ဒါဖြင့် သွားကြရအောင်"

သုံးဦးသဘောတူ နေရာမှ ဆင်းသွားခဲ့ကြလေသည်၊ သည်
တစ်ခါ ဦးဆောင်သူက မင်းဆွေ။ နောက်မှလိုက်ကြရသူတွေက အယ်
နှင့် ပေါ်လာတို့နှစ်ဦး။ လမ်းကြောင်းကို သေချာစွာပင် မှတ်သားထား
သည်ဖြစ်၍ လမ်းက အထစ်အငေါ့မရှိပေ။ တစ်နေရာကိုအရောက်တွင်

"ဟင်"

"ဘာဖြစ်တာလဲ မင်းဆွေ"

"သည်နေရာမှာ နွယ်တွေရှိတယ်ကွ။ အခု အပင်ကြီးတွေကိုပါ
တွေ့ရတော့ဘူး"

"ဟုတ်ရဲ့လားကွာ။ မင်းပဲ အမှတ်မှားသလား မင်းဆွေ"

"မမှားဘူး။ သည်နေရာပဲ။ ငါ သေသေချာချာမှတ်ထားတာ"

ပြောမယ့်သာ ပြောလိုက်ရသည် မင်းဆွေသည်ပင် ဇဝေဇဝါ
ဖြစ်သွားခဲ့ရသည်၊ ကမ်းပါးယံအပြတ်ကြီးကို လှမ်းပြီးတော့ မြင်လိုက်ရ
သည်မှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားလို့ နွယ်ပင်တွေက အဲသည်ကမ်းပါးယံအပြတ်ကြီးပေါ် မှာကွ။ စေတီဘက်ဆီကို သွားတည့်ဆီမှာ"

"ဒါဖြင့်လည်း သွားကြရအောင်"

ကမ်းပါးယံအပြတ်ကြီး ဤနေရာတွင်ရှိနေသည်ကိုတော့ သိ ကြသည်။ အေးဆေးစွာပင် တက်သွားခဲ့ကြလေသည်။ လမ်းအတိုင်း မင်းဆွေ၏ နောက်မှ လိုက်သွားခဲ့ကြသည်။ တောက်လျှောက်သာ သွား နေကြသည်။ နွယ်ပင်များ ရှင်သန်နေသည့်အပင်ကြီးများကိုလည်း မတွေ့။ မြက်ခင်းနုနုလေးတွေအစား မြက်ရိုင်းပင်ကြီးများကိုသာ တွေ့ လိုက်ရသည်။ မင်းဆွေလည်း အံ့အားသင့်နေမိသည်။

"စေတီက ဟိုဘက်မှာ"

တစ်ဆက်တည်းမှာပင် တောက်လျှောက်ဆိုသလို မြက်ရိုင်း တောကြီးကို ဖြတ်လာခဲ့ကြသည်။ မင်းဆွေလည်း ဘဝင်မကျစပြုလာ သည်။ နွယ်ပင်များကို မတွေ့ရခြင်း၊ စိမ်းနုသောမြက်ခင်းပင်များအစား မြက်ရိုင်းပင်များကိုသာ တွေ့လိုက်ရသောကြောင့်ပင်တည်း။ ရှေ့မှနေ၍ ဖောနင့်လျှောက်သွားမိသည်။ လက်တွေ့သက်သေအဖြစ် ပြနိုင်ဖို့ဆို စေတီတော်ပင် ရှိတော့သည် မဟုတ်ပါလား။ ထို့အပြင် တစ်ပင်နှင့်တစ် ပင် အကိုင်းအခက်အရွက်များက ထီးများမိုးပမာ ဖြန့်ကားပြီး ဆက်စပ်နေ ကြသည့် အပင်ကြီးများကိုလည်း မတွေ့ခဲ့ရ။ မိမိပဲ လမ်းမှားပြီးတော့ တစ်နေရာကို ရောက်လာခဲ့သလားဟု သံသယတွေ ဝင်နေမိသည်။



တစ်နေရာကိုရောက်သောအခါ . . .

"ဟင်"

မင်းဆွေ အံ့အားသင့်သွားခဲ့ရလေသည်။ စေတီတော်ကို မတွေ့ရတော့ပေ။ ယင်းနေရာတွင် ဖုန်းဆိုးတောကြီးတစ်ခုကိုသာ တွေ့ လိုက်ရသည်။ သူ့မျက်လုံးတွေက ကျီးကန်းတောင်းမှောက်သည့်ပမာ တစ်နေရာတည်းမှာပင် အပြန်ပြန်အလှန်လှန် ရှာနေမိသည်။

"ဘယ်လိုဖြစ်တာလဲ မင်းဆွေ"

"အေးကွာ . . . ငါလည်း ဘယ်လိုမှစဉ်းစားလို့ကို မရတော့ ဘူး။ စေတီတော်နဲ့ခေါင်းလောင်းကြီးရယ်၊ ဟိုလှူကြီးရယ်ကို ငါ တွေ့ခဲ့ တာ သည်နေရာမှာပဲကွ။ အတိအကျပဲ"

"မင်း နေရာများမှားသလားကွာ။ ငါတို့ သိရသလောက်ဆိုရင် လည်း သည်အနားမှာ စေတီ၊ ခေါင်းလောင်းဆိုတာတွေ ရှိတယ်လို့ မကြားဖူးခဲ့ဘူး။ ငါတို့လည်း ကြုံရင်ကြုံသလို ဖြတ်သွားဖြတ်လာ လုပ်နေ ကြတာပဲ။ တစ်ခါမှ မတွေ့မိပါဘူး"

"ဟုတ်တယ် . . . ကိုမင်းဆွေ။ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"အေးဗျာ . . . အကြောင်းတစ်ခုခုကြောင့်ပေါ့"

ထိုနေရာမှလှည့်ပြီးတော့ ပြန်ကြသည်။ မိမိမှတ်သားထားခဲ့ သော အမှတ်အသားများ လွဲမှားနေခြင်း၊ အရိုးပျောက်ဆုံးနေကြခြင်း သည်တို့ကို ပြန်ပြောင်းပြီး စဉ်းစားသော် တိကျစွာရှိခဲ့သော်တို့သည် အားလုံး လွဲချော်သွားခဲ့ကြသည်။ အဖြေရှာမရသော ပုစ္ဆာတစ်ပုဒ်ပင်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ကြုံခဲ့ရတဲ့အဖြစ်အပျက်က တော်တော်အံ့အား[illegible]

ရောပဲ။ သည်တော့ သည်တောင်ထဲမှာ ခြေရာချင်းထပ်အောင် [illegible]

လာနေကြတဲ့သူတွေဟာ သည်လိုအတွေ့အကြုံမျိုးနဲ့ တစ်ခါမှ မတို[illegible]

ကြဘူး။ ဟို . . . အစ်ကို အဲသည်မှာ ခဏတစ်ဖြုတ်နားရင်း အိပ်[illegible]

မက်သွားတာတော့ မဟုတ်လောက်ပါဘူးနော်"

"အိပ်မက်မက်တယ်ဆိုတာ အိပ်ပျော်မှ မက်တတ်ကြ[illegible]

ညီမရဲ့"

"ဟုတ်တာပေါ့လေ။ အိပ်မပျော်ဘဲနဲ့ အိပ်မက်က ဘယ်လို[illegible]

နိုင်မှာလဲ . . . အဟင်း . . . ဟင်း . . . ဟင်း"

"ကိုယ် မအိပ်ခဲ့တာတော့ အမှန်ပဲ။ ဆည်းလည်းသံကြ[illegible]

အဲသည်မိန်းရှာတို့ တကယ်ထွက်သွားခဲ့တာကိုလည်း သိနေတယ်။ လ[illegible]



တာ သစ်ပင်တွေ အနေအထားတွေကိုလည်း မှတ်မိနေတယ်။ စေတီ

တော်ကို ဖူးပြီး ခေါင်းလောင်းထိုးခဲ့ရတာကလည်း အသေအချာပဲ။

အဲသည်လူကြီးကတောင် ခေါင်းလောင်းထိုးတံကြီးကို လှမ်းပေးလိုက်

သေးတယ်။ ဒါပေမဲ့ တောအယ်လူးတို့ရောက်လာတော့ သူတို့ကို လိုက်

ပြတာ အားလုံးတလွဲချည်းဖြစ်ကုန်တယ်"

"တစ်ခါတလေ အိပ်မက်ထဲမှာ တကယ်လိုလိုထင်ရတာ

အစ်ကိုရဲ့။ အင်း . . . အိပ်မက်မဟုတ်ခဲ့ရင်တော့ တော်တော်တွေးရခက်

တဲ့ကိစ္စပဲနော်"

မင်းဆွေ သိပါသည်။ နော်ဖူးငုံကိုယ်တိုင်ကပင် သူ့အပေါ်မှာ

ယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသည်ဟု။ ထို့ကြောင့် ဤကိစ္စအတွက်

သူ့ကိုမှ အပြစ်မတင်ပါ။ မည်သူတွေက မည်သို့ပင်ထင်ထင် ကိုယ့်

အလည်မှုနှင့်ကိုယ်သာ နေလိုက်ပါလေတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

မင်းဆွေ ပြန်ရန် ခွင့်ရက်က လိုသေးသည်။ အယ်လ
မောင်နှမ၏ တောင်ယာလုပ်ငန်းကလည်း အားရစရာကောင်းလှသ
လှုပ်ရှားများပင် ခေါ်၍လုပ်ရသည်။ ထိုရက်များသည် သီးနှံဆွတ်ခူးချိန်
၍ သူတို့မောင်နှမနှစ်ယောက်စလုံး မအားလပ်ကြပါ။ မင်းဆွေသ
တောင်ယာထဲကို သွားလိုက်၊ တဲဆီကို ပြန်လာလိုက်နှင့်သာ ရှိ
သည်။ တောတောင်သဘာဝရှုခင်းများ၏ အရသာကို စိတ်ကြ
တဝကြီးပင် ခံစားနေနိုင်သည်။

သာမန်ဆိုလျှင် တစ်ပတ် ဆယ်ရက်လောက်နှင့် ပျင်းပြီး



ပ်မှာဖြစ်သည်။ ယခုတော့ နော်ဖူးငုံဆိုသည့် မိန်းမချောလေးနှင့် မမျှော်
င့်ဘဲ ဆုံမိရသည်။ အတိတ်ကံပါလာကြသည်ဟုပဲ ဆိုရလေမလား
သိ။ ရက်တိုတိုနှင့်ပင် ချစ်သူများဘဝကို ရောက်သွားခဲ့ကြသည်မှာ
အံ့အားသင့်စရာပင်၊ တစ်ယောက်အပေါ် တစ်ယောက် နှလုံးသားချင်း
လှယ်ပြီးကြပြီဖြစ်၍ ဤသံယောဇဉ်ကြောင့် မင်းဆွေတစ်ယောက်
ပြန်နိုင်သေးဘဲ ရှိနေရသည်။

မင်းဆွေ တဲမှာ တစ်ယောက်တည်းရှိနေစဉ် နော်ဖူးငုံတစ်ဦး
ည်း ပြန်လာခဲ့သည်။ တဲထဲမှာ မင်းဆွေက တုံးလုံးပက်လက်လှဲနေစဉ်

"အစ်ကို တစ်ယောက်တည်း ပျင်းနေပြီလား"

"မပျင်းပါဘူး ညီမရယ်။ ညီမကို စဉ်းစားပြီးတော့နေနေတာ
င်းချိန်တောင် မရပါဘူး"

"ဟွန်း . . . အပိုတွေ။ သူလား မြို့က မိန်းကလေးတွေကို
တိရနေပြီးတော့။ အဲဒါကြောင့် ပြန်ချင်နေပြီမဟုတ်လား"

"မဟုတ်ဘူး။ ညီမကို မခွဲနိုင်လို့ မပြန်ချင်တာ"

ပြောပြောဆိုဆို သူမ၏ခါးလေးကို ဆွဲဖက်လိုက်ကာ ရင်ခွင်ထဲ
ဆွဲသွင်းလိုက်သည်။

"အို . . . အစ်ကို လူတွေ တွေ့သွားရင်"

"အနားမှာ ဘယ်သူမှ မရှိဘူး။ ကြောက်မနေနဲ့"

နော်ဖူးငုံက သူ့ကို ချစ်စဖွယ်မျက်စောင်းလေးနှင့် မရှုံ့ယယ်မိ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနော် . . . မြို့ကိုပြန်သွားရင် ညီမကို မေ့သွားမှာလား"

အရှိုးခံတောသူမလေးက သူ့ကို ရိုးစင်းစွာပင် မေးရှာသည်။

"မေ့လို့ရမယ်တဲ့လားကွယ်။ သည်အချစ် သည်သံယောဇဉ်တွေကို ကိုယ်က အကုန်ယူသွားမှာ"

"ဟွန်း . . . ညီမအတွက်လည်း ချန်ထားခဲ့ပါဦး အဟင်း . . . ဟင်း"

နော်ဖူးငုံသည် ရင်ခွင်ထဲမှာ လူးလဲကာထလိုက်ပြီး . . .

"အစ်ကိုတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ လာခဲ့တာ။ ပြီးတော့ ဘယ်သူ့မှမရှိတုန်း တစ်ယောက်တည်း ပြန်သွားပြီလားလို့"

"တစ်ယောက်တည်းတော့ မပြန်ဘူး။ ဟောသည် နော့်ကိုခေါ်သွားမှာ"

"ဟာ . . . အစ်ကိုကလည်း သည်လိုဘယ်ဖြစ်ဦးမှာလဲ ရှက်ချင်းကြီး။ အစ်ကိုအယ်လူးကို မျက်နှာပူစရာကြီး။ ခုတောင် သူအသိနေပေမယ့် ညီမ အစ်ကို့ရှေ့မှာ မနေတတ်ဘူး။ ရှက်တယ်"

"ကိုယ်လည်း ယောက်ဖလောင်းကြီးကို ရှက်မိတာပဲ"

"အံမယ် . . . ဒါလား ရှက်တဲ့မျက်နှာ"

နော်ဖူးငုံသည် မင်းဆွေ၏ ပါးတစ်ဖက်ကို လက်ဝါးနှင့်ပုတ်ကာ ကျီစယ်လိုက်သည်။ သူမ၏လက်ဖဝါးကို ပြန်ပြီးတော့ ဆုပ်ကိုင်လိုက်လေသည်။

× × ×

BURMESE CLASSIC

## အခန်း ( ၁၁ )

## နှုတ်ဆက်ည

ညဘက်တွင်ဖြစ်သည်။ ချက်ချင်းလိုလို ရောက်လာတတ်သော အအေးဓာတ်ကြောင့် ညနေစောင်းကတည်းကပင် တဲကြီး၏ရှေ့မှာ မီးပုံကြီးတစ်ပုံကို ဖိုထားရသည်။ မင်းဆွေသည် နောက်ပိုင်းတွင် တဲမှာသာ အနေများခဲ့သည်။ ဤသည်ကလည်း စောအယ်လူးတို့၏ တောင်ယာအလုပ်နှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။

မင်းဆွေသည် သူ့အဝတ်အိတ်ကြီးနှစ်အိတ်ထဲမှ အဝတ်အထည်များကို ထုတ်နေသည်။ အသစ်များလည်း ဖြစ်သည်။ အနို့အဟောင်းများလည်း ဖြစ်သည်။ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို သေးသေးလေး နှစ်လုံး၊ လက်သည်းညှပ်ကအစ အခြားတောက်တိုမယ်ရများ ပါဝင်သည်။

စောအယ်လူးတွင် ညီမလေးတစ်ယောက် ရှိသည်ဟုဆို၍

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရွယ်ရှိမှန်း မသိ။ ထို့ကြောင့် မသုံးမဖြစ် မိန်းကလေးပစ္စည်းအချို့ကို စိတ်ကူးနှင့် မှန်းဆကာ ဝယ်ယူလာခဲ့ခြင်းပင်ဖြစ်သည်။ ယခု လက်ဆောင်ပေးရပေတော့မည်။

"အယ်လူးလည်း ရောက်မလာသေးဘူး"

"သြော် . . . ပေါ်လာ့နေတဲ့နေရာက နည်းနည်းလှမ်းတယ်လေ။ အိမ်မှာ ပေါ်လာမရှိလို့ ထိုင်စောင့်နေတာလားမှ မသိတာ"

နော်ဖူးငုံသည် အပြင်ကိုထုတ်လိုက်သော ပစ္စည်းများကို ကြည့်လိုက်ပြီး . . .

"သည်ပစ္စည်းတွေကို ပင်ပင်ပန်းပန်းနဲ့ ယူလာခဲ့တာ သိပ်ပြီးတော့ အားနာဖို့ကောင်းတာပဲ။ ဘာဖြစ်လို့ ဒါလောက်အများကြီး ယူလာခဲ့ရတာလဲ"

"စောအယ်လူးတို့မောင်နှမအတွက်ပါ။ သူ့မှာ ညီမတစ်ယောက်ရှိတယ်ဆိုလို့ ကလေးသာသာပဲ မှတ်တာ။ ခုတော့ ဒါလောက်ကြီးရှိနေမှန်း မသိဘူး"

"ဘာ သည်လောက်ကြီးလဲ။ ဟွန်း . . . ကလေးသာသာလို့ ထင်ရအောင် မောင်နှမချင်း အရွယ် ဒါလောက်ကွာခြားပုံမလား"

"ကိုယ်က အဲသလောက်အထိ မစဉ်းစားမိဘူးလေ"

မင်းဆွေသည် ဖျတ်ခနဲဆို မျက်နှာက ချင်းချင်းပင် တည်သွားပြီး သူ၏လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်ကာ နော်ဖူးငုံ၏လည်ပင်းမှာ ဆွဲ



ပေးလိုက်သည်။

"အ . . . အစ်ကို . . . ဒါ . . . ဒါ ဘာလုပ် . . ."

"ကိုယ့်ရဲ့လက်ဆောင်ပါကွယ်။ လက်ခံပါ"

"အို . . . အစ်ကိုကလည်း မဟုတ်တာ။ ညီမ မယူချင်ပါဘူး"

နော်ဖူးငုံက ဆွဲကြိုးကို ပြန်ချွတ်မည်ပြုရာ . . .

"ညီမကလည်းကွယ် ပြန်မပေးပါနဲ့။ ဒါ ချစ်သက်လက်ဆောင်ပေးတာပါ။ စိတ်သန့်သန့်ထားပြီးတော့ လက်ခံပါ"

"ညီမ တကယ်မယူရဲလို့ပါ အစ်ကို။ ညီမ အစ်ကို့ကိုချစ်နေရရင် တော်ပါပြီ။ ဒါတွေ မလိုပါဘူး"

"ညီမရဲ့စိတ်ကို အစ်ကို နားလည်ပါတယ်။ ဒါပေမဲ့ အစ်ကိုကလည်း ဒါလေးကို ဝတ်စေချင်လို့ ပေးတာကို နားလည်စွာနဲ့ လက်ခံသင့်ပါတယ်"

"ဒါပေမဲ့ အစ်ကို"

နော်ဖူးငုံ၏စကားမဆုံးလိုက် စောအယ်လူးနှင့် ပေါ်လာတို့ ရောက်လာကြသောကြောင့်ပင်။

"ဟား . . . သည်ကောင်ကြီး ခရီးလွန်နေလို့ ငါ စောင့်နေရတာ ကြာသွားတယ်။ ဒါတောင်မှ နောက်နေ့မှလာမယ်ဆိုလို့ မနည်းခေါ်လာခဲ့ရတယ်"

"ဟုတ်လား . . . နင်က ခုညမှာကိစ္စရှိလို့ခေါ်တာကို ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့ လိုက်မလာချင်ရတာလဲ ပေါ်လာ"

"ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ကိုမင်းဆွေက စောစောအိပ်တတ်တယ်လေ။ ငါတို့ စကားကောင်းနေကြရင် သူ စောစောစီးစီးမအိပ်ရဘဲ အိပ်ရေးပျက်နေမှာစိုးလို့"

"အိပ်ရေးမပျက်ပါဘူးဗျာ။ ကျွန်တော် ပြန်မယ့်ရက်ကလည်း နီးလာပြီလေ။ ဒါကြောင့်မို့ ခင်ဗျားတို့နဲ့လည်း စကားဝဝပြောချင်လို့ပါ"

မင်းဆွေက ပြန်ဖို့ရက်ဟု ပြောလိုက်သဖြင့် နော်ဖူးငုံမှာ သိသာစွာပင် မျက်နှာပျက်သွားခဲ့ရလေသည်။ မင်းဆွေ၏ဆန္ဒအရ တဲကြီး၏အတွင်းဘက်မှာ စုပြီး ထိုင်ကြသည်။ မင်းဆွေက ဂျင်းဘောင်းဘီအသစ်တစ်ထည်၊ ဆွယ်တာလက်ရှည်တစ်ထည်နှင့် အိတ်ဆောင်ရေဒီယိုတစ်လုံးကို ပေါ်လာရှေ့မှာ ချပေးလိုက်သည်။

"ကျွန်တော့်လက်ဆောင်ပါ"

"ဟာ . . . ကိုမင်းဆွေကလည်းဗျာ ကျွန်တော် မယူပါရစေနဲ့ဗျာ။ အားနာလွန်းလို့ပါ"

"မဟုတ်တာဗျာ။ ဒါ ကျွန်တော့်စေတနာမို့ လက်ခံပါ ကိုပေါ်လာ"

"ဟုတ်တယ်လေကွာ။ မင်းဆွေက မင်းကို ပေးချင်လို့ ငါတို့ လိုက်ရှာနိုင်းတာ။ ယူလိုက်ပါကွာ။ သူ စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ ပေါ်လာ"



"ယူလိုက်ပါ ပေါ်လာရယ်။ သူက နင့်ကို ခင်မင်မှုနဲ့ပေးတာ ငြင်းပါနဲ့"

ထိုအခါကျမှ ပေါ်လာသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး . .

"အေး . . . အေးဗျာ ကျေးဇူးပါပဲ ကိုမင်းဆွေ။ ခင်ဗျားဟာ စောအယ်လူးတို့ မောင်နှမလိုပဲ ကျွန်တော့်အတွက် တကယ်စစ်မှန်တဲ့ မိတ်ဆွေတစ်ယောက်ပါပဲဗျာ"

ထို့နောက် ကျန်လက်ဆောင်ပစ္စည်းများကို စောအယ်လူးနှင့် နော်ဖူးငုံတို့အား အသီးသီးခွဲဝေပေးလိုက်လေသည်။ ပေါ်လာသည် ဂျင်းဘောင်းဘီကို တဖြန့်ဖြန့်နှင့်ဖြစ်ကာ နှစ်သက်နေမိသည်။ ဤလိုအသစ်ချပ်ချွတ်အဝတ်အစားမျိုးကို သူ တစ်ခါမှ မဝတ်ဘူးပါလေ။ လက်ဆောင်ပစ္စည်းရတော့လည်း ကလေးတစ်ယောက်ပမာ ဟန်မဆောင်နိုင်ရှာ။ တဲရှေ့မီးပုံမှ အလင်းရောင်၏ နော်ဖူးငုံ၏လည်ပင်းမှ ရွှေဆွဲကြိုးသည် လက်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ထိုအခါ စောအယ်လူး၏အကြည့်သည် သူ့ညီမဆီကို ရောက်သွားခဲ့လေသည်။ အကြည့်က တစ်ဖန် မင်းဆွေဆီကို ရောက်သွားပြန်သည်။ မင်းဆွေ၏လည်ပင်းမှာ ဆွဲထားသည့်ဆွဲကြိုးအား မရှိတော့။ ထိုအခါ စောအယ်လူးသည် မသိမသာပြုံးမိလိုက်သည်။ သိချင်ယောင်ဆောင်လိုက်မိလေသည်။ မင်းဆွေနှင့် သူ့ညီမ နော်ဖူးငုံတို့ သူကိုယ်တိုင်က နီးစပ်စေချင်ခဲ့သည်။ နှုတ်က ဖွင့်မပြောရုံပင် သဘောတူခဲ့သည် မဟုတ်ပါလား။ ရိုးသား ကြိုးစားသော မင်းဆွေ၏

www.burmeseclassic.com

www.burmeseclassic.com



တရိစ္ဆာကို သူ ကောင်းစွာပင် သိနေခဲ့သည်ပဲလေ။

နော်ဖူးငုံသည် သူတို့အတွက် စားစရာ သောက်စရာများကို စီစဉ်ပေးခဲ့ပြီး နေရာမှ ထသွားခဲ့လေသည်။ အခန်းကလေးထဲတွင် တုံးလုံးလှဲနေမိသည်။ မင်းဆွေ ပြန်မည့်ရက်က နီးကပ်လာသောကြောင့် ကြိတ်ကာ ဆွေးနေမိလေသည်။

× × ×

တောသူတောင်သားတို့၏ သဘာဝ၊ ရိုးသားဖြူစင်လှသည်။ မိမိတို့ထံ လာလည်သော မိတ်ဆွေကို သားကောင်များ ရှာဖွေသတ်ဖြတ်ပြီးတော့ ကျွေးသည်။ အကုသိုလ်အလုပ်ပင်ဖြစ်လင့်ကစား ခင်မင်မှုကို အလေးထား၍ မိမိ၏အလုပ်ကို အကုသိုလ်ဟု မမြင်မိကြ။ မင်းဆွေသည် ထိုသို့ အနစ်နာခံပြီး သူတစ်ပါးအသက်နှင့် ဧည့်ဝတ်ကျေပွန်ကြသော သူများကို ချီးမွမ်းသည်၊ ဝမ်းလည်းသာသည်၊ စိတ်မကောင်းလည်း ဖြစ်မိသည်။

"မင်းရောက်လာမှ အမဲလိုက်ပြီး ကျွေးမွေးတာမဟုတ်ပါဘူးကွာ။ သီးသန့်အလုပ်ကြီးလုပ်နေတာ မဟုတ်ပါဘူး။ မင်း ရောက်မလာတုန်းကလည်း ငါတို့ ရံဖန်ရံခါ မုဆိုးတစ်ပိုင်းအလုပ်ကို လုပ်နေကြတာပါ"

"ဒါတော့လည်း ဒါပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် မင်းတို့ရဲ့စေတနာတော့ လေးစားပြီးသားပါ။ ငါလည်း မင်းဆို့ဆီကိုလာလည်မိမှ သည်လို



စေတနာမျိုးကို ကိုယ်တွေ့ခံစားမိတာပါ"

"ကိုမင်းဆွေကလည်းဗျာ အယ်လူးပြောသလိုပဲ ကျွန်တော်တို့က သည်အလုပ်တွေကို မိရိုးဖလာအလုပ်လို့ပဲ သဘောထားတယ်။ တောကောင်ရှိရင် မုဆိုးရှိမယ်။ မုဆိုးဆိုတာ သားကောင်ကို ရှာမှာပဲ။ ပစ်ခတ်မှာပဲ။ ဘာဆန်းတာမှတ်လို့ဗျာ။ သူများတစ်တွေ အကူအညီတောင်းကြရင်လည်း သားကောင်ရှာပေးရတာပဲ။ အဲဒါတွေကို တွေးပြီးတော့ စိတ်မကောင်းဖြစ်မနေပါနဲ့ဗျာ။ ရောက်တဲ့အခိုက် ပျော်ပျော်သာ နေစမ်းပါ။ ကျွန်တော်က သိပ်ပြီးပျော်တတ်တဲ့ကောင်မျိုး မဟုတ်ဘူး။ ကိုယ့်ဘဝကို အမြဲတမ်း မကျေမနပ်ဖြစ်နေတဲ့ကောင်။ အခု ကိုမင်းဆွေနဲ့ မမျှော်လင့်ဘဲ မိတ်ဆွေဖြစ်ရတော့ ပျော်တယ်။ ခံစားမိတယ်။ ပေါ်လာသည်တစ်ခါလောက် အပျော်ဆုံးဖြစ်မိတာမျိုး မရှိခဲ့ဘူး။ တကယ် . . . တကယ်"

ပေါ်လာသည် ပင်ကိုစကားနည်းသလောက် ယခုလို သုံးဆောက်ဆုံမိကြသောအခါ အာဝဇ္ဇန်းရွှင်လာသည်။ ပျော်လွန်း၍ သမကာကို မှိုဝဲမိသည်။ ထူးခြားသော သူ့မျက်နှာကြီးသည် ဝမ်းထဲဝင်သွားသည့် ယမကာအရှိန်ကြောင့် ပိုပြီးတော့ ပြောင်းလဲလာသည်။ မင်းဆွေလည်း အယ်လူးနှင့်ပေါ်လာ ကျေနပ်စေရန် အနည်းအကျဉ်း မှီဝဲရာတာအစ အရှိန်မသတ်နိုင်တော့။

ညဥ့်ကား တဖြည်းဖြည်းနှင့်နက်လာခဲ့လေပြီ။ သူတို့သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com

သား စကားတပြောပြောနှင့် အရိုန်က တက်နေတုန်း၊ ပတ်ဝန်းကျင်တွင် သူတို့၏ တဲတစ်လုံးသည်သာ အသက်ဝင်နေသည်။ သိပ်သည်းသော အအေးဓာတ်ကို မီးဖိုမှ မီးတောက်များက တွန်းလှန်နေကြရသည်။ သောဘီကာရံထားသော တဲပေါ်ကိုပင် လေအေးအေးက တစ်ချက်တစ်ချက်မှာ ဝှေ့ယမ်းကာ တိုက်ခတ်လာသည်။

ထိုစဉ် . . .

"ဖရဲ . . . ရှဲ . . . ရှဲ . . . ရှဲ"

ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးထက်မှာ ထွက်ပေါ်လာသော အသံ၊ တစ်ခါတစ်ရံမှာ ဖိုးင်များ၊ ငှက်ကြီးများ လာရောက်၍ နားခိုတတ်ကြသည်။ အချို့ ဤသစ်ပင်ကြီးကို အသိုက်ပမာ သဘောထားပြီး အခိုင်တန်းတက်ကြသည်၊ သို့သော် ပေါ်လာ၏အကြည့်သည် ဖျတ်ခနဲ ထိုသစ်ပင်ကြီးဆီကို ရောက်သွားသည်။ သူ ဘာကိုတွေ့မိလိုက်သလဲ မသိ။

"အယ်လှူး . . . ငါ့ကို ဒူးလေးနဲ့မြားစုးပေးစမ်း"

အမှတ်တမဲ့ တောင်းလိုက်သဖြင့် စောအယ်လှူးလည်း မဆေး တော့ဘဲ နံရံမှာ ချိတ်ထားသည့် ဒူးလေးနှင့်မြားကျည်တောက်ကို ပေး လိုက်သည်။ ပေါ်လာသည် ညအမှောင်ကို ပိုပြီးတော့ မြင်နိုင်စွမ်းရှိသော ရကား ယခုလည်း ငှက်အကောင်ကြီးကြီးတစ်ကောင်ကို တွေ့လိုက်ဟန် တူသည်။ တော်ရုံအကောင်လောက်နှင့်တော့ ဒူးလေးကို သုံးမှာမဟုတ်



စကားသံလည်း တိတ်ဆိတ်သွားသည်၊ ထို့ကြောင့် ဝန်းကျင် သည်လည်း ပိုပြီးတော့ တိတ်ဆိတ်သွားသည်ဟု ထင်မိသည်၊ ပေါ်လာ သည် ဒူးလေးတွင် မြားစုးကို ကျင်လျင်စွာတင်လိုက်သည်။ ထိုင်လျက် တပင် သစ်ပင်ကြီးဆီကို လှမ်းပြီးတော့ ချိန်လိုက်သည်။ မင်းဆွေနှင့် စောအယ်လှူးတို့သည် ပေါ်လာ ဒူးလေးနှင့်လှမ်းပြီးတော့ ချိန်ထားသည့် သစ်ပင်ကြီးဆီကို စိတ်ပါဝင်စားစွာဖြင့် လှမ်းပြီးတော့ ကြည့်နေမိကြသည်။

သို့သော် . . .

အမှောင်ထဲကို မြင်နိုင်စွမ်းမရှိကြ။ ဘာကိုမှ မမြင်နိုင်ကြ၊ ထိုစဉ်မှာပင် လေတိုက်လိုက်စဉ်မှာ သစ်ရွက် သစ်ကိုင်းအချို့က ရွေ့ လျားသွားခဲ့ကြသည်။ ထိုအခါ စိမ်းပြာရောင်တောက်ပနေသော လောက်စာလုံးသာသာရှိ အလုံးလေးတစ်လုံးကို အမှတ်မထင် မြင်တွေ့ လိုက်ကြရသည်၊ ယင်း တောက်ပသောအလုံးကလေးကို မည်သည့်လဲ ဟု စဉ်းစားနေကြဆဲမှာပင် . . .

"ထောင်း"

"ဖောက် . . . ဖောက် . . . ဖောက်"

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

ဒူးလေးညို့မှ ပြင်းထန်ကျယ်လောင်စွာ ထွက်သွားသောအသံ၊ မြားစုးသည် သစ်ပင်ရွက်များကို ပွတ်တိုက်ကာ ထွက်သွားသည်။ ချက်ချင်းလိုလိုပင် ကြောင်တစ်ကောင်၏ ဒေါသတကြီးနှင့် အော်လိုက်

www.burmeseclassic.com



သံကြီးကို ကြားလိုက်ကြရသည်။

"ဖရဲ . . . ရှဲ . . . ရှဲ . . . ဖျောက် . . . ဖျောက် . . . ဖျောက်"

အပင်ကြီးတစ်ပင်လုံး သိမ့်သိမ့်ခါကာ လှုပ်ရှားသွားသည်။ သစ်ပင်ကြီး၏ သစ်ကိုင်းသစ်ရွက်များက တဖျောက်ဖျောက်နှင့် တရေ... မြည်ကာ သတ္တဝါတစ်ကောင်က ပြုတ်ကျလာသည်။

"ဘုန်း"

ထိုအရာသည် မြေပြင်ပေါ်ကို ဘိုင်းခနဲဆို ပစ်ကျလာခဲ့သည်... စောအယ်လူးနှင့် မင်းဆွေတို့သည် ထိုသတ္တဝါကို မမျှော်လင့်ဘဲ ... လိုက်ကြရ၍ အံ့အားသင့်သွားခဲ့ကြရလေသည်။ ယင်းကား အခြား မဟုတ် ကြောင်ဖြူရိုင်းကြီးပင်တည်း။

ကြောင်ဖြူရိုင်းကြီးသည် မျက်လုံးတစ်လုံး ပောက်ပက်... အကျည်းတန်လှသည်။ တစ်လုံးတည်းသောမျက်လုံးမှာ စိမ်းပြာရော... တောက်လျက်ရှိကာ သူတို့ကို ဒေါသတကြီးနှင့် ကြည့်နေသည်။ မြေ... က သူ့ကိုမထိဘဲ လွဲချော်သွားဟန်တူသည်။ ဤနေရာမျိုးမှာပင် ကြော... ဖြူရိုင်းကြီးရောက်လာခဲ့သည့်အတွက် အံ့အားသင့်နေမိကြလေသည်... ပေါ်လာသည် နောက်ထပ်မြားစူးတစ်ချောင်းကို ဒူးလေးမှာ ကြိုတ်... တော့ တင်ထားပြီးဖြစ်လေသည်။ ချက်ချင်းမှာပင် . . .

"ထောင်း"

ဒုတိယမြားစူးတစ်ချောင်းက ကျယ်လောင်သော အသံကြီး...



...ထွက်သွားခဲ့ပြန်လေသည်။

"ညောင်း"

ကြောင်ဖြူရိုင်းကြီးကလည်း လန့်ပြီးတော့ အခုန် မြားစူးက ...ကြောင်ဖြူရိုင်းကြီး၏ နားရွက်ကို ဖောက်ကာ ထွက်သွားခဲ့သည်။

"ဖျော . . . ဖျော . . . ဖျော . . . ဖျော"

ကြောင်ဖြူရိုင်းကြီးသည် နေရာမှ ပြေးထွက်သွားသည်။ ချုံများ... တိုးကာ ပြေးထွက်သွားခဲ့သည်ဖြစ်၍ အဝေးကိုပင် ရောက်သွားခဲ့ ...သပြီ။

"တောက် . . . သည်အကောင်ကြီး မသေနိုင်သေးဘဲကိုး။ ...ဘ်တော့ကို အသက်ပြင်းတယ်။ သည်အထိအောင်ရောက်လာသေး ...သ်ကွာ။ အံ့ရော . . . အံ့ရော"

ပေါ်လာသည် မကျေမချမ်းနှင့် ပြောလိုက်သည်။

"ဒကာ်ရာတော့ရသွားပြန်ပြီကွ။ တော်တော့ကို အငြိုးကြီးတဲ့ ...သင်ကြီးပဲ"

"သည်လိုကြောင်မျိုး တစ်ခါမှ မမြင်ဖူးဘူးကွာ။ ဘယ်လောက် ...မှ သင်းရဲ့အသက်ကို ငါ နှုတ်ယူနိုင်မလဲ မသိဘူး"

ဒူးလေးပစ်ခတ်သံ၊ ကြောင်ဖြူရိုင်းကြီး၏ အော်သံများကြောင့် ...လှငုံလည်း လန့်ပြီးတော့ နိုးလာခဲ့လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မနက်ဆိုလျှင် မင်းဆွေ ရန်ကုန်ကို ပြန်ရတော့မည် ဖြစ်သည်။ စောအယ်လူး၊ ပေါ်လာတို့နှင့်အတူ တောထဲတောင်ထဲသို့ မသွားတော့ဘဲ လွန်ခဲ့သည့်နှစ်ရက်လောက်ကတည်းက အနားယူထား အားမွေးထားခဲ့သည်။ ညနေပိုင်းကိုရောက်တော့ ယာခင်း၊ စိုက်ခင်းပိုင်ရှင် အသိမိတ်ဆွေအချို့က စောအယ်လူးဆီကို ရောက်လာခဲ့ကြသည်။

"အယ်လူး . . . ညက ငါတို့ရဲ့စိုက်ခင်းထဲ တောဝက်တွေ ဝင်ပြီး မွှေသွားလို့ကွာ။ သည်ညည ငါတို့နဲ့ကူပြီးတော့ နှိမ်နင်းပေးပါဦး"

"ဟေ . . . ဟုတ်လား။ သည်ကောင်တွေ တစ်ကြောထလာ ခဲ့ပြန်ပြီလား။ ငါလည်း ဒါမျိုးဆိုရင် နည်းနည်းလေးမှ သည်းမခံနိုင်ဘူး သွားနှင့်ကြကွာ။ ငါ မမောင်ခင် လိုက်ခဲ့မယ်"

ထိုသူများ ထွက်ခွာသွားခဲ့ကြသည်။ နောက်ထပ် လေးသော ဒူးလေးသမား ရသလောက်ကို ထပ်ပြီး စုရပေဦးမည်။

"အစ်ကို လိုက်သွားမလို့လား"

"လိုက်သွားရမှာပေါ့ ညီမရယ်။ သည်တောဝက်တွေ နှိမ်နင်းနိုင်မှ တန်ကာကျတာ။ တော်ကြာ တို့အခင်းဘက်ကို ကူးလာမှ ကြောက်ရတယ်။ မင်းဆွေ . . . ငါ တစ်အောင့်ကြာလိုက်သွားဦးမယ် ကွာ။ ငါ မင်းကို မနက်ကျရင် ဘူတာအထိ လိုက်ပို့နိုင်မှာပါ။ မိုးမလင်း မီ ပြန်လာခဲ့မယ်"

"အေးပါကွာ . . . ရပါတယ်"



စောအယ်လူးသည် သုံးယောက်အတူ ထမင်းလက်ဆုံစားပြီး နောက် ဒူးလေးနှင့် မြားအပြည့်ထည့်ထားသော ကျည်တောက်ကို ယူ ကာ ထွက်သွားခဲ့လေသည်။

× × ×

နံ့မျက်စ သုံးရက်လလေးသည် တဖြည်းဖြည်းနှင့် မြင့်တက် လာခဲ့ပေပြီ။ တဲရှေ့တွင် မီးပုံကြီးတစ်ပုံကို နှစ်ယောက်အတူ ဖိုပြီး တဲပေါ် ကို တက်လာခဲ့ကြလေသည်။ စောအယ်လူးက တော်တော်နှင့် ပြန်လာ မှာ မဟုတ်။ သန်းခေါင်သန်းလွဲကျမှ လာတတ်ကြသော တောဝက်များ ကို ပစ်ခတ်ဖမ်းဆီးရန် လုံးပန်းနေကြသည့်အချိန်။

"အစ်ကိုအယ်လူးက တော်တော်နဲ့ပြန်ရောက်လာမှာ မဟုတ်ဘူး"

"ဘာလဲ ညီမက ကိုယ့်ကို ကြောက်နေလို့လား"

"မကြောက်ပါဘူး။ ဘာဖြစ်လို့ကြောက်ရမှာလဲ။ အနေသာ ကြီး။ အဟင်း . . . ဟင်း"

နော်ဖူးငုံက ပြုံးစစမျက်နှာပေးလေးဖြင့် မင်းဆွေကို မချင့်မရဲ ဖြစ်သွားစေခဲ့သည်။ ထို့နောက် မျက်နှာလေးက ပြုံးမဲ့မဲ့လေးဖြစ်သွားပြန် သည်။

"အစ်ကို"

"ဟင် . . . ညီမ"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မြို့ကို ပြန်တော့မှာနော်။ ညီမတော့ အစ်ကို့ကို သတိရနေတော့မှာ။ ညီအကို အစ်ကို ဝေဒနာပေးခဲ့ဦးမှာ"

"ဝေဒနာမဟုတ်ပါဘူးကွယ်။ အချစ်တွေ ပေးခဲ့မှာ။ ညီမဆီက အချစ်တွေကို ယူသွားမှာ။ ခဏပဲခွဲတာပါ ညီမရယ်။ နောက် မကြာခင် မှာ တစ်ခေါက်ပြန်လာဦးမှာပေါ့"

"အဲသည် မကြာခင်ဆိုတာ အကြာကြီးစောင့်ရဦးမှာ အစ်ကို။ ရက်တွေ အကြာကြီးမောနေအောင် စောင့်ရဦးမှာ"

"ကိုယ်လည်း ညီမကို နေ့တိုင်း သတိရနေမှာပါ။ အစ်ကို နောက်တစ်ခေါက် ပြန်လာရင် ညီမကို သည်အတိုင်းပဲ မြင်ချင်တယ်။ မျက်နှာမများရဘူးနော်"

"အံမာ . . . သူက ပြောရသေးတယ်။ အစ်ကိုက ရန်ကုန်ကို ရောက်သွားတာနဲ့ ဟိုကကောင်မလေးချောချောတွေနဲ့ တွေ့ပြီး ညီမကို မေ့သွားမှာပါ။ ဟိုက ရည်းစားတွေနဲ့ အကြည်ဆိုက်ပြီးတော့ ညီမကို လုံးဝဥပေက္ခာပြုသွားမှာ ကျိန်းသေတယ်"

"ညီမရယ် . . . ကိုယ်က သည်လိုမေ့ပျောက်လွယ်တတ်တဲ့ အစားထဲက မဟုတ်ပါဘူး။ ရန်ကုန်ကို ရောက်ရောက်ချင်း ချက်ချင်း စာရေးလိုက်မယ် သိလား"

"အံမယ် စာရောက်လာရင် အစ်ကိုက ဖောက်ဖတ်မှာပေါ့"

"သူ ဖောက်ပြီးမဖတ်အောင် စာအိတ်ပေါ်မှာ နော်ဖူးငုံသာ



ဖတ်ရန်လို့ ရေးပေးလိုက်မှာပေါ့"

"ဟင်း . . . ဟင်း . . . အစ်ကိုကလည်း"

"ယောက်ဖကြီးက အလိုက်သိပါတယ် ညီမရယ်"

"ဘာယောက်ဖကြီးလဲ . . . ဟင်း"

နော်ဖူးငုံသည် မင်းဆွေ၏ရင်ခွင်ထဲကို တိုးပြီးတော့ ဝင်လာခဲ့လေသည်။ မီးပုံမှ မီးတောက်က တဖြည်းဖြည်းနှင့် ငြိမ်းသွားခဲ့လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )
## နောက်တစ်ခေါက်

ရက်၊ လ အတန်ကြာလာခဲ့လေပြီ။ နော်ဖူးငုံသည် မင်းဆွေ ရန်ကုန်ကို ပြန်သွားပြီးကတည်းက ရင်ထဲမှာ ဟာပြီးတော့ ကျန်ရစ်ခဲ့ သည်။ သူမ၏အသည်းနှလုံးအစုံသည် ချစ်ရသူ မင်းဆွေဆီကို ပါသွားခဲ့ သည်။ သူမသည် အပူရှပ်ကို အမူလုပ်ကာ ဟန်ဆောင်ထိန်းသိမ်းထား သော်လည်း မျက်နှာပြင်ပေါ်က အလွမ်းအဆွေးရိပ်က ထင်ဟပ်နေဆဲ။

အစ်ကိုဖြစ်သူ စောအယ်လူးက အကဲခတ်မိသော်လည်း မသိ ချင်ယောင် ဆောင်နေသည်။ နှစ်ပတ်လောက်ကြာမှ မင်းဆွေဆီက စာ တစ်စောင် ရောက်လာသည်။ နော်ဖူးငုံ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဟန်

www.burmeseclassic.com

www.burmeseclassic.com


ပင် မဆောင်နိုင်တော့။ သူမကို သတိရကြောင်း၊ လွမ်းဆွတ်ကြောင်း မမေ့ကြောင်း၊ သူ့ကို မပူပန်စေလိုကြောင်း၊ နောင်နှစ်တွင်လည်း ခွင့်ရက် ရှည်ယူလာခဲ့ဦးမည်ဖြစ်ကြောင်းများဖြင့် ပါဝင်သည်။ နော်ဖူးငုံမှာ ချစ်သူ ၏စာကို ဖတ်ပြီး နစ်မျောနေလေသည်။

"စာကို ပေးဖတ်စမ်းပါဦး ညီမရဲ့ သည်ကောင် ဘာတွေများ ရေးထားသလဲ"

စောအယ်လူးက သူမ၏လက်ထဲက စာကို ဆတ်ခနဲဆို ဆွဲယူ ကာ ဖတ်ရာ . . .

"ဟ . . . ညီမ နင့်အကြောင်းတွေချည်းပဲ ရေးထားပါလား။ ငါနဲ့ပတ်သက်တာ တစ်ကြောင်းပဲပါတယ်။ မတရားဘူးကွာ။ ရွှေ ယောက်ဖကြီးတော့ လာပစေဦး"

"အို . . . အစ်ကိုကလည်း"

နော်ဖူးငုံမှာ မျက်နှာလေးရဲတက်သွားကာ ရှက်စနိုးဖြင့် မျက်နှာလေးကို ချက်ချင်းပင် ငုံ့သွားခဲ့လေသည်။

"မရှက်ပါနဲ့ ညီမရယ်။ မောင်နှမချင်းပဲ ပွင့်ပွင့်လင်းလင်းပေါ့။ ငါက ငါ့ညီမကို သည်ကောင်ကြီးနဲ့ နီးစပ်စေချင်တယ်။ ခုတော့ ဆန္ဒ ပြည့်ပြီလေ"

"အို . . . ဘယ်လိုအစ်ကိုမှန်းလဲ မသိဘူး"

နော်ဖူးငုံသည် စောအယ်လူး၏ အနားတွင် ကြာကြာမနေရဲ တော့ဘဲ ထွက်ပြေးသွားခဲ့လေသည်။

× × ×

တစ်ညတွင် ပေါ်လာသည် စောအယ်လူးတို့မောင်နှမဆီကို ရောက်လာခဲ့သည်။ သူသည် ညဘက်သာ လာတတ်သည်။

"ကိုမင်းဆွေ အလည်လာမယ်လို့ အယ်လူးက ပြောတယ်။ နင် သိပ်ပျော်နေတယ် မဟုတ်လား နော်"

"နင်ကော မပျော်ဘူးလား"

"ပျော်တာပေါ့ဟာ။ သူက နင်တို့ပြီးရင် ငါ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်သွားတာပဲ။ သူ သည်မှာ ခဏကလေး နေသွားပေမယ့် ငါ အမြဲတမ်း သတိရနေတယ်။ သည်လူက ချစ်မွေးပါသလား မသိဘူး"

"သူကလည်း နင့်ကို တော်တော်ခင်တာပါ ပေါ်လာ။ ဒါပေမဲ့ သူ ပြန်မယ့်ညမှာ နင်က သူ့ကို နှုတ်ဆက်ဖို့ မလာဘူး"

ပေါ်လာသည် တစ်ချက်တော့ တွေဝေသွားသည်။

"ငါက ချစ်ခင်ရတဲ့သူနဲ့ ခွဲခွာရတဲ့ဒဏ်ကို မခံနိုင်ဘူး နော်။ ဝမ်းနည်းတတ်တယ်။ ငါ့အမေ၊ အဖေတို့နဲ့ ခွဲခွာခဲ့ရတုန်းကလည်း ငါ သည်လိုပဲ ခံစားခဲ့ရတယ်။ သူ့ကို ငါ နှုတ်မဆက်ဖြစ်တာကို စိတ် မကောင်း ဖြစ်မိတယ်။ ငါ့ရင်ထဲမှာလည်း မကောင်းဘူး"

ပေါ်လာ၏အားနည်းချက်ကို နော်ဖူးငုံလည်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပေါလာသည် နော်ဖူးငုံကိုလည်း ကြိတ်၍မြတ်နိုးနေသူ ဖြစ်သူ။ သို့သော် ဘယ်လိုမှ မနီးစပ်နိုင်သောဘဝအခြေနေ။ နော်ဖူးငုံကလည်း သိသည်။ ပေါလာ့ကို သနားသည်။ သူငယ်ချင်းလို၊ မောင်နှမလိုကလွဲပြီး ဘယ်လိုမှ သဘောမထားနိုင်။

"အင်း . . . ပေါလာက ငါနဲ့အစ်ကိုမင်းဆွေ ချစ်နေကြတာကို ရိပ်မိပြီး ဖြစ်မှာပဲ။ သူ့စိတ်ထဲမှာ မခံချင်ဖြစ်နေမှာ။ သူ အစ်ကို့ကို ဟန်ဆောင်ပေါင်းပြီး တစ်ခုခုများ လုပ်လိုက်ရင်"

ထိုသို့သော အတွေးမျိုးက မည်သည့်အကြောင်းကြောင့် ဝင်လာခဲ့သလဲ မသိ။ ယခင် မင်းဆွေရောက်ခဲ့စဉ်က ဘာကြောင့် မတွေးဖြစ်ခဲ့တာလဲ။ သူတို့သုံးယောက် တောထဲအတူသွားလာခဲ့စဉ်က ပေါလာသည် မင်းဆွေကို တစ်ခုခုလုပ်နိုင်ခဲ့သည် မဟုတ်ပါလား။

"ဟဲ့ . . . နော် . . . နင် ငါပြောတာပြန်မဖြေဘူး။ မကြားဘူးလား"

"ဟင် . . . ပေါလာ နင် . . . နင် ငါ့ကို ဘာပြောလိုက်တာလဲ"

နော်ဖူးငုံက ပြူးတူးပြဲတဲနှင့် ပြန်ပြီးတော့ မေးလိုက်သည်။

"ကိုမင်းဆွေ ဘယ်ရက်လောက်မှာ လာမှာလဲလို့"

"ဩော် . . . ဒါလား ရက်တော့ အတိအကျမသိဘူး။ သည်လကုန်လို့တော့ ပြောတာပဲ။ အစ်ကိုအယ်လ်ဘူးကတော့ ရက်ကိုမှန်းပြီး သွားကြိုမှာတဲ့။ လဆန်း ၁ ရက်က ၃ ရက်အထိပေါ့"



"ငါလည်း သွားကြိုချင်တယ်ဟာ။ အင်း . . . မဖြစ်ပါဘူးလေ"

ပေါလာသည် သူ၏အားနည်းချက်ကို သိသွားသည်။ သူသည် လူတောထဲကို ဝင်ဖို့မလွယ်ကူသူဟု။ အားနည်းချက်ရှိသူဟု ကိုယ့်ကိုယ်ကိုယ် နားလည်ထားသူ။

"ကဲပါဟယ် . . . နင် မအားလို့ သွားပြီးမကြိုနိုင်လည်း သည်ကနေပြီး စောင့်ပေါ့။ ဘာဖြစ်သေးသလဲ"

"အေးပေါ့ . . . ဒါပဲရှိတော့တာပေါ့"

နော်ဖူးငုံကတော့ မင်းဆွေ ရောက်လာမည့်ရက်ကို နေ့စဉ်ခန့်မှန်းနေခဲ့သည်။

"တစ်ရက် တစ်ရက် ကုန်ဖို့ကလည်း ကြာလိုက်တာနော်။ ရက်ကို စောင့်ကြည့်နေရတဲ့အလုပ်ဟာ သိပ်ပင်ပန်းတာပဲ။ သူ့ကို မြန်မြန်လာစေချင်ပြီ . . . အဟင်း . . . ဟင်း"

မျှော်လင့်ချက်စိတ်ကူးဖြင့် ပျော်နေမိလေသည်။

× × ×

"ညီမရေ . . . ညီမ"

အိမ်ရှေ့မှ အော်ခေါ်လိုက်သံကြောင့် . . .

"ဝေး . . . အစ်ကို လာပြီ"

နော်ဖူးငုံသည် အိမ်ထဲမှ အသံပေးလိုက်ပြီးနော်ဘီက် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ပြေးထွက်လာခဲ့လေသည်။ ထိုအခါ တွေ့လိုက်ရသော မြင်ကွင်းကြောင့် . . .

"ဟယ် . . . အစ်ကို၊ အစ်ကိုပါလာပြီ"

ဝမ်းသာအားရနှင့် ပြောလိုက်ပြီးမှ ကိုယ်ရှိန်တန့်သွားခဲ့ရလေသည်။ စောအယ်လူးအနားမှာရှိနေသည်ကို သတိရသွားဟန်တူသည်။ မင်းဆွေကို ရုတ်တရက် မြင်လိုက်ရသဖြင့် ရင်ထဲမှ တလှုပ်လှုပ်နှင့်ပင် ဖြစ်သွားခဲ့ရလေသည်။

"ညီမ နေကောင်းတယ်နော်"

"ကောင်း . . . ကောင်းပါတယ် အစ်ကို"

"ကဲ . . . မင်းတို့ စကားပြောနေရစ်ခဲ့ကြ။ ငါ မင်းရောက်လာတဲ့အကြောင်း ပေါ်လာ့ကို သွားပြောလိုက်ဦးမယ်။ သူ့ချော မနေ့ကတည်းက မင်းကို မျှော်နေတာကွ"

စောအယ်လူးသည် ထမ်းယူလာသော အထုပ်ကို အိမ်ရှေ့ကပြင်မှာ ပစ်ချလိုက်ပြီး ထွက်သွားသည်။ နော်ဖူးငုံသည် မင်းဆွေ၏ ကိုယ်ပေါ်မှ ကျောပိုးအိတ်ကို . . .

"ပေး . . . အစ်ကို"

တောင်းယူလိုက်သည်။ မင်းဆွေလည်း အိမ်ပေါ်ကို တက်လိုက်သည်။ နော်ဖူးငုံက ခေါင်းရင်းမှာနေရာပေးသည်။ မင်းဆွေနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်



ကြည့်နေကြကာ စကားပြောရန်ပင် မေ့နေကြလေသည်။

"အစ်ကို့ကို မနေ့ကတည်းက မျှော်နေတာ"

"ဟုတ်လား။ ရထားလက်မှတ်က မနေ့ကမှ အဆင်ပြေတာကိုး ညီမရဲ့"

ထို့နောက် စကားအဆက်ပြတ်သွားခဲ့ကြပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြလျှင် ပြောကြမည့်စကားများက မေ့သွားခဲ့ကြလေသည်။ ဝမ်းသာနေကြကာ မျက်နှာကိုပဲ အပြန်အလှန် ကြည့်နေကြလေသည်။

"ဩော် . . . ညီမအတွက် လက်ဆောင်တွေပါလာတယ်"

မင်းဆွေက အိမ်ရှေ့ကပြင်မှ မြွေရေခွံအိတ်နှင့် ထည့်ထားသော အထုပ်ကို သွားယူလာသည်။

"ဘာတွေလဲ အစ်ကိုရဲ့။ ဒါလောက်အများကြီး"

မင်းဆွေက ပြုံးလိုက်ပြီး အထုပ်ကိုဖြေကာ အထဲမှလက်ဆောင်ပစ္စည်းများကို ထုတ်လိုက်သည်။ နော်ဖူးငုံအတွက် အဝတ်အစားများ၊ အလှအသုံးအဆောင်ပစ္စည်းများကို ပေးလိုက်သည်။

"ဟယ် . . . အစ်ကိုရယ် ညီမအတွက် သက်သက်ဝယ်လာတာ များလိုက်တာ။ အားနာလိုက်တာ။ အစ်ကို ဒါလောက်တောင် သုံးလိုက်ရသလား"

"ဩော် . . . ပြေးကြည့်မှ ရည်းစားဆိုလို့ သည်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းရှိတာ။ ချစ်လို့ပေးတဲ့လက်ဆောင်ပစ္စည်း တန်ဖိုးမတွက်ပါနဲ့ ဩော် . . . ကျန်သေးတယ်"

မင်းဆွေသည် သူ၏ကျောပိုးအိတ်ထဲက ပဝါနှင့်ပတ်ထားသော ဘူးလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ပလပ်စတစ်ဘူးနီနီလေးကို ဖွင့်လိုက်သောအခါ လက်ကောက်တစ်ရံနှင့် လက်စွပ်လေးတစ်ကွင်းကို တွေ့လိုက်ရသည်။

"ဟင် . . . အစ်ကို ဒါ . . . ဒါတွေက"

"ညီမအတွက်လေ။ မင်္ဂလာခန်းဝင်ပစ္စည်း။ အခုကတည်းက ပေးထားတာ"

"အစ်ကိုရယ် နော့်အတွက် ဒါလောက်အထိ မလိုပါဘူး။ နော်ငိုချင်လာပြီနော်"

"ဩော် . . . ညီမရယ် ဒါလေးကို လက်ခံလိုက်ရမှာ ဘာငိုစရာရှိလို့လဲ။ ကိုယ်က ချစ်လို့ပေးတာကို ဝမ်းတောင်သာရဦးမှာ"

"မဟုတ်ဘူး အစ်ကို။ ညီမက အစ်ကို့ကိုချစ်တာ ဒါတွေကို မျှော်မှန်းလို့ မဟုတ်ဘူး။ သည်ပစ္စည်းတွေမပါလည်း ရတယ်"

"ကိုယ်တို့ လက်မထပ်ခင်မှာ ခုကတည်းက စုဆောင်းထားရမယ်လေ။ နောင်ရေးအတွက် အဖတ်တင်တာပေါ့။ မဟုတ်ဘူးလား။ ကိုယ်ဝတ်ပေးမယ်"

"အို . . . နေပါစေ အစ်ကို။ ဟို . . . ဟို . . . အစ်ကိုအယ်လှူးတို့ ပြန်လာရင် ရှက်စရာကြီး။ နောက်မှပဲ ဝတ်ပါရစေနော် အစ်ကို"

"ကဲ . . . ကဲ . . . ဒါဆိုရင်လည်း လုံလုံခြုံခြုံသိမ်းထားလိုက်နော်"

"အစ်ကို"

"ဟင် . . . ညီမ"

"ညီမကို ဒါလောက်တောင် ချစ်ရသလားဟင်"

"ဒါလောက်တောင်ဆိုတာထက်တောင် ပိုပါသေးတယ်ကွယ်။ ဘာလဲ ညီမက အစ်ကိုလက်ထပ်ယူမယ်ဆိုတဲ့အထိ မယုံခဲ့ဘူး မဟုတ်လား"

"အို . . . အစ်ကို သည်လိုသဘောမျိုးနဲ့ မေးတာ မဟုတ်ပါဘူး။ တစ်မျိုးပဲလေ။ ရင်ထဲမှာ ဝမ်းသာ၊ ဝမ်းနည်းကြီးဖြစ်နေတယ်။ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ကဲ . . . နောက်မှ စဉ်းစားမိသလောက် ပြောပြ။ ခုတော့"

"အို . . . အစ်ကို"

နော်ဖူးငုံသည် မင်းဆွေ၏ရင်ခွင်ထဲကို ရောက်သွားခဲ့လေ၏။

× × ×

စောအယ်လှူးနှင့် ပေါ်လာတို့သည် မိုးစုံးစုံးချုပ်မှ ရောက်လာခဲ့ကြသည်။ တကယ်တော့ မင်းဆွေနှင့် နော်ဖူးငုံတို့ကို တမင်ရှောင်ပေးနေခြင်းပင် ဖြစ်သည်။ ပေါ်လာဆီကိုလည်း စောအယ်လှူးက နေ့လယ်ကျမှ ရောက်သွားခဲ့သည်။ ဟိုတစ်နေရာ သည်တစ်နေရာ လျှောက်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်မို့ပင်။

"အစ်ကိုတို့ကလည်း နောက်ကျလိုက်တာ။ သည်မှာ အစ်ကိုက ထမင်းအတူစားမယ်ဆိုပြီး စောင့်နေတာ"

"ဪ . . . ယာခင်းထဲဝင်ပြီးတော့ ကြည့်နေရသေးတယ်လေ။ တောဝက်မဟုတ်ဘဲ ရွာထဲက ဝက်တွေက စည်းရိုးကို ဖောက်ပြီး တိုးဝင်သွားကြလို့။ ဝက်ပိုင်ရှင်တွေကိုလည်း သွားတိုင်ရသေးတယ်။ စည်းရိုးကိုလည်း ပိုပြီးလုံခြုံအောင် ကာနေရသေးလို့"

ပေါလာသည် အမှောင်ရိပ်ထဲတွင် ရပ်နေရာက အိမ်ရှေ့ကပြင်ဆီကို တိုးလာခဲ့သည်။ သူ့ ရောက်လာပုံက မရဲတရဲ။

"ကိုပေါလာ . . . လာလေ။ ခင်ဗျားကို မျှော်နေတာ"

"ဟုတ်ကဲ့ . . . ကိုမင်းဆွေ သည်တစ်ရက်ရက်မှာတော့ ရောက်လာလိမ့်မယ်ဆိုတာ သိထားတယ်။ ကျွန်တော် ဘူတာမှာ လာမကြိုနိုင်တာကိုတော့ ခွင့်လွှတ်ပါဗျာ"

"ဟာ . . . ကိုပေါလာကလည်း အဲဒါက ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ အချင်းချင်း သည်မှာဆုံကြဖို့က လိုရင်းပဲ မဟုတ်လား"

စောအယ်လှူးသည် အိမ်နောက်ဘက်သို့ ထွက်သွားသည်။ ရေ တဘွမ်းဘွမ်းနှင့်ချိုးနေသံများကို ကြားနေရသည်။ မင်းဆွေသည် ပေါလာကို အဝတ်အထည်ကမှအစ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ စာအုပ်စသည်များကို လက်ဆောင်ပေးသည်။



"များလိုက်တာ ကိုမင်းဆွေရယ်။ သိပ်အားနာနေပြီဗျာ။ ကျွန်တော့်ဘက်က ကိုမင်းဆွေကို တန်ဖိုးရှိတဲ့လက်ဆောင်တွေ ပြန်မပေးနိုင်ဘူး"

ပေါလာက ဝမ်းနည်းစွာ တုံးတိကြီးပြောချလိုက်သည်။

"ဟာဗျာ . . . ကိုပေါလာကလည်းဗျာ။ ကျွန်တော် လာလည်တဲ့အချိန်တုန်းကလည်း ခင်ဗျား ဟိုပို့ သည်ခေါ်နဲ့ရှိနေကြတာပဲ။ အမဲသားကောင်ပစ်ကျွေးတယ်ဗျာ။ ဒါတွေဟာ အဖိုးတန်လက်ဆောင်တွေပဲ မဟုတ်လား။ အဲဒါတွေကို ခေါင်းထဲမှာ ထည့်မထားပါနဲ့။ ကျွန်တော် စိတ်မကောင်းဖြစ်ရလိမ့်မယ်"

"ဟုတ်သားပဲ ပေါလာကလည်း။ လက်ဆောင်ပေးတဲ့သူ စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့"

"အေးပါ နော်ရာ။ ငါ မပြောတော့ပါဘူး။ အဲ . . . ကိုမင်းဆွေပေးတဲ့လက်ဆောင်ပစ္စည်းတွေက ကျွန်တော့်အတွက်ကတော့ လိုအပ်နေတဲ့ပစ္စည်းတွေပါပဲဗျာ။ ကျေးဇူးတင်တယ်ဗျာ"

ပေါလာသည် ထူးခြားသောအသံဖြင့် လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်လေသည်။ ထိုစဉ် စောအယ်လှူးသည် ရေမိုးချိုးပြီးတော့ အိမ်ပေါ်ကို တက်လာသည်။

"အယ်လှူး . . . ဟောသည်မှာ မင်းအတွက်"

"အာပါး . . . မင်းယူလာတဲ့ လက်ဆောင်တွေက ငါတို့ ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လို့တောင် ရတယ်။ ကျေးဇူးပဲကွာ။ ဒါပေမဲ့ နောက်ကို ဒါလောက် အများကြီး ဝယ်မလာပါနဲ့ကွာ"

"ငါ တတ်နိုင်လို့ဝယ်လာခဲ့တာ။ အားနာစရာမလိုပါဘူး အယ် လူးရာ။ ဒါလောက်လေးမှ မပေးနိုင်ရင် ငါလည်း ဘဝင်မကျဘူးကွ။ လက်ဆောင်ပစ္စည်းထက် လူချင်းခင်မင်ရတာ ပိုပြီးတော့ တန်ဖိုးရှိပါ တယ်ကွာ"

မင်းဆွေ၏စကားကို ကြားလိုက်ကြရ၍သာကြောင့် အားလုံး က ရင်ထဲမှာ လှိုက်မောပြီး ခံစားသွားခဲ့ကြရလေသည်။

× × ×

"ငါ သည်ကို တစ်ခေါက်ပြန်ပြီးတော့ ရောက်လာခဲ့တာ တော တောင်ထဲကို သွားရင်းတွေ့ခဲ့ရသောမျိုးကို ထပ်ပြီး ခံစားချင်သေးလို့ပဲကွ"

"မင်းရဲ့ဆန္ဒပြည့်ဝရပါစေမယ်ကွာ။ ငါတို့ကလည်း မင်းကို အဲသလို တောတောင်ထဲခေါ်သွားပြီး စည့်ခံရသလိုမျိုးပဲ ရှိတာဆိုတော့ မင်း နှစ်သက်တယ်ဆိုတဲ့အတွက် ဝမ်းသာတယ်ဟေ့"

"ဟုတ်တယ် . . . တောတောင်ထဲကို သွားရတဲ့အတွက် စိတ် အေးချမ်းမှုရတာကတော့ အမှန်ပဲကွ။ ဪ . . . ဒါနဲ့ စကားမစပ် ဟို ကြောင်ရိုင်းဖြူကြီးရဲ့ကိစ္စ ပြီးသွားပြီလားကွ"

မင်းဆွေ မေးလိုက်သည့်အဓိကပွာယ်ကို စောအယ်လူးက ပြောလည်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲသည်သတ္တဝါကို ပေါလာက အခဲမကျေသေးဘူး။ နုထက်ထိ လိုက်နေတုန်းပဲကွ။ ဒါပေမဲ့ သည်ကြောင်ရိုင်းဖြူကြီးက တစ်ခါတစ်ခါ အလစ်မှာ ပေါလာတတ်ပြီး တိုက်ခိုက်ချင်တဲ့သဘောမျိုးရှိတယ်။ သည်ကောင်ကြီးက ပေါလာ့ကို ပိုပြီးတော့ အငြိုးထားပုံရတယ်ကွ"

"ဟင် . . . ဟုတ်လား။ ဒါလောက်အထိတောင်ပဲလား။ မင်းလည်း သည်သတ္တဝါကောင်ကို ပေါလာနဲ့အတူတူ ပစ်တာပဲ မဟုတ်လား။ ဘယ့်နှယ်ကြောင့် ပေါလာ့ကိုမှ ပိုပြီးတော့ ငြိုးနေရတာလဲ။ မင်းတို့ရဲ့အဆိပ်ပြင်းတယ်ဆိုတာတောင် သူ့ ဘာမှမဖြစ်တာ အံ့အားသင့်စရာပဲ"

"ဟုတ်တယ် . . . ငါလည်း နားမလည်နိုင်တော့ဘူးကွ။ ဒါပေမဲ့ နုတစ်လ နှစ်လအတွင်းမှာ မတွေ့ပြန်ဘူး။ ထူးဆန်းတာက သည်ကောင်ကြီးနေတဲ့ သစ်ခေါင်းပါတဲ့ သစ်ပင်ကြီးကိုလည်း ဘယ်လိုပဲ ရှာရှာ မတွေ့တော့ဘူးကွ"

"ဟင် . . . ဟုတ်လား။ မင်းတို့ပဲ မျက်စိမှောက်နေကြတာလားကွာ"

စောအယ်လ္လူးက ခေါင်းကို ယမ်းခါလိုက်သည်။

"မပြောတတ်ပါဘူးကွာ။ ငါတို့လည်း သေသေချာချာကို မှတ်ထားခဲ့ကြတာပဲ။ ဘယ်လိုကြောင့် ပျောက်နေသလဲ မသိပါဘူး"

## အခန်း ( ၁၃ )

## ကံကောင်းလို့မသေ

တောတောင်ထဲသို့ တစ်ခေါက်ရောက်ခဲ့ရပြန်လေပြီ။ သည်တစ်ခါတော့ သစ်ပင်များ၊ ပန်းမန်များနှင့် စိမ်းစိုသောမြင်ကွင်းအဖုံဖုံတို့သည် မင်းဆွေနှင့် မစိမ်းတော့။ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်နေခဲ့လေပြီ။

စောအယ်လ္လူးနှင့် ပေါလာတို့က ဒူးလေးများကို ယူလာခဲ့ကြသည်။ သတ္တဝါများကို ပစ်ခတ်ခြင်းမပြုရန် တားဆီးလိုသော်လည်း အခွင့်အရေးက မရှိ။ မိမိ၏ဆန္ဒက တောတောင်ထဲကို သွားချင်သည်။ စိတ်အပြောင်းအလဲတစ်ခုခုကို ခံစားလိုသည်။ တောကောင်များကို ပစ်ခတ်သည်ကို မျက်စိအရသာခံပြီးတော့ ကြည့်လိုသူမဟုတ်ပေ။ သို့သော် သူတို့က ဤအလုပ်မျိုးကို လုပ်ကိုင်နေကြတာဆိုတော့ ဆရာမလုပ်လိုပါ။

www.burmeseclassic.com



သူတို့ရောက်နေခဲ့သည်မှာ ပန်းတစ်လိမ်တောကြီး မဟုတ်ပေ။ မနစ်က ရောက်ခဲ့စဉ်က ပထမဦးဆုံးဝင်ခဲ့သော တောကြီးပင် ဖြစ်သည်။ မင်းဆွေ၏စိတ်ထဲတွင် မဆီမဆိုင် ထူးဆန်းသော ကြောင်ရိုင်းဖြူကြီးကို သတိရမိသွားသည်။ သူ့စိတ်ထဲတွင် ကြောင်ရိုင်းဖြူကြီးသည် ဤတောထဲသို့ ရောက်နေသည်ဟု ထင်နေမိသည်။

အတူသွားနေကြသူနှစ်ယောက်ကား သွားရင်း လာရင်း သားကောင်များ၏ အခြေအနေကို ကြည့်သွားကြလေသည်။

"သည်ဘက်က ပိုပြီးတော့ သာယာတယ်ကွ။ ဒါကြောင့် မင်းကို ခေါ်လာခဲ့တာ"

တောအယ်လူးက တစ်နေရာကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်လေသည်။ အပေါ်စီးမှဆီးပြီးတော့ မြင်နေရသည့်နေရာ၊ အောက်ဘက်တွင် သစ်ပင်ကြီးများ၏ကြားမှ စမ်းချောင်းကြီးတစ်ခုက စီးဆင်းလျက်ရှိသည်။ ကမ်းစပ်မှာ ပုံသဏ္ဍာန်၊ အရွယ်အစားအမျိုးမျိုးနှင့် ကျောက်တုံးကြီးများကို တွေ့လိုက်ရသည်။ အချို့ကျောက်တုံးကြီးများမှာ မည်းနက်နေကြသည်။ စမ်းရေအလျင်က ညင်သာလျက်ရှိနေသည်။

"စမ်းချောင်းကြီးကွ။ တော်တော်သာယာတဲ့နေရာပဲ အယ်လူး သွားချင်တယ်ကွာ"

တောအယ်လူးက ပေါ်လာ၏မျက်နှာကို ကြည့်လိုက်သည်။



"ကိုမင်းဆွေ သွားချင်ရင်လည်း သွားလေ"

ကုန်းစောင်းလေးအတိုင်း ဆင်းသွားခဲ့ကြသည်။ အပေါ်စီးက ကြည့်ရ၍ နီးသည်ဟု ထင်ရသည်။ စမ်းချောင်းဆီကိုရောက်ရန် ဆယ့်ငါးမိနစ်ခန့် လျှောက်ရသည်။ တောင်ကုန်းပေါ်မှအဆင်းနှင့် လမ်းလျှောက်ရသည့်က မျှတသည်။ စမ်းချောင်းဆီကို ရောက်သွားတော့ သေးသေးလေး မဟုတ်။ စမ်းချောင်းသည် ကျယ်ဝန်းသည်။ အဆုံးအစမရှိ ရှည်လျားသည်။ ရေစီးသံသည် နားဝင်ပီယံရှိလှသည်။

မင်းဆွေသည် သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်ချလိုက်ပြီး ကျောမှီလိုက်လေသည်။ လေအေးအေးကလည်း ဝေ့ဝဲကာ တိုက်ခတ်နေသောကြောင့် ချွေးသိပ်သွားကာ အေးမြလန်းဆန်းသွားခဲ့ရလေသည်။ ယင်းအချိန်တွင် တောဝက်ကြီးတစ်ကောင်သည် သူတို့နှင့် ပေ ၅၀ အကွာလောက်မှာ စမ်းချောင်းထဲ ရေသောက်ဆင်းလျက် ရှိနေသည်။ ဝက်ခါးပတ်ကြားကြီးသည် ရေသောက်နေရာမှ ဆတ်ခနဲဆို ဖြစ်သွားသည်။

သူသည် လေအောက်ကို ရောက်နေသောကြောင့် လေညာမှ ပါလာသော အနံ့အသက်ကို ရသွားခဲ့လေသည်။ ဒေါသထွက်သွားပုံရသည်။ မိမိ၏ပိုင်နက်ထဲကို လူစိမ်းများရောက်နေသည်ကို သိသွားပုံလေပြီ။

"အစ် . . . အစ် . . . အစ်"

www.burmeseclassic.com

www.burmeseclassic.com



ဝက်ခြံပတ်ကြားကြီးသည် ထိုနေရာမှ ဒေါသတကြီးဖြင့် ပြေးထွက်လာခဲ့သည်။

× × ×

# ၅

ယင်းအချိန်တွင် မင်းဆွေသည် နေရာမှထကာ စမ်းချောင်းကြီး၏နံဘေးမှာ ရပ်လျက်ရှိသည်။ စောအယ်လူးနှင့် ပေါ်လာတို့ကတော့ ပတ်ဝန်းကျင်ကို တစ်ချက် တစ်ချက်မှာ လှေ့လာလျက်ရှိနေသည်။ မျက်လုံးတွေက အလစ်မပေးဘဲ တစ်စုံခုကို ရှာဖွေနေသလိုပင်။

ထိုစဉ် . . .

"ရှဲ . . . ရှဲ . . . ဖရော . . . ဖရော"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသော အသံ။ သတ္တဝါတစ်ကောင်သည် ရုံ့များကိုတိုးကာ သစ်ရွက်ခြောက်များကို နင်းကာ အဖုံပြေးပင်လာနေသည်။

"ဟင် . . . အယ်လူး"

စောအယ်လူးနှင့် ပေါ်လာတို့သည် ချက်ချင်းပင် အုံးစေးတွင် မြားရှူးအသီးသီး တင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းဆွေ သစ်ပင်ကြီးအကွယ်မှာ ဝင်နေလိုက်"

ပေါ်လာက မင်းဆွေကို အရေးတကြီး သတိပေးလိုက်သည်။ မင်းဆွေလည်း အခြေအနေကို ရိပ်မိသွားကာ အနီးရှိသစ်ပင်ကြီး၏ တစ်ဖက်တွင် ကပ်နေလိုက်ရသည်။

"ဖျတ် . . . ဖျတ် . . . ဖျတ် . . . ဖျတ်"

အသံသည် သူတို့ဆီကို ချက်ချင်းပင် နီးကပ်လာခဲ့သည်။ မျက်စိအောက်မှာပင် ဘွားခနဲဆို ပေါ်လာသော ဝက်ခါးပတ်ကြားကြီး။

"ပေါ်လာ . . . အချိန်သိပ်စောင့်မနေနဲ့။ ပစ် . . . ပစ်"

စောအယ်ရှူးက သတိပေးလိုက်သည်။ အကြောင်းမှာ ဝက်ခါးပတ်ကြားကြီးသည် လမ်းကြောင်းပြောင်းကာ မင်းဆွေ ပုန်းအောင်းနေသော သစ်ပင်ကြီး၏နောက်ဘက်မှ ဝင်ရောက်လာသောကြောင့်ပင်တည်း။ မင်းဆွေလည်း သူ့ဆီ တည့်တည့်ပြေးဝင်လာသော တောဝက်ကြီးကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ။ မှင်တက်မိကာ ကြောင်တောင်တောင်ကြီး ဖြစ်သွားသည်။

"ကိုမင်းဆွေ . . . ကိုမင်းဆွေ ဘေးကို မြန်မြန်လှိမ့်ချလိုက်"

ပေါ်လာက အော်ပြီးပြောလိုက်သည်။ ထိုအခါ မင်းဆွေလည်း သတိရသလိုဖြစ်သွားကာ ဝဲဘက်ဘေးကို အမြန်လှိမ့်ချလိုက်ရသည်။ ကိုယ်နှစ်ပတ် သုံးပတ် လိမ့်ထွက်သွားသည်။ ဝက်ခါးပတ်ကြားကြီးသည် အရှိန်နှင့်ပြေးလာရင်း လမ်းကြောင်းက မင်းဆွေဆီကို ပြောင်းသွားတော့



မည်အပြုမှာ . . .

"ဒေါင်း"

"ဒေါင်း"

ပြင်းထန်သောဒူးလေးသံက ရှေ့နောက်ဆင့်ကာ ထွက်ပေါ်လာသည်။

"ဂွစ် . . . အစ် . . . အစ်"

မြားစူးနှစ်ချောင်းသည် ဝက်ခါးပတ်ကြားကြီး၏ကိုယ်ပေါ်မှာ မိမိရရပင် သွားစိုက်သည်။ သို့သော် တောဝက်ကြီးသည် အရှိန်မပျက်ဘဲ ပြေးထွက်သွားပြီး သစ်ပင်ကြီးကို တအားကျုံးကာ ပက်ထည့်လိုက်လေတော့သည်။ ဒေါသ၊ နာကျင်မှုတို့ စုပေါင်းပြီး ပက်ထည့်လိုက်မှုကြောင့် ပင်စည်အခေါက်ပဲ့ထွက်သွားသည်သာမက အတွင်းသားပါ စုတ်ပြတ်သွားခဲ့လေတော့သည်။ လူသာဆိုလျှင် ဗိုက်ပွင့်ကာ အူထွက်သွားနိုင်သည်။

တောဝက်ကြီးကား တော်တော်နှင့် မသေနိုင်သေး။ သွေးရှူးသွေးတမ်းနှင့် ထပ်ပြီး သောင်းကျန်းဦးမှာစိုးရသည်။ ထိုအခါ စောအယ်လူးသည် ခါးကြားမှ ရှစ်လက်မ ဓားမြှောင်ကြီးကို ထုတ်ကာ တောဝက်ကြီးဆီကို ပြေးသွားသည်။ ထို့နောက် နံကြားထဲသို့ တစွပ်စွပ်နှင့်အံအောင် တစ်ချက်ပြီး တစ်ချက် ထိုးထည့်လိုက်လေတော့သည်။ ထိုအခါ ဒေါသမာန်ဖြင့် အတင်းကုန်းရုန်းပြီးတော့ ထဦးမည်ဟု ကြံသော ဝက်ခါး

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြားကြီးမှာ ထွက်သက်များကို ပြင်းထန်စွာ မှုတ်ထုတ်ကာ သေဆုံးသွားခဲ့လေတော့သည်။ ကြောက်လန့်တကြားနှင့် ဘေးကို လှမ်းချလိုက်သော မင်းဆွေမှာ ဝက်ခါးပတ်ကြားကြီး သေဆုံးသွားချိန်အထိ မထရဲသေးဘဲ ရှိနေသေးသည်။

ပေါ်လာကပြေးလာပြီး မင်းဆွေ၏လက်ကို ဆွဲကာထူလိုက်သည်။

"ခင်ဗျား ဘာဖြစ်သွားသေးသလဲ ကိုမင်းဆွေ"

"ဘာမှမဖြစ်ပါဘူး။ အေးဗျာ . . . တော်တော်ရဲတင်းပြီး ဒေါသကြီးတဲ့ဝက်ကြီးပဲ။ ကျွန်တော့်ဆီကို တည့်တည့်ဝင်လာတယ်။ ကံကောင်းလို့"

စောအယ်လူးက ဝက်သေကြီး၏ သကောက်ကြောများကို ဖြတ်ပစ်ပြီး ခြေထောက်များကို မှူးကာ လျှော်ကြိုးနှင့်ချည်နှောင်လိုက်သည်။ ပြီး မင်းဆွေဆီကို လျှောက်လာသည်။

"သည်နေရာမှာ တောဝက်မကြီးတစ်ကောင် ရှိနေတယ်ဆိုတာ ငါတို့ သိထားကြတယ်ကွ။ သားလည်း ပေါက်ထားတယ်၊ လူ၊ တခြားတိရစ္ဆာန်တွေ အနားကို အကပ်မခံဘူး။ တွေ့ရင်လည်း ရန်လိုတယ်။ လိုက်တယ်။ ပက်တယ်။ မင်း မရောက်ခင်တုန်းက တောခွေးနစ်ကောင်ကို ပက်ထားတာ ဗိုက်ပွင့်ပြီးတော့ သေနေကြတာ တွေ့လိုက်ရတယ်"

"ဟင် . . . ဟုတ်လား။ ဒါနဲ့များကွာ ငါ့ကိုအကျိုးအကြောင်း



မပြောပြကြဘူး။ သည်ကိုရောက်အောင်လာကြတယ်"

"မင်းက သည်နေရာလေးဟာ သာယာတယ်ဆိုပြီး လာချင်တယ်ဆိုတာကိုးကွ။ အန္တရာယ်ရှိမှန်းသိပေမယ့် မင်းရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တယ်၊ ဒါကြောင့်မို့ သတိနဲ့ခေါ်လာခဲ့ရတာပဲ"

"ဖြစ်မှဖြစ်ရလေကွာ။ မင်းတို့ ပွင့်ပွင့်လင်းလင်းနဲ့ ပြောလိုက်ရင် ငါကော လာဖြစ်မှာတဲ့လား။ တို့သုံးယောက်ထဲက တစ်ယောက်ယောက်ကို အန္တရာယ်ကျရောက်ခဲ့ရင် မခက်ပါလား"

"ကဲပါဗျာ . . . နု ဘယ်သူမှ ဘာမှမဖြစ်ကြဘူး မဟုတ်လား။ ကိုမင်းဆွေလည်း အတွေ့အကြုံတစ်ခု ရသွားခဲ့တာပေါ့ . . . ဟား . . . ဟား . . . ဟား"

ပေါ်လာက ဟက်ပက်စွာ ရယ်ပစ်လိုက်လေသည်၊ သူ၏အသံ ညက်ညက်က လေအဟော့မှာ ဝေ့မျောပြီးတော့ ပါသွားခဲ့လေသည်။

"ဟော့ . . . ပေါ်လာ ဝက်ကလေးတွေ ကျန်သေးတယ်ကွ"

"ဟုတ်တယ် . . . ဘယ်လိုလုပ်မလဲ"

စောအယ်လူးသည် မနီးမဝေးမှာရှိ လျှော်ပင်များဆီကို ထွက်သွားသည်။ ထို့နောက် လျှော်များကို ခွာကာ ယူလာခဲ့သည်။ ထို့နောက် ဗိုက်ထိုးသည်။ အကွက်စိပ်စိပ်ထိုးသည်။ မကြာမီ ဗိုက်အိတ်ကြီးတစ်လုံး ရလိုက်သည်။ တောဝက်မကြီး စောစောက ထွက်လာရာဆီကို မင်းဆွေကိုပါ ခေါ်ပြီး ထွက်သွားကြသည်၊ မင်းဆွေကို မြက်ရိုင်းတော၏အစပ်

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဂမူတစ်ခုပေါ်မှာ နေစေသည်။ သူတို့ကတော့ မြက်ရိုင်းတောထဲကို ဝင်သွားခဲ့ကြသည်။

"ဝစ် . . . အစ် . . . အစ် . . . အစ်"

မကြာမီ ဝက်ကလေးများ၏ အော်ဟစ်သံများကို ကြားလိုက်ကြရသည်။ စောအယ်လှူနှင့် ပေါ်လာတို့၏ ခါးတစ်ဝက်အထက်ပိုင်းကို မြင်တွေ့နေရသည်။ မြက်တောထဲတွင် ပြေးလွှားနေကြပြီး ဝက်ကလေးများကို လိုက်ဖမ်းနေကြသည်။ တစ်ခဏအကြာတွင် သူတို့နှစ်ယောက် မြက်ရိုင်းတောထဲက ထွက်လာခဲ့ကြသည်။ ဝက်ပေါက်ကလေးများ နှစ်ကောင်စီကို ပိုက်လာခဲ့ကြသည်။ ဝက်ကလေးများက တအီအီနှင့် အော်နေကြသည်။ စောစောက သေဆုံးသွားခဲ့သော တောဝက်ရိုင်းမကြီး၏ သားသမီးများပင်။ ချက်ချင်းမှာပင် အမိမဲ့များဖြစ်သွားခဲ့ကြသော ဝက်သားငယ်လေးများကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိလေ၏။ တောဝက်မကြီးကို ဝါးလုံးထမ်းပိုးကြီး၏အလယ်မှာ ခြေလေးချောင်းကို လျှိုပြီး ဝက်ပေါက်စလေးများ ထည့်ထားသည့် ပိုက်အိတ်ကိုလည်း အလယ်မှာ လျှိုသည်။ ထို့နောက် ရှေ့နောက် ဦးပုံထမ်းကြကာ ရွာသို့ပြန်လာခဲ့ကြသည်။ ဝက်ပေါက်စလေးများ၏ အော်မြည်သံများကား တစ်လမ်းလုံး ရှုည့်စွာဖြင့် လိုက်ပါလာခဲ့ကြလေသည်။

"အတော်ပဲ . . . ကွင်းထဲက ဖိုးတေ ဝက်မကြီးက သူ့သားသမီးတွေ သေသွားတယ်။ သည်ဝက်ပေါက်စကလေးတွေကို မွေးဖော်ပေးရမယ်"



"ဝက်မကြီးက လက်ခံပါ့မလား အယ်လှူး"

"လက်ခံပါတယ်ကွာ။ ဝက်မကြီးက သားရှူးရှူးနေတာ။ သဘောလည်း ကောင်းတယ်"

ရွာအပြန် ဝက်ထမ်း၍ ဝမ်းသာအားရနှင့် ပြန်လာခဲ့ကြသည်။ သူတို့နှစ်ယောက် ပျော်နေကြတာကိုကြည့်ပြီး မင်းဆွေလည်း ပြုံးမိလိုက်လေ၏။

ရွာသို့ မရောက်မီ တောလမ်းတစ်နေရာတွင် . . .

ယင်းနေရာသည် သစ်ပင်ကြီးများ စိပ်ကြသည်။ မြင့်မားကြသည်။ အထက်ဘက်မှာ ပင်ကိုင်းချင်း၊ အရွက်ချင်း ထိကာပ် ယှက်နေကြ၍ အောက်ဘက်သို့ အမှောင်က ကျနေသည်။

ထိုစဉ် . . .

"ဖရဲ . . . ရှဲ . . . ရှဲ"

ရှေ့ခပ်လှမ်းလှမ်းရှိ အပင်ကြီးထက်မှ ထွက်ပေါ်လာသော အသံ။ သုံးယောက်စလုံး အမှတ်မထင်နှင့် မော့ကြည့်လိုက်ကြသည်။ သစ်ပင်ကြီး၏အကိုင်း၊ အရွက်များကား လှုပ်ခါသွားခဲ့ကြသည်။ အရွက်များကြားမှ သတ္တဝါတစ်ကောင်၏ ဖြူဆွတ်သော ဦးခေါင်းပိုင်းကို မြင်တွေ့လိုက်ကြရသည်။

"ဟော့ . . . ဘာလဲတော့ မသိဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှ စောအယ်လုံးက တိုးတိုးပြောလိုက်သည်။ နေရာမှာတင် ရပ်လိုက်ကြသည်။

"ဖရဲ . . . ရှဲ . . . ရှဲ"

နောက်ထပ်ထွက်ပေါ်လာသော အသံနှင့်အတူ ပင်ကိုင်းတွေ အရွက်တွေကြားထဲမှ တစ်လှမ်းချင်းထွက်လာသော ကြောင်ရိုင်းဖြူကြီး။

"ဟင် . . . သည်ကောင်"

ပေါ်လာသည် မမျှော်လင့်ဘဲ တွေ့လိုက်ရပြန်သော ကြောင်ဖြူ ရိုင်းကြီးကို မကျေမနပ်ဖြစ်သွားခဲ့ရလေသည်။ ကြောင်ဖြူရိုင်းကြီးက တော့ ပင်ကိုင်းထက်မှာ ရပ်ကာ တစ်လုံးတည်းသော မျက်လုံးဖြင့် အောက်ကို ငုံ့ကြည့်နေသည်။

"တွေ့ရပြန်ပြီကွ။ သည်ကောင် ငါတို့ကို ပမာမခန့်နဲ့ပါလား ပေါ်လာ"

"အေးကွ . . . နာချင်ပြန်ပြီထင်တယ်"

"ဒါလောက်တောင် အသက်ပြင်းတဲ့ကောင်။ တွေ့ကြသေး တာပေါ့ကွာ"

ကိုယ်ပေါ်မှ အံထမ်းကို ချရန် ရည်ရွယ်လိုက်ကြသည်နှင့် . . .

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

ကြောင်ဖြူရိုင်းကြီးသည် ပါးစပ်ကြီးကို အစွယ်ဖွေးဖွေးထသည် အထိ ဖြဲဟကာ မာန်တစ်ချက်သွင်းလိုက်သည်။ ထို့နောက် တစ်ဖက်



သစ်ပင်ကြီး၏ အကိုင်းတုတ်တုတ်ကြီးဆီကို ခုန်ကူးသွားခဲ့လေတော့၏။

"ဖရဲ . . . ဖရဲ . . . ရှဲ . . . ရှဲ"

နောက်ဆုံးမှာတော့ သစ်ကိုင်း သစ်ရွက်များ၏ လှုပ်ရှားသံများ သာ ကျန်ရစ်ခဲ့လေတော့၏။

"တောက် . . . နေနှင့်ဦးပေါ့ကွာ"

ပေါ်လာက တက်တစ်ချက်ခေါက်ကာ ကြိမ်းဝါးလိုက်လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဟုတ်လား။ ဒါဆို အစ်ကိုက တောဝက်ကြီးရဲ့ရှေ့
က သီသီလေး လွတ်ခဲ့တာပေါ့နော်။ ဟုတ်လား"

နော်ဖူးငုံသည် မင်းဆွေကို စိုးရိမ်တကြီးနှင့်ကြည့်ကာ မေး
လိုက်သည်။

"ဟုတ်တယ် . . . ကိုမင်းဆွေဆီကိုမှ တောဝက်ကြီးက တည့်
တည့်ကြီးကို ပြေးဝင်လာခဲ့တာ။ ဒါပေမဲ့ ငါတို့နှစ်ယောက်က လက်ဦးမှု
ရသွားခဲ့ကြလို့ ကိုမင်းဆွေ ဘာမှမဖြစ်တာပေါ့ဟာ"

"အေးပေါ့ . . . နင်နဲ့အစ်ကိုဟို့ ပါသွားခဲ့ကြလို့ သေကောင်
ပေါင်းလဲကိစ္စမျိုး ဖြစ်မလာခဲ့ကြတာပေါ့"

"ဟ . . . ငါ့ညီမကလည်း ငါတို့ကတော့ မင်းဆွေကို တော
တစ်ယောက်တည်း လွှတ်လိုက်ပါ့မလားဟ။ စဉ်းစဉ်းစားစားလည်း
ပြောပါဦး"

"ဟင် . . . ဟုတ်သား"



ထိုအခါကျမှ နော်ဖူးငုံသည် နှုတ်ခမ်းလေးကို လက်နှင့်ပိတ်
ကာ တခစ်ခစ်နှင့် ရယ်မိလိုက်လေသည်။

"သူတို့နှစ်ယောက်က သိပ်ပြီးတော့ လက်သွက်ကြတာ ညီမ
ရဲ့။ တောဝက်မကြီးကို တုန်းခနဲနေတာပဲ။ သည်လိုအတွေ့အကြုံမျိုး
တစ်ခါမှလည်း မကြုံဖူးတော့ လန့်ပြီး ဖောချွေးတောင် ပြန်သွားတယ်"

မင်းဆွေက အမှန်အတိုင်းပင် ဝန်ခံလိုက်လေသည်။ ပိုးတိုင်
ရွာသားများသည် တောဝက်တစ်ကောင် ရလာ၍ ပျော်နေကြသည်။
စောအယ်လူးသည် သူတို့အတွက် တစ်ပိသာတွဲသာချန်ထား၍ အားလုံး
ကို အညီအမျှပင် ခွဲဝေပေးလိုက်လေသည်။ အနားမှာ မည်သူမှမရှိကြ
သောအခါ . . .

"အစ်ကို တောထဲမှာ သည်လိုဖြစ်လာခဲ့ရတာ ရင်ထိတ်လိုက်
သာ။ မတော်လို့ အစ်ကို တစ်ခုခုဖြစ်သွားခဲ့ရင် ညီမတော့ ရင်ကျိုးမှာပဲ"

"သြော် . . . ညီမရယ် သည်လို မတော်တဆမျိုးကတော့ ကြုံ
ရင်ကြုံကြရမှာပဲလေ။ ဒါပေမဲ့ ကိုယ် ဘာမှမဖြစ်ဘူးမဟုတ်လား။ ညီမ
အလေ သူတို့ရှေ့မှာ တော်တော်မျက်နှာပျက်နေတယ်။ ဒါလောက်
တောင်ပဲလား"

"ဒါလောက်တောင်ပဲလား ဟုတ်လား။ ပြောမှ ပြောရက်လေ
တယ်။ အစ်ကို့ကို ညီမ မစိုးရိမ်ရဘူးလား ဟင်"

"အင်းပါ . . . စိုးရိမ်ပါ။ စိုးရိမ်သင့်ပါတယ် . . . ဟဲ . . . ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနော် မယုံသလို။ ပြောင်ချော်ချော်နဲ့"

"ယုံပါတယ်ဗျာ။ ညီမ အခုလိုဖြစ်နေတဲ့အမှုအရာလေးကိုအံ့ဩပြီးတော့ ချစ်စရာကောင်းနေလို့ပါ"

"ပြောလိုက်ရင် ဒါပဲ။ စကားကို ရှော့ချတယ်၊ အဟင်းဟင်း"

နော်ဖူးငုံ၏မျက်စောင်းလေးက သူ့ရင်ထဲကို စူးခနဲဝင်သွားသည်။

× × ×

နော်ဖူးငုံက ဟင်းချက်ကောင်းသည်။ တောဝက်သားဟင်း ဝမ်းတွင်းကလီစာဟင်းတို့ဖြင့် တည်ခင်းကျွေးမွေးသည်။ လေးဦးစလုံး ရှိုး အတူတူစားကြသည်။ သည်တစ်ခါလည်း ရှာပြင်ရှိ လယ်တဲမှာ ဖြစ်သည်။ ပေါ်လာက မိုးချုပ်မှရောက်လာသဖြင့် ညနေစာကို မိုးချုပ်မှပဲ စားကြသည်။

"ပေါ်လာမှာ မင်း မသိသေးတဲ့ အရည်အချင်းတစ်ခုရှိသေးတယ် မင်းဆွေ"

"ဟုတ်လား . . . ဘာများလဲ အယ်လူး"

ပေါ်လာသည် စောအယ်လူး၏မျက်နှာကို ကွက်ခနဲဆို ကြည့်လိုက်သည်။ သူလည်း စောအယ်လူး၏စကားကို နားမလည်။ ဇဝေဇဝါ ဖြစ်သွားမိဟန်တူသည်။

www.burmeseclassic.com

"ပေါ်လာက ကြောင်ကို ခေါ်တတ်တယ်ကွ။ သူခေါ်လိုက်ရင် ကြောင်တွေက ရောက်လာကြရော"

"ဟင် . . . ဟုတ်လား။ အံ့အားသင့်စရာပဲ။ ကြောင်တွေကို ခေါ်လို့ရတယ်ဆိုရင် ဟိုကြောင်ဖြူကြီးကို အပင်ပန်းခံပြီး လိုက်ပစ်နေရတာလဲ"

"အဲဒါက တစ်ကဏ္ဍပါဗျာ။ သည်ကောင့်ကို တမင်လွှတ်ထားသေးတာ။ ကျွန်တော့်လက်ထဲက ပြေးမလွတ်ပါဘူး။ တစ်နေ့နေ့မှာတော့ သည်ကောင် နိဂုံးချုပ်ရမှာပဲ"

"ထားပါတော့လေ။ ကိုပေါ်လာရဲ့ထူးခြားတဲ့ အပြုအမူကို ကျွန်တော် ဘယ်တော့သိရမှာလဲ"

ပေါ်လာသည် လက်ဆေးနေရင်းက တဲထဲမှနေ၍ မိုးပေါ်ကို မော့ကြည့်လိုက်ပြီး . . .

"မနက်ဖြန် လပြည့်လေ။ လပြည့်ညပေါ့"

× × ×

## အခန်း ( ၁၄ )
## ကြောင်ကို ကြောင်လိုခေါ်သူ

လပြည့်ည ကောင်းကင်တစ်ခွင်လုံး တိမ်မြူကင်းစင်ကာ လင်းချင်းလျက်ရှိသည်။ ပြည့်ဝန်းသောလမင်းကြီး၏ အလင်းရောင်၊ ထောင်ပေါင်းများစွာသော ကြယ်အပေါင်းတို့၏အလင်းရောင်တို့က ကမ္ဘာမြေပြင်ကြီးတစ်ခုလုံးကို အားပါးတရပင် ပက်ဆမ်းထားသည်။ အလင်းအားကောင်းသဖြင့် ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှားပင် မြင်တွေ့နေရသည်။

လူသုံးယောက်သည် ကွင်းပြင်ကြီးတစ်ခုကို ဖြတ်သန်းနေကြသည်။ ရွာနှင့်နှစ်ဖာလုံခန့် ဝေးသောနေရာသို့ အရောက်တွင် . . .

"ဒါလောက်ဆို ရပါပြီ ပေါ်လာ"

စောအယ်လူးက ပြောလိုက်သဖြင့် နေရာမှာပင် ရပ်တန့်လိုက်ကြသည်။ ရွာဘက်ဆီကို ပြန်ပြီး လှမ်းကြည့်လိုက်ကြသည်။ ရွာကို သစ်ပင်ကြီးငယ် အုံ့အုံ့ဆိုင်းဆိုင်း၊ ရေးရေးညို့ညို့နှင့် လှမ်းပြီးတော့ မြင်

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

"ကဲ . . . လာ . . . မင်းဆွေ"

စောအယ်လူးသည် မင်းဆွေကို ခပ်လှမ်းလှမ်းဆီသို့ ခေါ်သွားသည်။ ကွင်းအလယ်မှာ ထီးတည်းကြီးပေါက်နေသော ကုက္ကိုပင်ကြီးတစ်ပင်အောက်ကို ဖြစ်သည်။ ပေါ်လာကတော့ နေခဲ့သည်။ သူ ရှိသောနေရာနှင့်လည်း သိပ်မဝေးပါ။ လှမ်းပြီးတော့ မြင်နေရလေသည်။ မင်းဆွေသည် ပေါ်လာ ဘာလုပ်မလဲဆိုသည်ကို စိတ်ဝင်စားစွာဖြင့် ကြည့်နေမိသည်။

ပေါ်လာသည် ပိုးတိုင်ရှာဘက်ဆီကို မျက်နှာမူကာ မုဆိုးဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် ညာလက်ဖဝါး၊ ဘယ်လက်ဖဝါးကို ခပ်ခွက်ခွက်ပြုကာ နှုတ်ခမ်းထောင့်နှစ်ဖက်ဘေးမှာ ကာထားလိုက်ရင်း . . .

"ညောင်း . . . ဝေါ . . . ဝေါင်း . . . ဝေါင်း"

အမှတ်မထင် ဆွဲဆွဲငင်ငင် အသံရှည်ကြီးဖြင့် အော်လိုက်လေသည်။

"အဲဒါ ကြောင်ထီးတစ်ကောင်ရဲ့ အော်သံကွ"

စောအယ်လူးက စိုးတိုးပင်ပြောလိုက်သည်။ တကယ်ပင် ကြောင်တစ်ကောင်၏အော်သံနှင့် တူလှသည်။ ရင်ခေါင်းထဲမှ ညှစ်ပြီးထွက်လာသောအသံကြီးကြောင့် မင်းဆွေမှာ ကြက်သီးမွေးညင်းပင် ထ



သွားခဲ့ရလေသည်။ ထို့နောက် အသံတစ်မျိုးပြောင်းကာ ထွက်ပေါ်လာခဲ့ပြန်သည်။

"ညောင်း , . . အစ် . . . အူး . . . ညောင်း . . . ညောင်း ညောင်း"

"အဲဒါ ကြောင်ထီးက ကြောင်မတွေကို သွေးဆောင်နေတာကွ။ မိတ်လိုက်တဲ့အခါ ဘာသာဘာဝ အော်မြည်သံမျိုးပေါ့။ လာ . . . ဒါလောက်ဆို ငါတို့သွားလို့ရပြီ"

ကုက္ကိုပင်ကြီးအောက်မှ ထွက်ကာ ပေါ်လာရှိနေသည့် နေရာကို လျှောက်သွားခဲ့ကြလေသည်။ ထို့နောက် အနားမှာပင် ထိုင်နေလိုက်ကြသည်။ အချိန်တာက ငါးမိနစ်လောက်ပင် ကြာသွားခဲ့သည်။ ကွင်းကိုဖြတ်၍ တဖုတ်ဖုတ်နှင့် ပြေးလာကြသံများကို ကြားလိုက်ကြရသည်။ သေးငယ်သောခြေသံများ၏ ပိုင်ရှင်ကို လှုပ်လှုပ် လှုပ်လှုပ်နှင့် တွေ့လိုက်ကြရလေသည်။ တဖြည်းဖြည်းနှင့်နီးကပ်လာကြသောအခါ များပြားလှသော ကြောင်များ ဖြစ်နေကြသည်။

ကြောင်များသည် သူတို့ဆီကို ရောက်လာကြကာ တညောင်ညောင်နှင့် အော်မြည်နေကြသည်။ ပေါ်လာ့ကို ပတ်ရှာဝိုင်းနေကြလေသည်။ ကြောင်တွေက အရောင်အသွေးမျိုးစုံ၊ အရွယ်အစားမျိုးစုံ ဖြစ်ကြသည်။ ပေါ်လာသည် အိမ်ကြောင်တစ်ကောင်ကို ပွေ့ယူပြီး ပြန်လွှတ်ပေးလိုက်သည်။ ကြောင်မများသည် တစ်ခဏကြာသည်အထိ အနားမှာ

www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်နေကြသေးသည်။ နောက်တော့မှ အလှည့်စားခံလိုက်ကြရမှန်း သိသွားခဲ့ကြသည်။ တဒေါင်ဒေါင်နှင့် အော်မြည်ကြရင်း ပိုးထိုင်ရွာဘက်ဆီကို ပြန်ပြေးသွားခဲ့ကြလေသည်။

ပေါ်လာသည် ကြောင်များ ပြေးသွားရာ ရွာဘက်ဆီကို ငေးပြီးတော့ ကြည့်နေမိသည်။ သည့်နောက် နေရာမှ ပြန်ပြီးတော့ ထလိုက်လေ၏။ မင်းဆွေလည်း အခြေအနေကို အစအဆုံးမြင်လိုက်ရ၍ အံ့အားသင့်၍မဆုံးရှိနေသည်။

"ကိုပေါ်လာ ခင်ဗျားက အသံတုလုပ်တဲ့နေရာမှာ တော်တော်ကို ပိရိတာပဲဗျ။ ကြောင်မတွေများဆိုရင် မျှော်လင့်ချက်နဲ့ အနားမှာ ဝိုင်းနေတာပဲဗျာ"

"ဟဲ . . . ဟဲ . . . ကြောင်မတွေတော့ တော်တော့်ကို စိတ်ပျက်သွားကြပုံပဲဗျ"

ပေါ်လာက ရယ်သွမ်းသွေးပြီးတော့ ပြောလိုက်သည်။ ပေါ်လာတသူ၏အစွမ်းကိုပြပြီးဖြစ်၍ ရွာကို အေးဆေးစွာပင် ပြန်လာခဲ့ကြလေသည်။

× × ×

ပေါ်လာသည် မင်းဆွေရောက်လာသည့် အချိန်ကစပြီး နေ့စဉ်ပင် လာလာပြီးတော့ တွေ့လေသည်။ သို့သော် ယခင်းထဲမှာ ဖြစ်သည်။ ယာတဲကြီးကို ပြန်ပြီးတော့ ပြုပြင်ထားသည်။ ဝိုပြီးတော့လည်း ကျယ်



ဝန်းသည်။ အိပ်ခန်းနှစ်ခန်းအပါအဝင်ရှိထားသည်။ စိုက်ခင်းကလည်း အောင်မြင်သည်။ သို့သော် ထပ်မံချဲ့ပြီးပြုလုပ်နိုင်ရန် အရင်းအနှီးလိုအပ်သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး သူတို့မောင်နှမချင်း ပြောနေကြသည်ကို မင်းဆွေက မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

တစ်ရက်တွင် နံနက်စာစားအပြီး ရေနွေးကြမ်းဝိုင်းတွင် . . .

"မင်းတို့ ဟိုဘက်က မြေကွက်ကိုဝယ်မယ်လို့ ငါ ကြားရတယ်"

"မဝယ်သေးပါဘူးကွ။ ငါတို့ နိုင်မှာမဟုတ်ဘူးကွ။ အခုတောင် အလုပ်သမားသုံးယောက် ထပ်ငှားထားရပြီ"

"ငါဝယ်မယ်ကွာ။ အလုပ်သမားထပ်ငှားတန်လည်း ငှားပေါ့။ မင်းရဲ့အခင်းတွေက အောင်မြင်တယ်။ အလုပ်ကို ချဲ့နိုင်လေကောင်းလေကွ"

"ဟာကွာ . . . မဟုတ်တာ မင်းကလည်း"

"ငါ့ါစီးပွားကွာ။ မင်းတို့ပဲ ဝိုင်းပြီးလုပ်ပေးရမှာ။ အကျိုးတူဆောင်ရွက်ကြေးလေကွာ"

စောအယ်လူးစဉ်းစားနေမိသည်။ နော်ဖူးငုံကတော့ ဝင်မပြော။ ငြိမ်သက်စွာပင် နားထောင်နေသည်။

"အေးကွာ . . . မင်း စိတ်ပါတယ်ဆိုရင် လုပ်ကွာ"

စောအယ်လူးက မင်းဆွေ၏စိတ်သဘောအမှန်ကို မသိသဲ့အားတက်သရောပင် ပြောလိုက်သည်။ တစ်ခဏအကြာတွင် စောအယ်လူးသည် ခြံပိုင်ရှင်နှင့် စကားပြောမည်ဆိုပြီးတော့ ထွက်သွားခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စောအယ်လူး အိမ်မှာမရှိခိုက်တွင် . . .

"အစကိုက သည်မြေကွက်ကို ညီမတို့အတွက် ဝယ်ပေးတာ မဟုတ်လား။ ညီမတို့ စကားပြောနေကြတာကို အစ်ကို ကြားသွားတယ် ထင်တယ်"

"မဟုတ်ပါဘူး ညီမရယ်၊ ကိုယ်ကိုယ်တိုင်ကလည်း စိတ်ဝင်စားလို့ပါ"

"ဟုတ်ဘဲနဲ့၊ အစ်ကို့မှာ ငွေပိုငွေလျှံရှိလို့လား"

"ရှိတာပေါ့၊ ကဲပါ . . . ညီမကလည်း သံသယမျက်လုံးတွေနဲ့ ကိုယ့်ကို ကြည့်မနေပါနဲ့၊ အရေးကြီးတာက ကိစ္စအဆင်ပြေဖို့ပဲ မဟုတ်လား"

"ဘာကိစ္စအဆင်ပြေဖို့လဲ . . . ဟင်း"

နော်ဖူးငုံ၏မျက်စောင်းလှလှလေးက မင်းဆွေ၏ ရင်ထဲကို ထိုးဖောက်ပြီးတော့ ဝင်သွားသည်။

× × ×

ပေါ်လာသည် ညဘက်မှာသာလျှင် မင်းဆွေဆီကို ရောက်ရောက်လာတတ်သည်။ တစ်ညတွင် ကောက်ညှင်းနှင့်ချက်သော အရက်ကောင်းကောင်းကို ယူလာသည်။

"ဟောသည်မှာ ကျွန်တော့်ကိုယ်တိုင် ချက်ထားတာ။ ကိုမင်းဆွေလည်း နည်းနည်းပါးပါးတော့ လုပ်စေချင်တယ်။ ဒါမှလည်း အအေးဒဏ်ကို ခံနိုင်မှာ၊ နော် . . . ငါ့ကိုမင်းဆွေကို နည်းနည်းတိုက်မယ်နော်"

4 ပေါ်လာက နော်ဖူးငုံကို အမှတ်တမဲ့ပြောလိုက်သည်။ နော်ဖူးငုံသည် အံ့အားသင့်သွားခဲ့မိသည်။ မင်းဆွေနှင့် စောအယ်လူးလည်း ထို့အတူပင် ပေါ်လာသည် မင်းဆွေနှင့် နော်ဖူးငုံ ရည်ငံလျက်ရှိနေသည်ကို ရိပ်မိဟန်တူသည်။

"အစ်ကို့သဘောပါလေ"

နော်ဖူးငုံက မပွင့်တပွင့်နှင့်ပြောသည်။ တကယ်တော့ ပေါ်လာသည် တောဝက်အန္တရာယ်နှင့် ဖတွေ့ကြုံခဲ့သော မင်းဆွေ၏ အသက်ကို ကယ်တင်ခဲ့သည်။ နော်ဖူးငုံအထင်မှားခဲ့သည်က ပေါ်လာသည် သူမကို ကြိတ်ပြီးပိုးခဲ့သူ။ ယခုပြိုင်ဘက်မင်းဆွေပေါ်လာသောအခါ မလိုတမာစိတ်နှင့် အကောက်ကြံနိုင်သည်ဟု။ သို့သော် ပေါ်လာကား ထိုသို့မဟုတ်ခဲ့၊ အထင်မှားခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်မိသည်။

စောအယ်လူးကတော့ ယမကာကိစ္စနှင့်ပတ်သက်ပြီး မင်းဆွေကို မှီဝဲရန် မမှီဝဲရန် ဝင်မပြော။ ပေါ်လာ အနားမှာရှိနေသောကြောင့်ပင် မင်းဆွေကို သိပ်ပြီးတော့ လိုက်လျောလွန်းသည်ဟု ထင်မှာကို စိုးရိမ်သောကြောင့်လည်း ဖြစ်သည်။ မင်းဆွေက နော်ဖူးငုံ၏ရှေ့မှာ သောက်ရမည်ကို အားနာနေမိသည်။ သူမကလည်း သောက်လေ့သောက်ထရှိနေကြသော အယ်လူးနှင့် ပေါ်လာတို့က အကျင့်ဖြစ်နေပြီဖြစ်၍ မပြော



www.burmeseclassic.com

www.burmeseclassic.com



သာ။ သောက်လေ့သောက်ထမရှိသော မင်းဆွေကို မသောက်စေလို။ သူမကိုယ်တိုင်ကလည်း သောက်စားသည်ကို မကြိုက်။

ထိုညက စကားပြောကြရင်းနှင့် နန်းတစ်လိမ်တောကြီးထဲက ကြောင်ဖြူရှိုင်းကြီးဆီကို ရောက်သွားခဲ့ကြသည်။

"သည်ကောင်ကြီးဟာ တော်တော်အသက်ပြင်းတယ်။ အဆိပ်လည်း ပြီးပုံရတယ်။ ငါလည်း မင်းနဲ့အတူ သည်ကြောင်ကြီးကို ပစ်တာပဲ။ ဒါပေမဲ့ သူက မင်းကို ပိုပြီးတော့ ငြိုးနေသလိုပဲ"

"အေးကွ . . . အတိတ်ဘဝက ရန်ကြွင်းရန်စပဲလား။ ငါ့အဖေ့လက်ထက်က ထင်ကျန်ခဲ့တဲ့အကြွေးပဲလား။ မပြောတတ်ဘူး။ ငါ့ကို သည်လိုအနှောင့်အယှက်ပေးနေတာ မထီတရီလုပ်နေတာကို သည်းမခံနိုင်တော့ဘူး အယ်လူး။ တွေ့တဲ့နေရာမှာ အပြတ်ကို ရှင်းချင်တယ်"

"တိရစ္ဆာန်တစ်ကောင်ကို နင်က ဒါလောက်ကြီးတောင် အငြိုးထားရသလား ပေါ်လာ။ သူ့အသိဉာဏ်နဲ့ ဘာနားလည်မှာလဲ။ သည်ကြောင်ဖြူရှိုင်းကြီးက နင့်ရယ်လို့ ဟုတ်ချင်မှ ဟုတ်မှာ။ တခြားသူတွေကိုလည်း သည်လိုပဲဆက်ဆံနေမှာ။ ဒါပေမဲ့ သည်ကြောင်ကြီးက သိပ်ပြီးတော့ ထူးခြားတယ်နော်။ တခြားကြောင်တွေအပေါ်မှာလည်း မိုးမိုးထားပုံရတယ်"

နော်ဖူးငုံ ပြောလိုက်မှ ကြောင်ရှိုင်းဖြူကြီးကို ပိုပြီးတော့ သတိထားမိသွားသည်။ နန်းတစ်လိမ်တောကြီးထဲတွင် ကြောင်ဖြူရှိုင်းကြီးနှင့်



တွေ့ခဲ့စဉ်က အခြားသော တောကြောင်ရိုင်းများသည်လည်း ရောက်လာခဲ့ကြသည် မဟုတ်ပါလား။ ပေါ်လာသည် မိမိကို မကြာခဏ အနှောင့်အယှက်ပေးသည့် ကြောင်ဖြူရှိုင်းကြီးကို မြင်ပြင်းကပ်မိသော်လည်း တစ်ခါတစ်ရံမှာတော့ ကြောက်စိတ်ဝင်မိသလိုလိုပင်။

"ကိုမင်းဆွေ မနက်ဖြန်ကျရင် ဘယ်ကိုသွားချင်သလဲ"

"မင်းကလည်း သည်မှာ ပို့စရာဆိုလို့ တောပဲရှိတာ သိသားနဲ့"

"အေးပါ။ ငါကလည်း တောသုံးတောရှိတဲ့အနက် ဘယ်တောကို သွားချင်သလဲလို့ မေးတာပါကွ အယ်လူးရ"

"ဝါးတောဘက်ကိုပဲ သွားရင် ကောင်းမလားလို့"

မင်းဆွေက ပြောလိုက်သည်။ နော်ဖူးငုံက မင်းဆွေ၏မျက်နှာကို ကွက်ခနဲဆို ကြည့်လိုက်လေသည်။ တောနှင့်အတွေ့အကြုံနည်းပါးသော မင်းဆွေကို စိုးထိတ်မျက်ဝန်းတွေ၏အကြည့်။

"ကောင်းပြီ . . . ပို့ပေးမယ်။ ကိုမင်းဆွေ သွားချင်တဲ့နေရာဆိုရင် နတ်ပြည်ကိုလည်း ပို့ပေးမယ် . . . ဟဲ . . . ဟဲ"

ပေါ်လာသည် ယစ်ရှုရည်အရှိန်တက်နေလေပြီ။ မင်းဆွေနှင့်အတူ စကားပြောနေရသည်ကိုလည်း ပျော်နေဟန်တူသည်။

"ကျွန်တော့်ကို ဟန်ဆောင်မှုကင်းမဲ့စွာနဲ့ ခင်မင်မှုပေးတဲ့ ကိုမင်းဆွေ လေးစားတယ်ဗျာ။ ကျွန်တော်ဖတ်ဖို့စာအုပ်တွေကိုလည်း ဗဟုသုတဖြစ်စေဖို့ ယူလာပေးတယ်။ သူတို့မောင်နှမကလည်း ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်ကို စာသင်ပေးခဲ့တယ်။ အဲသည်အတွက် အားလုံးကို ကျေးဇူးတင်တယ်။ ကဲ . . . မနက်ဖြန်ကျရင် ကျွန်တော် လာခေါ်မယ်။ ကောင်းသော ညပါ"

ပေါ်လာသည် ပြန်ရန် တဲပေါ်မှ ဆင်းလိုက်သည်။

"ပေါ်လာ . . . ငါ လိုက်ပို့မယ်"

"နေပါစေ . . . ရတယ် . . . ရတယ် . . . နေခဲ့ သူငယ်ချင်း"

ပေါ်လာသည် နောက်ကို လှည့်မကြည့်။ ကျောပေးလျက်ပင် လက်ပြကာ နှုတ်ဆက်သွားသည်။

"အင်း . . . ပေါ်လာ . . . ပေါ်လာ တကယ်တော့ သူ့ဘဝဟာ အထီးကျန်ပဲ။ လူတွေက သူ့ကို ခင်ကြပါတယ်။ ဒါပေမဲ့ သူ့ကိုယ်တိုင်ကိုက စိတ်တစ်မျိုးဖြစ်နေတာ။ လူတွေနဲ့ကို အတူတူမနေချင်ဘူး"

စောအယ်လူးသည် အမှောင်ထဲ တိုးဝင်သွားသော ပေါ်လာကို ကြည့်ပြီး ညည်းညူကာ ပြောလိုက်လေတော့သည်။

× × ×

နောက်တစ်နေ့နံနက်တွင် သုံးယောက်အတူ ဝါးတောဆီကို ထွက်လာခဲ့ကြသည်။ နော်ဖူးငုံကတော့ ရွာထဲရှိအိမ်တွင် ပြန်ပြီးတော့ နေသည်။ တောထဲသွားလာရသည်ကို မင်းဆွေ သဘောကျနှစ်ခြိုက်လာခဲ့လေပြီ။ နော်ဖူးငုံကို ချစ်တော့ တောကိုလည်း ချစ်တတ်လာခဲ့ပြီ။



ဝါးတောကြီးသည်လည်း မင်းဆွေ သဘောကျသည့်နေရာများ ရှိသည်ဟု ပေါ်လာက ပြောသည်။ ပေါ်လာသည် မည်သည့်တောမဆို သူ့ခြေရာချည်းဖြစ်နေသည်။ သူနှင့်တောနှင့် တစ်သားတည်းပင်။

မင်းဆွေ၏စိတ်ကူးထဲမှာရှိသည့် နောက်တစ်ချက်က ဤတောထဲတွင် အမှတ်မထင်ဖူးတွေ့ခဲ့ဖူးသည့် စေတီတော်ဆစ်တူကိုပင်။ ထိုစဉ်က ကုသိုလ်ထူးခဲ့သည်။ စောအယ်လူးနှင့်ပေါ်လာတို့ပင် ဖူးခွင့်မရလိုက်ကြ။ ယခုလည်း ထပ်မံပြီး ဖူးခွင့်ကြုံလိုကြုံငြား မျှော်လင့်ချက်က ရှိနေသည်။ ဆုတောင်းနေမိသည်။ သားကောင်ပစ်ရန် ဝါသနာထုံသူတွေ့ကတော့ ဒူးလေးကိုယ်စီပါလာခဲ့ကြသည်။ ဝံ၊ ကျား၊ ကျားသစ်တို့နှင့် တိုးမိလျှင် အကာအကွယ်ရနိုင်ရန်လည်း ဖြစ်သည်။ တောထဲဝင်လျှင် ဒူးလေးလက်နက်ကိုပါသယ်ဆောင်သည့် အလေ့အကျင့်မျိုး ရနေပြီလည်းဖြစ်သည်။

သည်တစ်ခါတော့ လမ်းကြောင်းပြောင်းလိုက်ကြသည်။ ဝါးတောကြီး၏ တောင်ဘက်ရူးရူးဆီကို လျှောက်လှမ်းနေကြသည်။ လမ်းမှာ မည်သည့်သားကောင်မှ မတွေ့ရ။ စိတ်ချမ်းသာသည်။ စောအယ်လူးနှင့် ပေါ်လာတို့ကလည်း သားကောင်ကို ရှာဖွေသည့်မျက်လုံးတွေနှင့် မကြည့်ကြ။ မင်းဆွေ ထင်မိသည်က သူ့ကို နေရာတစ်ခုဆီကို ခေါ်သွားခဲ့ခြင်းပင်။ ထူးခြားသည်က ဝါးတောကြီးသည် အေးမြလျက်ရှိပြီး တစ်ချက် တစ်ချက် တိုက်ခတ်လာသော လေသည် အမောအနန်းတို့ ပြေစေသည်။

www.burmeseclassic.com

www.burmeseclassic.com

နားလိုက် သွားလိုက်နှင့် တစ်နေရာကို ရောက်လာခဲ့သည်။ နားထဲတွင် ရေစီးသံများကို ကြားလာရသလိုပင်။ ထိုအသံများသည် တဖြည်းဖြည်းနှင့် နီးလာခဲ့ကြသည်။ တစ်နေရာကို အရောက်တွင် စမ်းချောင်းကြီးတစ်ခုက ဘွားခနဲဆို ပေါ်လာခဲ့သည်။ ယမန်နှစ်က တွေ့ခဲ့သည့် စမ်းချောင်းထက် ပိုပြီးတော့ ကျယ်သည်။ ကြီးမားသည်။ အရှည်ကတော့ မည်မျှရှိသလဲ မသိ။ သို့သော် တောင်နှင့်မြောက်ကို ဖြတ်ပြီးတော့ စီးဆင်းလျက်ရှိလေသည်။

စမ်းချောင်းကြီး၏ အနီးဆုံးနေရာမှာ ဝါးနက်ဝါးရုံပင်ကြီး တစ်ပင်ကိုလည်း တွေ့ရသည်။ ဟိုမှာ သည်မှာ ပေါက်နေကြသော ဝါးပိုးဝါးကြသောင်း၊ ထီးရိုးဝါးပင်အုပ်စုများကိုလည်း တွေ့နေကြရသည်။ ဝါးမျိုးစုံပေါင်းစုံပေါက်သည့် ဝါးတောကြီးပင်။

စမ်းချောင်းကြီးသည် အနိမ့်ပိုင်းမှာဖြစ်သည်။ ကမ်းပါးယံအောက် ဆယ်ပေသာသာအနက်လောက်မှာ ရှိသည်။

"ကိုမင်းဆွေ . . . လာ"

စမ်းချောင်းကြီးကို ငုံ့ကြည့်နေသော မင်းဆွေကို ပေါ်လာက လှမ်းပြောလိုက်သည်။ သူတို့နှစ်ယောက် နောက်က လိုက်သွားသည်။ ခြေလှမ်းသုံးဆယ်ခန့် လျှောက်သွားသောအခါ . . .

"ဟိုမှာကြည့်ပါဦး"

ပေါ်လာက လက်ညှိုးထိုးပြလိုက်သည်။ ကြည့်လိုက်ရာ ထူးခြားမှုတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ အရှေ့နှင့်အနောက်ကိုဖြတ်၍စီးဆင်းနေသော စမ်းချောင်းကြီးတစ်ခုပင်၊ စောစောက စမ်းချောင်းကြီးနှင့် ပေါင်းဆုံသွားခဲ့ပြီး ကြက်ခြေခြတ်သဏ္ဌာန် (အပေါင်းလက္ခဏာသဏ္ဌာန်) တစ်ခုနှင့်တစ်ခု ဖြတ်သွားခဲ့ကြလေသည်။ ထို့ကြောင့် စမ်းချောင်းကြီးနှစ်ခု ပေါင်းဆုံရာတွင် ရေဝဲလှည့်နေကြသည်။ ရေလုံးကြီးများက တဖွားဖွားနှင့် ထက်ဘ တဝုန်းဝုန်းနှင့် မြည်နေကြလေသည်။

"စမ်းချောင်းနှစ်ခုက ခုလိုတစ်ခုနဲ့တစ်ခု ဖြတ်ပြီး စီးဆင်းသွားခဲ့ကြတာ။ တစ်ခါမှ မမြင်ဖူးသေးဘူး။ တစ်နေရာရာတွေမှာ ရှိကောင်း ရှိကြပေမယ့် ကြုံရခဲတယ် ကိုပေါ်လာ"

"ဟုတ်တယ်၊ ကျွန်တော်လည်း တောတကာနှံ့ပြီးပြီ။ သည်လို ကြက်ခြေခတ်သဏ္ဌာန်ဖြတ်စီးတဲ့ စမ်းချောင်းမျိုးဟာ သည်ဝါးတောထဲမှာပဲ ရှိတယ်"

သဘာဝအလျောက်စီးဆင်းလျက်ရှိသော ရေအလျင်က ထူးဆန်းသည် မဟုတ်ဘဲ အာရုံခံစားမှုကတော့ ထူးခြားနေသည်။ မြို့ပြမှ အသံများနှင့် ခြားနားလျက်ရှိနေသည်။ ထို့နောက် စမ်းချောင်းကြီးအတိုင်း ဆက်လျှောက်၍မရတော့။ တစ်ဖက်မှ ဖြတ်စီးလာသော စမ်းချောင်းကြီးက ကန့်လန့်ဖြတ်ခံနေသောကြောင့်ပင်။

သူတို့သည် အရှေ့အနောက် တန်းပြီးတော့ စီးဆင်းလာသည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းကြီးအတိုင်း ကွေ့ပြီးတော့ လျှောက်သွားခဲ့ကြသည်။ ဝါးနှစ်ဝါးရုံပင်ကြီးအုပ်စုကို အကျော်မှာ ဝါးတံတားတစ်ခုကို တွေ့လိုက်ကြသည်။ ဝါးပိုးဝါးသုံးလုံးကို ဆက်ကာ ဆက်ကာ ပြုလုပ်ထားသော လက်ဖြစ်တံတား။ ဝါးနှစ်လုံးစီကို ယှဉ်ကာ ယှဉ်ထားသည်။ စမ်းချောင်းကြီး၏ တစ်ဖက်သည် ဧပင်ဆယ်လောက် ကျယ်ဝန်းသည်။ ရေထဲမှာ ဝါးတိုင်များကို စိုက်ထားသည်။ ခဲရာခဲဆစ်တည်ဆောက်ထားသော ဝါးတံတားတစ်ခု။ လက်တန်းကလည်း တစ်ဖက်တည်းရှိသည်။

"ငါတို့ သည်ဝါးတံတားကို ကျော်ပြီး တစ်ဖက်ကို သွားရမယ်"

ဇောအယ်လူးက ပြောလိုက်လေသည်။

× × ×

## အခန်း ( ၁၅ )

## ရှေးဟောင်းယာဇ်ဘုရားကျောင်းပျက်ကြီး

ဝါးတံတားလေးက ခနော်ခနဲ့ဟု ထင်ရသော်လည်း ကျစ်လျစ်တောင့်တင်းမှုကို တွေ့ရသည်။ ဝါးနှစ်လုံးကိုယှဉ်ထားသည်ဖြစ်၍ တန်းကို ကိုင်ပြီးတော့ လျှောက်ရသည်မှာ လွယ်ကူသည်။ စီးနေသောရေကို ကြည့်ပြီးတော့ လျှောက်ရင် မူးချင်သည်။ နှလုံးမကောင်းလျှင်၊ စိတ်မခိုင်လျှင် ယိမ်းယိုင်ပြီးတော့ ရေထဲ ထိုးကျသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေးငါးလှမ်းလောက်အထိတော့ ခြေမမြဲသလိုဖြစ်ချင်သည်။ နောက်တော့ စိတ်ကို နိုင်လာသည်။ သည်လိုနှင့် တစ်ဖက်ကို ရောက်သွားခဲ့ကြလေသည်။ ဤမှာဘက်တွင် ပိုမိုအမျိုးစုံလင်သော ဝါးပင်ကြီးများ ပေါက်နေကြသည်။ အခြားသောအပင်ကြီးများ မရှိသလောက်ပင်။

တံတားပေါ်မှအဆင်းတွင် ရှေ့ဆက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။ တောက အနည်းငယ်ရှုပ်ထွေးလာသည်။ သူတို့သည် မည်သည့်ရည်ရွယ်ချက်နှင့် ဤနေရာကို ရောက်လာခဲ့ကြပါသလဲ။ မင်းဆွေကို မည်သည့်ထူးခြားချက်များ ပြလို၍ပါပလဲ။ ထိုစဉ် . . .

"ရှော . . . ဖျော . . . ဖျော . . . ဖျော"

အမှတ်မထင် မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် အသံ။ ရှေ့ဆယ့်ငါးပေသာသာအကွာလောက်မှာ မြွေဟောက်ကြီးတစ်ကောင်ထ ဖြတ်ပြေးသွားသည်။ လူကြီးပေါင်လုံးခန့်တုတ်သည်။ ဆယ်ပေလောက်ရှည်လျားသည်။ လျှောက်နေကြသည့် ခြေလှမ်းများပင် တန့်သွားခဲ့ကြသည်။ မြွေဟောက်ကြီး တော်တော်ဝေးဝေးကို ရောက်သွားတော့မှ ဆက်လျှောက်ခဲ့ကြသည်။

"ဒါ . . . တောကြီးမြွေဟောက်ပဲ။ ဒါပေမဲ့ သည်ကောင်တွေက ငန်းမြွေလောက်ရန်မလိုတတ်ဘူး။ လူ၊ တခြားတိရစ္ဆာန်တွေကို မြင်လိုက်တာနဲ့ တန်းပြီးတော့လိုက်တတ်ကြတာ။ ငန်းမြွေမက အသိုက်မှာ ဥကို ဝပ်နေရင် ပိုဆိုးတယ်။ ချက်ချင်းထွက်လိုက်ပြီး ရန်ရှာတတ်တယ်"



တောအယ်လူးက မြွေတို့၏သဘာဝကို ပြောပြသည်။ ခွေးကိုက်သလောက်ပဲ နာတတ်သည်။ 'ရေမြွေ၊ လင်းမြွေမှသည် အဆိပ်ပြင်းသော မြွေဟောက် မြွေပွေးများအထိ သူကိုယ်တိုင်ပင်လျှင် စပါးကြီးမြွေ၏အညှို့ကိုပင် ခံခဲ့ဖူးပြီမဟုတ်ပါလား။ ဤနေရာသည် မြွေပေါသည်ဟု မင်းဆွေ ထင်မိသည်။ အရိုးသစ်ပင်ကြီးများပေါ်တွင် မြွေစိမ်းများကို တွေ့ရသည်။ စပါးအုံးကြီးများသည် သစ်ကိုင်း တုတ်တုတ်ကြီးများကို ရစ်ပတ်ပြီး တရွေ့ရွေ့နှင့် သွားနေကြသည်။

"အယ်လူး . . . သည်နေရာမှာ အကောင်တွေ တော်တော်ပေါတယ်နော်"

"အေး . . . ဒါပေမဲ့ သတိထားပြီးသွားရင် ဘာမှမဖြစ်ပါဘူး"

သတိထားပြီးသွားရင် ဘာမှမဖြစ်ဘူးတဲ့။ ဒါကတော့ သူပြောမှလား။ သစ်ပင်ကြီးများ၏အောက်မှနေ၍ လျှောက်စဉ်မှာပင် မော့ပြီးတော့ ကြည့်ရသည်။ မတော်တဆပဲဖြစ်ဖြစ် လူသံကြား၍ ခုန်ချလာရင်ပဲဖြစ်ဖြစ် ကိုယ်ပေါ်ကို ရောက်လာရင် လွယ်မှာတော့ မဟုတ်။ သူတို့ကတော့ သွားရဲ လာရဲရှိကြသကိုး။

"တိန် . . . တိန်"

ချေတစ်ကောင်သည် သူတို့ရှေ့မှာ အော်ပြီးတော့ ဖြတ်ပြေးသွားသည်။ မင်းဆွေသည် သည်လိုအော်မြည်သံမျိုးကို မကြားဖူး။ အထူးအဆန်းဖြစ်နေသည်။ တောအယ်လူးနှင့် ပေါ်လာတို့သည် ထွက်

www.burmeseclassic.com



ပြေးသွားသော ချေသတ္တဝါကို လုံးဝဂရုမစိုက်ကြပေ။ ခါတိုင်းဆိုလျှင် ပစ်ခတ်ရန် ဒူးလေးတပြင်ပြင်နှင့်ဖြစ်နေကြသည်။ တစ်မျိုးတော့ ထူးခြားနေသည်။

အချို့နေရာများသည် မြက်တောကြီးဖြစ်နေကြသည်။ မြက်တောထဲမှာ ဘာညာတွေ့ရှိနိုင်သည်။ မင်းဆွေ ဖြတ်ပြီးတော့ မလျှောက်ဝံ့။

"လာ . . . ကိုမင်းဆွေ သည်အပေါ်က သွားကြမယ်"

ပေါလာက မြက်တောနံဘေး ကုန်းမြင့်လေးကို လက်ညှိုးထိုးပြသည်။ သစ်ကိုင်းများက ဘေးကို ထိုးထွက်နေကြ၍ ပါလာကြသော ဓားကိုယ်စီဖြင့် ရှင်းသွားခဲ့ကြသည်။

နာရီဝက်ခန့်လျှောက်လာပြီးသောအခါ ထူးခြားသော မြင်ကွင်းတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ယင်းကား ပျက်စီးနေသော အုတ်တံတိုင်းပျက်များ၊ အဆောက်အဦပျက်များပင်။ ရှေးသာသနီကအဆောက်အအုံများ ဖြစ်ဟန်တူသည်။ အဝေးက လှမ်းပြီးတော့ကြည့်မိလျက်ပင် ထင်ရှားစွာ မြင်တွေ့နေရသည်။ တံတိုင်းများသည် ဂဝံအုတ်များကို ထစ်ကာ အဝိုင်းသဏ္ဍာန်ပြုလုပ်ထားသည်။ နှစ်ပရိစ္ဆေဒများစွာကြာမြင့်ခဲ့ပြီဖြစ်၍ ရေညှိတက်သည့်နေရာက တက်။ အညိုရောင်သန်းသည့်နေရာက သန်းနှင့် မှိုင်းလျက်ရှိနေလေပြီ။

ပရိဂုဏ်အတွင်းသို့ အဝင် မုခ်ဦးသည်လည်း ပျက်စီးလျက် ရှိနေလေပြီ။ အုတ်တိုင်နှစ်တိုင်ကတော့ ကောင်းနေကြသေးသည်။ အထဲကို တောက်လျှောက်ဝင်လာခဲ့ကြသည်။ သေချာစွာကြည့်မိလိုက်သောအခါ အဆောက်အဦများသည် မြန်မာဗိသုကာလက်ရာမျိုး မဟုတ်ကြ။ တစ်မျိုးတစ်ဖုံ ဆန်းကြယ်လျက်ရှိနေသည်။ ယိုးဒယားလိုလို တရုတ်လိုလို ထင်ရသည်။ သို့သော် တစ်နေရာကိုအရောက်တွင် နံရံတစ်ခု၌ တွေ့ရသော ဖောင်းကြွပန်းချီလက်ရာများကို သတိပြုမိလိုက်ပြန်သည်။

မဇ္ဈိမတိုင်းသားတို့၏ (ဟိန္ဒူ)လင်ရာမျိုးဖြစ်နေပြန်သည်။ ထို့ကြောင့် မည်သည့်ယဉ်ကျေးမှုလက်ရာမှန်း မသိရလောက်အောင် စဉ်းစားရခက်နေလေသည်။ အဆောက်အဦပျက်များ၏ တစ်ပိုင်းတစ်စကျန်ရှိနေသေးသော အမိုးများသည် အုတ်ကြွပ်များဖြစ်သည်။ သို့သော် ရှည်မျောမျောသဏ္ဍာန်များမဟုတ်။ ကြာဂုံပုံဖြစ်သည်။ မူလက အနီရောင်ဖြစ်နိုင်သည်။ ယခုတော့ ညိုညစ်နေကြလျက်။

"တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲကွ။ သည်လိုအဆောက်အဦမျိုး လက်ရာမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး။ ဘယ်ခေတ်က လက်ရာလည်းဆိုတာ ခန့်မှန်းရခက်တယ်"

"ဟုတ်တယ်။ သည်နေရာကို ငါတို့ သိထားတာကြာပြီ။ မင်းကို ပြစရာကလည်း ဒါပဲရှိတော့တာမို့ ခေါ်လာခဲ့တာ။ တော်ရုံတန်ရုံလူလည်း မလာကြဘူးကွ။ ကြောက်ကြတယ်"

"ဘာကိုကြောက်တာလဲ"

"သည်လိုပေါ့ကွာ။ သည်နေရာကြီးကိုက ဘယ်လိုမှန်းကို



www.burmeseclassic.com

www.burmeseclassic.com



မသိတာ။ စိတ်ထဲမှာကို တစ်မျိုးကြီးပဲကွ။ ငါတို့ သည်အထဲရောက်နေကြတာကို အားလုံးက ဝိုင်းစုပြုံပြီးတော့ ကြည့်နေကြသလိုပဲ။ ဘယ်သူတွေက ကြည့်နေသလဲဆိုတာကိုတော့ မပြောတတ်ဘူး"

"သည်အဆောက်အဦးတွေ၊ ပန်းချီတွေကို ကြည့်ပြီးတော့ စိတ်ထဲမှာ တစ်မျိုးထင်နေကြတာ ဖြစ်မှာပါ။ ငါတို့မြင်နေကြတွေနဲ့ မတူဘူး မဟုတ်လား"

ပြောမယ့်သာပြောလိုက်ရသည်။ မင်းဆွေ၏စိတ်ထဲမှာလည်း နောက်ကျောကို မလုံသလိုလို၊ ရှေ့မလုံသလိုလိုဖြစ်လာခဲ့ရလေသည်။ စောအယ်လူး ပြောလိုက်၍ ယောင်ယောင်ပြီး ထင်မိလိုက်ခြင်းပဲလား။

"ကိုမင်းဆွေ ဟိုဘက်မှာ ရှိသေးတယ်"

ဆက်လျှောက်သွားခဲ့ကြသည်။ တစ်နေရာကိုအရောက်တွင် ရုတ်တရက်မြင်လိုက်ရသော အရာတစ်ခုကြောင့် နောက်ကိုဆုတ်မိတော့ မတတ်ပင် ဖြစ်သွားခဲ့ရသည်။ မျက်စိရှေ့မှာ ဘွားခနဲဆိုပေါ်လာသော အရာသည်ကား ရုပ်တုကြီးတစ်ခုပင်တည်း။ အမျိုးတစ်ဝက်တစ်ပြက် အကာတစ်ဝက်တစ်ပြက်၏အောက်တွင် ထိုင်လျက်နေသော ရုပ်တုကြီးသည် ဆံပင်နေရာက ပွယောင်းနေပြီး မြွေသေးသေးလေး အကောင်ပေါင်းများစွာကို လိမ်ကျစ်ထားကြသလိုမျိုး။

မျက်လုံးတွေက မှေးမှေးပြုနေကာ လောကကြီးကို တစ်ရေးတစ်မောင်း အကဲခတ်ပြီးတော့ ကြည့်နေသလိုပင်။ ဝတ်ထားသော



အဝတ်အစားများက ပေါ်လွင်ထင်ရှားခြင်းမရှိတော့သော်လည်း ချိုင်းအောက်မှစ၍ ရစ်ပတ်ထားဟန်တူသည်။ ပိရိစေ့စပ်သော နှုတ်ခမ်းများ၏ အဓိပ္ပာယ်သည် ပါးနပ်လိမ္မာမှုကို ပြနေသည်။ မည်သူ၏မည်သည့် အမှားကို မဆို သိနေသည်ဟူသော အဓိပ္ပာယ်မျိုး။ စိတ်ထဲမှာ တေးပြီးတော့ မှတ်ထားသည်မျိုး။

ထိုမှေးနေသော မျက်လုံးများက လူတစ်ယောက်၏ရင်ထဲကို ထိုးဖောက်ပြီးတော့ မြင်နိုင်စွမ်းရှိနေသလို။

ထိုရုပ်တုရှင်သည် မည်သူမှန်းမသိ။ ဘာကိုကိုယ်စားပြုပြီးတော့ ဤနေရာမှာ ရပ်တည်နေသည်လည်း မသိ။ သို့သော် အကြင်နာ၊ မေတ္တာ ကင်းမဲ့ကာ ရမယ်ရှာနေသော မျက်နှာမျိုးဖြစ်နေသည်။ ညာလက်ထဲတွင် မိုးကြိုးလက်နက်၊ ဘယ်ဘက်လက်ထဲမှာကား ခက်ရင်းသုံးခွမိုန်းကြီးကို ကိုင်ဆောင်ထားသည်။ လက်နက် နှစ်ခုစလုံးကို ပေါင်ပေါ်တင်ကာ ထောင်ထားလေသည်။

ပေါ်လာကတော့ ယင်းရုပ်တုကြီးကို တစ်ချက်သာ ကြည့်ပြီး ခပ်လှမ်းလှမ်းကို ထွက်သွားသည်။ တစ်နေရာမှရပ်ပြီးတော့ စောင့်နေလေသည်။ မင်းဆွေလည်း ကြာကြာကြည့်ရသည်မှာ စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်လာပြန်၍ စောအယ်လူးနှင့်အတူ လှည့်ထွက်လာခဲ့လေသည်။

"သည်နေရာကို ဘယ်လိုမှစဉ်းစားလို့ မရတော့ဘူးကွာ။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတစ်မျိုးမျိုး အခြေချပြီးနေခဲ့ဖူးတဲ့နေရာကတော့ အမှန်ပဲ။ ငါထင်တာကတော့ ရှေးက အပယ္ပူဝါဒတစ်ခုခုကို လက်ခံကိုးကွယ်ကြတဲ့သူတွေရဲ့ နတ်ကွန်းဖြစ်မှာပဲ။ အဲသည်ကိုးကွယ်ကြတဲ့သူတွေဟာ ဘာလူမျိုးတွေလဲ"

အမေးသာရှိသည်။ အဖြေက ရေးရေးမျှမပေါ်။ နေရာက လှည့်ပြန်ချင်သောစိတ် ဖြစ်ပေါ်လာခဲ့သည်။ သို့သော် တောက အမှောင်ရိပ်သန်းနေသည်ဖြစ်ရလေကား ဤတစ်ခုတည်းသော ရုပ်တုကြောင့်ပင်လျှင် ပိုပြီးတော့ စိတ်ကျဉ်းကျပ်နေကြရသည်။

အလာလမ်းဆီကို ခြေလှမ်းများက တိုင်ပင်ထားကြသလို လှမ်းမည်ကြံကြသော်လည်း အာရုံက တစ်နေရာကို ရောက်သွားခဲ့ကြပြန်သည်။ မင်းဆွေ၏စိတ်ထဲမှာ အမျိုးအမည်မသိရသော ရုပ်ဖြုပ်ကင်းမဲ့သည့်အရာတစ်ခု၏ သွေးဆောင်ခြင်းကို ခံလိုက်ရသလိုပင်။ သူ တစ်ယောက်တည်း ရှေ့ကနေ ထွက်သွားသည်။ စောအယ်လူးနှင့်ပေါ်လာတို့သည် မင်းဆွေ၏ အပြုအမူကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ ထို့ကြောင့် နောက်မှ လိုက်သွားခဲ့ကြလေသည်။

ထိုနေရာသည် တောင်ပို့များ၊ ချုံများ၊ သစ်ပင်ကြီးများ ထူထပ်နေကြသည်။ တိတ်ဆိတ်မှုကြီးစိုးနေ၍ ပိုပြီးတော့ ချောက်ချားစရာကောင်းနေသည်။ စောအယ်လူးနှင့် မင်းဆွေတို့ပင် ဤနေရာကို မလာခဲ့ကြဖူးပေ။



"မင်းဆွေ . . . မင်း ဘယ်ကိုသွားမလို့လဲ။ သည်ဘက်မှာ ဘာမှရှိမှာ မဟုတ်ပါဘူးကွ"

"နေဦးကွာ။ ရောက်မယ့်ရောက်တော့ နေရာအနှံ့ မဟုတ်တောင် ပေါ့ပေါ့နေရာလေးကို သွားကြည့်ရအောင်"

မင်းဆွေ၏စိတ်ကူးကို နားမလည်နိုင်ကြ၍ လိုက်သွားခဲ့ကြသည်။ သူတို့ရောက်သွားသောနေရာသည် မြင်ကွင်းမရှင်း။ ချုံနွယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးနေသည်။ မြွေပေါများသောနေရာဖြစ်၍ စောအယ်လူးနှင့် ပေါ်လာတို့ကပဲ လမ်းကို ဂရုစိုက်ပြီးတော့ ရှင်းသွားခဲ့ကြရသည်။ သည်လိုနှင့် သစ်ပင်ကြီးများအကြားကို ရောက်လာခဲ့ကြသည်။ မြက်ရိုင်းပင်များကြားတွင် တစ်စွန်းတစ်စပေါ်ထွက်နေကြသော အရာများကို ကြည့်ပြီး သက်ာမကင်းဖြစ်သွားခဲ့ကြလေသည်။

မူလက တောင်ပို့ကြီးများဟု ထင်မိခဲ့ကြသည်။ သို့သော် သေချာစွာကြည့်သောအခါ တောင်ပို့များမဟုတ်ကြပေ။ တောင်ပို့သဏ္ဍာန်ဂူများသာ ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် သိရသလဲဟူမူ ဂူ၏မျက်နှာဘက်တွင် ကမ္ပည်းထိုးထားသော ကျောက်ပြားတစ်ချပ်ကို မြှုပ်နှံထားသောကြောင့်ပင်။

"ဟင် . . . ဒါ . . . ဒါဟာ အုတ်ဂူတွေပဲ။ သည်အဆောင်အဦကြီးရဲ့ ပရိဝုဏ်ထဲမှာရှိတယ်ဆိုတော့ လူသာမန်တွေရဲ့ ဂူ ပုံဟန်မတူဘူး။ နတ်ဆရာ၊ ဘာသာရေးအကြီးအကဲ၊ အဲသည်ဂူတွေရဲ့ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်။ အခင်း . . . သည်လိုဂူတွေ ဘာတွေနဲ့ စီမံထားတာဆိုတော့ တိုးတက်မှုရှိတယ်။ စနစ်ကျတယ်လို့ ဆိုရမှာပဲ"

"မင်းပြောတာ ဖြစ်နိုင်တယ်။ ဒါဟာ သူတို့အလွတ်အမြတ်ထားတဲ့သူတွေကို တလေးတစားနဲ့ မြှုပ်နှံထားတဲ့နေရာပဲ"

အုတ်ဂူခုံးခုံးကြီးတွေက များများစား မရှိကြ။ ခြောက်လုံးလောက်ပဲ ရှိသည်။ အရောင်အဆင်းလွင့်ပြယ်နေသည်ကလွဲပြီး ကျိုးပေါက်ပျက်စီးခြင်း မရှိကြသေးပေ။ ခိုင်မာနေကြသေးသည်။ ထို့နောက် ဘာများတွေ့နိုင်သေးသလဲဟု သိချင်သေးသည်နှင့် ဆက်လျှောက်သွားခဲ့ကြလေသည်။

ထိုစဉ် . . .

"ဖလပ် . . . ဖလပ် . . . ဖျန်း . . . ဖျန်း"

ခပ်ဝေးဝေးရှိ သစ်ပင်ကြီးတစ်ပင်ထက်မှ အသံတစ်သံက အမှတ်တမဲ့ ထွက်ပေါ်လာသည်။ အဝေးကနေ လှမ်းပြီးတော့ ကြည့်မိလိုက်ကြသည်။ သူတို့တွေ့လိုက်ကြရသည်ကား ကြီးမားမြင့်မားလှသော ကညင်ပင်ကြီးတစ်ပင်ပင်။ အရွက်တွေကလည်း ထူထပ်သိပ်သည်းနေကြသည်။ ထိုသစ်ပင်ကြီးကို အဝေးကနေ လှမ်းပြီးတော့ ကြည့်နေရသည်မှာ အားမရ၊ အရောက်သွားပြီးတော့ ကြည့်ချင်သည့် ဆန္ဒက တစ်ဖြိုင်တည်းလိုလိုပင် ဖြစ်ပေါ်လာခဲ့ကြလေသည်။ ထို့ကြောင့် အဆင်ပြေမည်ထင်သော လမ်းမှ ကွေ့ဝိုက်ပြီးတော့သွားကြသည်။



သို့ရှိစိုက် . . .

လေပြေလေညင်းက အေးဆေးစွာပင် တိုက်ခတ်လာခဲ့လေသည်။ နားထဲမှာ စကားပြောသံများလိုလို ကြားလာခဲ့ကြရသည်။ ဆက်တိုက်တော့ မဟုတ်။ တစ်ချက်တစ်ချက်မှာ ပြတ်တောက်သွားသည်။ စကားသံတွေက တိုးတစ်ခါ ကျယ်တစ်လှည့်နှင့်။ ဤနေရာနှင့်မနီးမဝေးမှာတော့ စခန်းချနေကြသည့် သစ်ခုတ်သမားများ ရှိနေကြသလားဟု ထင်မိရသည်။ သို့သော် အသံများက မသဲကွဲကြပေ။ ပီသခြင်းမရှိဘဲ လုံးထွေးနေကြသည်။

အပင်ကြီးနှင့် နီးကပ်လာကြပြီဖြစ်သည်။ အမြင်နီးပြီးတော့ တော်တော်ကလေးကို လျှောက်လှမ်းလာခဲ့ကြရလေသည်။ ထိုအခါ စောစောက ကြားနေကြရသော စကားသံများကို မကြားကြရတော့။ ပျောက်ကွယ်သွားခဲ့ကြလေသည်။ ကညင်ပင်ကြီးနှင့် မလှမ်းမကမ်းကို ရောက်လာကြသည်နှင့် မထင်မှတ်သော အခြင်းအရာများကို မြင်တွေ့လိုက်ကြရလေသည်။

"ဟင်"

"ဟာ"

သူတို့တွေ့လိုက်ကြရသည်ကား ကညင်ပင်ကြီးတစ်ပင်လုံးသည် မြွေများနှင့် ပြည့်နက်နေကြသောကြောင့်ပင်တည်း။ ထူးတစ်ထွေပြားလှစွာသော သေးသေး၊ ကြီးကြီး မြွေအကောင်ပေါင်းများစွာတို့

www.burmeseclassic.com

www.burmeseclassic.com



သည် ပင်ကိုင်း ပင်ရွက်တွေကြားမှာ လိမ်ရစ်ကာ သွားလာနေကြသည်။ အပေါ်တက်၊ အောက်ဆင်းနှင့် ရှိနေကြသည်။

ပင်စည်တုတ်တုတ်ကြီးကိုပင် မြွေကြီးများက လိမ်ရစ်ကာ ရှိနေကြသည်။ ပင်လုံးကြီးသည် မြွေများနှင့်သာပြည့်နေပြီး တစ်ပင်လုံးသည် မြွေပင်ကြီးပမာရှိနေလေသည်။ သို့သော် ထိုမြွေများကား အပင်ကြီးပေါ်မှ မြေပြင်ပေါ်ကို မဆင်းကြပေ။ တစ်ပင်တည်းမှာပင်လျှင် အစုလိုက် အပုံလိုက်ကြီးကို ရှိနေကြသည်။ မလှမ်းမကမ်းမှနေ၍ အပင်ကြီးကို မြင်နေရစဉ်မှာ မြွေများကို မမြင်ရပေ။ အနားကိုရောက်လာကြမှသာ မြွေများခဲနေကြသော အပင်ကြီးဟု သိလိုက်ကြရခြင်းပင်။

အပင်ထက်မှ များလှစွာသော မြွေများသည် အနားကို ရောက်လာကြသောလူများကြောင့် ဒေါသထွက်သွားခဲ့ကြဟန်တူသည်။

"ရှူး . . . ရှူး . . . ရှူး . . . ရှီး . . . ရှီး . . . ရှီး"

နာများကို မှုတ်ကာ တရှီးရှီးနှင့် အော်မြည်နေကြကာ အကြီး အလတ်၊ အငယ် မရွေး ပါးပျဉ်းတွေကို ထောင်ကာ မာန်ဖီလျက်ရှိနေကြလေသည်။ ပါးစပ်ထဲမှ စေးပျစ်သောအရည်များဖြင့်လည်း ထွေးထုတ်လျက်ရှိကြသည်။ မျက်လုံးထဲကို ဝင်လျှင် ကန်းသွားနိုင်သည့် အဆိပ်များ ဖြစ်သည်။

"ပြန်ကြမယ်ကွာ။ မဖြစ်ဘူး"

မင်းဆွေက မသင်္ချိုင်းစရာမြင်ကွင်းကြောင့် ဆက်မနေလိုတော့ ထိုနေရာမှ ချက်ချင်းပင် ထွက်လာခဲ့ကြလေသည်။

x x x

## အခန်း ( ၁၆ )

### ကျောက်သွေးရည်

ထိုရှေးဟောင်းကျောင်းပျက်ကြီးထဲမှာ ကြာကြာမနေနိုင်ကြတော့။ နောက်ကြောင်းကို လျင်မြန်စွာပင် လှည့်ခဲ့ကြလေတော့သည်။ ထိုကျောင်းပျက်ကြီး၏ အပြင်ကို ရောက်သွားကြတော့မှ အသက်ရှူချောင်သွားခဲ့ကြလေသည်၊ ဝါးလှေကားပေါ်မှ ဖြတ်လျှောက်ခဲ့ပြီး တစ်ဖက်ကို ရောက်သွားသောအခါကျမှ စိတ်ဒုံးဒုံးချမိရလေတော့သည်။ မည်သည့်အကြောင်းကြောင့်လည်း မသိ၊ သူတို့သည် ထိုနေရာကို လှည့်၍ပင် မကြည့်ကြတော့၊ အတော်ခပ်ဝေးဝေးကို ရောက်ကြတော့မှ

"ငါနဲ့ပေါ်လာ အရင်ရောက်ခဲ့စဉ်က အဲသည် သစ်ပင်ကြီးဘက်ကို မသွားဖြစ်ကြဘူးကွ။ ခုမှ မင်းရဲ့စိတ်ကူးကြောင့် ရောက်သွားခဲ့ကြတာ။ ငါ့တစ်သက်မှာ သစ်ပင်ကြီးတစ်ပင်တည်းမှာ ဒါလောက်များပြားတဲ့ မြွေတွေကို ခုတစ်ခါပဲ မြင်ဖူးသေးတယ်"

စောအယ်လူးက တံတွေးတပျစ်ပျစ်နှင့် ထွေးကာ ပြောသည်။

"အေးကွာ . . . ငါလည်း နေရင်းထိုင်ရင်း ဘယ်လိုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဲသည်ဘက်ကို သွားချင်မှန်းမသိဘူး။ သည်မြွေတွေက ဒါလောက် အများကြီး စုပြုံပြီးတော့နေနေရတာလဲ ဆန်းတာပဲကွာ"

ပေါ်လာက သူ့စိတ်ကူးနှင့်သူ ပြောလိုက်သည်။ ကျောင်းပျက်ထဲက မြွေများနှင့် ပတ်သက်ပြီး မည်သို့ခံယူထားမှန်းမသိပေ။ မင်းဆွေအဖို့ကတော့ ဆန်းကြယ်သော အဖြစ်အပျက်တစ်ခုဟုသာ လက်ခံထားပါတော့သည်။

ထိုနေရာနှင့်ဝေးကွာလာလေလေ စိတ်သက်သာရာရလာလေလေ ဖြစ်သည်။ သူတို့သည် လှိုဏ်ကြီးတစ်ခု၏ဘေးမှ ဖြတ်လျှောက်လာခဲ့ကြလေသည်။

"မင်းဆွေ မင်း သည်နေရာကို မှတ်မိလား"

စောအယ်လူးက မေးလိုက်သည်။ မင်းဆွေက အမှတ်တမဲ့ပင်။ နောက်တော့မှ ဝန်းကျင်ကို ကြည့်ပြီး မှတ်မိလာသည်။

"ဟို . . . တောဝက်ကြီးနဲ့ဆုံခဲ့တဲ့နေရာပဲ မဟုတ်လား"

"ဟုတ်တယ်။ မင်း မှတ်မိသားပဲ"

လှိုဏ်ထဲမှဖြတ်ပြီး တောင်ကုန်းလေးပေါ်ကို တက်လာခဲ့ကြသည်။ ထိုအခါကျမှ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် နားကြရသည်။ ပေါ်လာကပင် . . .

"ကျွန်တော်တို့ စောစောက နေရာကိုအသွားမှာ လမ်းမှာ အမဲမပစ်ကြတာ သတိထားမိလား မသိဘူး"



"အင်း . . . **ရှေ့တစ်ကောင်ကို တွေ့တာတောင်** စိတ်မဝင်စားကြတာတော့ သတိထားမိတယ်"

"အဲသည်နေရာကိုသွားရင် အမဲပစ်လို့မရဘူး။ သားကောင်ကို သေသေချာချာချိန်ပြီးတော့ ပစ်တာတောင် လွဲတယ်။ ပြီးတော့ ကျောက်တုံးကြီးတွေ လိမ့်ဆင်းလာတာတို့၊ ခေါင်းပေါ်ကို သစ်ကိုင်းတုတ်တုတ်ကြီးတွေ ပြုတ်ကျလာတာတို့ ဖြစ်တတ်တယ်။ ဒါပေမဲ့ အသံပဲ ကြားရတယ်။ မမြင်ရဘူး။

ကိုယ်ကိုင်ထားတဲ့ ဒူးလေးကိုလည်း တစ်ယောက်ယောက် ကပုတ်ချလိုက်သလိုမျိုးလည်း ဖြစ်တတ်တယ်။ ဘယ်လောက်စိတ်မာတဲ့ သူဖြစ်ပါစေ အဲသည်နေရာကိုရောက်ရင် စိတ်က အလိုလိုငယ်သွားတတ်တယ်၊ ဒါကြောင့်မို့ သားကောင်ကို ပစ်ဖို့ စိတ်မကူးဘူး"

ထူးခြားမှုပဲဖြစ်သည်။ ထိုနေရာကိုရောက်လျှင် ခံစားချက်တစ်မျိုးဖြစ်သွားခဲ့ကြရသည်။ အကြောင်းရင်းကို ကိုယ်တိုင်လည်း မသိနိုင်ကြပါ။ မင်းဆွေသည် ခေတ္တခဏ အနားယူ အပန်းဖြေနေစဉ်မှာ နားထဲတွင် ဆည်းလည်းသံလိုလို ကြေးစည်သံများလိုလို ကြားလိုက်ရသလိုပင်။

"ရွှင် . . . ချလွင် . . . ချလွင်"

"ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင်"

မိမိစိတ်ထဲကပဲ ထင်မိနေမိတာလား။ တကယ်ပဲ ကြားနေသောင်နေမိတာလား။ မဝေခွဲနိုင်။ ထိုနေရာလေးကို နောက်တစ်ခေါက် ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ သွားချင်သေးသည်။ တွေ့နိုင်မည်မထင်တော့ပါ။ မိမိ ဖူးလိုက်သည့်အချိန်မှာ ဖူးတွေ့လိုက်ခြင်းပင်ဖြစ်သည်။

နားနေကြစဉ်မှာ . . .

ပါလာသော ကောက်ညှင်းနှင့်ဆတ်သားခြောက်ကို စားကြသည်။ ရေဘူးထဲမှ ရေနွေးကို သောက်ကြသည်။

"ကိုမင်းဆွေ ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူးဗျာ။ ဒါလောက်ကတော့ ကျွန်တော် သက်လုံကောင်းပါတယ်"

အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည် ထင်သည်။ မည်သည့်ကို ခရီးဆက်ချင်သေးသလဲ မသိ။

"ကဲ . . . ဒါဆို ကျွန်တော်တို့ တစ်နေရာကိုသွားကြရအောင်"

ထိုနေရာမှ ဖယ်ကျဉ်ကာ တစ်နေရာကို ထွက်သွားခဲ့ကြသည်။ လမ်းက သိပ်မရှုပ်။ ရှင်းသည်။ ကျယ်သည်။ ချုံ တောင်ပို့တွေနှင့် အလှမ်းကွာဝေးသည်။ မြွေပါး ကင်းပါး အန္တရာယ်က မရှိ။ စောအယ်လူးကတော့ မည်သည့်နေရာကို သွားမလဲဆိုသည်ကို သိသည်။ မင်းဆွေကလည်း မမေး။ လမ်းကသာနေ၍ စိတ်ထဲမှာ သက်သောင့်သက်သာရှိနေလေသည်။ တောသည် ထူးခြားအံ့သြဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေလေသည်။ ယင်းကြောင့် ချောက်ချားခြင်းမဖြစ်မိကြ။

လမ်းရှည်ကြီးသည် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများ၏အောက်ကို ရောက်သွားခဲ့သည်။ ခြေလှမ်းသွက်သွက်နှင့် နာရီဝက်ခန့် လျှောက်လာကြပြီး မြေပြင်သည် အောက်ကို တဖြည်းဖြည်းနှင့် နိမ့်ဆင်းသွားခဲ့သည်။ ကုန်းစောင်းလေးအတိုင်း အောက်ကို ဆင်းလာခဲ့ကြသည်။



ဆင်းစတွင် ပြေပြစ်သော်လည်း မသိမသာခပ်စောက်စောက်အနေအထားဖြစ်လာခဲ့လေသည်။ ထို့ကြောင့် ခြေကုပ်ကို မြဲမြဲစေပြီးမှ သတိနှင့် ဆင်းရသည်။ ပေနှစ်ဆယ်ခန့် ဆင်းပြီးသောအခါ ကျောက်သားအသွင်ကို ပြောင်းလဲသွားသည်။ မြေသားတစ်ဝက် ကျောက်သားတစ်ဝက်ဖြစ်ပေါ်တည်ရှိနေသောအရာ။ ပေါ်လာက ရှေ့က၊ မင်းဆွေကို အလယ်ကထားပြီး စောအယ်လူးက နောက်မှလိုက်လာသည်။ မင်းဆွေသည် သတိထားပြီးတော့ ဆင်းနေရင်းက အောက်ကို ဆင်းတတ်လာသည်။ အောက်ကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့သည်ဟု ထင်ရသည်။

ပေါ်လာသည် မင်းဆွေကို ထိုနေရက်တည်းမှာပင် ထူးခြားသောနေရာများကို လိုက်လံ၍ပြလိုခြင်းပင် ဖြစ်ဟန်တူသည်။ မြေပြင်က ခပ်ပြန့်ပြန့်ပင်။ သည်အတိုင်းလျှောက်သွားကြသည်။ လမ်းမှာ မည်သူတစ်ဦးတစ်ယောက်ကိုသော်မှ မတွေ့ရ။ ထပ်ပြီးတော့ နိမ့်လျှောလာသည်းကလေးအတိုင်းဆင်းသွားခဲ့ရပြန်သည်။ သိပ်မလျှောက်ရပါ။ လမ်းအဆုံးတွင် ကျောက်တုံးကြီးများကို အရွယ်အစားအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး

www.burmeseclassic.com



တွေ့ကြရသည်။

လူခေါင်းပုံသဏ္ဍာန်လိုလို လက်သည်းချွန်ကြီးများပါသော လက်ချောင်းကြီးများကို လက်ဝါးဖြန့်၍ ထောင်ထားသလိုလို မြေပြင်မှ တစ်ဝက်တစ်ပြက် ထိုးပြီးထွက်လာသော ကြောက်မက်ဖွယ်ရာ မျက်နှာမျိုးရှိသည့် မိစ္ဆာကောင်လို စသည့် သဘာအလျောက် ဆန်းကြယ်စွာ ဖြစ်ပေါ်နေသော ကျောက်ရုပ်များ၊ အခြားအခြားသော အသွင်သဏ္ဍာန်များ။

မင်းခွေသည် ထိုအဆန်းတကြယ်ဖြစ်ပေါ်နေသော ကျောက်တုံးကြီးများကို မြင်လိုက်ရသောအခါ စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားခဲ့ရသည်။ ဒဏ္ဍာရီကျောက်ရုပ်တိုင်းပြည်ကို ရောက်သွားသလိုပင် ခံစားမိလိုက်ရသည်။

သူတို့ဆီတွင် ဤကဲ့သို့ထူးခြားနေရာများလည်း ရှိနေကြသည်ကို အံ့အားသင့်နေမိသည်။ နားထဲတွင် ထူးခြားသောအသံတစ်မျိုးကို ကြားလာရသည်။ မသေချာ၍ သေချာစွာ နားစိုက်ထောင်သောအခါ

"ပလုံ . . . ပလုံ . . . ပလုံ"

သေချာသည်။ ရေစက် ရေပေါက်များ ကျနေသည့်အသံမျိုး။

ပေါ်လာသည် လက်သီးဆုပ်သဏ္ဍာန်ရှိသော ကျောက်တုံးကြီး နှစ်ခုကြားသို့ ဝင်သွားသည်။ လိုက်ပြီးဝင်သွားကြသည်။ ခြေလှမ်း နှစ်ဆယ်ခန့် လှမ်းပြီးသောအခါ တွေ့လိုက်ရသည်ကား ဆယ်ပေကျော်



ကျော်မြင့်မားသော ကျောက်တုံးကြီးတစ်တုံးကို မြင်တွေ့လိုက်ရသည်။ ဆင်ကြီးတစ်ကောင် မတ်တတ်ရပ်နေသောသဏ္ဍာန်၊ အစွယ်မပါသော ဟိုင်းဆင်ကြီးတစ်ကောင်နှင့် တူလှသည်။ နားရွက်နှစ်ဖက်က အစ ပါသည်။ အမှတ်တမဲ့ကြည့်လျှင် ကျောက်ဖြစ်ရုပ်ကြွင်းဘဝကို ရောက်နေသော ဆင်ရိုင်းကြီးတစ်ကောင်လားဟု ထင်မှတ်ရသည်။

ရှည်လျားသော နှာမောင်းသည် အစွယ်နှစ်ခုကြားမှ ထိုးထွက်နေသည်။ နှာမောင်းအပေါက်မှ နီနီအရည်များက တစ်စက် တစ်စက် ကျနေကြသည်။ အောက်တွင် ကျောက်ဇလားကြီးတစ်ခု ရှိနေသည်။ ကျောက်ဇလားကြီးထဲမှာ ထိုနီနီအရည်များက တစ်ထွာကျော်ကျော်ခန့်ပဲ ရှိသည်။ ဖြည်းညင်းစွာဖြင့် ကျနေသော ကျောက်စက်သွေးရည်များ၏ အသံများသည် ပေါက်ခနဲ ပေါက်ခနဲဖြင့် မြည်နေကြသည်။

"ဒါကျောက်သွေးရည်ကွ။ နေဦး အချိန်ရှိတုန်း ရသလောက် ယူလိုက်ဦးမယ်"

စောအယ်လူးသည် ရေဘူးတစ်ဘူးထဲမှ အကြွင်းအကျန် ရေကို သွန်လိုက်ပြီး တစ်စက်ချင်းကျနေသော ကျောက်သွေးရည်ကို ခံယူလိုက်သည်။ တစ်စက်ချင်းခံယူနေရသောကြောင့် ပျင်းရိစရာကောင်းလှသည်။ နာရီဝက်နီးပါးကြာသောအခါ . . .

"လာဟေ့"

အဖုံးကို ပိတ်ပြီး လာရာလမ်းအတိုင်း လှည့်ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အကြောင်းကြောင့် အလျင်စလိုနိုင်လှသည်ကို မင်းဆွေ သဘောမပေါက်မိ။ မနီးမဝေးရှိ ကုန်းမြင့်လေးတစ်ခုပေါ်သို့ အရောက် တက်သွားခဲ့ကြသည်။ ယင်းအပေါ်ကနေ ကြည့်လျှင် ကျောက်တုံးကြီး များရှိသောနေရာကို ဆီးပြီးတော့ မြင်နေရသည်။ မည်သည့်နေရာကိုမှ ဆက်ပြီးမသွားဘဲ တောင်ကုန်းထိပ် အကွယ်တစ်နေရာမှ အောက်ကို ကြည့်နေကြလေသည်။

"ကိုမင်းဆွေ သောက်ကြည့်ပါဦးဗျ"

ပေါ်လာက ရေဘူးကို လှမ်းပေးသည်။ မင်းဆွေက မဝံ့တဝံ့နှင့် သောက်ကြည့်သည်။ အရည်များက လျှာပေါ်ကိုရောက်သွားသည်နှင့် ချိုမြအေးစိမ့်သော အရသာကို ခံစားမိသွားသည်။ ထူးခြားသောအရသာ ပင်။ တစ်ကိုယ်လုံးရှိန်းဖိန်းသွားကာ အားအင်တွေ တိုးပွားလာသလို ထင်ရသည်။ ခေါင်းထဲမှာလည်း ကြည်လင်သွားခဲ့လေသည်။ တစ်ငုံသာ သောက်လိုက်ပြီး အံ့အားသင့်သွား၍ နောက်ထပ် ဆက်မသောက်လိုတော့ပေ။ စောအယ်လူးနှင့် ပေါ်လာက သူ့ကို အကဲခတ်ကာ ကြည့်နေကြသည်။

"ဘယ်လိုနေလဲကွ"

"အေးကွာ . . . တစ်မျိုးပဲ။ တစ်ကိုယ်လုံး လန်းဆန်းသွား တယ်။ ခေါင်းထဲမှာလည်း ကြည်လင်သွားတယ်"

"သည်ကျောက်သွေးရည်ဟာ ဟောသည်နေရာမှာ ထူးထူး ခြားခြားထွက်နေတာကွ။ ဒေသခံတွေကတော့ တချို့ စိတ်ဝင်စားကြ



တယ်။ တချို့ စိတ်မဝင်စားကြဘူး။ တော်ရုံလည်း မလာရဲကြဘူးကွ"

"မလာရဲကြတဲ့အကြောင်းရင်းက . . ."

"တစ်အောင့်ကြာရင် မင်း တွေ့ပါလိမ့်မယ်ကွာ"

စောအယ်လူးက ပဟေဠိလုပ်နေသည်။ အဖြေကို မပြောဘဲ ကိုယ့်ဘာသာကိုယ် သိစေချင်သည်နှင့် တူသည်။ သိပ်မကြာလိုက်ပါ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းကာလကို ရောက်လာခဲ့ပြီဖြစ်သည်။ မင်းဆွေကို လက်ကုတ်လိုက်သည်။ ကျောက်တုံးများဘက်ကို မေးငေါ့ပြသည်။ အကြည့်က ရောက်သွားသည်။ သတ္တဝါတစ်ကောင်သည် ကျောက်တုံး၊ ကျောက်ခဲများအနီးကို ရောက်လာခဲ့သည်။ မင်းဆွေ အံ့အားသင့်သွားခဲ့သည်။ ကျားတစ်ကောင်ဖြစ်နေသောကြောင့်ပင်တည်း။ ကျားသည် ဘေးဘီကို မကြည့်ဘဲ စောစောက မင်းဆွေတို့ဝင်သွားသည့် ကျောက်တုံးကြီးနှစ်ခုကြားသို့ ဝင်သွားခဲ့သည်။ သိပ်မကြာလိုက်ပါ ပြန်ထွက်လာသည်။ တစ်ခဏအကြာတွင် . . .

ကျားသစ်ကြီးတစ်ကောင်ရောက်လာသည်။ သူလည်း ကျောက်တုံးကြီးနှစ်ခုကြားသို့ ဝင်သွားခဲ့သည်။ တစ်ခဏအကြာတွင် ပြန်ထွက်လာသည်။ မြေထိုင်ဝက်ဝံညိုကြီးတစ်ကောင်လည်း ရောက်လာပြန်သည်။ သူလည်း ကျောက်တုံးကြီးနှစ်ခုကြားသို့ ဝင်သွားပြီးမှ ပြန်ထွက်



လာသည်။ ထို့နောက် မြွေ၊ သမင်၊ ဒရယ်၊ မျောက်၊ အကောင်ငယ်များ ရောက်လာကြသည်။ ပြန်ထွက်သွားခဲ့ကြသည်။

ပူး၊ ယုန်၊ ရှဉ့်၊ ဖြူ စသည့်အကောင်များ ရောက်လာကြသည်။ ရှေ့ကသတ္တဝါများအတိုင်း ပြုမူသွားခဲ့ကြသည်။ ကြီးစဉ်ငယ်လိုက် သူ့အဆင့်နှင့်သူမှန်း သတိထားမိသည်။ ထို့နောက် မည်သည့်သတ္တဝါမှ ရောက်မလာကြတော့။

"ထူးဆန်းလိုက်တာကွာ။ သူတို့က အဲသည်အထဲကို ဝင်ပြီးတော့ ဘာလုပ်ကြတာလဲ"

"ကျောက်သွေးရည်လာသောက်ကြတာလေ။ တိရစ္ဆာန်တွေဟာ ဘယ်တော့မှ အားလုံးစုပြုံပြီးတော့ မလာကြဘူး။ ပထမဦးဆုံး သားစားသတ္တဝါတွေ လာကြတယ်။ ဒါကလည်း အကောင်အကြီးအသေးအလိုက်ပေါ့။ မျိုးတူချင်းသီးခြားခွဲပြီး လာကြသလို မျိုးမတူချင်းလည်း ခွဲပြီးတော့လာကြတယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"နိုက်ရန်ဒေါသဖြစ်မှာစိုးလို့လေ။ မြက်စား သီးနှံစာကောင်တွေက နောက်ဆုံးမှ လာကြတယ်။ လပြည့်နေ့တိုင်းမှာ လာကြတယ်။ ကျောက်သွေးရည်ကလည်း လပြည့်နေ့ညဦးကတည်းက စပြီးထွက်နေတာ။ နေ့တိုင်း မထွက်ဘူး။ သည်လပြည့်မှာ သည်တိရစ္ဆာန်တွေ လာပြီးရင် နောက်လပြည့်ချိန်မှာ ထပ်မလာကြတော့ဘူး။ တခြား

www.burmeseclassic.com

www.burmeseclassic.com



အကောင်တွေ လာကြတယ်။ တစ်လဲစီပေါ့။ ဒါ သူ့အလိုလိုထားကြတဲ့ စည်းကမ်းပဲ"

"သည်ကျောက်သွေးရည်က သူတို့အတွက် ဘာကောင်းသလဲ"

"အာဟာရတစ်မျိုးအဖြစ် အသုံးဝင်မှာပေါ့ကွာ။ သူတို့ကတော့ သိတယ်။ ဘယ်လိုအသုံးဝင်သလဲဆိုတာ သည်နေရာကို လူတွေက မလာကြဘူးကွ။ တောကောင်တွေကို ကြောက်တာလည်း ပါတယ်။ ပြီးတော့ ကျောက်သွေးရည်ကို တန်ဖိုးရှိတယ်လို့ သဘောမထားတာလည်း ပါတယ်ပေါ့ကွာ။ စိတ်မဝင်စားကြဘူးပေါ့"

မင်းခေွသည် သည်နေ့အတွက် အတွေ့အကြုံနှစ်ခုကို ရ လိုက်၍ ကျေနပ်သွားခဲ့သည်။ ထို့နောက် လာရာလမ်းအတိုင်း ပြန်လာခဲ့ကြသည်။

× × ×

## အခန်း ( ၁၇ )
## တကောက်ကောက်ရန်ပြီး

အပြန်လမ်းတွင် စိတ်သက်သောင့်သက်သာရှိလာခဲ့ကြသည်။ မင်းခေွသည် ကျောက်သွေးရည်အနည်းငယ်ကို သောက်ထားခဲ့သဖြင့် တစ်ကိုယ်လုံး လန်းဆန်းကာ ပေါ့ပါးလျက်ရှိသည်။ သိသာစွာ ပင်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ပါးနေသည်မှာလည်း အမှန်ပင်။ စောအယ်လူးနှင့် ပေါ်လာတို့သည် ကျောက်သွေးရည်ကို မသောက်ကြ။ မသောက်ချင်ကြသည်ပဲလား။ အခြားသော အချိန်များတွင် ကြုံကြိုက်က လာရောက်သောက်တတ်ကြသည်ပဲလား မပြောတတ်။

တကယ်တော့ သားရဲတိရစ္ဆာန်များသည် ကျောက်သွေးကို သောက်ရခြင်းမှာ သူတို့၏ကျန်းမာရေးကြောင့် ဖြစ်ဟန်တူကြသည်။ သဘာဝကပေးသော အသိဖြင့် အလိုလိုပင် နားလည်နေကြကာ လာရောက်သောက်ကြခြင်းပင် ဖြစ်ကြသည်။

ခုတစ်ခါတော့ စောအယ်လူးနှင့်ပေါ်လာတို့သည် မည်သည့် သားကောင်ကိုမှ မပစ်ခတ်ကြဘဲ တောက်လျှောက်ပင် ပြန်လာခဲ့ကြသည်။ ဘေးဘီဝဲယာကိုတော့ သာမန်အကြည့်မျိုးဖြင့်သာ အကဲခတ်ပြီး ကြည့်လာကြသည်။

တစ်နေရာကို အရောက်တွင် . . .

"ဖရဲ . . . ရှဲ . . . ရှဲ . . . ဖျပ် . . . ဖျပ် . . . ဖျပ်"

အမှတ်မထင် ထွက်ပေါ်လာသောအသံ။ ခပ်လှမ်းလှမ်းဆီက ဖြစ်သည်။ ထိုအသံကို ကြားလိုက်ရသည်နှင့် ရင်ထဲမှာ လှုပ်ရှားသွားခဲ့ကြရသည်။ ရင်းနှီးကျွမ်းဝင်နေသော အသံ။ မကြာခဏ ကြားဖူးထားသည့် အသံမျိုးပင်။

စောအယ်လူးနှင့်ပေါ်လာတို့သည်ပင် နေရာမှာ ရပ်လိုက်ကြ



တာ ဝန်းကျင်ကို အကဲခတ်ပြီးတော့ ကြည့်နေကြသည်။

"ဖရဲ . . . ရှဲ . . . ရှဲ . . . ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ်"

အသံသည် အမြင့်ကလာနေသည်။ တဖြည်းဖြည်းနှင့် နီးကပ်လာသည်။ စောအယ်လူးနှင့်ပေါ်လာတို့သည် ထိုအသံရှင်ကို အလိုလို နေရင်းနှင့် သိနေကြသည်။ တစ်ယောက်မျက်နှာနှင့် တစ်ယောက် ကြည့်မိလိုက်ကြသည်။ နှစ်ယောက်စလုံး ကျည်တောက်ထဲမှ မြားရှူးများကို ထုတ်လိုက်ကြသည်။ ဒူးလေးမြားလမ်းကြောင်းထက်မှာ တင်လိုက်ကြလေသည်။

"ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ်"

ရှေ့မှာတွေ့လိုက်ရပါပြီ။ အပင်ကြီးများ၏အပေါ်မှ ဖျတ်ခနဲ ဖျတ်ခနဲဆို စုန်ကူးပြီး ပြေးလာခဲ့သော ကြောင်ဖြူရိုင်းကြီးပင်တည်း။ ပေါ်လာက ကြောင်ဖြူရိုင်းကြီးရှေ့လျားရာဆီကို ဒူးလေးနှင့် တဖြည်းဖြည်း ချိန်လာလိုက်သည်။

"ပေါ်လာ . . . မပစ်နဲ့ဦး။ သည်ကောင်ကြီး ဘာလုပ်မလဲဆိုတာကို စောင့်ကြည့်ဦး"

စောအယ်လူးက သတိပေးလိုက်သည်။ လေ၏အလျင်နှင့်အတူ ပြေးလာခဲ့သော ကြောင်ရိုင်းဖြူကြီးသည် သူတို့နှင့်သစ်ပင်တစ်ပင် ကျော်လောက်မှာ ဖတ်ခနဲဆို ရပ်လိုက်လေ၏။

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဝမ်းခေါင်းသံကြီးဖြင့် ညစ်ကာ ပါးစပ်ကြီးကို အသားကုန်ဖြဲ၍ မာန်ဖီဖြိမ်းခြောက်နေသည်။ အစွယ်လေးချောင်း ဖွေးဖွေးထနေသည်အထိ ဒေါသတကြီးဖြင့် ရန်စောင်နေသည်။ ကြောင်ဖြူရိုင်းကြီးသည် တစ်လုံးတည်းသောမျက်လုံးဖြင့် သူတို့ကို ကြည့်နေသည်မှာ အကြည့်ရဆိုးလှသည်။ ပေါ်လာသည် ကြည့်နေရင်းက အသည်းယားလာသဖြင့် ဒူးလေးဖြင့် သေချာစွာချိန်ထားလိုက်သည်။

စောအယ်လူးသည်လည်း ထို့အတူပင်။ မင်းဆွေကတော့ အခြေအနေကို စိတ်ဝင်စားစွာဖြင့် အကဲခတ်ကာ ကြည့်နေသည်။

မကြာမီ . . .

"ဆောင်း"

"ထောင်း"

ကျယ်လောင်စွာ ထွက်ပေါ်လာသော ဒူးလေးမှအသံများ။

"ဝှစ် . . . ဝှစ်"

မြားစူးနှစ်ချောင်းသည် ပစ်မှတ်ဆီကို တည့်မတ်စွာပင် တစ်ဟုန်ထိုးပြေးဝင်သွားခဲ့ကြသည်။ ထိုအခါ အံ့ဩဖွယ်ရာကောင်းသောဖြစ်ရပ်ကို မြင်တွေ့လိုက်ကြရသည်။ ကြောင်ဖြူရိုင်းကြီးသည် မြားတံနှစ်ချောင်းကို လက်(ခြေ)နှစ်ဖက်ဖြင့် ပုတ်ထုတ်ပစ်လိုက်သောကြောင့်ပင်။ တော်တော့်ကို ပါးနပ်လိမ္မာသော ကြောင်ဖြူရိုင်းကြီးပင်။ ယခုတစ်ခါ ပို၍ထူးခြားသောအပြုအမူမျိုးကို တွေ့လိုက်ကြရသည်ဖြစ်၍ အံ့အားသင့်



သွားခဲ့ကြလေသည်။

ထိုမျှနှင့်ရပ်တန့်မသွားခဲ့ပါ။ ကြောင်ဖြူရိုင်းကြီးသည် မည်သူမှ မထင်မှတ်သော အပြုအမူတစ်ခုကို ပြုလုပ်လိုက်လေသည်။

"ညောင်း . . . ဝေါင်း"

ချောက်ချားဖွယ်ရာကောင်းသော အသံကြီးကိုပြု၍ မြင့်မားသော သစ်ပင်ကြီးထက်မှ အောက်ကို တစ်ရှိန်ထိုးပင် ခုန်ချလိုက်လေသည်။

"ဟာ"

အားလုံးအေးကို ခုန်ရှောင်လိုက်ရသည်။ ကြောင်ဖြူရိုင်းကြီးသည် မြေပေါ်သို့ မကျမီမှာပင် ပါးစပ်ကြီးကို ဖြဲကာ မိရာလူကို ကိုက်ခဲရန် ကြိုးစားသည်။ သို့သော် ပေါ်လာသည် အသင့်ပြင်ထားပြီးဖြစ်ရကား လက်ထဲမှ ဒူးလေးကြီးနှင့် တအားလွှဲကာ ရိုက်ထည့်လိုက်လေသည်။

"ဖြောင်း"

"ညောင်း . . . ဝေါင်း"

အော်ပြီးတော့ ထွက်ပြေးသွားခဲ့လေသည်။ မျက်စိအောက်မှာတင် ပျောက်သွားသည် အတော်ခပ်ဝေးဝေးကို ရောက်မှ တညောင်ညောင်နှင့် အော်သံများကို ကြားလိုက်ရသည်။ ထို့နောက် တဖြည်းဖြည်းဝေးသွားကာ လုံးဝကို မကြားရတော့။

"မတွေ့တာ အတော်ကြာပြီ။ ငါတို့ ဘယ်မှာရှိနေကြသလဲဆိုတာ သည်သတ္တဝါသိနေတယ်။ တွေ့တာနဲ့ ရန်ရှာတယ်။ အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



အထံရောက်ပါလာခဲ့သလဲ မသိဘူး"

ပေါ်လာက မကျေမနပ်နှင့် ပြောလိုက်လေသည်။ သူပြောသည်မှာလည်း မှန်သင့်သလောက် မှန်လာခဲ့သည်။ စဉ်းစားစရာ ဖြစ်လာခဲ့ရလေသည်။ ကြောင်ဖြူရိုင်းကြီးသည် သူတို့နှင့်ဆုံမိလိုက်သည်နှင့် ရန်ရှာလေတော့သည်။ ရန်ငြိုးရန်စက ကြီးလှသည်။ အကြောင်းမဲ့ကြီးတော့ မဟုတ်တန်ရာ။ မိုးချုပ်ခါနီးမှပင် ပိုးတိုင်ရွာကို ပြန်ပြီးတော့ ရောက်လာခဲ့ကြသည်။

× × ×

ရေမိုးချိုး၊ ထမင်းစားပြီးသောအခါ ပေါ်လာသည် နှုတ်ဆက်ပြီးတော့ ပြန်သွားခဲ့လေသည်။ မင်းဆွေ၊ နော်ဖူးငုံနှင့် စောအယ်လူးတို့မှာ တော်တော်နှင့် မအိပ်ဖြစ်ကြသေးဘဲ စကားကောင်းနေကြသည်။ ညဉ့်ဦးပိုင်းကာလသို့ တဖြည်းဖြည်းနှင့် ရောက်လာခဲ့လေပြီ။ တဲကြီး၏ ရှေ့တွင် မီးပုံကြီးတစ်ပုံကို ဖိုထားရသည်။ ယနေ့ညမှ အအေးဓာတ်က ပိုပြီးတော့ ကျလာသည်။ နှင်းမြူများကလည်း လွှာလွှာပါးပါးလေး ကျလာသည်။ ဝန်းကျင်သည် မှုန်ဝါးဝါးဖြစ်နေသည်။ မီးပုံကြီးကို ဖိုထားသော်လည်း အနွေးဓာတ်က မလုံလောက်။ စောင်ထူထူကြီးကို ခြုံထားကြရသည်။

"သည်ကြောင်ဖြူရိုင်းကြီးဟာ တော်တော့်အငြိုးကြီးတာပဲ



နော်၊ အစ်ကိုနဲ့ပေါ်လာတို့က သည်ကြောင်ကြီးကို တိုက်ခိုက်ပေမယ့် သူဟာ ပေါ်လာ့ကို ပိုပြီးတော့ အငြိုးကြီးပုံရတယ်"

နော်ဖူးငုံက ပြောလိုက်သည်။ သူမသည် သူတို့သုံးယောက် နေ့က်အစောကြီးကတည်းက ထွက်သွားခဲ့ကြပြီး ညနေစောင်းအထိ တော်တော်နှင့် ပြန်ရောက်မလာ၍ စိုးရိမ်ပူပန်စွာဖြင့် စောင့်နေရသည်။

"ကြားဖူးထားတဲ့စကားတော့ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ပေါ်လာ့အဖေ ကျောက်ထီးဟာ နန်းတစ်လိမ်တောထဲမှာ ကြောင်ရိုင်းဖြူတို့ တွေ့တိုင်း ပစ်တာတဲ့။ နှစ်ပေါက်လာတော့ မျိုးပြုတ်လုနီးပါးဖြစ်သွားတယ်။ အခု ကျောက်ထီးမရှိတော့ပေမယ့် ပေါ်လာ့ကို အငြိုးတကြီးနဲ့ လိုက်ပြီးတော့ နှောင့်ယှက်နေတဲ့ ကြောင်ဖြူရိုင်းကြီးက စဉ်းစားစရာပဲ"

"ဘယ်လိုစဉ်းစားစရာလဲ အယ်လူး"

"နောက်ဆုံးကျန်တဲ့တစ်ကောင်တည်းသော မျိုးဆက်ဖြစ်မှာပေါ့။ သူတို့ဟာ တိရစ္ဆာန်တွေပေမယ့် အသိဉာဏ်ကတော့ ကြီးမားကြတယ်။ ကြောင်ဖြူရိုင်းတွေဟာ သူတို့ရဲ့ ရန်သူ ဘယ်သူလဲဆိုတာ တစ်ကောင်နဲ့တစ်ကောင် လက်ဆင့်ကမ်းပြီးတော့ အသိပေးခဲ့တာ ဖြစ်မှာပေါ့။ ဒါကြောင့်မို့ သားစဉ်မြေးဆက် လုပ်ကြံခဲ့တဲ့သူရယ် ဖတ်သက်ရာ ဖတ်သက်ကြောင်းအမျိုးနွယ်တွေရယ် လိုက်ပြီးတော့ တိုက်ခိုက်နေကြတာပေါ့။ ငါကတော့ သည်အတိုင်း လက်ခံထားတယ်"

"အစ်ကိုကလည်း ဖြစ်နိုင်ပါ့မလား။ ကြောင်တွေဟာ ဒါလောက်

www.burmeseclassic.com

www.burmeseclassic.com



တောင် အငြိုးကြီးနိုင်သလား။ အစ်ကိုပြောတဲ့အတိုင်းဆိုရင် ပေါ်လာလည်း သူ့အဖေရဲ့ဒဏ်ကို ခံနေရတယ်ပေါ့"

"အေး"

စောအယ်လူး "အေး" တစ်လုံးတည်း တိုတောင်းစွာပင် ပြောလိုက်လေသည်။ ညဉ့်နက်လေလေ အအေးဓာတ်က ပိုပြီးတော့ ဆိမ့်သည်းလာလေလေ။ ထိုအခါ တစ်နေ့လုံး ပင်ပန်းလာခဲ့ကြသည်ဖြစ်၍ အိပ်ရာသို့ စောစောပင် ဝင်ခဲ့ကြလေသည်။

× × ×

ရွာထဲတွင် အလှူရှိသဖြင့် နော်ဖူးငုံသည် ဝိုင်းဝန်းလုပ်ကိုင်ပေးရင်း အလှူအိမ်မှာပဲ ရှိနေရမည်ဖြစ်သည်။ ရပ်ဆွေရပ်မျိုးများဖြစ်၍ အပြန်အလှန်အကူအညီထားကြသည်။ နော်ဖူးငုံသည် ဖိုးလိမ်းဝတ်စားပြင်ဆင်လျက်ရှိသည်။ ထိုအခါ စောအယ်လူးသည် ညီမဖြစ်သူကို အမှတ်တမဲ့ အကဲခတ်မိလိုက်ရာ ထူးခြားချက်တစ်ခုကို တွေ့သွားခဲ့လေ၏။

ကိုယ်ပေါ်မှာ ဆွဲကြိုး၊ လက်ကောက်များကို ဝတ်ဆင်ထားသောကြောင့်ပင်တည်း။

"ညီမ . . . နင် သည်ပစ္စည်းတွေကို ဘယ်သူ့ဆီက ငှားထားတာလဲ"

"အစ်ကိုကလည်း ညီမက သူများဆီက ငှားဝတ်ဖူးလို့လား"



"ဒါ . . . ဒါဆိုရင် နင် ဘယ်ကရတာလဲ"

"အစ်ကိုပဲ စဉ်းစားကြည့်ပေါ့"

နော်ဖူးငုံက မှန်ထဲမှာ ထင်ဟပ်နေသော သူမ၏ပုံရိပ်ကိုကြည့်ရင်း ပြောလိုက်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်နေမိသည်။ ပင်ကိုအလှတွင် ရွှေငွေလက်ဝတ်လက်စားများဖြင့် ဖြည့်စွက်ဆင်ယင်လိုက်သောအခါ ပိုပြီးတော့ အသက်ဝင်သွားသည်။ စောအယ်လူးသည် ညီမဖြစ်သူကို ထပ်မမေးတော့။ စဉ်းစားရင်းနှင့် ဖျတ်ခနဲဆို ခေါင်းထဲမှာ ပေါ်လာသည်။ ထို့နောက် မသိမသာပြုံးမိလိုက်လေသည်။

"အစ်ကိုက ဘာပြုံးတာလဲ"

"ငါ သဘောပေါက်ပြီ။ နင်နဲ့မင်းဆွေနဲ့ ကြိုက်နေကြပြီ မဟုတ်လား"

"အို . . . အစ်ကိုကလည်း"

စောအယ်လူးက တဲ့တိုးကြီးပြောလိုက်သဖြင့် နော်ဖူးငုံမှာ ရှက်သွားခဲ့ရလေသည်။ ထိုအချိန်တွင် မင်းဆွေမှာ မလှမ်းမကမ်းရှိ စိုက်ခင်းထဲကို ရောက်နေသည်။ နော်ဖူးငုံကို မင်းဆွေနှင့်စောအယ်လူးတို့က ရွာထဲအထိ လိုက်ပို့ကြသည်။ ရိုးသားကြသော ရွာသူရွာသားများသည် မင်းဆွေနှင့် စောအယ်လူးတို့၏ ဆက်ဆံရေးကို သို့လော သို့လောနှင့် တွေးနေကြသည်။ နော်ဖူးငုံကိုလည်း နောက်ပြောင်နေကြသည်။ ယင်းနောက်ပြောင်မှုအပေါ်မှာ သူမက ကျေနပ်နေလေသည်။

www.burmeseclassic.com



အလှူအိမ်တွင် မင်းဆွေနှင့် စောအယ်လူးတို့ စားသောက်ပြီး ကြသောအခါ နှစ်ဦးတည်း တဲသို့ ပြန်လာခဲ့ကြသည်။ လမ်းမှာ . . .

"ပေါ်လာက သည်ညမှာ အစီအစဉ်တစ်ခုရှိတယ်တဲ့ကွ။ မင်းကို ညကျမှ ပြောပြမယ်တဲ့"

"ဟုတ်လား . . . ဘာများပါလိမ့်"

ပေါ်လာ၏ အစီအစဉ်ကို မင်းဆွေက စိတ်ဝင်စားနေလေသည်။

× × ×

## အခန်း ( ၁၈ )

### တောကြောင်ရိုင်းကြီးကို အသံပေး၍ခေါ်ခြင်း

ကောင်းကင်ယံမှာ လမင်းကြီးက ထိန်ထိန်သာလျက်ရှိလေသည်။ မိုးအောက်မြေပြင်တစ်ခုလုံးသည် လင်းချင်းလျက်ရှိ၏။ နို့နှစ်ရောင်ဆမ်းထားသကဲ့သို့ ရှိသောကြောင့် မြင်ရ တွေ့ရသည်မှာ အာရုံခံစားမှုက တစ်မျိုးဖြစ်လျက်ရှိသည်။ အအေးဓာတ်က ပိုလျက်ရှိသဖြင့် (ပေါ်လာမှလွဲပြီး) မင်းဆွေနှင့် စောအယ်လူးတို့သည် ထူထဲသော အနွေးထည်များကို ဝတ်ဆင်ထားကြသည်။

သူတို့သုံးယောက်သည် စားကျက်ခင်းတစ်ခုကို ဖြတ်ကာ တစ်နေရာကို သွားနေကြသည်။ နန်းတစ်လိမ်တောင်ကြောဘက်ကို ဦးတည်ပြီးတော့ သွားနေကြသည်။ ညဘက်ဖြစ်သော်လည်း မင်းဆွေ

www.burmeseclassic.com

www.burmeseclassic.com



က တောလိုက်ဦးထုပ်ကို ဆောင်းထားသည်။ စောအယ်လူးကတော့ ခေါင်းပေါင်းပေါင်းထားသည်။ ပေါ်လာသည် မည်သည့်အရာကိုမှ ခေါင်းပေါ်မှာ တင်မထားပေ။ မင်းဆွေပေးထားသည့် ဂျင်းရှပ်အပြာရောင်နှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။

ပေါ်လာရော စောအယ်လူးပါ နွားလေးကိုယ်စီပါလာခဲ့ကြသည်။ ဤညမှာ နှင်းက မကျ၍ တော်ပေသေးသည်။ နှင်းကျလျှင် အလုပ်ဖြစ်မှာ မဟုတ်။ ကွမ်းတစ်ယာညက်ခန့် လျှောက်လှမ်းလာသောအခါ ညို့ဆိုင်းနေသော နန်းတစ်လိမ်တောကြီးနှင့် လွန်စွာမှ နီးကပ်သောအနေအထားသို့ ရောက်လာခဲ့လေသည်။ ကညင်ပင်ကြီးတစ်ပင်နားသို့ ရောက်သောအခါ ရပ်လိုက်ကြလေသည်။ အောက်တွင် အပေါ့အပါး သွားလိုက သွားစေသည်။ ထို့နောက် . . .

"ကဲ . . . ကိုမင်းဆွေ သည်သစ်ပင်ပေါ်ကို တက်ရမှာဗျ"

ပေါ်လာက ပြောလိုက်တော့မှ သစ်ပင်ပေါ်ကို မော့ကြည့်မိလိုက်သည်။ လင့်စင်တစ်ခုကို တွေ့လိုက်ရလေသည်။ အောက်မှနေ၍ ကြည့်လျှင် ဆယ့်ငါးပေခန့်မြင့်သည်။ သစ်ပင်ကို ဖက်ပြီးတော့ တက်စရာမလိုပါ။ ဝါးလှေကားတစ်ခုကို အခိုင်အခန့်ပြုလုပ်ကာ ပင်စည်မှာ ထောင်ထားသည်။ မြဲမြံစေရန် အကိုင်းတုတ်တုတ်ကြီးများနှင့် တွဲပြီး ကြိုးနှင့်တုတ်နှောင်ထားလေသည်။ မင်းဆွေပါ တက်မည်ဖြစ်၍ ကြိုးနှင့်



ချည်နှောင်ထားခြင်းပင်ဖြစ်သည်။

"ကဲ . . . တက်ကြရအောင်"

ပေါ်လာက ကြောင်တစ်ကောင်လိုပင် သွက်လက်ဖျတ်လတ်စွာ တက်သွားသည်။ အပင်ကြီးက အုပ်ဆိုင်းနေ၍ အမှောင်ရိပ်က ကျနေသည်။ မင်းဆွေသည် လက်နှိပ်ဓာတ်မီးတစ်ဖက်နှင့် တဖြည်းဖြည်း တက်ရသည်။

"ဓာတ်မီး ငါ့ကို ပေး"

စောအယ်လူးက ဓာတ်မီးကို တောင်းသည်။ သူက မင်းဆွေ၏နောက်မှ လိုက်တက်လာရင်း မီးထိုးပေးသည်။ ထိုအခါ မင်းဆွေ လွတ်လပ်စွာ တက်ရသည်။ သည်လိုနှင့် လင့်စင်ပေါ်ကို ရောက်သွားခဲ့ကြသည်။ လင့်စင်သည် ဆယ်ပေပတ်လည်ခန့် ကျယ်သည်။ လူသုံးယောက် ကောင်းကောင်းထိုင်၍ရသည်။ ဤလင့်စင်ကို စောအယ်လူးနှင့် ပေါ်လာတို့နှစ်ယောက် ထိုးထားခဲ့ခြင်းပင်။

"သည်တောစပ်နားမှာ ကြောင်ရိုင်းကြီးတစ်ကောင်ရှိနေတယ်။ ကြောင်ထီးကြီးပဲ။ မိတ်လိုက်ဖို့ရောက်လာတာ။ ဒါပေမဲ့ ခုအချိန်မှာတော့ တစ်ကောင်တည်းပဲ။ သည်ကောင်ကြီး တောထဲက ထွက်လာအောင် ကျွန်တော် ခေါ်မယ်"

ပေါ်လာက ဒူးလေးမှာ မြားစူးကို တပ်လိုက်သည်။ တောစပ်မှာ ကြောင်ရိုင်းကြီး ရှိနေသည်ကို သူ ဘယ်လိုသိနေသလဲ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်။ တစ်ရက်ကြီးပြီးတော့ သိနေသည်။ ကြောင်ရိုင်းကြီးမိတ်လိုက်
သောကြောင်မသည် ထိုနေရာကို မကြာခဏ လာတတ်သောကြောင်
ဖြစ်ဖပလိမ့်မည်။ ထိုကြောင်ရိုင်းကို မြေပြင်ကနေ မပစ်ပဲ လင့်စင်ပေါ်
နေ အဘယ်ကြောင့် ပစ်ရပါသလဲ။ အခြားသော သားကောင်ရိုင်းများ
ထွက်လာမည်ကို စိုးသောကြောင့်လား မသိ။

စောအယ်လူးသည် ပေါ်လာနောက်မှာ မတ်တတ်ရပ်ပြီး
ဒူးလေးတွင် မြားစူးကို တင်လိုက်လေသည်။ ကညင်ပင်ကြီး၏ အကိုင်း
အခက်များကို ရှင်းထားသည်ဖြစ်၍ ရှေ့မြင်ကွင်းက ရှင်းနေလေသည်
မင်းဆွေက ပေါ်လာနှင့်ကျောချင်းဆိုင် သုံးပေလောက်ခွာပြီးတော့ နေရသည်။

"ကဲ . . . စမယ်"

ပေါ်လာသည် လေသံဖြင့် ပြောလိုက်သည်။ ထို့နောက် လက်
ဝါးနှစ်ဖက်ကို နှုတ်ခမ်းနှစ်ဖက်မှာ အုပ်ကာ . . .

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

ပေါ်လာ့နှုတ်မှ ကြောင်မတစ်ကောင်ကဲ့သို့ အော်သံမျိုး
ထွက်ပေါ်လာခဲ့လေသည်။ အနည်းငယ် နားပြီး ဆက်တိုက် ဆက်တိုက်
ပင် သံပြတ်နှင့် ထွက်လာလိုက် သံရှည်နှင့်ထွက်လာလိုက်နှင့် ရှိနေ
ရာ တကယ့်ကြောင်မတစ်ကောင်၏ အသံမျိုးပင်ဖြစ်သည်။ ကြားရသူ
ကြက်သီးမွေးညင်းများပင် ထသွားစေခဲ့ရသည်။ လေးငါးဆယ်
လောက် အော်ပြီးမှ ထူးခြားမှုက ဖြစ်ပေါ်လာခဲ့လေသည်။ တောထဲ



ပြန့်ပြီးအသံပေးသည့် ကြောင်ထီးကြီးတစ်ကောင်၏ တုံ့ပြန်အသံမျိုးပင်။

"ညောင် . . . ညောင် . . . ဝေါင်း . . . ဝေါင်"

"ညောင် . . . ဝေါင် . . . ဝေါင် . . . ညောင်ဝေါင်ဝေါင်"

တစ်ချက်ချင်း တုံ့ပြန်သံကို ကြားနေရသည်။ နောက်တော့
အဆက်မပြတ်ပင် အော်မြည်လာသည်။ အသံသည် သူတို့ဆီကို လွင့်
ပျံ့လာခဲ့သည်။ အကောင်ကိုတော့ မမြင်ရသေး။ သည့်နောက်မှာတော့
အသံက တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့လေသည်။

"ညောင် . . . ညောင် . . . ဝေါင် . . . ဝေါင်"

တစ်ခဏအကြာတွင် တောထဲမှ ထွက်ပေါ်လာသော မည်း
မည်းသဏ္ဌာန်တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ပေါ်လာ
သည် နှုတ်မှ အဆက်မပြတ်ပင် အော်နေသည်။ သဏ္ဌာန်သည်
အမှောင်ရိပ်အောက်မှ အပြင်ကို ရောက်လာသောအခါ သူ၏သဏ္ဌာန်
ကို ထင်ရှားစွာ တွေ့လိုက်ရလေသည်။ ကြောင်ထီးကြီးတစ်ကောင်ပင်
တည်း။ ကြောင်ရိုင်းကြီးသည် ကိုယ်လုံးကိုယ်ထည်ကြီးမားသည်။ ကျော
လျားရှည်သည်။ အိမ်ကြောင်များထက် ငါးဆလောက်ပိုသော ကိုယ်လုံး
ကိုယ်ပေါက်ရှိသည်။

မင်းဆွေသည် တောကြောင်ရိုင်းကြီးကို မြင်လိုက်ရသောအခါ
ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရသည်။ မ.ဇော်ကနေသော
ကြောင်ရိုင်းကြီးသည် သူ၏အန္တရာယ်ကိုပင် မမြင်နိုင်ဘဲ သေတွင်းဆီကို

www.burmeseclassic.com

www.burmeseclassic.com



တိုး၍ တိုး၍ ဝင်လာနေလေပြီတည်း။ ပေါ်လာသည် နွတ်က တညောင်ညောင်နှင့် အော်မြည်လျက်ကပင် ကြောင်ရိုင်းကြီးဆီကို ဒူးလေးနှင့် ချိန်ထားလိုက်သည်။

စောအယ်လူးကလည်း မတ်တတ်ရပ်ကာ ကြောင်ရိုင်းကြီးကို ဒူးလေးနှင့် ချိန်ထားလိုက်လေသည်။ လရောင်အောက်မှာမို့ ပစ်ကွင်းကြီးက ထင်းလျက်ရှိနေလေသည်။ ကြောင်ရိုင်းကြီးကို တဖြည်းဖြည်းနှင့် ထင်ရှားစွာမြင်နိုင်လာခဲ့ပြီဖြစ်သည်။ ပေါ်လာက နောက်ထပ်တစ်ချက်နှစ်ချက် အော်ပြီးတော့ ရပ်သွားခဲ့လေသည်။ သို့သော် ကြောင်ရိုင်းကြီးက မ,စိတ်ပွန်ပြီး အရှိန်နှင့် တိုးကပ်ကာလာနေဆဲ။

ကြောင်ရိုင်းကြီး၏နောက်မှ မည်သည့်သတ္တဝါမှ လိုက်ပါမလာ။ ထိုစဉ် ကြောင်ရိုင်းကြီးသည် မည်သို့ဖြစ်သွားခဲ့သလဲ မသိ။ ခြေလှမ်းတွေက ရပ်တန့်သွားခဲ့လေသည်။ ပေါ်လာသည်လည်း ကြောင်ရိုင်းကြီး ရုတ်တရက် စိတ်ပြောင်းသွားသလားဟု တွေးမိပြီး ခလုတ်ကို ဖိချလိုက်လေသည်။

"ထောင်း"

"ဒုတ်"

"အူး . . . ဝေါင်း"

မြားစူးက ကြောင်ရိုင်းကြီး၏ နဖူးတည့်တည့်မှာ သွား၍စိုက်သည်။ ကြောင်ရိုင်းကြီးသည် နက်ကျောသောအသံကြီးဖြင့် တစ်ချက်



အော်လိုက်သည်၊ ကျွမ်းတစ်ချက်ပစ်ထွက်သွားသည်။ စောအယ်လူးသည်ပင် ပစ်ခွင့်မရလိုက်၊ ကြောင်ရိုင်းကြီးသည် သွေးရူးသွေးတန်းနှင့် ပတ်ချာလှည့်ပြီးတော့ ပြေးနေသေးသည်။ တော်တော်နှင့်လဲမကျ။ အသက်ပြင်းလှသည်။ ထို့နောက် ဘိုင်းခနဲဆို ပစ်လဲကျသွားခဲ့သည်။ အကြောတစ်ချက်ဆွဲကာ သေဆုံးသွားခဲ့လေသည်။

တစ်ခဏကြာမှ . . .

လင့်စင်ပေါ်က ဆင်းလာခဲ့ကြသည်။ သေဆုံးနေသောကြောင်ရိုင်းကြီးဆီကို လျှောက်လာခဲ့ကြသည်။ လင့်စင်ထက်မှ ကြည့်ရစဉ် အကောင်ကြီးသည်ဟုပဲ ထင်ရသည်။ ယခု အောက်ကိုရောက်ကာမှ ပိုပြီးတော့ ကြီးနေလေသည်။ နဖူးတွင် မြားစိုက်ဝင်ကာ မျက်လုံးအပြူးသားဖြင့် သေဆုံးလျက်ရှိသည်။

ကြောင်ရိုင်းကြီးသည် မကျေမနပ်ဖြင့် သေဆုံးသွားခဲ့ရသည်၊ မ,သံပေး၍ အလှည့်စားခံလိုက်ရသည့်အတွက် အသက်နှင့်ပေးဆပ်လိုက်ရသည်။ ဘာကြောင့်ရယ်မသိ မင်းဆွေသည် ကြောင်ရိုင်းကြီးကို ကြည့်ပြီးတော့ စိတ်မကောင်းဖြစ်နေမိသည်။ သူသည် တောကြောင်ရိုင်းကိုပင်လျှင် ခေါ်ယူနိုင်သောသူဖြစ်သည်။ ပေါ်လာ၏အသံစွမ်းအင်ကား ထူးခြားလှသည်။

"ကိုပေါ်လာ ခင်ဗျား တော်တယ်ဗျာ"

ပေါ်လာက အချီးမွမ်းခံလိုက်ရ၍ ပြုံးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါလာက သည်လိုမျိုးကိစ္စကို **ဘယ်သူ့ကိုမှမပြဖူးသေး**ဘူးကွ။ မင်းကို ခင်လွန်းလို့သာ သူက **တကူးတကပြတာ**"

"ဟုတ်ပါတယ်။ အဲ့သည်အတွက် ကျေးဇူးတင်ပါတယ်။ သည်လို ထူးခြားတဲ့ပြကွက်တွေကို မြင်ဖူးသွားတာပေါ့"

"ကိုမင်းဆွေက ကျွန်တော့်ကို ခင်တယ်။ ကျွန်တော်ကလည်း ကိုမင်းဆွေကို ခင်တော့ ကျွန်တော် တတ်တာလေးတွေကို ထုတ်ပြရတာပေါ့ဗျာ။ ဒါဟာ ကျွန်တော့်ရဲ့လျှို့ဝှက်ချက်တစ်ခုပါပဲ။ နောက်တစ်ကြိမ် ကိုမင်းဆွေ ကျွန်တော်တို့ဆီကို အလည်လာခဲ့ရင် နန်းတစ်လိမ်တောက ကြောင်ဖြူရှင်းကြီး မသေသေးဘူးဆိုရင်ပေါ့လေ။ သည်ကောင်ကြီးကို ကိုမင်းဆွေရှေ့မှာပဲ ခုလိုစာရင်းရှင်းပြမယ်"

ပေါလာသည် ကြောင်ဖြူရှင်းကြီးနှင့် ပတ်သက်ပြီးတော့ ရင်ထဲမှာ အမြဲတမ်းပင် တေးထားဟန်တူသည်။ တကယ်တော့ နောက်တစ်ကြိမ်ဟူသည့် အခွင့်အရေးကို ပေါလာက မင်းဆွေအား ပြသခွင့်ကြုံနိုင်ပါဦးမည်လား။

× × ×

မင်းဆွေ ရန်ကုန်ကို ပြန်ရန်ရက်က တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့ပြန်ပြီဖြစ်သည်။ နော်ဖူးငုံမှာ နေမသိ ထိုင်မသာဖြစ်နေရလေပြီ။

"ညီမတော့ အစ်ကိုပြန်မယ့်ရက်က နီးကပ်လာလေလေ ရင်ထဲက ပူလောင်လာလေလေပဲ။ အစ်ကို့ကို ညီမ မခွဲနိုင်တော့ဘူး"



နော်ဖူးငုံသည် မင်းဆွေ၏ရင်ခွင်ထဲမှနေ၍ ဖက်တွယ်ကာ ပြောလိုက်သည်။ အသည်းဖြူ၊ မနောဖြူ၊ ရိုးစင်းသည့်စကားတစ်ခွန်းကြောင့် မင်းဆွေ ခံစားသွားခဲ့ရလေသည်။

"ကိုယ်လည်း ညီမနဲ့မခွဲချင်ပါဘူး။ မတတ်သာလို့သာ ပြန်ရတာပါ။ ကိုယ် သည်တစ်ခါလာရင် စောအယ်လူးကို ဖွင့်ပြောပြီး လက်ထပ်ဖို့ကိစ္စ တစ်ခါတည်းစီစဉ်မယ်"

"ဟင် . . . တကယ်ပြောတာလား အစ်ကို"

"တကယ်ပေါ့ ညီမရယ်။ ညီမကလည်း အယ်လူးကို အကျိုးအကြောင်း ဖွင့်ပြောထား ဟုတ်ပြီလား"

"ညီမ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

လရောင်က မြေပြင်ပေါ်ကို အားကောင်းစွာ ပက်ဆမ်းထားသည်။ အအေးဓာတ်က သူတို့နှစ်ဦးကို လွှမ်းခြုံထားသည်။ ရင်ထဲက အငွေ့ငွေ့နှင့်ထွက်နေသော အလွမ်းဓာတ်တွေက မင်းဆွေ မပြန်မီကပင် ပူလောင်ပြင်းပျနေကြသည်။ သဘာဝအအေးဓာတ်သည် ရင်တွင်းဓာတ်ခံကို မငြိမ်းသတ်စေနိုင်ခဲ့။

"စောအယ်လူးက ညီမနဲ့ ကိုယ့်ကို သဘောတူပါ့မလား"

"သွား . . . အပိုတွေ။ အစ်ကိုအယ်လူးကလည်း အရှက်မရှိဘူး။ သူက အစ်ကိုနဲ့ညီမကို အစရချက်ရှင်းတောင် ပေးစားချင်နေတာ

www.burmeseclassic.com

www.burmeseclassic.com

အဟင်းဟင်း"

သူတို့နှစ်ဦးက မြို့ကျယ်ကြီးထဲရှိ သစ်ပင်ကြီးအောက်မှာ နော်ဖူးငုံသည် မင်းဆွေ၏ရင်ခွင်ထဲကို တိုးပြီးတော့ ဝင်လိုက်သည်။ ကောင်းကင်ထက်က လမင်းကြီးနှင့် ငွေကြယ်ကလေးများကတော့ နွယ်ဆက်သက်သေ။

× × ×

အခန်း ( ၁၉ )

ကြောင်ဖြူရှိင်းကြီး၏နိဂုံး

ရက်တွေ အလီလီပြောင်း၍ တစ်လပြီးတစ်လ ဆင့်လာခဲ့သည်။ မင်းဆွေသည် နော်ဖူးငုံကို နေ့စဉ်မပြတ် သတိရနေသည်။ သို့သော် အလုပ်တာဝန်က ဝိနေ၍ စိတ်ကသာရောက်သည် လူက မရောက်နိုင်။ တစ်နေ့ အလုပ်ပြတ်သွားသောအချိန် မင်းဆွေဆီကို ကြေးနန်းတစ်စောင်က ရောက်လာလေသည်။

**မင်းဆွေ**

အရေးကြီးတယ်၊ အမြန်လာခဲ့ပါ။

**စောအယ်လူး**

ကြေးနန်းစာကို ဖတ်လိုက်ရတော့ မင်းဆွေ မျက်လုံးပြူးသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

"ဟာ . . . သည်ကောင် အကျိုးအကြောင်းထည့်မရေးဘူး။ ဘာများဖြစ်လို့ပါလိမ့်။ နော်များ တစ်ခုခုဖြစ်သလား"

စဉ်းစားမိလိုက်စဉ်မှာပင် မင်းဆွေ၏ရင်ထဲမှာ ပူလောင်သွားခဲ့ရသည်။ ထို့ကြောင့် ခွင့် ၁၀ ရက်ယူကာ ရန်ကုန်မှ အမြန်ဆုံးထွက်လာခဲ့လေသည်။ ရထားပေါ်မှာလည်း နော်ဖူးငုံ ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းလာမိသည်။

ရထားသည် မနက်လင်းအားကြီးအချိန်မှာ ဘူတာသို့ ရောက်သည်။ ထိုအချိန်မှာပင် စောအယ်လူးသည် မင်းဆွေကို ဆိုင်ကယ်နှင့်လာရောက်ကြိုဆိုနေလေသည်။

"ဟာ . . . အယ်လူး ပြောစမ်းပါဦး။ ဘယ် . . . ဘယ်သူ ဘာဖြစ်လို့လဲ။ နော် . . . နော်ဖူးငုံများ တစ်ခုခုဖြစ်သလား"

ဟန်မဖော်ဆောင်နိုင်တော့ဘဲ မေးလိုက်မိသည်။

"နော်ဖူးငုံ ဘာမှမဖြစ်ပါဘူးကွာ။ ဟိုရောက်တော့ မင်း သိရမယ်"

နှစ်ယောက်အတူ ဆိုင်ကယ်စီးပြီး ဘူတာမှ ထွက်လာခဲ့ကြသည်။ တစ်နာရီသာသာလောက်ပဲ ကြာလိုက်သည်။ ပိုးတိုင်ရွာကလေးဆီကို ရောက်လာခဲ့သည်။ ရွာထဲကို မဝင်။ ရွာပြင်မှနေ၍ ယာခင်းဆီကိုမောင်းလာခဲ့သည်။ နော်ဖူးငုံသည် ခြံအပြင်ကို ထွက်ပြီးတော့ စောင့်နေသည်။ မင်းဆွေသည် သူမကို လှမ်းပြီးတော့ မြင်လိုက်ရသည်နှင့် ရင်



ထဲက အပူလုံးကြီး ကျသွားခဲ့ရလေသည်။

"အစ်ကို"

"ညီမ"

ဆိုင်ကယ်ရပ်လိုက်သည်နှင့် နော်ဖူးငုံသည် ဟန်မဆောင်နိုင်တော့ဘဲ မင်းဆွေ၏အနားကို ချက်ချင်းပင် ရောက်လာသည်။

"ကိုယ့်ကို အရေးတကြီးနဲ့မှာတာ ဘာဖြစ်လို့လဲ ညီမ"

"ဟင် . . . အစ်ကိုအယ်လူးက လမ်းမှာ ဘာမှမပြောခဲ့ဘူးလား။ ကဲပါလေ နောက်တော့ သိရမှာပေါ့။ ခု ပင်ပန်းလာတယ် မဟုတ်လား။ ခဏတော့ နားလိုက်ပါဦး"

နော်ဖူးငုံသည် မျက်နှာမကောင်းပေ။ ထို့အတူ စောအယ်လူးသည်လည်း မျက်နှာမကောင်း။ စဉ်းစား၍မရနိုင်အောင်ပင်။ မင်းဆွေ၏ခေါင်းထဲမှာ အတွေးတစ်ခုက ဖျတ်ခနဲဆို ရောက်လာခဲ့လေသည်။

"ဟင် . . . ဒါ . . . ဒါဆို"

"အစ်ကို မကြာခင်မှာ သိရမှာပါ"

တစ်ခဏအကြာတွင် . . .

မောင်နှမနှစ်ယောက်သည် မင်းဆွေကို အပြင်သို့ ခေါ်သွားခဲ့ကြသည်။ မင်းဆွေ၏ရင်ထဲမှာတော့ တထိတ်ထိတ်နှင့်ပင်။ ယာခင်းစိုက်ခင်းများကို ဖြတ်ကျော်သွားကြပြီး တစ်ခဏအကြာတွင် ရွာခြေ တစ်နေရာကို ရောက်သွားခဲ့ကြလေသည်။ အဝေးကနေ လှမ်းပြီး မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်ကား သစ်ပင်ကြီးတစ်ပင်၏ ပတ်ပတ်လည်တွင် လူ
တော်တော်များများကို တွေ့လိုက်ကြရသည်။

ကလေးသူငယ်များကိုလည်း တွေ့လိုက်ကြရသည်။ စုရုံး စုရုံး
နှင့် ရှိနေကြသည်။ ယင်းနေရာကို ရောက်သွားကြသောအခါ စောအယ်
လူးက လူများကို ဖယ်ရှားပြီး လိုက်ဝင်သွားသည်။ ထိုအခါ အမှတ်မထင်
တွေ့လိုက်ရသော မြင်ကွင်းကြောင့် . . .

"ဟင်"

မင်းဆွေ၏ခြေလှမ်းများသည် တုံ့ခနဲရပ်သွားခဲ့ရလေသည်။
အကြောင်းမှာ သူတွေ့လိုက်ရသူကား ပေါ်လာ။ သစ်ပင်ကြီးမှာ ပေါ်လာ့ကို
ကြိုးနှင့်ချည်နှောင်ထားသည်။ လက်၊ ခြေတွေကိုတော့ သည်အတိုင်း
လွတ်လပ်ခွင့်ပေးထားပြီး ကိုယ်လုံးကိုတော့ ပင်စည်မှာ ကျောနှင့်တပ်
ကာ ကြိုးနှင့်ရစ်ပတ်ပြီးတော့ ချည်နှောင်ထားသည်။ ပေါ်လာသည်
ပါးစပ်က အမြှုပ်တစီစီနှင့် ရှိနေသည်။ မျက်လုံးကြီးတွေ အပြူးသားနှင့်
ဟိုသည်လိုက်ပြီးတော့ ကြည့်နေသည်။

မင်းဆွေသည် ပေါ်လာ့ဖြစ်အင်ကြောင့် ဒူးအစုံပင် ညွတ်ခွေကျ
သွားမတတ်ဖြစ်သွားခဲ့ရလေသည်။ ကလေးအချို့က ပေါ်လာ့ကို ခဲနှင့်
ပေါက်ကြသည်။ ပေါ်လာကိုယ်ကို တဘုတ်ဘုတ်နှင့် ထိမှန်ကြသည်။
သို့သော် ပေါ်လာသည် ကလေးများကို မည်သို့မှ မတုံ့ပြန်နိုင်တော့ပါ။

"ဟဲ့ . . . ကလေးတွေ နင်တို့ ရိုင်းစိုင်းလှချည်လား။ သည်လို



မလုပ်ရဘူး။ သွားကြစမ်း ဝေးဝေးကို"

လူကြီးများက ကလေးများကို ရိုက်မောင်းပုတ်မောင်းလုပ်ကြ
သည်။ အဝေးကိုမောင်းထုတ်ပစ်ကြသည်။ ရွာသားများသည် ဧည့်သည်
ဖြစ်သူ မင်းဆွေကို သတိထားပြီးကြည့်နေကြသည်။ မင်းဆွေသည် ရင်
ထဲ တလှပ်လှပ်နှင့်ဖြစ်လာကာ ပေါ်လာ၏အနားကို တိုးကပ်သွားခဲ့သည်။

"အစ်ကို သတိထား"

နော်ဖူးငုံက မင်းဆွေ၏လက်မောင်းကို ဆုပ်ကိုင်ထားသည်။
ပေါ်လာနှင့် ငါးပေလောက်သာ ဝေးသောနေရာကို ရောက်လာသည်။

"ကိုပေါ်လာ ကိုပေါ်လာ ခင်ဗျား ဘယ်လိုဖြစ်သွားတာလဲ။
ကျွန်တော် မကြည့်ရက်ပါလားဗျာ"

မင်းဆွေသည် ပေါ်လာ၏အခြေအနေကို မမြင်ရက်တော့ပေ။
အသံကလည်း တုန်ယင်လျက်ရှိသည်။ ပေါ်လာသည် မင်းဆွေကို မျက်
လုံးပြူးကြီးနှင့် စိုက်ပြီးတော့ ကြည့်နေသည်။ သူ မင်းဆွေကို မှတ်မိပုံ
မရတော့။ ကိုယ်ပေါ်မှာ ဂျင်းရှပ်၊ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသည်။
မျက်နှာတစ်ပြင်လုံးလည်း မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် ထူပြော
လျက်ရှိသည်။ ပါးစပ်ထဲမှလည်း အမြှုပ်တစီစီနှင့် ထွက်ကျနေဆဲ။
ထို့နောက် တဖွီးဖွီးနှင့် မှုတ်ထုတ်နေသည်။

"လာပါ အစ်ကိုရယ်။ ပြန်ကြပါစို့"

နော်ဖူးငုံသည် ဟန်မဆောင်နိုင်တော့ဘဲ တစ်ချက်ရှိုက်လိုက်

www.burmeseclassic.com



သည်။ မင်းဆွေကိုလည်း နေရာမှ ဆွဲခေါ်သွားခဲ့လေသည်။ စောအယ်လူးကတော့ ပေါလာကို လုံးဝမကြည့်တော့ပါ။ တစ်နေရာတွင် ကျောပေးနေကာ မျက်ရည်များဝဲနေသည်။ စိတ်မကောင်းခြင်းကြီးစွာဖြင့် ခံစားနေရသည်။ မင်းဆွေနှင့် နော်ဖူးငိုတို့က စောအယ်လူး၏အနားကို ရောက်လာခဲ့ကြလေသည်။

"ငါလည်း သူ့ကို ဘယ်လိုမှ မကယ်နိုင်တော့ဘူး မင်းဆွေရာ။ သူ ဖြစ်တာကိုသိတဲ့အချိန်မှာ လွန်နေပြီကွ"

စောအယ်လူးက ငိုသံပါကြီးနှင့် ပြောသည်။ ထို့နောက် ပေါလာ့ကိုထားကာ နောက်ဆံတတင်းတင်းနှင့် ပြန်လာခဲ့ကြလေသည်။ တဲဆီကို ပြန်ရောက်လာသောအခါ . . .

"ပေါလာ ဘယ်လိုဖြစ်သလဲဆိုတာ ငါ့ကို ပြောပြစမ်းပါဦး အယ်လူးရာ"

"အေးပါကွာ။ ငါ ပြောပြပါ့မယ်။ မင်းသိကိုသိရမှာပါ။ သည်လိုကွ လွန်ခဲ့တဲ့ တစ်လလောက်ကပေါ့။ ငါနဲ့ပေါလာ နန်းတစ်လိမ်တောကြီးထဲကို အမှတ်မထင် ရောက်သွားခဲ့ကြတယ်။ အဲသလို သွားရတဲ့ အကြောင်းကတော့"

စောအယ်လူးသည် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြန်ပြီးတော့ ပြောပြလေသည်။

× × ×



တစ်ရက်တွင် . . .

စောအယ်လူးနှင့် ပေါလာတို့သည် နန်းတစ်လိမ်တောကြီးထဲသို့ ဝင်လာခဲ့ကြသည်။ အကြောင်းမှာ ပေါလာ၏အမျိုးအချို့က ရပ်ဝေးမှ ရောက်လာခဲ့ကြသည်။ သူတို့က တောကြောင်သားစားချင်သည် ဆို၍ ကြောင်ရိုင်းကိုပစ်ရန် နန်းတစ်လိမ်တောကြီးထဲကို ရောက်လာခဲ့ကြခြင်းပင်။ ဤတောကြီးသည် တောကြောင်ရိုင်းများပေါများကြသည် မဟုတ်ပါလား။

တောကြောင်ရိုင်းများသည် တောအစပ်လောက်မှာ တစ်ကောင်စ နှစ်ကောင်စလောက်ကိုသာ တွေ့ရတတ်သည်။ လမ်းတစ်လျှောက်တွင် ချေ၊ ဒရယ် စသည့် သားကောင်များကို တွေ့ရသော်လည်း မပစ်ခတ်။ လိုချင်သည်က တောကြောင်။ အဓိကက တောကြောင်ပင်။

တစ်နေရာကိုအရောက်တွင် . . .

သူတို့နှစ်ယောက်၏ ခြေလှမ်းတွေ တန့်သွားခဲ့ကြရသည်။ အပင်ကြီးတစ်ပင်ထက်မှာ လမ်းသလားနေသော တောကြောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့်ပင်။ ပေါလာရော စောအယ်လူးပါ ဒူးလေးကို အသင့်ပြင်လိုက်ကြသည်။ တောကြောင်ကြီးကား သူ့အပေါ်မှာ ကျရောက်လာမည့် အန္တရာယ်ကို မမြင်။ အာရုံက တစ်နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်။

"ထောင်း"

ပေါ်လာက သေချာစွာချိန်ရွယ်ပြီးတော့ ပစ်ထည့်လိုက်သည်။ မြားစူးက ကိုယ်မှာထုတ်ချင်းခတ် ဖောက်ဝင်သွားသည်။ တောကြောင်ရိုင်းကြီးသည် သစ်ပင်ထက်မှ ပြုတ်ကျလာခဲ့လေသည်။

"ဗိုး"

"ဘုန်း"

"သည်တစ်ကောင်နဲ့တော့ မရသေးဘူးကွ။ သုံးလေးကောင်လောက်မှ ဖြစ်မှာ"

"ဟာ . . . နှစ်ကောင်လောက်ဆို ရပါပြီကွာ"

"မဟုတ်ဘူးကွ။ သူတို့က ကျပ်တင်ပြီးတော့ ယူသွားချင်ကြတာ"

ကြောင်သေကြီးကို သစ်ကိုင်းတစ်ခုမှာ ချိတ်ဆွဲထားခဲ့ကြသည်။ နောက်ထပ် ကြောင်ရိုင်း အရှာထွက်ခဲ့ကြပြန်သည်။ သည်လိုနှင့် သူတို့မရောက်ဖူးသောနေရာကို ရောက်လာခဲ့ကြသည်။ တောက အပင်ကြီးတွေများသည်။ ဝါးရုံပင်တွေကလည်း နေရာအနှံ့ပေါက်နေကြသည်။ ပေါ်လာသည် နှာခေါင်းကို တရှုပ်ရှုပ်နှင့်လှုပ်လိုက်သည်။

"ဟာ . . . သည်နေရာမှာ အများကြီးပဲကွ"

တောကြောင်ရိုင်းများရှိကြသည်ဟု ဆိုလိုသည်။ သို့သော် ယခု အချိန်အထိ နောက်ထပ်မတွေ့ရသေး။



"ဟုတ်ရဲ့လားကွာ ပေါ်လာရာ"

"ဟုတ်တယ်။ လာကြလိမ့်မယ်"

စောအယ်လူးက မထင်။ သို့သော် တစ်ခဏအကြာတွင် . . .

"ဖတ် . . . ဖတ် . . . ဖတ်"

သစ်ပင်ကြီးတစ်ပင်ထက်မှ ထွက်ပေါ်လာသော အသံများ။ မော့ကြည့်လိုက်ကြရာ ကြောင်ရိုင်းကြီးနှစ်ကောင်သည် အပင်ကြီးတစ်ပင်ထက်မှာပင် သစ်ကိုင်းတစ်ကိုင်းစီမှာ ရှိနေကြသည်။

"တွေ့တယ်မဟုတ်လား"

သစ်ပင်ကြီးတစ်ပင်၏အကွယ်မှနေ၍ ဒူးလေးကို ပြင်လိုက်ကြသည်။ တစ်ကောင်စီကို သေချာစွာချိန်ရွယ်ပြီး . . .

"ထောင်း . . . ထောင်း"

"ဒုတ် . . . ဒုတ်"

လက်ကလည်း ဖြောင့်လှသည်။ စောစောကလိုပင် ပစ်မလွဲ။ အောက်ကို တဘုန်းဘုန်းနှင့် ပစ်ကျလာခဲ့ကြလေသည်။

"နောက်ထပ် သုံးကောင်လောက် ရရင်တော်ပြီ။ ငါ မပြောဘူးလား သည်အနားတစ်ဝိုက်မှာကိုရှိနေကြတာ။ နောက်ထပ် တွေ့ဦးမှာ"

ပေါ်လာက လောဘကြီးနေလေပြီ။ ထိုအနားတစ်ဝိုက်တွင် ဝတ်ချာလှည့်ကာ ရှာဖွေနေရင်း . . .

"ဖရော . . . ဖရော . . . ရော . . . ရော"

www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီက သစ်ပင်ကြီးများကို တစ်ပင်ပြီးတစ်ပင် ကူးလာသံများကို ကြားလိုက်ကြရသည်။ ပေါ်လာသည် ဖျတ်ခနဲဆို ဖြစ်သွားပြီး

"သည် . . . သည်အသံဟာ"

တေအယ်လူးလည်း သံသယဝင်သွားခဲ့သည်။ ရင်ထဲ ထိတ်ခနဲဆို ဖြစ်သွားခဲ့ရလေသည်။ နှစ်ယောက်စလုံး ဒူးလေးမှာ မြားစူးများကို တင်လိုက်ကြသည်။ သစ်ပင်ကြီးများမှ အကိုင်းအခက်များသည် သိမ့်သိမ့်တုန်ကာ လှုပ်ရင်း ကျန်ရစ်ခဲ့ကြသည်။ အကောင်ကိုတော့မမြင်ရသေး။ သို့သော် ဘာကောင်လဲဆိုသည်ကိုတော့ သိနေကြလေသည်။

ထိုစဉ် . . .

တောသည် ရုတ်တရက် အလင်းရောင်အားနည်းသွားသည်။ နေရောင်ကို တိမ်ကွယ်သွားသည့်ထင့်။ ထို့ကြောင့် အမှောင်ရိပ်က ထိုးပြီးတော့ ကျလာခဲ့လေသည်။ ယင်းအခိုက်မှာပင်လျှင် သူတို့၏ရှေ့တည့်တည့်ရှိ အပင်ကြီးတစ်ပင်ပေါ်သို့ သတ္တဝါတစ်ကောင်က ဖျတ်ခနဲဆို ရောက်လာခဲ့လေသည်။ တွေးထင်ထားသည့်အတိုင်းပင် ကြောင်ဖြူရိုင်းကြီးပင်တည်း။ အမြင့်မှနေ၍ သူတို့နှစ်ယောက်ကို တစ်လုံးတည်းသော မျက်လုံးကြီးဖြင့် စိုက်ကြည့်နေသည်။

အမှောင်ရိပ်က သန်းနေ၍ မျက်လုံးသည် အပြာရောင်သန်းကာ စူးလက်တောက်ပြောင်နေလေသည်။

"ခွီး"



ကြောင်ဖြူရိုင်းကြီးသည် သူတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် ခွီးခနဲဆို အော်လိုက်သည်။ ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကာ ခြိမ်းခြောက်လိုက်လေသည်။ ခါးကြီးကိုလည်း ကုန်းထားလိုက်သည်မှာ အမွေးများထောင်ထလာသည်အထိပင်။

"လာလေကွာ . . . လာစမ်းပါ။ သည်ကနေ့ကတော့ ခင်းအတွက် ပွဲသိမ်းပဲကွ။ မင်းပါတစ်ကောင်အပါအဝင် ဖြစ်သွားရမယ်"

ပေါ်လာက အောက်မှနေ၍ ကြိမ်းမောင်းလိုက်လေသည်။ ကြောင်ဖြူရိုင်းကြီးသည် တခွီးခွီးနှင့် အော်မြည်နေကာ ဂနာမငြိမ်ဖြစ်ပြီး သစ်ကိုင်းတုတ်တုတ်ကြီးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။ အောက်မှ နှစ်ယောက်ကလည်း အခြေအနေကို စောင့်ပြီးတော့ ကြည့်နေကြသည်။

"သည်ကောင်ကြီး ဉာဏ်များနေပြီ အယ်လူး"

"သတိထား ပေါ်လာ။ အလစ်မှာ ငါတို့ကို တွယ်လိမ့်မယ်"

ပြောရင်းမှာပင် . . .

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

ကြောင်ဖြူရိုင်းကြီးမှာ သစ်ပင်ကြီးထက်မှ အောက်ကို အလွတ်ခုန်ချလာလေတော့သည်။ ဤသို့လုပ်လာလိမ့်မည်ဟု မအောင်မှတ်ကြ။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ် . . . ပစ်"

"ထောင်း"

"ထောင်း"

မြားနှစ်စင်းစလုံး ရော်ထွက်သွားသည်။ ကြောင်ဖြူရိုင်းကြီးသည် ပေါ်လာ့အပေါ်ကို တိုက်ရိုက်ကျလာခဲ့သည်။ ပေါ်လာက နန်ရှောင်လိုက်သည်။ သို့သော် ကြောင်ဖြူရိုင်းကြီး၏လက်သည်းများက ပေါ်လာ၏ လက်မောင်းတစ်ဖက်ကို ကုတ်ခြစ်မိသွားသည်။

"အား"

စောအယ်လူးသည် သတိကြီးစွာထားသူပီပီ ကျောထက်ရှိ ဓားအိမ်ထဲမှာ ဓားရှည်ကို ဆွဲထုတ်လိုက်ကာ ကြောင်ဖြူရိုင်းကြီးကို ခုတ်ချလိုက်သည်။

"ဝှစ် . . . ရှပ်"

ဖက်ပိုးကို မိမိရရပင် ခုတ်မိသွားလေသည်။ သို့သော် ကြောင်ဖြူရိုင်းကြီးမှာ ဒဏ်ရာအကြီးအကျယ်ရသွားသည့်တိုင် . . .

"ညှောင်း . . . ဝေါင်း"

နက်ကျောသောအသံကြီးဖြင့် အော်ဟစ်လိုက်ပြီး သူတို့နှစ်ယောက်ဆီကို ဂမူးရှူးထိုးနှင့် ပြေးဝင်လာသည်။ ပေါ်လာသည် ဒူးလေးကို ပစ်ချလိုက်ကာ အနားမှာတွေ့သော ဝါးချွန်ကြီးတစ်ခုကို လျင်မြန်စွာပင် ကောက်ယူလိုက်လေသည်။ ကြောင်ဖြူရိုင်းကြီးက ရိုပ်ခနဲဆို ပြေး



ဝင်အလာ ပေါ်လာသည် ဝါးချွန်ဖြင့် ပစ်ထည့်လိုက်သည်။

"ဝှစ်"

"ညှောင်း"

ဝါးချွန်သည် ကြောက်စရာကောင်းအောင် နန်ဝင်လာသော ကြောင်ဖြူရိုင်းကြီးကို တည့်မတ်စွာ ထိမှန်သွားသည်။ ဝါးချွန်၏ပစ်အားနှင့်အတူ ကြောင်ဖြူရိုင်းကြီး လွင့်ပါသွားသည်။

"ဒုတ်"

သစ်ပင်ကြီးတစ်ပင်၏ပင်စည်မှာ တန်းလန်းကြီး စိုက်ဝင်နေလေသည်။

"ညှောင်း . . . ဝေါင်း . . . ဝေါင်း"

ကြောင်ဖြူရိုင်းကြီးသည် ပါးစပ်ကြီးကို ဖြဲကာ နက်ကျောသောအသံကြီးဖြင့် အော်လိုက်သည်။ ထို့နောက် တဖြည်းဖြည်းနှင့် ငြိမ်ကျသွားခဲ့လေသည်။ ပေါ်လာသည် ကြောင်ဖြူရိုင်းကြီး ငြိမ်သက်သွားသည်ကို စိုက်ကြည့်နေသည်။

ကြောင်ဖြူရိုင်းကြီးကား တကယ်ပင် သေဆုံးသွားခဲ့ပြီဖြစ်သည်။ ကြောင်ရိုင်းတစ်ကောင်နှင့် တိုက်ခိုက်ရသည်မှာ ကျားရိုင်းတစ်ကောင်နှင့် တိုက်ခိုက်ရသည်ထက် ပိုပြီးတော့ ပင်ပန်းရသည်။

"မင်းအကောင်ကြီး တကယ်သေသွားပါပြီကွာ။ နောက်ကို မင်း မြင်ချင်လို့တောင် မမြင်ရတော့ပါဘူး ပေါ်လာ"

www.burmeseclassic.com

www.burmeseclassic.com



ပေါလာ လက်မောင်းကို ကြောင်ဖြူရှိုင်းကြီး ကုတ်သွားသော ဒဏ်ရာက စပ်ဖျင်းဖျင်း။ သွေးများက ယိုစီမှုကာ ထွက်လျက်ရှိသည်။

× × ×

## အခန်း ( ၂၀ )

### လရောင်အောက်ကခေါသံလား

စောအယ်လူးသည် မိမိတို့ ကြောင်ဖြူရှိုင်းကြီးကို သုတ်သင်ခဲ့ကြသည့်အကြောင်း မင်းဆွေကို ပြောပြလိုက်သည်။

"အဲသည်နောက် ပေါလာဟာ ကြောင်ဖြူရှိုင်းကြီးကုတ်တဲ့ ဒဏ်ရာကို အဲမှုမဲ့ အမှတ်မဲ့နေခဲ့တယ်။ တစ်လအကြာမှာ ခုလိုဖြစ်သွားတာပါပဲကွာ"

မင်းဆွေသည် ခေါင်းကို ခါယမ်းပစ်လိုက်ပြီး . . .

"ဒဏ်ရာက ပိုးဝင်သွားတာကွ။ ကြောင်ဖြူရှိုင်းကြီးမှာ ခွေးရူးပိုးရှိတယ်။ သည်သတ္တဝါကြီးကို လင်းနို့က ကိုက်ဖူးလိမ့်မယ်။ လူကို ကုတ်လိုက်တော့ ကိုပေါလာအတွက် ခုလိုဖြစ်သွားခဲ့ရတာပေါ့ကွာ။ ဖြစ်မှ ဖြစ်ရလေ အယ်လူးရာ"

"ငါတို့လည်း သည်လိုဖြစ်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ မင်းဆွေရာ"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလည်း ပေါ်လာ့အတွက် ဘယ်လိုမှ ဖြေမဆည်နိုင်ပါဘူး အစ်ကို။ သူ ကံမကောင်းနိုင်တော့ဘူးဆိုတာ သိပါတယ် ဟင့် . . .ဟင့်"

သုံးယောက်စလုံး ပေါ်လာ့အတွက် ယူကျုံးမရဖြစ်နေကြလေသည်။ အိမ်မှာ ဘယ်လိုမှ မနေနိုင်ကြ။ ပေါ်လာ့ဆီကို နောက်တစ်ခေါက် ပြန်သွားကြသည်။ ပေါ်လာ့ကို မြင်လိုက်ကြရစဉ်မှာ ပိုပြီးတော့ ခံစားသွားခဲ့ကြရသည်။ ပေါ်လာမှာ လူစိတ်ပျောက်ခဲ့လေပြီ။ ညဖနမရောက်မီမှာပင် ပေါ်လာတစ်ယောက် သူတို့အားလုံးကို ကျောခိုင်းကာ လူလောကကြီးထဲမှ ထွက်ခွာသွားခဲ့လေတော့သည်။

ပေါ်လာသည် သူချစ်သော မိတ်ဆွေ သူငယ်ချင်းများအားလုံးကို ထာဝရပစ်ပယ်သွားခဲ့လေပြီ။

"သွားပေတော့ ကိုပေါ်လာရေ။ ဘဝဆက်တိုင်းမှာ သည်လိုအဖြစ်ဆိုးမျိုးနဲ့ မကြုံတွေ့ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ"

မင်းဆွေသည် ပေါ်လာ့ကို ချက်ချင်းသဂြိုဟ်ရာတွင် သုသာန်သို့ လိုက်ပါသွားသည်။ မြေကျင်းထဲသို့ အခေါင်းကိုချ၍ မြေဖို့နေစဉ်မှာ စိတ်ထဲမှ ကြေကွဲစွာပင် ပြောမိလိုက်သည်။

ခုတစ်ခေါက်အလည်လာခဲ့စဉ်မှာ ပေါ်လာ့ကို သည်လိုအခြေအနေမျိုးနှင့် တွေ့ရလိမ့်မည်ဟု စိတ်မကူးမိခဲ့ပါ။ ခုတော့ မိတ်ဆွေ သူငယ်ချင်းကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

× × ×

ညတစ်ည . . .

ဧကောင်းကင်ထက်မှာ လမင်းကြီးသည် ထိန်ထိန်သာလျက် ရှိနေသည်။ မင်းဆွေ၊ စောအယ်လူးနှင့် နော်ဖူးငုံတို့သည် တဲကြီးပေါ်မှာ ထိုင်နေကြကာငြိမ်သက်နေကြသည်။ အတွေးကိုယ်စီနှင့်မို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြ။

သည်ညမှာမှ အအေးဓာတ်က ပိုလာသည်။ နှင်းမှုန်ပါးပါးလေး ကျဆင်းလျက်ရှိသည်။ လရောင်အကျမှာ နှင်းမှုန်ကမ္ဗလာပါးကို အလင်းရောင်က ရိုက်ခတ်လျက်ရှိနေသည်။

ခါတိုင်းဆိုလျှင် မင်းဆွေ ရောက်လာလျှင် ပေါ်လာလည်း ညဘက်မှာရောက်လာစမြဲ။ သူ ပစ်ခတ်လာသည့်အသားကင်ကို ငှက်ပျောဖက်နှင့်ထုတ်ကာ ယူလာစမြဲ။

"ကိုမင်းဆွေ ကျွန်တော့်ကိုခင်ရင် နည်းနည်းတော့ လုပ်ပါဗျာ။ ကျွန်တော့်ကိုအရေးအရာလုပ်ပြီး မိတ်ဆွေ သူငယ်ချင်းလို သဘော

www.burmeseclassic.com



ထား ခင်မင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်"

ပေါ်လာ၏ထူးခြားသောမျက်နှာနှင့် အမူအရာကို ဖျတ်ခနဲ ဖျတ်ခနဲဆို မြင်ယောင်လာမိသည်။ သူ့အသံကိုလည်း ကြားယောင်နေမိလေသည်။ ပေါ်လာသည် သူတို့ကို ဝေဒနာပေးခဲ့လေပြီ။ စောအယ်လူးကတော့ ပေါ်လာ မြေကျသောနေ့မှာပဲ အမှုးသောက်ပစ်ကာ . . .

"ပေါ်လာရေ ငါ မင်းကို မေ့ပစ်ချင်တယ်ကွာ။ ဒါပေမဲ့ ငါ မင်းကို မေ့လို့မရဘူး"

ဟု မူးမူးရူးရူးနှင့်ပြောရင်း အိပ်ပျော်သွားခဲ့လေတော့သည်။

"အစ်ကို ပေါ်လာကလေ ညီမတို့ရဲ့ တိုးချဲ့ဓိုက်ခင်းထဲမှာ အလုပ်ဝင်လုပ်နေတာ။ သူက ပြောတယ်၊ သည်နှစ်မှာ အစ်ကိုရောက်လာရင် ပိုပြီးတော့ အံ့အားသင့်သွားမှာတဲ့။ သူ့အလုပ်အကိုင် အတည်တကျဖြစ်နေတာကို တွေ့ရလို့တဲ့လေ၊ ဒါပေမဲ့ အစ်ကိုရယ် . . ."

နော်ဖူးငုံသည် ပြောအားမရှိတော့ဘဲ အသံကလေးက တိမ်ပြီးတော့ ဝင်သွားခဲ့လေသည်။

"ပေါ်လာ့အကြောင်းတွေးမိရင်း ကိုယ်လည်း မခံစားနိုင်တော့ဘူးကွာ။ ကိုယ့်တစ်သက်မှာ ညီမနဲ့အယ်လူးတို့ပြီးရင် ခင်မင်ရတဲ့သူဆိုလို့ ပေါ်လာ တစ်ယောက်ပဲ ရှိသေးတယ်။ ခုတော့ . . ."

မင်းဆွေလည်း ပေါ်လာနှင့်ပတ်သက်ပြီး နောက်ထပ် မပြောနိုင်တော့ပါ။ အတွေးကိုယ်စီနှင့် ငြိမ်နေဆဲရှိနေစဉ်မှာပင်၊ ထိုစဉ် . . .



"ညောင်း . . . ဝေါင်း . . . ဝေါင်း"

အဝေးတစ်နေရာမှ မမျှော်လင့်မိသော အသံကြီးတစ်သံက ဆွဲဆွဲငင်ငင်ဖြင့် ထွက်ပေါ်လာခဲ့လေသည်။ ကြောင်ကြီးတစ်ကောင်၏ အသံပင်ဖြစ်သည်။

"ညောင်း . . . ဝေါင်း . . . ဝေါင်း"

နှစ်ဦးစလုံး ငြိမ်သက်ကာ နားထောင်နေကြဆဲမှာပင် အသံက ဆက်ကာ ဆက်ကာပင် ထွက်ပေါ်လာခဲ့သည်။

"အစ်ကို"

နော်ဖူးငုံသည် မင်းဆွေ၏လက်မောင်းကို တင်းကြပ်စွာပင် ဆုပ်ကိုင်ထားမိလိုက်သည်။ အသက်ကိုလည်း ခပ်ပြင်းပြင်းပင် ရှူနေမိသည်။ သူမ၏ရင်အမြှာသည် တက်လိုက် ကျလိုက်နှင့် မြန်ဆန်နေသည်။

"ညောင် . . . ဝေါင် . . . ဝေါင်"

ကြောင်အော်သံကြီးတ ဆက်ကာ ဆက်ကာ ပေါ်ထွက်လာဆဲမှာပင် ထူးခြားမှုတစ်ခုကို မြင်တွေ့လိုက်ကြရသည်ကား . . .

ကြောင် အတော်များများသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ။ လရောင်ဖွေးဖွေး၊ နှင်းဖွေးဖွေးအောက်တွင် ကွင်းပြင်တစ်ဖက်ကို ပြေးထွက်သွားကြသည့်မြင်ကွင်းပင် ဖြစ်ပါသတည်း။

အစဉ်ကြိုးစားနေလျက်

မင်းစတ္တ

www.burmeseclassic.com